www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## အလွမ်းများပေးပါစေကွယ်




L လင်း

www.burmeseclassic.com

www.burmeseclassic.com





နေနွယ်ဇင်မြင့်

# အလွမ်းများ
# ဝေးပါစေကွယ်

(ဒုတိယအကြိမ်)

BURMESE CLASSIC .com




စီစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ရင်ကွဲလျှက် တစ်စစီကြွေ

တယ်လီဖုန်းသံက **ဒေါ်သီရိမွန်**၏ ရင်ထဲသို့ အနှောင့်အယှက်များစွာပေးလျှက် ဝင်၏။

အဲသည် တယ်လီဖုန်းကို အစ်ကိုကြီး **ဦးထွန်းလှိုင်း** သမီးတို့ဖေဖေ ရန်ကုန်က ဝယ်လာခဲ့ခြင်းပါ။

"ပုံဆန်းလေးမို့ သီရိ ကြိုက်မလားလို့"

အစ်ကိုကြီးက သည်လို အယုအယ တကူးတကလေးတွေပေးတတ် ပြတတ်လွန်းသည်။ သည်အကြင်နာလေးတွေကြောင့်လည်း အစ်ကိုကြီးအပေါ်မှာ သံယောဇဉ်တွယ်နှောင်လာခဲ့ရခြင်းပါ။ စင်စစ် ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲ၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရခြင်းဆင်းရဲ ဆိုသည့် သောက၊ ဒုက္ခ နှစ်မျိုးလုံးကို ရင်နှင့်အမျှ ပွေ့ပိုက်ပြီးမှ အစ်ကိုကြီးနှင့် လက်ထပ်ဖြစ်ခဲ့ခြင်းပါ။

အစကဆို ကိုယ့်ခင်ပွန်းရယ်လို့သာ တရားဝင်တော် စပ်လိုက်ရသည်။ ရင်ထဲမှာ သူစိမ်းမှ တကယ့်ကိုသူစိမ်းပြင်ပြင်

"သိပ်ချစ်လို့ပါ သီရိရယ်၊ သီရိက ပြန်မချစ်ရင်နေ အစ်ကိုကြီးက ချစ်ခွင့်ရနေရင်ပဲ ကျေနပ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး တဖွဖွပြောလွန်းတော့ ယုံကြည်လာခဲ့ပါ ခြင်းကစပြီ. သံယောဇဉ်ဖြစ်ခဲ့တာလား မသိပါ။ အစ်ကိုကြီး၏ အကြင်နာစိမ့်စမ်းက ချိုမြကြည်လင် အေးငြိမ်းနေတာတွေလည်း ပါမည်ထင်ပါသည်။ မတောင့်မတ လက်ညှိုးမညွှန်ရမိက ရေဖြစ် အရာခပ်သိမ်းပြည့်စုံ ဆိုသည့် ဘဝမှာ ကြည်နူးချမ်းမြေ့ခဲ့ရတာ လည်း အမှန်ပါ။

"အစ်ကိုကြီးကို ချစ်ပြီလားဟင် သီရိလေး"

လေးဆယ်မှ သီသီစွန်းခဲ့ပြီပေမယ့် အစ်ကိုကြီးထက် ဆယ်နှစ်တိတိ ငယ်သည်မို့ အစ်ကိုကြီးက သီရိလေး ... ဟု ခုတိုင် ချစ်စနိုး ခေါ်မြဲ။

"အစ်ကိုကြီးကလည်း"

ရှက်စနိုးစွာ ငြင်းပယ်လျက် "အစ်ကိုကြီးကို ချစ်တယ်"ဆိုသည့် ဝါကျလေးတစ်ကြောင်းကို တွန့်တိုစွာ သိမ်းဆည်းခဲ့တာ နှစ်ပေါင်းနှစ်ဆယ်တိတိပါပဲ။ ကြာတော့လည်း သနားလာရသည်။

"သီရိ ကြိုက်လားဟင်၊ အဲဒီတယ်လီဖုန်းလေးကို"

အိမ်မှ ပုံရိုးပုံပေါင်း အနက်ရောင် တယ်လီဖုန်းက ဧည့်ခန်းမှာ ယခုထက်တိုင်ရှိဆဲ။ ခလုတ်လေးတွေနှိပ်ရသည့် ပုံဆန်းလေးကို လိုင်းခွဲလျက် ဒေါ်သီရိမွန်၏ ခုတင်ဘေး စင်ကလေးပေါ် အစ်ကိုကြီး တင်ပေးထားသည်။ ဒေါ်သီရိမွန်က သိပ် နေမကောင်းတာ ကြာပြီလေ။ ကြာဆို ... လေးငါးနှစ်လောက်ကို ရှိခဲ့ပါပြီ။



"သီရိက သိပ်လှုပ်လှုပ်ရှားရှား မလုပ်နိုင်ဘူး မဟုတ်လား၊ အိမ်မှာလူမရှိရင် ဧည့်ခန်းပြေးပြီး ဖုန်းကိုင်ရတော့ အစ်ကိုကြီးသီရိလေး ပင်ပန်းတာပေါ့"

ဆယ်ကျော်သက် ချစ်သူလေးတွေတောင် အစ်ကိုကြီး ချစ်တတ်ပုံကို မီပါ့မလား ထင်မိသည်။

"အစ်ကိုကြီးဖုန်းက မြည်သံကြီး ကျက်သရေမရှိဘူး၊ ခေါင်းလောင်းသံ မထွက်ဘဲ နို့ဆီခွက်ခေါက်သံလိုကြီး"

သည်လို မညှာမတာ အားပါးမနာ ပြောနေကျပါ။ အစ်ကိုကြီး ဘယ်တော့မှ အပြုံးမပျက်တတ်တာကိုပဲ အံ့သြနေရတော့သည်။

"ဟောဒီ သီရိလေးကတော့လေ အစ်ကိုကြီး ဘာလုပ်လုပ် အကောင်းကို မထင်ဘူး"

ငါးဆယ်ကျော်က လေးဆယ်ကျော်၏ ပါးပြင်ကို ဖြည်းဖြည်းဆွဲလိမ်၍ ပြုံးပြုံးကြီး ပြောနေပြန်သည်။ သြော် ... အစ်ကိုကြီး အချစ်ကြောင့်များ နုပျိုနေလေရော့သလား။ အစ်ကိုကြီးကို အသက်ဘယ်လောက်ရှိပြီလဲ ... ဟု တွေ့သမျှ သူစိမ်းတိုင်းကို မေးကြည့်။

"လေးဆယ်ပျော့ပျော့လောက် ရှိမှာပေါ့"ဟု တစ်ရာမှာ ကိုးဆယ်ကျော်က ဖြေမှာမလွဲ။ ဒေါ်သီရိမွန်ကျတော့ကော။

"ဟော့ ... ကိုယ့်သီရိလေး အသက်ကို မှန်းစမ်း"

မိတ်ဆွေသစ်တစ်ဦးတိုးတိုင်း သီရိအသက်ကို မှန်းခိုင်းရတာ အစ်ကိုကြီးမှာ တကယ့်တာဝန်ကြီးတစ်ခုပါ။

"သုံးဆယ်တော့ ပြည့်ပြီထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို လူတိုင်းလိုလိုကဖြေမြဲ။ အစ်ကိုကြီးသဘောကျစွာ တဟဲဟဲရယ်မြဲ။

"လေးဆယ်ဗျ ... လေးဆယ်၊ လပိုင်းတောင် စွန်းလာပြီ"

အစ်ကိုကြီး ဂုဏ်ယူစွာပြောပေမယ့် သီရိက အစ်ကိုကြီးကို မျက်စောင်းတစ်ချက်တော့ ထိုးဖြစ်သည်။ အစ်ကိုကြီးဘာလုပ်လုပ် ပြုံစုဆန့်ကျင်ဖို့ ဘုရားမှာ သစ္စာဆိုထားမိသူလို အမြဲဆန့်ပြနေမိတာ သီရိအကျင့်ပါ။

အစကတော့ ...

"ဆယ်နှစ်ကျော်ကြီး ကြီးနေတာ၊ ပြီးတော့ မေမေ့ကို စိန်ထုပ်နဲ့ပေါက်ပြီး အတင်းရအောင် ယူခဲ့တာ"

ရက်စက်စွာ စွပ်စွဲလျက် နည်းနည်းလေးမှ မညှာမတာ၊ ပြောချင်လို့ကို ပြောခဲ့တာပါ။ ကြာတော့ ပြောကျင့်ဖြစ်လျက် အမြဲပြောဖြစ်နေတော့သည်။ ဘယ်လိုပြောပြော အစ်ကိုကြီးက စိတ်ဆိုးဟတ်သူ မဟုတ်ချေ။

"အစ်ကိုကြီးတို့ လက်ထပ်ခဲ့တာ အနှစ်နှစ်ဆယ် ပြည့်တော့မယ်၊ အဲဒီနေ့ကျရင် သီရိ အစ်ကိုကြီးကို ချစ်တယ်လို့ ပြောမလား၊ ပြောနိုင်ပြီလားဟင်၊ သီရိလေး"

ရန်ကုန်မဆင်းမီ သီရိလက်ကလေးကို ဖွဖွဆုပ်လျက် အစ်ကိုကြီး ပြုံးပြုံးကြီး မေးခဲ့တာကို မျက်စိထဲက မထွက်။

"မသိဘူး"

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကတည်းက စုကျင့်ပါခဲ့သည့် နှုတ်ခမ်းက ခုထိ ထော်လန်စွာ စူမြဲစူဆဲ။



"ဒီမိန်းမ ကိုယ့်ကို ချစ်နေပါပြီကွာ၊ မသိတာမှတ်လို့၊ သူပြောချင်နေတာများ ... ဟား ဟား"

သမီးရှေ့လည်းမရှောင် ပြောချင်ရာ ပြောတတ်သူမို့လည်း မျက်စောင်းအရေအတွက် ပိုရပြန်သည်။

"မေမေက သိပ်ဆိုးတာပဲ၊ ဖေဖေ သနားပါတယ်"

သမီးကဆို သူ့အဖေလူ လုံးလုံးကြီးကို ဖြစ်လို့လေ။

"အေး ... အဲဒါကြောင့်ပေါ့၊ အကြောင်းမသိတဲ့လူတွေက မေးတာ၊ ခေမာဝတီလင်းဟာ ဦးထွန်းလင်းဘက်က ပါလာတာလားလို့၊ သမီးက အဖေ့လူသက်သက် ဖြစ်နေတော့ မေမေ့မှာ နေရင်း ထိုင်ရင်း မိထွေးအထင်ခံရတယ်"

"မေမေက သိပ်နလို့ပါ၊ သမီးနဲ့ဆို ညီအစ်မလို ဖြစ်နေတာ"

"မြှောက်တာတော့ ကြိုက်တယ် သမီးရေ၊ မိထွေးအထင်ခံရတာတော့ ဆိုးတယ်၊ မေမေ့မှာ သမီးဖေဖေရဲ့နောက်အိမ်ထောင် ဖြစ်ရတာတော့ သိက္ခာကျတယ်ကွ"

သမီးကိုကျတော့ မျိုခဲထားမတတ် ချစ်ရလွန်းသည်မို့ သူငယ်ချင်းပေါင်းကို ပေါင်းဖြစ်သည်။ တရင်းတနှီး ရှိလွန်းလှသည်မို့လည်း အမေနှင့် သမီးက သားအမိနှင့်ကိုမတူချေ။ အချစ်လွန် သူငယ်ချင်းနှစ်ယောက်လိုပင် ပွင့်လင်းကြလေ၏။

"ဖေဖေ ဒီတစ်ခေါက် ရန်ကုန်ကပြန်လာရင် ချစ်တယ်လို့ ပြောလိုက်ပါ မေမေရာ၊ ဖေဖေ့လည်း သနားလှပြီ၊ မေမေမပြောရင်တော့ ပြောမယ့်သူတစ်ယောက် သမီးကိုယ်တိုင်ရှာပေးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေကို ထိုးနေကျ မျက်စောင်းက သမီးအပေါ် ဝဲခနဲကျသည်။ သမီးက မေမေ့ကိုပြေးဖက်၊ ပါးကို တရွတ်ရွတ် နမ်းလျက်က တခစ်ခစ်ရယ်၏။

"ဟောဒီ သားမီသားဖ သုံးယောက်လိုဟာမျိုးတော့ မတွေ့ ကို မတွေ့ဖူးဘူး"

သိရိအခေါ် သမီး ဘွားလေးအုံးက ရှုစုမာန်မာန် ပြောပေမယ့် ရင်ထဲမှာ ပီတိတွေ ရှန်းနေရသည်။ တူမလေး သိရိ ယောကျ်ားရ ကံကောင်းလိုက်ပုံက စာဖွဲ့မဆုံးအောင်ပါပဲ။

"လိုက်လည်းလိုက်တဲ့ သားအမိ သားအဖတွေ"

ဘွားလေးအုံး မျက်စောင်းကိုတောင် ဂရုမစိုက်အားပါ။ အစ်ကိုကြီးက ဇနီးရော သမီးပါ ရောပွေ့ကာ တစ်ယောက် တစ်ချက်စီ မွှေးသွားခဲ့တာမို့ ကားပေါ်တက် မောင်းထွက်သွားသည့် အစ်ကိုကြီးကို မျက်စိတဆုံး ငေးရင်း သိရိ ရှက်ပီတိလေးတွေနှင့် လွမ်းဆွတ်စွာ ကျန်ခဲ့ရပါသည်။

ဒီတစ်ခေါက် အစ်ကိုကြီး ရန်ကုန်ဆင်းတာကို ဘယ်လိုလွမ်းမှန်းမသိ။

အစ်ကိုကြီးက ရန်ကုန်ဆင်းလျှင် ရထားတွေ၊ လေယာဉ်ပျံတွေ စီးလေ့မရှိပါ။ လက်မှတ်ရဖို့ စောင့်ရမှာကို နည်းနည်းလေးမှ စိတ်မရှည်တတ်သူမို့ ကိုယ့်ကားကိုယ်မောင်းလျက် ဆင်းမြဲ။ ကားလေး ခြံဝမှထွက်သွားကတည်းက သိရိ လွမ်းကျန်ရစ်သည်။

"ဟော ... မချစ်ဘူး ... မချစ်ဘူးနဲ့၊ မေမေကြီး လွမ်းနေပြီ ဟေ့၊ ငိုတော့မယ်၊ ငိုတော့မယ်"

"အမယ် ... ဘာလို့ ငိုရမှာလဲ"



"မျက်ရည်တွေ ဝဲလာပြီ"

"သမီးနော် ... သူ့မှာ ဒီအမေပဲ စ,စရာရှိတယ်"

"ဒီအမေကိုပဲ ချစ်တာကိုး၊ ဒီအမေပဲ စ,မှာပေါ့"

"အေး ... ပြောထား၊ နောက်မှ အမေ့ထက် ပိုချစ်ရမယ့် သူ ရှာလာရင် အသတ်ပဲ"

"အဲဒီတော့လည်း မေမေ သဘောတူတဲ့လူနဲ့ ပေးစားလိုက်ပေါ့ မေမေရ"

သမီးက အကြောင်းသိမို့ မေမေ့အတိတ်ဆွေးလေးကို အမြဲအစဖော်၍ နောက်တတ်သည်။

"မေမေ့လို စိန်ထုပ်နဲ့ လာပေါက်တဲ့သူက ရှိဦးမှကိုး"

ဘွားလေးအုံးက မျက်နှာကွက်ခနဲ ပျက်ရှာ၏။

"အနှစ်လည်း နှစ်ဆယ်ရှိပါပြီ သိရိရယ်၊ ဒါကို ခုထိပြောတုန်း၊ ညည်းအမေခမျာလည်း ဆုံးရှာပါပြီ၊ စိန်မက်ရုံသက်သက်နဲ့ ပေးစားခဲ့တာလားအေ့"

ဘွားလေးအုံး ဆူလျှင်တော့ သိရိလျှာကလေးထုတ်၍ ပြုံးနေတတ်မြဲပါ။ ခုထိ ငယ်မူငယ်သွေး မပျောက်သေးဘဲ ပျိုမျစ်နုနယ်နေရတာကိုက အစ်ကိုကြီးရဲ့ နွေးထွေးလှသည့် အချစ်တွေကြောင့် ဖြစ်ပါလိမ့်မည်။

"အလကား စိတ်မကောင်း မဖြစ်ပါနဲ့ ဘွားလေးအုံးရဲ့၊ မေမေက နိုင်ရတိုင်း ဖိပြောနေတာ"

မေမေ့ဘဝကို ခေမာ တကယ့်ကို အားကျလှပါသည်။ ဖေဖေက သူ့မှာ သမီးနှစ်ယောက် မွေးထားသလို မေမေ့ပါ သမီးစာရင်းသွင်းလျက် ချစ်တတ်လွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်တိုင်းပြော ကောင်းမှတ်လို့၊ မယားငယ်ယူတဲ့လူတွေကို လျှောက်ကြည့်၊ မိန်းမကြောက်ရတဲ့သူချည်းပဲ"

"အို ... ဒေါ်လေးအုံး"

"ကြည့်လေ၊ ဒါမျိုးကျတော့ အပြောလေးဆောင် မခံနိုင်ဘူး၊ သီရိနော် မသိရင်ခက်မယ်၊ ဆိုးကောင်းတိုင်း ဆိုးမနေနဲ့"

ဒီတစ်ခေါက် အစ်ကိုကြီး ပြန်လာလျှင် အိမ်ထောင်သက်နှစ်ဆယ်ပြည့်၊ သမီးလေးခေမာ ဆယ့်ရှစ်နှစ်ပြည့် အိမ်မှာ အလှူဒါနနှင့် ညှိ့ခံပွဲလေးတစ်ခုခု ကျင်းပမည်။ အစ်ကိုကြီးကိုလည်း ချစ်မိပါပြီဆိုတဲ့အကြောင်း ပြောမည်။ သီရိအတွေးလွှမ်းလေးထဲမှာ ပီတိနှင့်ရောချ် ကြည်နူးကြေကွဲဝေဒနာလေး ဖြစ်ရဆဲမှာ အဲသည်တယ်လီဖုန်းက နို့ဆီခွက်ခေါက်သံလို မြည်လာတော့ သီရိ စိတ်အနှောင့်အယှက် မဖြစ်ဘဲ နေမတဲ့လား၊

"ဟဲ့ ... သီရိ၊ အိပ်ရာပေါ် ခွေနေတာကိုး၊ အနားကပ်ပြီး တယ်လီဖုန်း မြည်နေတာ ဘာလို့မကိုင်တာလဲ၊ ငါ့ ညည်းများ ရေချိုးခန်း ဝင်နေသလားလို့"

"ဒေါ်လေး တယ်လီဖုန်းသံကြီးက နားဝင်မှ မချိုတာ"

"ခက်တဲ့ သီရိပဲ၊ ခေမာလေးနဲ့ ညည်းစိတ်က ရွယ်တူ၊ မောင်ထွန်းလင်း ရန်ကုန်က ဆက်တာ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ မလုပ်ဘူး"

"ညည်း ... မောင်ထွန်းလင်းဆီကထင်ပြီး ဘခင်နိုပ်စက်နေတာ မဟုတ်လား"

"ဒေါ်လေးကလည်း သိလွန်းအားကြီးတော့ ခက်တယ်"



"ညည်းပဲ ခက်တာ၊ တော်ကြာ ခေမာလေး လာကိုင်နေရဦးမယ်"

ဟုတ်သားပဲ၊ သမီးက စာကြည့်ခန်းထဲမှာ သူ့ဆရာမနှင့် စာကျက်နေသည်။ သမီးက ဆယ့်ရှစ်နှစ်ရှိမှ ဆယ်တန်းဖြေရရှာသည်။ အိမ်ထောင်သက် နှစ်နှစ်ရမှ မွေးသည့်သမီးလေး၊ သားသမီး မရတော့ဘူးတောင် ထင်ထားခဲ့တာပါ။ ရမည့်ရတော့ ပေါင်မပြည့် လမစေ့ သေးကွေးညှပ်စီလေး။

စစ်စစ် အစ်ကိုကြီးကြောင့် သမီးလေး အသက်ရှင်ခဲ့တာပါ။ သီရိက အလိုလိုက်ခံ အိမ်ထောင်ရှင်မမို့ ဘာမှမလုပ်တတ် မကိုင်တတ်။ ကလေးမှ အဖြစ်ရှိအောင် မချီတတ်ခဲ့။

သမီးလေးကို အရမ်းချစ်ပေမယ့် နို့တိုက်ချိန်မှလွဲလျှင် သမီးလေးက သူ့အဖေလက်ပေါ်မှာချည်းပါ။ ခုနစ်နှစ်သမီးလောက်ကျမှ ကျန်းမာလာသည်။ အဲသည်ကျမှ ကျောင်းထားရသည်။ ကျန်းမာလာတော့လည်း တစ်ချိုးတည်း တောက်လျှောက်ပါပဲ၊ သမီး ဆယ်တန်းစာမေးပွဲ ဖြေမည့်ဆဲဆဲမှာ အစ်ကိုကြီး ရန်ကုန်ကို အရေးကြီးကိစ္စပေါ်လို့ဆိုပြီး ဆင်းသွားခဲ့တာပါ။

"သမီး စာမေးပွဲနဲ့မို့ သွားတောင် မသွားချင်ဘူး၊ ဟိုမှာ သိပ်အရေးကြီးနေလို့" တဲ့။

အစ်ကိုကြီးမှာက မြန်မာပြည်တစ်ပြည်လုံး မြို့ကြီးတိုင်းလိုလိုမှာ စီးပွားရေးလုပ်ငန်းခွဲတွေရှိသည်။ မန္တလေးမှာနေပေမယ့် ရန်ကုန်မှာ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်၊ မင်္ဂလာခန်းမပါတွဲလျက် ရောမဟိုတယ်ကြီးနှစ်ခု၊ မန္တလေးမှာနှစ်ခု၊ ကလောအောင်ပန်းဘက်က လိမ္မော်ခြံ သစ်တော်ခြံတွေက အစ်ကိုကြီးမိဘလက်ငုတ် အမွေအနှစ်တွေ။

www.burmeseclassic.com

www.burmeseclassic.com



ပေလ်မှာ သွားဆောက်ထားသည့် ဘန်ဂလိုတွေက ကျတော့ ဟိုတယ်တွေထက်တောင် ဇိမ်ခံစရာ အစ်ကိုကြီးလုပ်ငန်းတိုးချဲ့ထားတာတွေ။ မိတ္ထီလာမှာကျတော့ နွားခြံနှင့် နို့ဆီချက် ထောပတ်ချက် လုပ်ငန်းတွေ ရှိသည်။ အစ်ကိုကြီးမများ ဟိုပြေး ဒီပြေးနှင့် ပင်ပန်းရှာသည်။ အဲသည်လုပ်ငန်းတွေအကြောင်း သီရိ ဘာတစ်ခုမျှ နားမလည်ပါ။

အစ်ကိုကြီး ထိုးအပ်သည့် ငွေစက္ကူ အထပ်တွေကို လက်ခံရယူကာ မီးခံသေတ္တာထဲ ထည့်သိမ်းဖို့ပဲ သိရိတတ်သည်။ အစ်ကိုကြီးရင်ခွင်မှာ အရွယ်မရောက်သေးသည့် ကလေးငယ်လို နေခဲ့ရတာပါ။

"တယ်လီဖုန်းက မြည်တောင် မမြည်တော့ဘူး"

"စိတ်မပူပါနဲ့ ဒေါ်လေးအုံးရဲ့၊ ထပ်ခေါ်ရင် ထပ်မြည်မှာပေါ့"

"ညည်း စိတ်ကောက်နေတာ မဟုတ်လား"

သီရိ ပြုံး၍ခေါင်းညိတ်သည်။ တကယ်ဆို ညကတည်းက အစ်ကိုကြီး ဖုန်းဆက်ဖို့ကောင်းသည်။ မနေ့က မနက်ငါးနာရီမှာ အိမ်ကထွက်သွားတာ။ သမီးက အခေါ်ကြီး စာထကျက်သည်မို့ အမေရာ သမီးပါ သိမ်းကျုံးနှမ်းသွားတာ။ မနေ့ကညဆို အစ်ကိုကြီး ရန်ကုန်ရောက်ပြီ။

ကားက ရှစ်ဆယ့်ငါးခုပုံစံ တိုယိုတာစပရင်တာ ဒ,ဒွေးနံပါတ် အသစ်စက်စက်၊ အစ်ကိုကြီးတလဲ ယာဉ်မောင်းတလဲ ဘယ်မှာမှ မနားဘဲ မောင်းချသွားမယ့်ဟာ၊ ညဆိုရောက်ပြီပေါ့။



ဘာဖြစ်လို တယ်လီဖုန်း မဆက်သလဲ။ ခါတိုင်းဆို ရန်ကုန်ရောက်တာနှင့် စက္ကန့်မဆိုင်း ဆက်နေကျ။ ထားတော့ ညဥ့်နက်နေလို့ မဆက်ဖြစ်ဘူးဆိုလျှင်တောင် ဒီနေ့မနက်ဆက်ဖို့ပေါ့။ မွန်းသာလွဲသွားရော အစ်ကိုကြီး မဆက်သေး။

မနက်ဖြန် မြန်မာစာ စဖြေဖို့ သမီးတောင် စာကြည့်ခန်းထဲ ဝင်သွားပြီ။ တကယ်ဆို သမီးစာမေးပွဲဖြေဖို့ နေလို့ကောင်းရဲ့လားဆိုတာ အစ်ကိုကြီး ဝီရိယကြီးစွာမေးဖို့ မကောင်းဘူးလား။

တယ်လီဖုန်းက မြည်ပြန်၏။

သီရိ သိပ်ကြာကြာ ဟန်မလုပ်နိုင်တော့ဘဲ ကောက်ကိုင်သည်။ ဘာကြောင့်မှန်းမသိ ရင်ထဲ လေးခနဲ ဖြစ်သွားရတာကို အဖြေရှာမရ။

"သီရိမွန်ပါ"

"ကျွန်မ ဦးထွန်းလင်း ဇနီးပါ"

"ဘာ ..."

နောက်ဆုံးပေါ် ကမ္ဘာ့လက်နက်ဆန်းတစ်ခု ပေါက်ကွဲသံတမျှ ကျယ်လောင်စွာ အော်လိုက်မိသည်။

"ကျွန်မ ဦးထွန်းလင်းရဲ့ ရန်ကုန်ကဇနီးပါ၊ မန္တလေးက ဇနီးနဲ့ စကားပြောပါရစေ"

"ဘာပြောတယ်"

မသဲကွဲသည်တော့ မဟုတ်။ အံ့ဩတုန်လှုပ်လွန်းသည်မို့ ထွက်ကျသည့် ဝါကျနှင့်အတူ ဒေါ်သီရိမွန် ရင်ထဲမီး တောင်ကြီး ပေါက်ကွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ... သူ ... အစ်ကိုကြီးရဲ့ ရှန်ကုန်ကာဇနီးဆိုပဲ၊ ဟုတ်ရဲ့လား။ ဟုတ်နိုင်ပါ့မလား။ ဟုတ်များနေမလား။ ပြောပုံက လေသံက တစ်ပြားသားမှ မလျော့။ ခပ်တင်းတင်း ခပ်မာမာပါပဲ။ ခက်တာက မယားပြိုင်စနစ် ပေါ်လာတော့လည်း မယားငယ်ဆိုသည့် သိမ်ငယ်မှုက လုံးဝပျောက်သွားရပြီလေ။

ဘယ်လိုမှ မျှော်လင့်တွေးထင်ထားခြင်း မရှိသည့် ဖြစ်ရပ်ဆန်းကို တုံးတုံးတိတိ သိရှိကြားလိုက်ရသည်မို့ ဒေါ်သိရိမွန် အသက်ရှူများပင် ရပ်သွားမိပါသည်။

"ဒေါ်သိရိမွန်ဆိုတာ မန္တလေးက ဇနီးလား"

ကြည့် ... ပြောပုံကိုက အနားမှာသာရှိလျှင် တွေ့သည့်လက်နက်ဖြင့် ကောက်သတ်မိမလား မသိ။ သူ့ကိုယ်သူ မယားပြိုင်ပေါ့လေ။

သူတစ်ပါးအိမ်ထောင်ရေးမှာ သပ်လျှိုချင်လို့ တမင်ဖန်တီးပြောဆိုသည့် လုပ်ကြံမှုများလား။ အစ်ကိုကြီး မယားငယ်သားငယ် ယူသည်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သံသယထဲမှာပင် ယုံလိုက်မိတာမို့ ရင်ထဲ ဆွေ့ဆွေ့ခုန်သည်။

အခံရခက်လှပါဘိ။

သူ့အချိုးက နာမည်တောင် မှတ်မထားဘူးပေါ့လေ။ ဒေါသထွက်သည်။ ရှင်နာသည်။ ခံပြင်းသည်။ မယုံသည့်ကြားထဲက ယုံကြည်စွာ ဘုန်းလှုပ်ချောက်ချားရသည်။

"တောက် ... နှစ်လောင်းပြိုင် သတ်ပြီးမှ ကြိုးစင်တက်လိုက်ရ"



ဒေါသဖြင့် ကြုံးဝါးဆဲက ခေါင်းထဲမှာ မူးနောက်လာရတော့သည်။ ကျွတ်ထွက်မတတ် ဝိုင်းစက်နေသည့် မျက်ဝန်းမှာ မီးပွင့်တွေဖြာလေ၏။

ခုမှပဲ အစ်ကိုကြီးကို ဘယ်လောက်ချစ် ဘယ်လောက်စွဲလမ်းမြတ်နိုးပြီး ဘယ်လောက်ထိ မခွဲနိုင်မခွာရက် ဖြစ်နေရတာကို နားလည်လိုက်ရပါ၏။

အူနုကို ကျွဲခတ်ပါပကော။

"ဟုတ်တယ် ... ငါပဲ၊ မန္တလေးက ဇနီးမဟုတ်ဘူး၊ မြန်မာပြည် တစ်ပြည်လုံးမှာ တစ်ဦးတည်းဇနီး၊ အိမ်ထောင်သက်က နှစ်ဆယ်၊ သမီးတောင် ဆယ့်ရှစ်နှစ်ရှိပြီ"

"အစ်ကိုကြီး ဆုံးပြီဆိုတဲ့အကြောင်း တာဝန်ကျေအောင် အကြောင်းကြားတာ"

"ဘာ"

အလန့်တကြား ကျူးအော်မိပြန်၏။ ရင်ထဲ တုန်လှုပ်ချောက်ချားသွားရပုံက အတိုင်းမသိ။ လက်မည်းကြီးတစ်ခုက ဆုပ်ကိုင်ဆွဲမ,ကာ အမြင့်ဆုံးသို့ ဆွဲတင်သွားပြီးမှ လွှတ်ချလိုက်သလို အသည်းထဲ လှပ်ခနဲအေး၊ လှိုက်ခနဲဆို့။

"ရှင့်အစ်ကိုကြီး၊ ကျွန်မအစ်ကိုကြီး ဆုံးပြီ၊ ကျွန်မအိမ်မှာပဲ မနက်ဖြန် အသုဘချမယ်၊ မီချင်ရင် လိုက်လာခဲ့ ဒါပဲ"

"ဟော့ ... နေပါဦး၊ ညည်း ... ညည်း"

ပြောစရာစကားတွေ စုပြုံပြွတ်သိပ်ကာ လည်ချောင်းထဲမှ လုထွက်နေကြသည်မို့ အလုံးအရင်းနှင့် ဆို့ကျပ်ကာ ဘာပြောရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်အစ်မသိ ဖုန်းဆက်မေးကြည့်၊ အဲဒီကိုလည်း အကြောင်းကြားပြီးပြီ ... ဒါပဲ"

ဖုန်းချသံခွပ်ခနဲက အမြောက်သံထက် ကျယ်လေ၏။

တောက် ... လူပါးဝလိုက်တာ၊ သင်းသတ်လို့သေမှာပေါ့။ မခံဘူး လိုက်သွားမယ်၊ မိန်းမယုတ်ကို ကြိုးစင်တင်ခဲ့မယ်။

တယ်လီဖုန်းကို ပရမ်းပတာ လွှတ်ချကာ ဇွေ့ခနဲ ထရပ်သည်။ ဒေါ်သီရိမွန် လက်သီးကို ကျစ်နေအောင်ဆုပ်သည်။ အောက်နှုတ်ခမ်းသားက အပေါ်သွား၏ ဖိကိုက်ခြင်းကို သွေးပေါက်ထွက်လုနီးပါး ခံနေရသည်။ မျက်ရည်ကျဖို့ကိုတောင် မေ့နေသည်။

ဒေါသသည် ခြေဖျားများမှသည် ငယ်ထိပ်အထိ တစ်ကိုယ်လုံးကို ပူပြင်းကျွမ်းမြေ့စွာ ခြုံလေ၏။

○ ♡ ○

"ဟုတ်တယ် သီရိ၊ အဲဒီမိန်းမရှိတာ ငါသိတာ သုံးလလောက်ရှိပြီ၊ သိလာတာက ညည်းခဲအိုကိုယ်တိုင် တရားရုံးမှာ လာလက်ထပ်တာကို တွေ့လာတာ၊ သူသိတာတော့ ကြာလှပြီတဲ့၊ ငါ့ကိုသာ ပြန်မပြောတာ"

ကြေးနန်းကြိုးသည် မီးခဲများကို သယ်ဆောင်လျက် ဒေါ်သီရိမွန် နားထဲသို့ သွင်းသည်။ မမကိုယ်တိုင်ပြောမှတော့ ယုံကြည်ရပြီပေါ့။ ခဲအိုကြီးက ရှေ့နေလေ။ တရားရုံးမှာ လာလက်ထပ်တာကို ရှေ့နေကိုယ်တိုင် တွေ့လာတာမို့ သိပ်ကိုသေချာသွားရပါပြီ။



ဒေါ်သီရိမွန် မျက်ရည်စက်လက် ကျတော့သည်။

"ကိုထွန်းလင်းက ကိုအောင်သူကို ထိုင်ရှိခိုးတော့မလောက် တောင်းပန်တယ်၊ ငါ့ကိုလည်း မပြောပါနဲ့လို့ တားတယ်တဲ့၊ ညည်းကိုလည်း မပြောပါနဲ့တဲ့"

ဒေါ်သီရိမွန် သိမ့်ခနဲ ရှိုက်လေ၏။

"အခုတော့ တရားဝင် လက်ထပ်ပေးလိုက်မယ်၊ မကြာခင် ရပိုင်ခွင့် နည်းနည်းပါးပါး လွှဲပေးပြီး ပြန်ကွာမယ်တဲ့၊ အဲဒီကိစ္စ ကိုအောင်သူပဲ ဆောင်ရွက်ပေးဖို့ အပ်တယ်"

"ပြောရောပေါ့ မမရယ်"

မချိတင်ကဲသံက ရင်ထဲမှ လျှံကျသည်။

"မကြာခင်ကွာဖို့ ခုတည်းက စီစဉ်နေပြီ ဆိုတော့ ညည်းစိတ်မချမ်းသာမယ့်ကိစ္စကို ဖုံးဖိလိုက်ရတာပဲအေ၊ ကိစ္စပြတ်သွားပြီဆိုလည်း ညည်းကို အသိမပေးတော့ဘူးလို့"

ရက်စက်ပါပေတယ်၊ ဪ ... အစ်ကိုကြီး ရန်ကုန်ဆင်းခါနီး ဇနီးနဲ့သမီးကို နှစ်ယောက်လုံး သိမ်းကျုံးနမ်းသွားခဲ့တာတွေလည်း အထင်မကြီးနိုင်တော့ပါလား။

ရက်စက်တယ် အစ်ကိုကြီးရယ်။ သီရိ နည်းနည်းလေးမှ ထင်မထားခဲ့ပါဘူး။

"ညည်းလည်း ကျန်းမာရေး မကောင်းတော့ ငါ အစ်မတစ်ယောက်အနေနဲ့ ညည်းအတွက်ကြည့်ပြီး ဖုံးဖိရတာပါ။ အမှန်က အရက်ပေါ့အေ၊ အရက်အမှားကို ကိုထွန်းလင်းက ယာယီတာဝန်ယူလိုက်တယ်၊ ယောကျ်ားယုတ် အဖြစ်မခံချင်ဘူး၊ အဲဒါပဲ၊ ဒီမိန်းမက ခပ်ပျက်ပျက်ထဲကပဲ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ချင်ပျက် ကောင်းချင်ကောင်း သီရိ ရင်ထဲကိုတော့ မီးတင်ရှို့နိုင်ခဲ့တာပါပဲ။

"ငါလည်း ညည်းဆီဆက်မယ့်ဆဲဆဲ ညည်းဖုန်းက အရင်ဝင်လာတာ၊ ဆက်မယ်ဆိုတာတောင် ဘာကစပြီးပြောရမှန်း မသိဘူး"

"မမ ... သူ ... အစ်ကိုကြီးဆုံးတာ တကယ်လားဟင်"

နောက်ဆုံးမျှော်လင့်ချက်လေးကို မှေးမှိန်စွာထားလျက် အသက်ကိုပင် အောင့်လိုက်မိပါ၏။

"ဟုတ်တယ် သီရိရယ်"

မမ အသံတိမ်ဝင်သွားသည်။ ဩော် ... တကယ်ပဲဆုံးရှာပါပေါ့လား အစ်ကိုကြီးရယ်။ ရေတိမ်မှာများ နစ်လေသလား၊ ဖြစ်မှဖြစ်ရလေ၊ သီရိ ဘယ်လိုဖြေရမှာလဲ။

"ညည်း အမြန်ဆုံးလိုက်လာခဲ့ သီရိ၊ ငါလည်း ရှိနေတာပဲ၊ ကိုအောင်သူက ကိုထွန်းလင်းရဲ့ ရှေ့နေလည်းဖြစ်တယ်၊ မယားညီအစ်ကိုလည်း တော်နေတော့"

"ဟင့်အင်း ... ဟင့်အင်း ... သီရိ မလာဘူး ... မလာဘူး"

အော်ငိုလိုက်သံက ကျယ်သွားသည်။

"သီရိ ... အဲဒီလို မလုပ်နဲ့ ကလေးက စာမေးပွဲဖြေရသေးတာ မဟုတ်ဘူး"

ဒေါ်လေးအုံးက ပါးစပ်ကို လာပြေးပိတ်သည်။

"ဒေါ်လေး ... အုံး"



ရင်ခွင်ထဲ ထွေးခနဲ ကျလာသည့် သီရိကို လှမ်းဖက်ကာ စကားပြောခွက်ကို ဆွဲယူလိုက်ရသည်။

"ဒေါ်လေးအုံး ... သူဇာ၊ ပြောစရာရှိတာ ငါ့ကိုပြော"

"ဟုတ်ကဲ့ ... သီရိကို ရန်ကုန်အမြန်လွှတ်ပေးပါ ဒေါ်လေးအုံး၊ ဖြစ်တဲ့နည်းနဲ့ ..."

"လွှတ်မယ်"

"ဒီက စီးပွားရေးတွေကို ဟိုဟာမ အပိုင်စီးသွားလိမ့်မယ်၊ သူကလည်း သူ့ရှေ့နေနဲ့သူ ပြောဆိုနေပြီ"

"ယုတ်မာလှချည်လား"

"အစကတည်းက ဒါမက်လို့ဟာ"

"နေပါဦး၊ အသုဘက သူ့အိမ်မှာလား"

"ဘယ်ထားမလဲ၊ သူ့အိမ်မှာဆို သီရိ လိုက်လာရမှာ သိက္ခာကျတာပေါ့၊ ဆေးရုံပို့လိုက်တယ်၊ ကိုအောင်သူက ဟိုဟာမအိမ်မှာဆုံးလို့ မသင်္ကာဘူးဆိုပြီး ရဲတိုင် ဆေးရုံပို့ ရင်ခွဲခိုင်းလိုက်တာ"

"ဘာတဲ့လဲ"

"မသိသေးဘူး၊ ဟိုမိန်းမ လုပ်ကြံတာဆိုလည်း အမှုပေါ်အောင်၊ ဘာမှမဟုတ်ဘဲ သူ့ဘာသာ ဆုံးတာဆိုလည်း အအေးတိုက်ကနေ အသုဘချဖြစ်တော့ သီရိအတွက် သိက္ခာရှိတယ်"

"ဘယ်တော့ချမလဲ"

"ငါးရက်တော့ ထားရမယ်၊ ရင်ခွဲစစ်ဆေးရဦးမှာဆိုတော့ သုံးရက်နဲ့ မချနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ ငါလည်း လိုက်မလာနိုင်ဘူး ကလေးက ဆယ်တန်းဖြေနေတယ်"

"သိတယ်၊ မိတ္ထီလာက ကိုထွင်းလင်းညီဝမ်းကွဲ"

"မောင်ကျော်အေး"

"ဟုတ်ကဲ့ ... သူ့လည်း အကြောင်းကြားရမယ့်တူတူ သူနဲ့လွှတ်လိုက်လေ၊ ကလော အောင်ပန်းက အမျိုးတွေဆီလည်း အကြောင်းကြားဦးနော် ဒေါ်လေးအုံး၊ အသိုင်းနဲ့အဝိုင်းနဲ့မှ ဟိုမိန်းမ နာလန်မထူနိုင်မှာ"

"အေး ... အေး"

"ခေမာလေးတော့ အသိမပေးရင် ကောင်းမယ်"

"ဖြစ်ပါ့မလား၊ သူ့အဖေအရင်းအေ့"

"စာမေးပွဲကြီးနဲ့"

"ဆယ်တန်းက နောက်တစ်နှစ် ပြန်ဖြေလို့ရတယ်၊ ဒီအဖေက နောက်ဆုံးခရီး၊ နောက်မှသိရင် ခေမာလေး ယူကျုံးမရဖြစ်မယ်"

"သဘောပဲလေ၊ သီရိနဲ့ တိုင်ပင်ကြည့်ပေါ့"

"အေး ... သီရိ ... သီရိ ... ဟဲ့"

ဖုန်းပြောဆဲက ရင်ခွင်ထဲမှ သီရိကို ငုံ့ကြည့်တော့ ခေါ်မရတော့ပါ။

"သီရိ ဘာဖြစ်လဲ ဒေါ်လေးအုံး"

ဒေါ်သူဇာ စိတ်ပူစွာ လှမ်းမေးလိုက်သံကို ဒေါ်လေးအုံး မကြားတော့ပါ။ တယ်လီဖုန်းကို ဖြတ်ကတတ်ဆန်း လွှတ်ချလိုက်ရပါပြီ။



"သီရိ ... သီရိ ... ဟဲ့ လုပ်ကြပါဦး"

သီရိ ... ရင်ကွဲရပါပြီ။ နှလုံးသားတစ်စစီ ကြွေရပါပြီ အစ်ကိုကြီးရယ်။

ဝ ၀ ဝ

www.burmeseclassic.com

www.burmeseclassic.com



## အလွမ်းကိုအပြုံးနှင့်စသည်

အမည်လေးက ဆန်းသလောက်လှ၏။

ခေမာဝတီလင်း ... တဲ့။

"သူ့အဖေလုပ်ငန်းတွေကို လေ့လာဖို့ သူ့သမီးလာမယ်၊ အဆင်ပြေမယ်ဆိုရင်တော့ ရန်ကုန်မှာပဲ သူ နေပြီး စီမံအုပ်ချုပ်မယ်"

အစ်ကိုကြီးဦးထွန်းလင်း၏ ရှေ့နေလည်းဖြစ် မယားညီအစ်ကိုလည်း တော်စပ်သူ ဦးအောင်သူ ပြောစဉ်က ဘယ်လိုကြီးကြီးကျယ်ကျယ် မာနခဲလေးများလဲဟု တွေးမိခဲ့လေ၏။

ကြည့်လေ ... အသက်ဆယ့်ရှစ်နှစ် ဆယ်တန်းဖြေထားတဲ့ ချာတိတ်မ၊ ထမင်းဆိုတာ အိုးထဲကထွက်တာ၊ ငွေဆိုတာ မီးခံသေတ္တာထဲကထွက်တာ၊ အဲသည်လောက်ပဲသိသည့် ဗဟုသုတလေးနှင့် စီးပွားရေးလုပ်ငန်းထဲ ဝင်လာမည် ဆိုပါလျှင် ကမောက်ကမတွေ ဖြစ်ကုန်တော့မည်။

သြဇာတွေ အမိန့်တွေ လွဲမှားစွာသုံးလျက် အရူးတစ်ယောက်ကို ဘုံပေါ်ကောက်တင်သလို ထင်တိုင်းကြဲတော့မခက်လား။ စင်စစ် စီးပွားရေးတွေကို ဦးထွန်းလင်း ပိုင်သည်



ဆိုပေမယ့် လက်တွေ့ပင်ပန်းရတာက **ဝေဟင်**။ အစ်ကိုကြီး စီစဉ်ညွှန်ကြားမှုဖြင့် ထိန်းသိမ်းစောင့်ရှောက် လာခဲ့ရတာ ခြောက်နှစ်တိတိ ရှိပြီမို့ "လင်းမွန်မေတ္တာ"နှင့် "လင်းမွန်သစ္စာ"ဟိုတယ်ကြီးနှစ်ခုသည် ဝေဟင်သည်းချာ ခြောက်နှစ်ရွယ် သားအမြွှာလိုပင် ဖြစ်ခဲ့ရပါသည်။

"ဒီတော့ ဘာလုပ်မလဲ မင်း စဉ်းစား ဝေဟင်၊ အလုပ်ထွက်တာ အကောင်းဆုံးပဲ"

ကိုယ့်ဘာသာပြောလျက် ဆုံးဖြတ်ချက်ချလေ၏။ ရင်ထဲမှာ နှမြောစိတ်တော့ ဖြစ်ထွန်းသည်။ လူပျိုဆိုပေမယ့် ကိုယ့်သား ကိုယ့်သမီးကို သူစိမ်းလက်ထဲ ထိုးအပ်ရသည့် ခံစားမှုမျိုးဖြင့် ကြေကွဲမိသည်။

"မောင်ဝေ အလုပ်ထွက်မယ်ဆိုရင် ခေမာလေးလာမှပဲ ထွက်ပါ၊ သူ့အမေ အခြေအနေ ဆိုးနေလို့ ခမျာလေး စာမေးပွဲပြီးကတည်းက လူနာပြုစုနေရတာ၊ နည်းနည်းတော့ သည်းခံပြီးစောင့်လိုက်ဦး ဟုတ်လား၊ သူ့ဇာတောင် မန္တလေးလိုက်သွားရတာ ပြန်ကိုမလာနိုင်သေးဘူး"

ဦးအောင်သူ စကားက နည်းလမ်းကျသည်မို့ စိတ်ဆင်းရဲစွာ ဆက်လုပ်နေရပေမယ့် ဘယ်လိုမှစိတ်မပါချေ။ ခုတလော ဝေဟင်မှာ စိတ်မချမ်းမြေ့စရာတွေက အများကြီးပါပဲလေ။

"အင်း ... တစ်ခါမှ မမြင်ဖူးသေးတဲ့ အလုပ်ရှင်မလေးကို မျှော်ပေဦးတော့"

သက်ပြင်းမောကို ချသည်။ မိမိစားပွဲပေါ်မှာတင်ထားသည့် အထွေထွေမန်နေဂျာဆိုသည့် စာတန်းပါဆိုင်းမြောင့်

www.burmeseclassic.com

www.burmeseclassic.com



သစ်သားတုံးရှည်လေးကို လှည့်ပတ်ကြည့်သည်။ ရင်ထဲ နောက်ကျို ရှုပ်ထွေးနေသမျှ မျက်နှာက မှုန်ကုပ်နေရတော့သည်။

"ဟယ် ... ကိုကိုကြီးက ထွားလိုက်တာ"

ဝေဟင် တွန့်ခနဲ ဖြစ်သွားရသည်။

ဘယ်လိုချာတိတ်မလဲ။ သူ့အသက်ကလေးက ခုမှ ဆယ့်ရှစ်နှစ် ပျိုမျစ်မှုလေးနှင့်သာ။ သူ့အရွယ်ကို မှန်းရလျှင် ကလေးမှ ပီဘိကလေးလေး။ ဝတ်ထားတာကိုလည်း ကြည့်ဦးလေ။

ဘလောက်စ်ဖွေးဖွေး ပြောင်ပြောင်လေးကပွပွ၊ လက်ရော ခါးရော အကုန်ပွနေသည်မို့ ဇာတ်ထဲက ဝန်ကြီးတွေလို အင်္ကျီထဲမှာ လူကမြုပ်နေသည်။ လုံချည်က အင်္ကျီနှင့် တစ်သားတည်း တစ်ရောင်တည်း။ ခုခေတ်ပေါ်နေသည့် အပြောင်သားဆိုတာမှန်း ဝေဟင် သိသည်။ ဝေဟင် ဒီလောက်ထိတော့ ခေတ်နောက်ကျမကျန်ခဲ့ပါ။ ချာတိတ်မနှင့်စာလျှင် အသက်က ရှစ်နှစ်လောက် ကြီးမှာပေမယ့် နှစ်ဆယ့်ခြောက် ဆိုတာက ခေတ်လွန်လူပျိုအဆွေးအဟောင်းကြီးမှ မဟုတ်သေးတာ။

လုံချည်တိုတိုမှာ ခြေသလုံးဝင်းဝင်းလေး ဖြစ်မနေဘဲ ပန်းနုဖျော့ဖျော့ မှိုင်းမှိုင်းလေး ဖြစ်နေတာက အသားကပ်နိုင်လွန် ခြေအိတ်ရှည် စွပ်ထားမှန်း ဝေဟင် သိသည်။

"မြန်မာပြည် ရာသီဥတုနဲ့ မလိုက်မဖက် နိုင်ငံခြားမှာ လုပ်တိုင်း လိုက်လုပ်နေတော့တာပဲ"



ကျိတ်တွေးနှင့် သုံးသပ်ရင်း အသားကပ်ခြေအိတ် အစား ခြေသလုံးသား ဝင်းဝင်းကလေးဆိုလျှင် ပိုလှမည်ဟု ဝေဖန်မိပြန်၏။ သြော် ... ငါနှင့် ဘာဆိုင်တာမှတ်လို့။

"ကြည့်ပါဦး ဦးဦးရဲ့ မျက်နှာလေးကဖြင့် နနလေး လူကောင်ကြီးက အရမ်းထွားတယ်နော်"

ဝေဟင့် မျက်နှာ ဖျင်းခနဲ ပူသွားရသည်။ ခုလောက်ဆို နားရွက်တွေ ရဲနေပြီမှန်း ကိုယ့်ကိုယ်ကိုယ်သိသည်။ ဒီချာတိတ်မ ရှေ့မှာ မျက်နှာမထားတတ်အောင် ရှက်နေမိခြင်းဖြင့် ကိုယ့်ဘက်က မရင့်ကျက်ရာရောက်ကြောင်းကို သိသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လိုက်ပါဘိခြင်း။

ဦးအောင်သူက ပြုံး၍ခေါင်းညိတ်သည်။

"မောင်ဝေ အစိတ်လောက်တော့ ရှိပြီထင်တယ်"

အစ်ကိုကြီး ဦးထွန်းလင်း ရှိစဉ်ကပင် "မောင်ဝေ" ဟု ခေါ်ခဲ့သည်။ အဲသည်ကတည်းက ဦးအောင်သူက မောင်ဝေဟုပင် ခေါ်ခဲ့ပါသည်။

"နှစ်ဆယ့်ခြောက်ပါ ဦးလေး"

"မထင်ရဘူး၊ မီးက မီးထက်ကြီးလှမှ နှစ်နှစ် သုံးနှစ်လောက်"

"ကဲ ... မှန့်ဝယ်ကျွေးလိုက်လေ မောင်ဝေ"

"မခေမာ ကြိုက်တာ မှာစားနိုင်တာပဲ၊ ခုလို လင်းမွန်မေတ္တာရော လင်းမွန်သစ္စာရော မခေမာ တစ်ဦးတည်းပိုင် ဖြစ်သွားပြီဥစ္စာ"

"မီးကို ဘယ်လိုခေါ်လိုက်တယ်၊ ဟင် ... ကိုကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မခေမာ မကြိုက်လို့လား၊ ဘယ်လို သုံးနှုန်းစေချင်တယ် ဆိုတာ ပြောပြရင် လိုက်နာဖို့ပါပဲ၊ ဒါပေမဲ့ သိပ်တော့လည်း မကြာပါဘူး၊ ကျွန်တော် ဒီနေ့ပဲ အလုပ်ထွက်စာတင်မှာ ပါ"

"ဟင် ..."

ခေမာ ထိုင်နေရာမှ ဆတ်ခနဲထလာသည်။ ဝေဟင့် နားမှာရပ်သည်။ နှုတ်ခမ်းက အပေါ်လန် အောက်လန် ချွန်နေ အောင်စူ၏။

"ဘယ်လိုပြောလိုက်တာလဲ၊ ဖေဖေ မရှိတော့တာနဲ့ မီးတို့ ကို ပစ်ပယ်တော့မယ့် သဘောလား၊ ဖေဖေအားကိုးတဲ့ အထွေထွေမန်နေဂျာကြီးက ဖေဖေ့အရိုးတောင် မဆွေးသေး ဘူး စိမ်းကားနေပြီဆိုတာ ဖေဖေ သိစေချင်လိုက်တာ"

အစပိုင်းမှာတော့ ဝေဟင့်ကို ကြည့်ပြောသည်။ ဝါကျမဆုံးမီ မျက်နှာလေး မော့သွားသည်။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကျလုဆဲမျက်ရည်စကို ထိန်းလိုက် ရှာ၏။

"အရိုးမပြောနဲ့ အသားစတွေတောင် ကုန်အောင် ကျဉ်းမှာ မဟုတ်ပါဘူး ကိုကိုကြီးရယ်"

ဟော ... သူ တကယ်ငိုရှာပါပကော။

ဦးထွန်းလင်းကို မီးမသဂြိုဟ်ဘဲ မြေမြှုပ်ဂူသွင်းခဲ့ ပါသည်။ အဲသည်ဂူကို ခုနေ သွားဖျက်ကြည့်လျှင် သူ ပြောသလို အသားစတွေတောင် ကုန်အောင်ပုံ့ကျဉ်းမည်မထင်ပါ။



"မီးဟာ ကိုယ်အဖေတစ်ယောက်လုံး ကွယ်လွန်တာကို လုံးဝသိခွင့်မရလိုက်တဲ့သူပါ၊ သဂြိုဟ်ခွင့်လည်း မရခဲ့ပါဘူး၊ မီးလောက် ကံဆိုးတဲ့အမျိုးသမီး ရှိသေးရဲ့လားဟင် ဦးဦး၊ မိဘကို သဂြိုဟ်ရခြင်းဟာ တကယ့်ကုသိုလ်ကြီးပါ၊ မီး ကုသိုလ်မရခဲ့ပါဘူး ကိုကိုကြီးရဲ့"

မတ်တတ်ကလေး ရပ်နေရာမှ ကြမ်းပြင်သို့ ဝုန်းခနဲ ထိုင်ချလိုက်တော့သည်။ သိမ့်ခနဲ တုန်သွားသည့် ပခုံးလေးနှစ်ဖက် က ဝေဟင့် ခြေသလုံးကို လာမှီသည်။

"ဟာ ... မခေမာ"

သူက ကိုယ့်ထက်ငယ်ပေမယ့် ခုလို သူစိမ်းမိန်းမ သားတစ်ဦး ကိုယ့်ခြေရင်းမှာ ထိုင်ချငိုနေတာကို ဝေဟင်မကြည့် ရက်ပါ။

"မငိုပါနဲ့ဗျာ၊ ကျွန်တော် နေဦးဆိုလည်း နေမှာပါ"

ဘာဖြစ်လို့ ဆုံးဖြတ်ချက်ကို ချက်ချင်းပြင်လိုက်မိ သည် မသိပါ။ ပြောပြီးမှ နောင်တရမိသည်။ စင်စစ် မိမိသည် ဦးထွန်းလင်း အသိုင်းအဝိုင်းနှင့် ကင်းကင်းကွာကွာ ဖြစ်ဖို့ကောင်း ပြီ။ သူတို့နှင့် အရှည်သဖြင့် ဆက်ဆံနေဖို့ မရှိ။ ဆက်ဆံခြင်း အားဖြင့် မိမိအတွက် အနေခက်စရာတွေ အများကြီးရှိလာနိုင်သည်။

ဒီကလေးမ မျက်ရည်သည် အရာရာကို ပိုင်စိုးလွှမ်း မိုးနိုင်သည်လား။

"ကိုကိုကြီးက မီးတို့ကို အရမ်းစိမ်းတာပဲ၊ ခေါ်ပုံကိုက မခေမာတဲ့၊ ဒီလောက်စိမ်းချင်ရင် ဒေါ်ခေမာဝတီလင်းလို့ ခေါ် ... ကဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဒေါ်ခေမာဝတီလင်း"

ခေမာ မျက်ရည်ကို ချက်ချင်းသိမ်းသည်။ မခြောက်တခြောက် မျက်ဝန်းက ရွှန်းခနဲလက်လေ၏ ။ ဖြုန်းခနဲ ထရယ်ကာ တခစ်ခစ် ရယ်ပါလေတော့သည်။

"သိပ် ရယ်ရတာပဲ"

ဝေဟင် ကြောင်ကြည့်နေမိလေ၏။ ခုငို ခုရယ် မျက်ရည်စ မခြောက်မီ ရယ်နိုင်သည့် ချာတိတ်မ။

ဦးအောင်သူက ပြုံးလေသည်။

"ခေမာလေးက တကယ့်ကလေးလေးပဲကွာ၊ သူဘယ်စိမ်အုပ်ချုပ်နိုင်မှာလဲ၊ မောင်ဝေ့ အကူအညီ အများကြီးလိုမှာပေါ့"

"ဟို ... အစ်မကြီး ဒေါ်သီရိမွန်"

"မင်း မသိသေးဘူးလား မောင်ဝေ"

"ခင်ဗျာ ... ဘာဖြစ်လို့ပါလဲ"

"စစ်ကိုင်းချောင်ကို ထွက်သွားပြီ၊ လောလောဆယ်တော့ ယောဂီဝတ်နဲ့ပဲ တရားအားထုတ်မယ်၊ စိတ်နိုင်တဲ့တစ်နေ့မှာ သီလရှင်ဝတ်မယ်တဲ့"

"ဗြော်"

တရားဓမ္မ၏ ချမ်းမြေ့မှု အဝန်းအဝိုင်းတွင်းသို့ အေးရာအေးကြောင်း ရောက်သွားရခြင်းပေမယ့် ဖြစ်မှုဖြစ်ရလေဟုပင် ရင်ထဲမှာ ပြောမိပါ၏။ ဒေါ်သီရိမွန် ဆိုသည့် အမည်လှလှ အရွယ်နုနု မိန်းမသားသည် ဤမျှဆောစီးစွာ လူ့ဘဝကို ငြီးငွေ့သွားရတာ ဘယ်သူ့ပယောဂပါလိမ့်ဟူ၍ တွေးနေစရာမလိုပါ။



"ကျွန်တော် တကယ်စိတ်မကောင်းပါဘူး ဦးလေး"

"ဘာကိုလဲကွယ့်"

"ဒေါ်သီရိမွန် ခုလို လောကီရေးမှာ ငြီးငွေ့စိတ်ကုန်သွားရတာကိုပါ"

"ဒါ ကောင်းရာကောင်းကြောင်းပဲ မောင်ဝေ"

"ဒါပေမဲ့ အစ်ကိုကြီးသာ ခုလို ..."

"ဒါတော့ ဒါပေါ့လေ"

"မေမေက ပျော့ညံ့တာပါ၊ မီးနဲ့တော့ ကွာတယ်၊ မီးသာ မေမေ့နေရာမှာဆို"

"ဘာလုပ်ချင်သေးလို့လဲ ခေမာလေးရဲ့"

ဦးအောင်သူက ဇနီးဘက်မှ တူမပေမယ့် ခေမာ့ကို ချစ်ရှာသည်။ ခေမာ မတ်တတ်ရပ်ဆဲက ခါးထောက်ပစ်သည်။ မျက်နှာကို မော့သည်။ အံကလေးကြိတ်၏ ။

ဘယ်လိုပုံစံပဲနေနေ၊ ဒီချာတိတ်မ တော်တော့်ကို လှတာပဲဟု ဝေဟင် တွေးမိသည်။ အစ်ကိုကြီး ဦးထွန်းလင်းကိုယ်တိုင် လူချောလူခန့်ပါ။ သို့ပေမယ့် ခေမာက အဖေတူမဟုတ်။ ဒါဆို ... အမေတူပေါ့။ ဒေါ်သီရိမွန် ဘယ်လောက်လှလေမလဲ ဆိုတာ တွေးကြည့်နိုင်သည်။

"ငွေစင်"နှင့်တော့ ကျက်သရေချင်း ကွာခြားပါလိမ့်မည်။ ခုလောက်ဆို အစ်ကိုကြီး ဦးထွန်းလင်း၏ ဒုတိယဇနီးသည် "ဒေါ်ငွေစင်"ဆိုသည့် အမည်လောက်တော့ ခေမာ သိပြီးရောပေါ့။ မြင်တောင် မြင်ဖူးသွားပြီလား မသိ။

အင်း ... အလုပ်ထွက်မှ ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ငွေစင် ဆိုတဲ့ အမျိုးသမီးကိုတော့ ဘာမှမလုပ်ပါဘူး၊ နောက်ပြီးသား ရေအိုင်ကို တုတ်နဲ့မွှေလို့ အလကားပေါ့ ဦးဦးရဲ့၊ သူတို့အသိုင်းအဝိုင်းမှာ ရေကြည်တစ်ခက်တလေတော့ ကျန်မှာပေါ့၊ အဲဒီရေကြည်ကိုပဲ"

ဝေဟင် ဖျတ်ခနဲ မော့ကြည့်သည်။ ဆယ်ကျော်သက်မလေး၏ မျက်ဝန်းမှာ နာကြည်းမှုကို ထင်းခနဲတွေ့သည်။

"ကျွန်တော့်မှာ တာဝန်အများကြီး ရှိပါတယ်၊ အစ်ကိုကြီး ဒီလိုဖြစ်နေတာကို မသိလိုက်တာရော၊ အချိန်မီမတားဆီးနိုင်တာရော"

"မဆိုင်ပါဘူး"

ခေမာက သူ့ဆံပင် တိုတိုမည်းမည်း အုပ်ဖားဖားလေးကို ဝဲခနဲခါ၏။

"ကိုကိုကြီး ကြိုသိရော ဘာတားနိုင်မှာလဲ၊ ဖေဖေကလူကြီးပဲ"

"ခေမာလေးက ကိုထွန်းလင်းကို စိတ်ဆိုးနေတာလား၊ မဆိုးကောင်းဘူး သမီး၊ ကိုယ့်အဖေရင်း လူကြီးတွေကိစ္စ လူငယ်နဲ့ မဆိုင်ဘူး၊ လူဆိုးစားပြပဲ ဖြစ်နေပါစေ အဖေဟာ အဖေပဲ"

"ဟင့်အင်း ... ဖေဖေ့ကို စိတ်မဆိုးပါဘူး၊ ချစ်နေလွမ်းနေတာပါပဲ၊ မီးမကျေနပ်တာက ဖြစ်ရပ်ကိုပါ၊ ဒီကိစ္စနည်းနည်းလေးမှ မရိုးသားဘူး"

"အစ်ကိုကြီး ဆုံးရတာ တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့်လို့ ဆိုချင်တာလား"



"အဲဒါလည်း ဖြစ်နိုင်တာပဲ၊ နောက်မိန်းမ ထပ်ယူတာကိုက အသိုင်းအဝိုင်းနဲ့ ကြိုတင်ကြံစည်မှု ဖြစ်ရမယ်"

"ကျွန်တော် ပြန်တော့မယ် ဒေါ်ခေမာဝတီလင်း"

ဝေဟင် ထိုင်နေရာမှ ထရပ်သည်။

အလုပ်ရှင်အသစ်မလေး ရန်ကုန်ရောက်လာပြီဆိုသည်နှင့် သူနေထိုင်ရာ ဦးအောင်သူ ဒေါ်သူဇာတို့အိမ်မှာ လာရောက်တွေ့ဆုံ နှုတ်ဆက်ရခြင်းပါ။ ဒီစကားဝိုင်းမှာ ဝေဟင် အနေကျပ်လှပြီမို့ ဆက်ထိုင်နေလိုစိတ် မရှိတော့။

ခေမာက ဝေဟင့်ကို စူးစိုက်စွာကြည့်သည်။ ဝေဟင် အမှတ်မထင် ပြန်ကြည့်မိ၏။ အကြည့်ချင်းက မိနစ်ဝက်လောက်ဆုံ၏။ ဝေဟင် မျက်နှာကို ဖျတ်ခနဲလွှဲသည်။ ခုမှ ဆယ်တန်းဖြေလာခဲ့သည့် ချာတိတ်မကို ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ရ လူရွယ်တစ်ဦးက အရှုံးပေးလိုက်ရသည့် သဘောကိုများ သက်ဝင်လေပြီလား။

"ကိုကိုကြီး"

ဝေဟင် မျက်နှာကို ခပ်စောင်းစောင်း အနေအထားမှပင် မျက်ဝန်းရွှေ၍ ပြန်ကြည့်သည်။

"မီးမှာ အစ်ကို မရှိဘူး၊ အစ်မ မရှိဘူး၊ မောင်တွေ ညီမတွေလည်း မရှိဘူး၊ ကိုကိုကြီးကို စတွေ့လိုက်ကတည်းက မီး ခင်တယ်၊ ကိုကိုကြီးလို့ခေါ်ဖို့ ဘယ်သူကမှ သင်ပေးတာ မဟုတ်ဘူး"

ဝေဟင် မျက်ဝန်းကို ပြန်သိမ်းဖြစ်ပြန်၏။

"ကိုကိုကြီးက ခပ်တုံးတုံးထဲကလား၊ ခနိုးခနဲ့သမားလား"

"ခင်ဗျာ ... ကျွန်တော် နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မီးကို ခေမာလို့ မခေါ်နိုင်ရင် ဒီနေ့ပဲ ထွက်စာတင်ပါ၊ ကိုကိုကြီးလို ဖေဖေ အားကိုးရတဲ့ အထွေထွေမန်နေဂျာ တစ်ယောက်ကို မီး လက်လွှတ်ဆုံးရှုံးခံပါ့မယ်"

. မီး ... ဆိုသည့် ချာတိတ်မကို ကြည့်ရပြန်၏။ ငါး မျှားချိတ်ကို တွယ်ဟပ်ထားမိသည့် ငါးတစ်ကောင်လို ရစ်တံ လျှော့၍ ကြိုးဖြေပေးလျှင် အဝေးသို့ပြေးလိုက်ရ၊ ကြိုးရစ်ပြန်လျှင် ပြန်ပြေးလာရ အဲသည်လိုအဖြစ်မျိုးနှင့် ကြိုးဆွဲသမျှ က,နေရပြီ လား။

ချာတိတ်မ စကားတတ်လိုက်တာ လွန်ပါရော။

အမှန်ကို ရှင်းရှင်းဝန်ခံရရင် ဒီအလုပ်မှာ ဆက်ရှိ နေဖို့ လိပ်ပြာမသန့်ဘူး၊ အစ်ကိုကြီး ဦးထွန်းလင်းကို သိပ်ခင်ထား တာမို့ ညည်းကိုပါ မြင်မြင်ချင်း ခင်သွားမိတယ်၊ ဒါပေမဲ့ တစ် ချိန်တည်းမှာပဲ ညည်းကိုကြောက်တယ်၊ ကင်းကင်းစိမ်းစိမ်း နေ ချင်တဲ့ကြားက ညည်းအနားက ထွက်သွားဖို့ ဝန်လေးနေတယ်၊ ညည်း ... ဖမ်းစားနိုင်ပါတယ် ခေမာ။

အကြည့်ငေးထဲမှာ စကားတွေ အများကြီးထည့်လွှတ် သည်။ ပြီးတော့ ... ခင်မင်နှစ်လိုသည့်အပြုံးက အလိုအလျှောက် ပွင့်သည်။

"ကိုကိုကြီး အလုပ်မထွက်တော့ပါဘူး ခေမာ"

"ကျေးဇူးတင်လိုက်တာ ကိုကိုကြီးရယ်၊ မီးဖေဖေ ဆုံးပြီးတဲ့ နောက်ပိုင်းမှာ ပထမဆုံး ပျော်လိုက်တဲ့ အပျော်ပါပဲ"

"ကျွန်တော်ပြန်မယ် ဦးလေး"

"အေး ... အေး"



ခေမာကိုတော့ ပြုံးဆဲက ထပ်ပြုံးပြပြီး နှုတ်ဆက်မိ သည်။ ကျောခိုင်း၍အလှည့်မှာ ရင်ထဲမှာ လေးလံစွာ ခံစားလိုက် ရသည်။ ဩော် ... ကိုယ့်နှလုံးသားမှာ သီးခြားနှလုံးသားတစ်ခု တွယ်ငြိကပ်ပါလာပြီ ထင်ပါရဲ့။

ဝေဟင့်ကျောပြင်ကို ခေမာငေး၍ ကျန်ရစ်သည်။

"အဲဒီကောင် လူကောင်းလေး၊ စိတ်ချရတယ်"

ဖေဖေ့ ချီးကျူးစကားက စာတန်းတစ်ခုလို ကိုကို ကြီးကျောပြင်မှာ ပေါ်လာသည်။

"ကိုထွန်းလင်းကို ပျက်စီးရာ ပျက်စီးကြောင်း ဆွယ်တဲ့ အထဲမှာ မောင်ဝေတော့ ပါမယ်မထင်ဘူး"

ဆိုသည့် ဦးဦးအောင်သူ၏စကားကို နားထဲမှာကြား ယောင်သည်။ ရှေး ... လူကြီးသူမတွေကတော့ ...

"လူရိုးဆိုတာ သင်္ချိုင်းမှာပဲ ရှိတယ်"... တဲ့။

ခုခေတ်တော့ သင်္ချိုင်းမှာတောင် လူရိုးရှားနေပါပြီ လေ။ မြေမြှုပ်ဂူသွင်းသည့်ဦးရေက နည်းသွားပြီ မဟုတ်လား။ မီးရှို့ပြာချပစ်ကြတော့ လူရိုးဆိုတာ ခုခေတ်မှာ ရှားပါးပစ္စည်းဖြစ် နေတော့မှာပါ ကိုကိုကြီးရယ်။

ထူးဆန်းတာက သံသယနဲ့ တွဲပါတာခြင်းဆိုတာ စိမ်းဝေးသလောက် တစ်ချိန်တည်းမှာ မဖြစ်ထွန်းနိုင်တဲ့ ခံစားမှု နှစ်ခု။ မီး ကိုကိုကြီးကို ခင်ပါတယ်။ နှစ်ပေါင်းများစွာ ကွဲကွာ နေရတဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ ပြန်ဆုံရသလိုကို ရင်ထဲမှာ ရင်းနှီးလိုက်ပါတယ်၊ ဒါပေမဲ့ မယုံဘူး ကိုကိုကြီးရေ ..."

○♡○

www.burmeseclassic.com

www.burmeseclassic.com



ခေမာက မိန္နးကတ်ပြားလေးကို အသံထွက်၍ ဖတ်နေသည်။

"ခေမာ ကြိုက်တာမှာလေ"

"စိတ်ချ ... ကိုကိုကြီးက ကျွေးရမှာနော်"

"ကျွေးပါတယ်ဗျား ကိုယ့်သူဌေးမကိုတော့ မျက်နှာလုပ်ရမှာပေါ့"

အသံလေးထွက်ကာ၊ မျက်ခုံးလေးပင့်ကာ မျက်စလေးချီကာ ဖတ်နေသည့် ခေမာဝတီလင်း ဆိုသော ချာတိတ်မကို ဝေဟင် စူးငေးစွာ ကြည့်ဖြစ်တော့သည်။

တာကယ်ကို ကလေးမှ ကလေးပါပဲ။

"မီးက မဲဆန္ဒပေးနိုင်တဲ့အရွယ် ရောက်နေပါပြီ" တဲ့။ ပြောပေမယ့် ဘယ်လိုမှ လူလားမမြောက်သေးသည့် ဟန်ကလေးတွေက ချစ်စရာ ကောင်းလှပါ၏။ ညီမအငယ်ဆုံးလေးသာဆိုလျှင် ကောက်ချီမိမလား မဆိုနိုင်ပါ။

ဦးထွန်းလင်းကို စတင်မြင်ဖူးချိန်မှစ၍ နုပျိုလွန်းသော အရွယ်ကြောင့် အစ်ကိုကြီးပဲ ခေါ်ဖြစ်ခဲ့သည်။ အကယ်၍ သွေးသားတော်စပ်မည်ဆိုလျှင် ခေမာသည် မိမိတူမလေးပဲပေါ့။ ပြီးတော့ ... ဒေါ်သီရိမွန်ထံမှ စာတစ်စောင် ပါလာခဲ့သည်လေ။ မောင်ဝေ ... ခင်းညီမလေးကို ကူညီဖေးမပါ ... တဲ့။ လုပ်ငန်းပိုင်းဆိုင်ရာမှာ သူ့ စိတ်ပါသလောက် လေ့လာပါစေတဲ့။



သူ့အဖေကို အစ်ကိုကြီး ခေါ်ခဲ့မိမှတော့ ဒီချာတိတ်မကလေးက တူမအနေအထားမှာပဲ ရှိရတော့မည်။ ဖခင်မဲ့တူမလေးကို မိခင်ကပါ စိတ်လက်ချစွာ ပုံအပ်ခဲ့သည့် ဒီစီးပွားရေးကြီးတွေနှင့် ဘယ်လို ပစ်ထားနိုင်ပါ့မလဲ။

ခေမာကို တစိမ့်စိမ့်ကြည့်ရင်းက စိတ်မချနိုင်အောင်ခံစားရမိသည်။ တစ်ချိန်တည်းမှာပင် ခေမာ့ စီးပွားရေးတွေထဲမှာ လုံးဝပါဝင်ပတ်သက်ချင်စိတ် ကင်းနေရသည်။ သို့ပေမယ့် ... ဤအနှောင်အတည်းမှ ရုန်းထွက်နိုင်ဦးမှာ မဟုတ်တာ သေချာလှပါ၏။

"ဖေဖေက မီးတို့ကို ရန်ကုန် တစ်ခါမှ မခေါ်ခဲ့တော့ ဖေဖေ့ဟိုတယ်တွေကို မီး ရောက်လည်းမရောက်ဖူးဘူး၊ မီးကိုလည်း ဘယ်သူမှ သိကြမှာ မဟုတ်ဘူး"... တဲ့။

"မီးကို သူစိမ်းမိတ်ဆွေတစ်ယောက်လို ကိုကိုကြီးကခေါ်သွားပြီး နေ့လယ်စာ ကျွေးပါလား"... တဲ့။

ချာတိတ်မ လှုပ်ရှားဟန်ကလေးတွေကသာ ကလေးဆန်၍ ငယ်နုပေမယ့် တွေးတတ် ခေါ်တတ် ပြောတတ် ဆိုတတ်ရှိလှချေ၏။

"မီးက အပြင်လူတစ်ယောက်အနေနဲ့ လေ့လာချင်လို့ပါ၊ ကိုကိုကြီးက ကြိုပြောမထားပါဘူးဆိုတဲ့ ကတိပေး"...တဲ့။

တတ်လည်း တတ်နိုင်သည့် ချာတိတ်မ။

ခုတော့ သူတို့ အထွေထွေမန်နေဂျာကြီးက ရွဲနေအောင်လှသည့် ချာတိတ်မလေးနှင့် တွဲခုတ်လာတော့ အလုပ်သမားတွေ ကွက်ကြည့် ကွက်ကြည့် ဖြစ်ကုန်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဲကြွပ်ကြော်စားမယ် ကိုကိုကြီး"

သူများတွေ ဆိုလျှင်တော့ စားပွဲမှာထိုင်တာနဲ့ စားပွဲထိုးတစ်ယောက် ခြေစုံရပ်ကာ စာရွက်နှင့် ခဲတံကို ကိုင်လျက် အမှာစောင့်မြဲပါ။ သူတို့ အထွေထွေမန်နေဂျာကြီးက စုံတွဲခုတ်လာသည်မို့ စားပွဲထိုးတွေ ပြုံးစိစိဖြစ်ကာ ဘယ်သူမှ ရောက်မလာကြသေးဘဲ အခေါ်စောင့်နေကြသည်။ ဝေဟင်က လက်ညှိုးကလေး ထောင်၍ လှမ်းခေါ်မှ အပြေးရောက်လာကြတော့ တစ်ပြုံကြီး။

"တစ်ယောက်ဆို တော်ပြီလေကွာ၊ တခြားစားပွဲတွေမှာ အလုပ်မရှိဘူးလား၊ ငါ သူစိမ်းတစ်ယောက်အနေနဲ့ လာစားတာ၊ ငါ့ညည်သည်ကို ငါ ကျွေးမှာ"

"ဟုတ်ကဲ့"

ရှုံခနဲ ပြေးထွက်သွားကြပြန်သည်။

"မောင်ကောင်တွေ၊ တစ်ယောက်နေခဲ့"

နေခဲ့ရသည့်တစ်ယောက် ဖြစ်ချင်လှသည်မို့ သူ့ထက်ငါဦး ဝိုင်းခနဲ ရောက်လာကြပြန်၏။

"ဘယ်လိုဖြစ်နေတာလဲ"

"ကိုကိုကြီး စာတ်ထဲမှာ ယိမ်းက,သလိုပဲနော်"

ခေမာ တခစ်ခစ် ရယ်လေ၏။

"သိန်းစိုး နေခဲ့"

"ဟုတ်"

သိန်းစိုး တစ်ယောက်သာ နှုတ်နည်းသူမို့ သူ့အလိုအလျောက်တော့ လျှောက်ဖောက်သည်ချ စကားဖွာမည်မဟုတ်။



သို့ပေမဲ့ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြမှာမုချ။ ဝေဟင် ဆိုတာ ဘယ်တုန်းကမှ ဘယ်မိန်းကလေးနှင့်မျှ တရင်းတနှီး ရှိခဲ့ဖူးတာမှ မဟုတ်ဘဲ။

"ဘဲကြွပ်ကြော်တဲ့"

သိန်းစိုးက စာရွက်ကလေးမှာ မှတ်သည်။

"ကဏန်းလက်မကြော်လည်း မိး ကြိုက်တယ်"

"ပြီးတော့ကော"

"ဝက်နာနတ်အချိုဆိုတာ ကောင်းလား"

"ကောင်းတယ်"

"အဲဒါ စားမယ်"

"တော်ပလား"

"ဘာလို့ တော်ရမှာလဲ၊ ကိုကိုကြီး ကပ်စေးနဲ"

"မဟုတ်ပါဘူး၊ မှာဦးလို့ ပြောချင်တာပါ"

"ဟင်း ..."

ခေမာက မျက်စောင်းထိုးသည်။

"ဝက်အူမကြီးလည်း မီးကြိုက်တယ်"

"အဲ ... ဒါဆို အသုပ်စား၊ နံနံပင်လေးတွေ ဖြူးထားတော့ မိန်းမကြိုက်ပဲ"

"ဟုတ်ပြီ၊ အရည်တစ်ခွက် မှာမယ်နော်၊ လင်းပွန်မေတ္တာ စပါယ်ရှယ်ဟင်းချိုဆိုတာ ဘာလဲ"

"အသားရော အသီးအရွက်တွေရော ငုံးဥလည်းပါတဲ့ ဟင်းချိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဈေးကြီးလားဟင် ကိုကိုကြီး"

"တစ်ပွဲလေးဆယ်"

"ဈေးကြီးသားပဲနော်၊ မှာတော့မှာမယ် ကိုကိုကြီးရာ"

"မှာပါ"

"နောက်တစ်ခု ဒီမှာ အဆန်းလေးတွေ့လို့ ကဏန်းလက်ခနဲ့ပြောင်းဖူး အဲဒါပဲ တော်ပါပြီ"

ခေမာ မှာသမျှတွေထဲမှာ အဲဒီဟင်း ဈေးအကြီးဆုံး ဆိုတာ ခေမာ မသိ။ ပြောင်းဖူး ဆိုတော့ တစ်ဖူးလုံး ခွေထည့်မှ တစ်ကျပ်ဖိုးလောက် ရှိတော့မပေါ့ဟု တွေးသည်။ သိန်းစိုး ထွက်သွားတော့မှ မီးနူးကတ်ပြားကို လှတ်ချကာ ဝေဟင်ကို ပြုံးပြလေ၏။

"အဟဲ ... အလှူရှင် သဒ္ဓါပေါက်အောင် ပြုံးပြတာ"

"ခေမာ့ကို တစ်ခါ တစ်ခါ ခေါင်းခေါက်ချင်တယ် သိလား"

မရည်ရွယ်ဘဲ ပြောဖြစ်လေ၏။

"အယ် ... ဟင်းဖိုးတွေ သိပ်ကျပြီထင်တယ်"

"မဟုတ်ပါဘူး၊ ပြောပုံဆိုပုံလေးတွေ"

"ဘာဖြစ်နေလို့လဲဟင်"

"ဘာမှ ဖြစ်မနေပါဘူး"

"ကိုကိုကြီးက ဘာဖြစ်လို့ ခေါင်းခေါက်ချင်ရတာတဲ့လဲ"

"ချစ်လို့"

လွတ်ခနဲ ထွက်သွားသည့် စကားလေးနှစ်ခွန်းကို ပြန်မသိမ်းနိုင်တော့ပါ။ ပြောပြီးမှ နားရွက်တွေ ရဲလာတော့သည်။ ချာတိတ်မ အဓိပ္ပာယ်ကောက် လွဲသွားမှဖြင့်ဒုက္ခ။



"ခေါက်ချင် ခေါက်လေ၊ ဖေဖေ ရှိတုန်းကလည်း မီးကို ခဏခဏ ခေါင်းခေါက်တာပဲ၊ အဲဒါ ချစ်လို့တဲ့၊ ကိုကိုကြီး က ဖေဖေ့မန်နေဂျာမို့လား မသိဘူး၊ ဖေဖေ့အကျင့်တွေ အကုန်ရနေတယ်၊ ရော့ခေါက် ... ကိုကိုကြီး"

ဟူး ... တော်ပါသေးရဲ့။ သက်ပြင်းမောက ဝုန်းခနဲကျသည်။ တော်ပါသေးရဲ့ဆိုပေမယ့် မတော်တာက ခေမာ၊ သူ့ခေါင်းကြီးကိုငုံ့၍ ထိုးပေးနေခြင်းပါပဲ။

"ဟ ... လူလယ်ကောင် ခေါင်းခေါက်လို့ ဖြစ်မလား"

ရင်းနှီးမှုက မီးတောင်ပေါက်ကွဲသလို ဝုန်းခနဲဖြစ်ထွန်းလေ၏။ ဒီချာတိတ်မနဲ့ မရင်းနှီးချင်လို့လည်း ရမှမရတော့တာလေ။ ရင်ထဲ ချစ်သွားမိတာကလည်း အမှန်ပါ။ သူ ပြောဆို ပြုမူနေပုံလေးတွေက ချစ်ချင်စရာလေးတွေ မဟုတ်လား။ ညီမအရင်းကလေးသာဆို ဘယ်လောက် အလိုလိုက်မိမည်မသိ။ ကလေးလို နွဲ့ဆိုးလေးနှင့် တကယ့်ကို ချစ်စရာကောင်းသည့် ခေမာလေးပါပဲ။

"ခေမာ"

"ရှင် ... ကိုကိုကြီး"

"ခေမာ့ကို ချာတိတ်လို့ခေါ်ရင် စိတ်ဆိုးမလား"

"အာ ... ဘာလို့ စိတ်ဆိုးရမှာလဲ၊ ဖေဖေကဆို ညုပ်စိလို့ ခေါ်တာ၊ ခေါ်သာခေါ် ကိုကိုကြီး၊ မီးက ချစ်စနိုးနာမည်လေးတွေရရင် သိပ်ပျော်တာ"

"အင်း ... ချာတိတ်၊ ချာတိတ်"

"ရှင် ... ကိုကိုကြီး၊ ထူးလို့ ကောင်းလိုက်တာ၊ အဟိ"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထိန်းသိမ်းနိုင်တော့သည်မို့ ခေမာ ခေါင်းကို ဒေါက်ခနဲ ခေါက်ချလိုက်မိပါတော့သည်။

"အယ် ... နာတယ်တော့"

ပြုံးပြုံးလေးပြော၍ သူ့ခေါင်းသူ ပွတ်နေပုံလေးက ထပ်ခေါက်ချပစ်ဖို့ပဲ ကောင်းနေရပြန်၏။

တို့မှာ ညီမအရင်းလေးတစ်ယောက် ရှိခဲ့ရင်တောင် မင်းထက်တော့ ပိုချစ်နိုင်တော့မယ် မဟုတ်ဘူး ချာတိတ်ရယ်။

○♡○

"ကိုကိုကြီး ဘယ်လောက်ထိသွားလဲဟင်၊ မီးကို ဘောက်ချာ ပြစမ်းပါ"

သိန်းစိုး လာပေးသည့် စာရွက်ကို ခေမာ ဆွဲယူဖတ်လေ၏။

"ဟောတော့ ... အများကြီးပါလား၊ ကိုကိုကြီးတော့ အီစလန်ဝေသွားပြီ၊ သုံးရာနဲ့ ဆယ့်လေးကျပ်တောင်၊ ဒီက တေဘယ်လ်ချာ့ချက်စ်(Table Charges)ဆိုတာက ဘာလဲ ဟင်၊ စားပွဲငှားရတာလား"

"အပေါ်ထပ် အအေးခန်းမှာ တက်စားလို့ စားပွဲကြေးယူတာ၊ သီးသန့်လည်း ကျတယ်လေ၊ အောက်ထပ်မှာလို ရောသောပေါသော မဟုတ်ဘူး"

"ဒါဖြင့် အခန်းတွေထဲ ဝင်စားရင်ရော အခန်းကြေးယူလား"



"ယူတာပေါ့၊ အဲဒီအခန်းထဲမှာ ဘယ်နှယောက်စားစား၊ တစ်ယောက်တည်းပဲစားစား၊ ဈေးနှုန်းတူတယ်"

"မစားပါဘူး၊ နောက်တစ်ခါ မီးက ကိုကိုကြီးကို ပြန်ကျွေးတဲ့အလှည့်ကျရင် အောက်ထပ်မှာ ကျွေးမယ်"

"မရဘူး၊ အခန်းထဲ ဝင်စားမယ်"

"ကိုကိုကြီး ရည်းစားနဲ့ကျမှ အခန်းထဲ ဝင်စားပေါ့၊ မှန်မှန်ပြော၊ ရည်းစားနဲ့ ဆိုရင်တော့ အခန်းထဲ ဝင်စားမှာပါ၊ ဘယ်နှခါ စားပြီးပြီလဲ"

"တစ်ခါမှ မစားဖူးသေးဘူး"

"ဖြီး ..."

"ဘယ်က ဖြီးရမှာလဲ၊ မယုံဘူးလား"

"မယုံပါဘူး၊ ကိုကိုကြီး ဒီလောက်ချောတာ"

"မြှောက် ... မြှောက်၊ ခုပဲ သုံးရာကျော် ချော်ပြီ"

"ကြည့်စမ်း၊ ကိုကိုကြီးက နှမြောနေတာလား"

"နှမြောတယ်၊ မိန်းမတောင်းဖို့ စုထားတာတွေ ကုန်ပြီ"

ကိုယ့်စကားကိုယ် သဘောကျကာ ဝေဟင် ဟက်ဟက်ပက်ပက် ရယ်သည်။ ချာတိတ်မနှင့် စကားပြောရတာ ကိုယ်ပါ ရောနှပျိုကာ ပေါ့ပါးကြည်နူးနေမိလေ၏။

"မိန်းမများ တောင်းနေရဦးမှာလား ကိုကိုကြီးရဲ့၊ ဖေဖေဟာ ဒေါ်ငွေစင်ကို တောင်းယူခဲ့တာလား"

ဝေဟင့်မျက်နှာ ကွက်ခနဲ ပျက်လေ၏။ စောစောက အပျော်လေးတွေ အကုန်လုံး ပြေးထွက်ပျောက်ဆုံးသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကိုတော့ စိန်တွေ အထုပ်လိုက်ချပြီးသောကို ဆောင်းခဲ့တာပါ၊ မေမေ့မှာ ချစ်သူရှိတယ် ကိုကိုကြီးရဲ့၊ ဘွားဘွားက မေမေ့ကို ဖေဖေနဲ့ ပေးစားခဲ့တာ"

ဝေဟင် သူ့မျက်နှာကို မပြင်နိုင်ပါ။ ရင်ထဲရှိလျှင် မျက်နှာပြင် ခံစားမှုကို မဖုံးဖိတတ်သူမို့ ချွေးတွေပါ စို့လာရတော့သည်။

"ယောက်ျားတွေ ဘာဖြစ်လို့ နောက်မိန်းမယူတာလဲဟင် ကိုကိုကြီး"

"ဘယ်သိမလဲ၊ ဒီမှာ နောက်မိန်းမဝေးလို့ တစ်ယောက်တောင်မှ မရှိသေးဘူး"

စိတ်တိုတိုနှင့် အော်ပစ်တော့လည်း ချာတိတ်ခ စိတ်ဆိုးရကောင်းမှန်းမသိ။ တကယ်ဆို မန်နေဂျာက အလုပ်ရှင်သူဌေးမလေးကို ပြန်အော်နေတာလားဟူ၍တောင် တွေးမိရာပုံမပေါ်ပါ။

တကယ့် သဘောဖြူအူစင်းလေးပါလား ချာတိတ်ရေ။

"မီး … မေမေ့ကို သိပ်ချစ်တာပဲ ကိုကိုကြီးရယ်၊ မီးမဖြေနိုင်ဘူး၊ ပြုစုဖို့ဝေးလို့ ဈာပနကိုတောင် သင်္ဂြိုဟ်ခွင့်မရလိုက်ဘူး"

"ချာတိတ် ဘာဖြစ်လို့ လိုက်မလာတာလဲ၊ အစ်မကြီးက မခေါ်ခဲ့ဘူးလား"

"ဟင့်အင်း … ဖေဖေ ဆုံးမှန်းတောင် မသိပါဘူး၊ မီးက ဆယ်တန်းဖြေနေရလို့၊ မေမေက ဖေဖေ ဆုံးတယ်တောင်



ပြောတာမဟုတ်ဘူး၊ မေမေ အရမ်းငိုလို့မေးတော့ ကြီးကြီးသူဇာ ဆုံးတယ်လို့ ညာပြောတာ၊ မေမေ ရန်ကုန်ဆင်းမယ် သမီးနေခဲ့တဲ့"

"အင်းပေါ့လေ၊ အဖေဆိုရင် ဖွတ်လိုက်လာမှာစိုးလို့နေမှာပေါ့၊ စာမေးပွဲကလည်း အရေးကြီးနေတော့"

"ဖေဖေကလေ၊ မီးကိုရော မေမေ့ကိုပါ အရမ်းချစ်တာ၊ ရန်ကုန်ဆင်းမယ် မနက်ကတောင် အမေရော သမီးပါ ရောပွေ့ပြီး တစ်ယောက်တစ်ချက်စီ နမ်းသွားတာ"

"ဪ …"

"အဲဒါနဲ့များ ဒီမှာ မိန်းမတစ်ယောက်ရှိတာ မီး ဘယ်လိုမှ နားမလည်ဘူး၊ ယောက်ျားတွေဟာ မိန်းမတစ်ယောက်ကို သိပ်ချစ်နေပေမယ့်လည်း နောက်တစ်ယောက်ကို ချစ်သေးတာပဲလားဟင် ကိုကိုကြီး"

"ကိုကိုကြီး မသိပါဘူးကွယ်၊ အဲဒါကို မဖြေတတ်ပါဘူး၊ လာ … ပြန်ကြစို့"

ဝေဟင်က ထရပ်သည်မို့ ခေမာပါ လိုက်ရပ်ရလေ၏။

"ကိုကိုကြီး"

"ဟေ …"

"မီး ဖေဖေ့သမီးဆိုတာ ဘယ်သူ့ကိုမှ မပြောနဲ့ဦးနော်"

"ဘာဖြစ်လို့လဲ"

"အကြောင်းရှိလို့ပေါ့ ကိုကိုကြီးရဲ့၊ မီးကို ကတိပေး"

"ပေးပါတယ်ကွာ၊ မပြောစေချင်ရင် မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခု မီးကို အိမ်ပြန်ပို့နော်၊ လမ်းကျရင် ကားပေါ်မှာ ကိုကိုကြီးကို မီး ပုံတစ်ပုံ ပြောပြမယ်"

"ပုံနားထောင်ရအောင် ကလေးလား"

"ကလေးနားထောင်ဖို့ကျတော့ ကလေးပုံပေါ့ ကိုကိုကြီးရဲ့၊ လူကြီးနားထောင်ဖို့ကျတော့ လူကြီးပုံပေါ့"

"ဘာလဲ လူကြီးပုံဆိုတာ"

"အချစ် … ရင်ထဲမှာ ပြည့်လျှမ်းစွာ ဖြစ်တည်လျှံဖိတ်တတ်တဲ့ အချစ်အကြောင်း"

"ချာတိတ်"

ဝေဟင် လွှတ်ခနဲ ငေါက်အော်,အော်မိသည်။

"မီး … မဲဆန္ဒပေးပိုင်ခွင့် ရှိနေပါပြီ ကိုကိုကြီး"

"ဘာဆိုင်လဲ"

"ကိုယ်ပိုင်ဆန္ဒနဲ့ ရပ်တည်ခွင့် ရှိပြီဆိုတာကို ပြောတာပါ"

"မင်း ကျောင်းမှာ ရည်းစားထားခဲ့လား၊ ဟုတ်လား"

"လွဲသွားပြီ ကိုကိုကြီး၊ နောက်တော့ ကိုကိုကြီး သိလာမှာပါ၊ ကားပေါ်ကျမှ ပြောပြမယ်"

○ ♡ ○



မောင်မောင်စိမ်းရက်တယ်

စနေနေ့ညနေဆို မောင်မောင် လာလေ့ရှိသည်မို့ သောကြာနေ့ကတည်းက မွန်မွန် ပျော်နှင့်သည်။ သီချင်းကလေးတအေးအေးနှင့် ကြည်နူးမြူးထူးနေတတ်မြဲပါ။

သူများတွေ သိရိုးသာ အခေါ်များသည်။

အိမ်မှာလည်း သိရိုးပဲ အခေါ်ခံရသည်။ မောင်မောင့်ကျခါမှ "သူများတွေနဲ့ တူတူမခေါ်ချင်ဘူးကွာ"ဟုဆိုကာ မွန်မွန်ဟု ခေါ်၏။ မွန်မွန် ဆိုသည့် ဝေါဟာရလေးကိုမှ ပိုရှ်နားဝင်ချိုမိတာ မွန်မွန့်မှာ အပြစ်ရှိမလားနော်။

ဒါ … မွန်မွန့်ကိုယ်ပိုင် အခွင့်အရေးပါ။

"အချိန်မှန် လော်ကယ်ကြီး ဆိုက်ပါပြီရှင်၊ မွန်မွန်နဲ့တွေ့ချင်လို့ပါတဲ့"

လုစ်ခနဲ အပျော်ကို မွန်မွန် မဖုံးဖိနိုင်။ "ဟယ်"ဟု လွှတ်ခနဲ ဆိုမိ၏။

"ဟောဒီ ရန်ကုန်သူနော်၊ သူများပဲ နောက်ဖို့ကြည့်နေ၊ ဟင်း … သူ့ကျမှ"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်တို့အဖွဲ့ အမျိုးသမီး ငါးယောက်အုပ်စုကို ရန်ကုန်သူ "**အေးမိစံ**"က "ငါးဦးကော်မတီ"ဟု နာမည်ပေးထားသည်။ သူပဲ ရှာရှာဖွေဖွေ ပြောတတ်ပါပေရဲ့။ အေးမိစံက ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာပင် ဆယ်တန်းအောင်လာခဲ့သူပါ။ ဖခင်က မန္တလေးပြောင်းရသည်မို့ မန္တလေးဝိဇ္ဇာသိပ္ပံမှာ မွန်မွန်တို့အဖွဲ့နှင့်တွေ့သည်။ မွန်မွန်တို့အဖွဲ့မှာ လေးယောက်က အဆောင်သူတွေ။

အေးမိစံ တစ်ယောက်သာ နေ့ကျောင်းသူ။ သို့ပေမဲ့ သူက အဆောင်သူတွေထက်တောင် အဆောင်မှာ ပို၍မြဲနေတတ်သူပါ။ ကျောင်းလွှတ်ပေမယ့် အိမ်မပြန်သေးဘဲ မွန်မွန်တို့အဆောင်မှာပဲ လိုက်နေသည်။

"ကျောင်းလွှတ်ပေမယ့် အိမ်မပြန်နိုင်ဘူးလေ၊ ညှိ့ချိန်မှာ ရောက်လာတဲ့ ညှိ့သည်တွေကို စစ်တမ်းကောက်ရဦးမယ်"

အေးမိစံ အဲသည်လို အမြဲပြောကာ ညှိ့ချိန်ကုန်မှ အိမ်ကလာကြိုသည့်ကားနှင့်ပြန်သည်။ အေးမိစံတို့က အလုပ်မရှိ အလုပ်ရှာလွန်းသည်လေ။

"သက်သက်က ဝင်းကျော်နှင့် ခြောက်လနဲ့ ဆယ့်ရှစ်ရက် တီတီတွဲတယ်၊ နောက်ထပ် နှစ်ဆယ့်ခုနစ်ရက် အကြာမှာ အောင်ကျော်လှူး သက်သက်ဆီ အခစားရောက်တယ်၊ နောက်ထပ် ဆယ့်တစ်ရက်အကြာမှာ ရေနီမြောင်းဘက် ထွက်ပြီး လ ;းလျှောက်တယ်"

အတွဲသက်တမ်းနှင့် အတွဲအပြောင်းအလဲစာရင်းကို အေးမိစံ လူစေ့တက်စေ့ ပြုစုထားသည်။ မိန်းကလေးတစ်ယောက်



အကြောင်း သူ့ရာဇဝင်ကို သိချင်လျှင် အေးမိစံကိုသာ ကပ်ကြပေတော့။ ရည်းစားက ဘယ်နှယောက် တစ်ယောက်ကို ဘယ်နှရက် ဘယ်နှလ တွဲခဲ့တယ်ဆိုတာမျိုးကအစ စာရင်းနှင့် အတိအကျ သူ့မှာရှိသည်။

"တစ်နှစ်လုံးမှာမှ ငါးဆယ့်နှစ်ကြိမ်ပဲ အခစားရောက်ပေမယ့် စနေ ညနေတိုင်း မှန်တတ်လွန်းတဲ့ဖွဲ့ကို ချီးကျူးတယ်နော် ... သိရီ"

"မိစံကလည်းကွာ၊ တို့က ကျောင်းတုန်းကတည်းက သူငယ်ချင်း၊ အုဝဲဆိုကတည်းက သိခဲ့တာ"

"ဒါပေါ့ ... ဒါပေါ့ ... ငယ်တုန်း ငယ်ချစ်၊ ကြီးလာတော့ ကြီးချစ်၊ မီးထပွင့်ရင်တော့ မီးခြစ်ဖြစ်လိမ့်မယ်"

"မီးပွင့်တော့လည်း ဓာတ်ဆီလောင်းရုံပေါ့၊ ဆရာဝန်လောင်းပဲဟာ လောင်ပစေ"

"ကြည့်ပါလား ... ရီလေးကပါ နောက်နေရင် သိရီ ဆင်းမတွေ့တော့ဘူး"

"ဒါဖြင့် ... ကိုယ်စား သွားလိုက်ရမလား"

ချိုနွယ်က ပြောပြောဆိုဆို မှန်ထကြည့်သည်။ အင်္ကျီဆွဲဆန့်သည်။

"သဘောပဲ"

"ဟောတော့ ငိုမလို့လား"

ကေသီက သိရိမျက်နှာရှေ့မှာ သူ့မျက်နှာကို အတင်းကပ်၍ကြည့်သည်။

"ဘာလို့ ငိုရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်ကို ချိန့်ယ်က ဆင်းတွေ့ဖို့ မှန်ထကြည့်တာနဲ့ မျက်ဝန်းမှာ မိုးတွေအုံ့လာတာ ရှာရန်ရှာနှုန်းကိုးဆယ့်ကိုး"

"သွား ... သိရိကိုပဲ ဝိုင်းစနေကြ၊ သူတို့ကျတော့ မရှိတဲ့အတိုင်း"

"ဟ ... တို့က ရှင်းရှင်း၊ ဟောဒါက သူငယ်ချင်း၊ ဟောဒါက ချစ်သူ၊ သိရိလို ချစ်သူမှန်း သူငယ်ချင်းမှန်း မကွဲပြားပဲ စာရင်းခေါင်းစဉ် ပျောက်နေတဲ့သူ မဟုတ်ဘူး"

"မိစံနော်"

"အေးပါ ... မိစံပါ၊ ကိုမောင်မောင်များ ထင်နေသလား၊ ချမ်းသာပေးပါ ထမဖက်လိုက်ပါနဲ့"

"ဖက်တယ်ကွာ ... ကဲ၊ မိစံမှန်း သိလို့ကို ဖက်တယ်"

"ဘုရား ... ဘုရား"

အေးမိ မျက်လုံးပြူးပြပုံက တကယ် ကြောက်ဟန်ပေါ်သည်မို့ ဝိုင်းရယ်ကြသည်။

"ကဲပါ ... သွားပါတော့၊ ဟိုမှာစောင့်နေရတာ သစ်ကုလားအုပ်လည်ပင်း ဖြစ်နေလောက်ပြီ"

"သွားတယ်၊ ဘာဖြစ်သေးလဲ"

"ဟင်း ... သွားချင်ရဲ့နဲ့ သွားပေဦးတော့၊ အရှက်ပြေမျက်စောင်းလေးတစ်ချက်တော့ လှည့်ထိုးခဲ့ဦး"

သိရိ တကယ်ပဲ မျက်စောင်းလှည့်ထိုးပစ်ခဲ့သည်။ ဝိုင်းရယ်သံက ကျောပြင်ဆီသို့ နွေးခနဲ ကပ်ရောက်၏။ ရင်ထဲမှာ လှိုက်ခနဲ ခါသွားရတာလေးကို မောင်မောင် သိစေချင်လိုက်တာ။



မောင်မောင်နဲ့ စကားပြောရတာ သိပ်ကြည်နူးတာပဲ မောင်မောင်ရယ်။

○♡○

"ကြာလိုက်တာဟာ မွန်မွန်ကလည်း ဒီမှာ ကိုယ်တစ်ယောက်တည်းကြောင်လို့"

"ကောင်စုတ်တွေ ဝိုင်းစနေလို့"

လွတ်ခနဲ ပြောပြီးမှ သိရိ လျှာကလေး လှစ်ခနဲထွက်သွားရသည်။ မျက်နှာပြင်က ရှိန်းခနဲပူသည်။ မောင်မောင့်ကို ခိုးကြည့် မောင်မောင် ပြုံးကျသွားပုံကြီးက ရင်ထဲမှာ ရှက်လိုက်ပါလိုက်ရတာလေ။

"မွန်မွန်"ဟု ခေါ်တတ်ပေမယ့် စကားပြောလျှင် နင်တစ်ခွန်း ငါတစ်ခွန်း ပြောတတ်ကျင့် ရှိခဲ့ပါ၏။ သိရိလည်း အခုတုန်းကတော့ မောင်မောင့်ကို နင် ငါနဲ့ပဲ ပြောခဲ့တာပါ။

ခုတော့ "တို့"နှင့် "မောင်မောင်"ဟု ပြောင်းသုံးသည်။ နင်နဲ့ ငါနဲ့ မပြောချင် မပြောဖြစ်တော့တာ ရင်ထဲမှာ ဖြစ်တွန်းပြည့်လျှံလာတဲ့ သံယောဇဉ်အသစ်ကလေးတွေကြောင့် ထင်ပါရဲ့၊ ခု ... မောင်မောင်က ကိုယ်တွေ ဘာတွေ ဖြစ်လာပြီလေ။

"ထမင်းစားပြီးပြီလား မွန်မွန်"

"ဟင့်အင်း"

"ချိန့်ယ်တို့ သိမ်းထားပေးလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဆာနေမှာပေါ့"

"မဆာပါဘူး"

"ကိုယ်ကွာ ... စာကျက်စရာတွေ အများကြီးရှိတယ် သိလား"

"ကျက်ပါလား"

"မွန်မွန့်ဆီ လာနေကျအချိန်မှာ စာထိုင်ကျက်ပါ့မယ်လို့ ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် မရဘူးကွာ၊ သိလာချင်တာပဲ"

"လာချင်လည်း လာပေါ့"

"သူငယ်ချင်းတွေက မွန်မွန့်ကို စ,လား"

"အို ... သူတို့က လူတိုင်းနဲ့ စနေတာပဲ"

"ကိုယ်နဲ့ရော"

"တူတူပေါ့"

"မွန်မွန် စိတ်ဆိုးလား"

"စ,တာပဲဟာ၊ ကိုယ်မဟုတ် ပြီးရောပေါ့"

သီရိ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကို တွင်တွင်ငုံ့ရသည်။ နွားရှက်တွေ ထူပူကာ လက်နှစ်ဖက်ကို အဓိပ္ပာယ်မဲ့စွာ ပွတ်သည်။ လက်သည်းရှည် အချင်းချင်း အပြန်အလှန် ဆိတ်ဖဲ့သည်။ လက်သန်းမှ လက်သည်းရှည်လေး ကျိုးထွက်သွားသည်အထိ အရှက်လွန်လေ၏။

တုံးတိလေး ဖြစ်သွားရသည့် လက်သန်းလေးကို နှမြောစွာကြည့်ရင်း ရင်ထဲမှ တလှပ်လှပ်ခုန်သည်။ အဲသည်လို ရှက်ကိုးရှက်ကန်းကြီး ဖြစ်မနေချင်ပါ။ ငယ်တုန်းကလို နှင်တစ်ခွန်း ငါတစ်ခွန်းနှင့် ရဲတင်းချင်စမ်းပါဘိ။



"မွန်မွန်"

မောင်မောင်အသံက ပုံပျက်ပန်းပျက် ထွက်လာသည်။

ခေါ်သံကိုက တစ်မျိုးကြီး။

"ဘာလဲ ..."

သီရိက ကိုယ့်အသံကိုယ် အဝေးကြီးမှ လွင့်ပျံလာသံ ပြန်ကြားရသည်နှယ် ခံစားရပါသည်။ နားတွေလည်း အူကုန်ပြီထင်ပါရဲ့။

"ကိုယ်မဟုတ် ပြီးရော မဖြစ်ဘဲ ဟုတ်လိုက်ကြရအောင်လား" ဟုများ မောင်မောင် ပြောချလိုက်မလား။ ရှက်တယ်မောင်မောင်ရယ်။

"ပြန်တော့မယ်"

"ဟင် ..."

မျက်ဝန်းတစ်ချက် ခုန်ခနဲ လွင့်ထွက်၏။ မောင်မောင့်ကို ဖျတ်ခနဲအကြည့်မှာ မျှော်လင့်မှုတ်သိပ်ခြင်းတွေ မထိန်းနိုင်မသိမ်းနိုင် ရောပါသွားသည်။ မျက်ဝန်းဆိုတာ နှလုံးသားကို တိုက်ရိုက်ကြည့်နိုင်ခွင့်ရှိတဲ့ မှန်ပြတင်းတွေပဲ မဟုတ်လား။ မှန်သားကြည်ကြည်ကို ထွင်းဖောက်မမြင်ဘဲ ဘယ်သူနေပါ့မလဲ။

"စာကျက်မယ်နော် ... ညဥ့်နက်လည်း သိပ်မခံနဲ့၊ ပျော်အောင်အိပ်"

"စာလည်း ကျက်ရမယ်၊ ပျော်အောင်လည်း အိပ်ရမယ်ဆိုတော့ ငါ ဘာလုပ်ရမှာလဲ မောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငယ်ဘုန်းကလို ထအော်သစ်ချင်မိသွားပါ။ သူ့စကား အဆီအငေါ် မတည့်တာ သူ့ဘာသာ သတိထားမိပုံနှင့် မောင်မောင် ရှက်စနိုး ပြုံးသော့လည်း ပြန်ပြုံးပြလိုက်မိသေးသည်၊

ဩော် ... မောင်ခေါင်ရယ် ...။

○ ♡ ○

မောင်မောင့် စာအိတ်လေးကို မဖောက်ရမီမှာပင် ဆွဲလုခြင်း ခံလိုက်ရသည်။

"တို့ အရင်ဖတ်မယ်"

အေးမိစံက အုပ်စုခေါင်းဆောင်နေရာကို သူ့ဘာသာ ယူသည်။ မည်သူကမျှ ရွေးကောက်တင်မြှောက်ထားတာ မဟုတ်ပေမယ့် သူက စာအတော်ဆုံး၊ အထက်မြက်ဆုံး၊ အသွက်လက်ဆုံးနှင့် ယခုတိုင် ကျောင်းစာမှလွဲ၍ မဟုတ်တာ ဘာတစ်ခုမျှ မလုပ်သေးသူမို့ အတွဲကလေး ရထားသူ၊ မတွဲတတွဲကလေး ချိတ်မိလုလု ဖြစ်နေသူတို့က အေးမိစံ နောက်လိုက်တွေလို အလိုလို ဖြစ်သွားရခြင်းပါ။

သီရိက မောင်မောင့်စာလေးကို နှမြောလွန်းစွာ ငေးကြည့်သည်၊ အေးမိစံက ဗြိခနဲ ဆွဲဆုတ်လိုက်ချိန်မှာ ရင်ထဲကျင်ခနဲ နာမိသေးသည်၊ စာအိတ်လေး ပုံမကျ ပန်းမကျ စုတ်ပြဲသွားရရှာပြီ၊ သီရိ သဘောသာဆိုလျှင် ကတ်ကြေးလေးနှင့် တိတိပပဖြတ်ပြီး ဖြတ်စကလေးကို စာအိတ်ထဲ ပြန်ထည့်ဖြစ်မည်၊ မောင်မောင်နှင့် ပတ်သက်သမျှ ဘာတစ်ခုကိုမှ ပစ်စလက်ခတ် မဖြစ်စေချင်ပါ။



အေးမိစံ၏အသံက ကဗျာမဆန်စွာ ထွက်လာသည်။

"မွန်မွန် ...

နင့်ကို ငါ အရမ်းသတိရတာပဲ၊ ငါ အခု စာကျက်နေရာကထပြီး ဒီစာကိုရေးတာ။ ဒီအချိန်မှာ နင် အိပ်ပျော်နေမလား။ နင်နဲ့ စကားတွေ ထိုင်ပြောချင်မိတယ်။ အမြဲတမ်း ပြောနေချင်တယ်ဟာ ... အမြဲ၊ အမြဲ ...။

နင်ရော ငါ့လို ဖြစ်ဖူးလား။ သိပ်ခင်ပြီး သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေဟာ သက်တမ်းရှည်ကြတာနဲ့အမျှ သံယောဇဉ်- အမြစ်တွယ်ကြဖို့ပဲနော် မွန်မွန်။

ရည်းစားမထားနဲ့ မိမွန်။ နင် ရည်းစားရပြီဆိုတာ သိတဲ့နေ့မှာ နင့်ကောင်ကို ငါ အသတ်ပဲ။ ဘယ်သူ့ကိုမှ ငါ့ထက်ပိုခင်တာ မကြိုက်ဘူး။ ငါ စာပြန်ကျက်ဦးမယ်။ နင့်မျက်နှာကို မြင်ယောင်ပြီး ဆရာဝန် မြန်မြန်ဖြစ်ဖို့ ကြိုးစားလိုက်ဦးမယ်ဟာ။

သံယောဇဉ်အနန္တ နဲ့
မောင်မောင်"

"ဘာလဲဟ၊ ရည်းစားစာ မမည်သော ရည်းစားစာကြီး"

အေးမိစံက စိတ်တိုတိုနှင့် လွှင့်ပစ်သည်မို့ သီရိကမန်းကတန်း လိုက်ကောက်သည်။

"ယောက်ျားမဆန်တဲ့ ယောက်ျား၊ ပျော့ညံ့တာလား၊ သူတော်ကြောင်တာလား၊ ကြိုးရှည်ရှည်နဲ့ လှန်တာလား၊ တစ်ခုခုပဲ"

ရီလေးကလည်း မောင်မောင့်စာကို မီးဆိုး၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ရင်လည်း ကြိုက်တယ်၊ မကြိုက်ရင်လည်း မကြိုက်ဘူး ဘွင်းဘွင်းပေါ့"

"ဟော့ ... မကြိုက်ရင် ဘာရေးနေစရာလိုလဲ"

"အေးလေ၊ ဦးအောင်ဘ ကားစီးသလို မှတ်တိုင်ပါလားလို့ စပယ်ယာကမေးတော့ မပါဘူးတဲ့၊ စပယ်ယာက မပါရင် ပြောစရာမလိုဘူးတဲ့၊ မကြိုက်ရင် ဘာပြောစရာလိုလဲ"

"အကြိုရည်းစားစာပေါ့ဟ၊ နင်တို့ကလည်း ဒီလောက်မှ နားမလည်ဘူးလား"

ချို့နွယ့် အယူအဆကို သီရိ လက်ခံသည်။ ဘာတစ်ခွန်းမျှတော့ ဝင်မပြောပါ။

"အားနာနေတာလားမှ မသိတာ"

"ဒါ အားနာစရာမှ မဟုတ်တာ"

သူတို့တစ်တွေ ထိုင်ဝေဖန်နေကြတာ တစ်နာရီနီးပါး။ သီရိ လုံးဝဝင်မဆွေးနွေးနိုင်ဘဲ ရင်ထဲပရမ်းပတာ လှုပ်ခါနေရသည်။ အားမလို အားမရ ဖြစ်မိတာတော့ အမှန်ပါ။ မောင်မောင် သီရိကို ချစ်နေသည်ဟု သီရိလည်း ထင်ပါသည်။ ထင်ရုံတောင်မက ပါဘူးလေ။ သိကိုသိနေသလိုပါ။

သီရိ အဲဒီလို သိနေပြီဆိုတာ မောင်မောင် ရိပ်မိမှာ အမှန်။ ရိပ်မိရုံမျှမက သိသာထင်ရှားစွာ သဘောပေါက်နေဖို့တောင် ကောင်းသည်။ သီရိအနေနှင့် သိပြီးမှ ဘာတစ်ခုမျှ ဆန့်ဆန့်ကျင်ကျင် မရှိဘူးဆိုလျှင် သီရိသဘောကို မောင်မောင် နားလည်ဖို့ ကောင်းပြီ။ ခက်တဲ့ မောင်မောင်ရယ်။

"ဘေးတီးပေးဖို့ ကြားလူလိုသလား သီရိ"



"အို ... မဟုတ်တာ၊ ငါတို့က ရိုးရိုးသားသား"

"တော်စမ်းပါဟာ၊ ဘာရိုးရိုးသားသားလဲ၊ အဲဒီ ကိုမောင်မောင်ဟာ ငါ့မောင်သာဆိုရင် ခြေသလုံးကို ပေတံနဲ့ ခပ်စပ်စပ်ကလေး ရိုက်ပစ်မယ်၊ အဟုတ်"

ကေသီက ပြောအပြီးမှာ ခစ်ခနဲရယ်သည်။ သီရိလည်း အဲဒီလို ရိုက်ချင်သားပါပဲ။

ရီလေးက စန္ဒရားချစ်ဆွေ၏ ရင်ဖွင့်တေးကို ဆွဲဆွဲငင်ငင် ဆိုလေ၏။

"ချစ်စကား မကျတကျ
အလှအပတွေလည်း ရွေးပြီးပြောခဲ့တယ် ...
ဒီလိုအချိန်တိုင်းမှာ
ချစ်ဗိမာန်နန်းကို
တူတူလိုလို မြင်ကြရတယ်ကွယ်"

ဟုတ်ပါရဲ့ မောင်မောင်ရယ်၊ ချစ်စကား မကျတကျ စကားတွေကို စာတစ်စောင် ပေတစ်ဖွဲ့ရေးလည်း ရေးရက်ပါရဲ့။

ရီလေးက သီချင်းကို ဆက်မဆိုပေမယ့် အဲဒီသီချင်းကို သီရိ အလွတ်ရနေတာခက်၏။ ရှေ့ကိုဆက်ဆိုမည်ဆိုလျှင် ...

"ဩော် ... ဒါပေမဲ့ ...
ချစ်ကြမ္မာကံရယ် ..."

ပြီးတော့ ချစ်ရေးမပြေလည်သည့် အကြောင်းတွေလေ၊ သီရိ ဆက်ပြီးမတွေးဝံ့တော့ပါ။ ရီလေး ဆိုလိုက်တဲ့သီချင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ လောလောဆယ် ဖြစ်ရပ်နဲ့ သိပ်ကို ဆီလျော်ပေမယ့် ဆက်ဆိုဖြစ်မယ်ဆိုရင် ...

နိမိတ်မကောင်းဘူး မောင်မောင်ရယ် ...။

○♡○

"လာပြန်ပြီကွ ... တစ်စောင်၊ ခုတလော ရွှေပေလွှာတွေ တယ်ကျတယ်၊ ဒီတစ်ခါတော့ ရည်းစားစာမည်ပါသည့် ရည်းစားစာဖြစ်မယ်၊ အခွင့်အရေးပေးစွာ ကာယကံရှင် လက်ထဲ အပ်ပါတယ်"

ကေသီက သီရိလက်ထဲ လာထည့်သည်။

ဟိုစနေ မောင်မောင် လာရမည့်နေ့မှာ မောင်မောင် ရောက်မလာဘဲ စာတစ်စောင်သာ ရောက်လာခဲ့သည်။ ဒီစနေ မောင်မောင် လာရင်တော့ သူ့စာနှင့်ပတ်သက်ပြီး တစ်ခုခုပြော မှာဟု အားခဲတွေးထင်ထားခဲ့တာပါ။ ဒီနေ့လည်း မောင်မောင် မလာ။ စာတစ်စောင်ပဲ ရောက်လေ၏။

မျက်နှာပူနေသလား မောင်မောင်ရယ်။

"ဖွင့်ကွာ ... ဖတ်ကွာ၊ ကြာတယ်။ ကာယကံရှင်မို့ ဦးစားပေးတာ၊ စာအိတ်ကို ဆွဲမဆုတ်ရက်ရင် တို့ဆုတ်ပေးမယ်"

"ဟော့အေး ... ရတယ်"

လာလုမလို ဝဲတက်လာသည့် အေးမိစံလက်ကို တကယ်ပုတ်ထုတ်ပစ်လိုက်မိတော့သည်။



"ဒါဖြင့်လည်း မြန်မြန်ဖောက် အသံထွက်ဖတ်"

"သူ့စာ နင်တို့ဝိုင်းဖတ်တာ သူသိရင် ဘယ်လောက် ရှက်မလဲ"

"သုံးဆယ့်ငါးပြားဖိုးလောက် ရှက်မှာပေါ့၊ ဖတ်ဟာ ဖတ်ဟာ စိတ်မရှည်ဘူး"

ချိုနွယ် ဆွဲလုလျှင် ပြန်ရတော့မှာ မဟုတ်သည်မို့ သီရိ ကမန်းကတန်း ဝှက်ရသည်။

"နင်တို့ကလည်းဟာ၊ ငါ နည်းနည်းပါးပါး ရှက်တယ်"

တကယ်ရှက်သည်မို့ ရှက်ပြုံးနှင့် ပြောဖြစ်တော့ ခွီးခနဲ ဝိုင်းရယ်ကြသည်။

"ဟုတ်သားပဲ ... လာကြ၊ တို့တစ်တွေ ရှောင်ပေးမယ်၊ မုန့်သွားစားမယ်၊ သီရိ ... နင် ပိုက်ဆံအိတ်ထဲက ဆယ်တန်တစ်ရွက် ယူသွားရင် တန်ပါတယ်နော်"

"ယူသွား ..."

အလိုလိုနေရင်း မျက်နှာက ပြုံးမိနေသည်။ အဖွဲ့တွေ ထွက်သွားပြီး အခန်းတံခါး စေ့ပေးခဲ့တာတောင် စိတ်မကျေနပ်သည်မို့ ဂျက်ထိုးပိတ်လိုက်မိသေးသည်။ ရင်ထဲမှာ လေပွေအသေးစားလေး မြူးနေလေ၏။

"မွန်မွန် ...

မနေ့က ငါတို့ အတန်းပိုင်ဆရာမနဲ့ သွားတွေ့တယ် ငါ့သူငယ်ချင်းရဲ့ညီလေး ကျောင်းအပ်ချင်တာနဲ့ သူ့ပြော ပေးတာ။ ဆရာမက ငါ့ကို တွေ့တွေ့ချင်း ...ဆူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှာချိန်မှာ တောင်စိတ် မြောက်စိတ်တွေမွေးတာ ကောင်းသလားတဲ့၊ ကိုယ့်အမေကိုယ် ပြန်လုပ်ကျွေးဖို့တော့ စိတ်ကူးထဲ မရှိဘူး၊ ရည်းစားထားဖို့က အရင်ပဲလားတဲ့။ ထားမယ့်ထားတော့လည်း ဂျပန်ဖယောင်းချက်များလို အတွင်းဘက် လိုက်စားတယ်တဲ့။

ငါ ဘာလုပ်မိလို့လဲ။

သီရိမွန်မှာလည်း အဖေမရှိ အမေမုဆိုးမကြီးကရှာနိုင်ဖွေနိုင်လို့ တက္ကသိုလ်မှာ နေနိုင်တာတဲ့။ အဆောင်စရိတ်ဆိုတာလည်း သေးတာမဟုတ်ဘူးတဲ့။ သီရိမွန်လည်းကျောင်းပြီးရင် သူ့အမေသူ ပြန်လုပ်ကျွေးရဦးမယ်တဲ့၊ မင်းက နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြီး ငတ်ပေါက်တိုးချင်လို့လားတဲ့။

မင်းဆရာဝန်ဖြစ်ဖို့ နောက်ထပ်ငါးနှစ်လောက် လိုသေးတယ်တဲ့၊ လေ့လော့ရင်း တက်ကျိုးသွားရင် ရေနစ်ဖို့ပဲ ရှိတယ်တဲ့။ သီရိမွန်ကို ကိုယ့်နှမရင်းလေးလို သဘောထား စောင့်ရှောက်ရမယ့်အစား ခုလို ခရီးမသားစိတ်ထားတော့ သူများက ပိုစော်ကားတော့ပေါ့တဲ့။

ဆရာမ ဆူသမျှ ရေးပြရရင် မဆုံးနိုင်ဘူး၊ ငါ့ကိုနှစ်ပြားမတန်အောင် ပြောလွှတ်တယ်လို့သာ နားလည်လိုက်တော့။ ငါ ခေါင်းငုံ့ခံခဲ့ရတယ်။ ရှင်းပြလို့လည်း မရဘူး။ ငါ နင့်ကို ချစ်တယ်လို့ တစ်ခွန်းပြောဖူးသလား။ နင့်ကို ရည်းစားဖြစ်ကြဖို့ ငါဘယ်နှခါ တောင်းဆိုဖူးသလဲ။ ပါးစပ်နဲ့လည်း မပြောဖူးဘူး၊ ရည်းစားစာလည်း မရေးဖူးဘူး။



မဟုတ်မမှန်သတင်း ဆရာမဆီ ဘယ်လိုရောက်သလဲ။ နင်ပို့သလား။ ဆရာမက အိမ်လိုက်လာပြီး အမေ့ကိုပါတိုင်တယ်။ အမေ ငိုလိုက်တာလည်း တက်မတတ်ဘဲ။ ဆေးနားက ပါလာတဲ့ ငါ့သူငယ်ချင်းကလည်း နင့်ကို ငါ့အမျိုးသမီးအဖြစ် သူတို့ မချဉ်းကပ်ဝံ့တာတဲ့။ နင်နဲ့ ငါနဲ့သတင်းက ဝိဇ္ဇာသိပ္ပံရော ဆေးတက္ကသိုလ်မှာပါ လူတိုင်းသိတယ်လို့ ပြောတယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ၊ ခုတော့ငါ့မှာ ဆရာမကိုရော အမေ့ကိုပါ မော့တောင်မကြည့်ရဲဘူး။ အဲဒါ နင်သိစေချင်လို့ ပြောတာ၊ နင့်မှာ တာဝန်ရှိတယ်ဆင်ရင် ဆရာမကို နင် သွားရှင်းပြပေးစေချင်တယ်၊ ဆရာမက အမေနဲ့လည်း ရင်းနှီးနေတော့ အမေနေ့တိုင်းငိုနေတာနဲ့ ငါ့မှာ စာကျက်လည်းမဖြောင့်၊ ထမင်းတောင်တစ်ဝိုင်းတည်းစားဖို့ အမေ့မျက်နှာကို စေ့စေ့မကြည့်ရဲတာနဲ့ ခက်နေပြီ။

ဒါပဲ။

နင့်သူငယ်ချင်း
မောင်မောင်"

"မောင်မောင်ရယ် ... ဖြစ်မှ ဖြစ်ရလေ"
မျက်ရည်မိုး ကြွေလေသတည်း။

○ ♡ ○

www.burmeseclassic.com

www.burmeseclassic.com



"သီရိ ... သီရိ"

ဝုန်းဒိုင်းဆူညံသံတွေကြားမှ ပြေးထွက်လိုလှပါဘိ။ သူငယ်ချင်းတွေကို ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ။ ခုနေခါ ငုတ်တုတ်ကြီး အသက်ပျောက်သွားမယ်ဆိုလျှင် ဖြစ်သည့်နည်းနှင့် သေပစ်ချင်မိတော့သည်။

"သီရိ ... တို့ လာပြီ ဖွင့်တော့၊ နင့်ဖို့လည်းပါတယ် လက်ဖက်သုပ်ဝယ်လာတယ်"

ဘယ်လိုခွန်အားမျိုးနဲ့ အဲဒီတံခါးကို သွားဖွင့်နိုင်မှာတဲ့လဲ။ မဖွင့်လို့လည်းမဖြစ်။ ရှက်စိတ်မွန်ကာ ယူကျုံးမရစိတ်ဖြင့် ဖြစ်နိုင်ရင် ကိုယ့်မျက်နှာသာကိုယ် ဓားနှင့်လှီးချင်မိတော့သည်။

"သီရိ ... ဖွင့်ဆို"

မဖွင့်မချင်း ကျုံးအော်နေလျှင် အကျယ် အကျယ်တွေ ဖြစ်ကုန်မှ မခက်ပါလား။ သီရိ လဲလျောင်းနေရာမှ ကျုံးထသည်။ မျက်ရည်စတွေကို မသိမ်းနိုင်ပါ။ သိမ်းလို့လည်း မနိုင်ပါ။ လဲပြိုလုနီးပါး ခြေလှမ်းဖြင့် တံခါးဝသို့ လျှောက်ရသည်။

"သူငယ်ချင်းတို့ရယ်"

တံခါးက ဝုန်းခနဲအပွင့် ရှေ့ဆုံးမှာ ရပ်နေသည့် ရင်ခွင်ထဲသို့ သီရိ ထွေးခနဲကျလေ၏။

"သီရိ"



အေးမိစံ ကျုံးပွေ့ကာ ခုတင်ပေါ်သို့ တွဲပို့သည်။ အကင်းပါးသူမို့ စာပါအကြောင်းများကြောင့် သီရိ သေမလောက် ရှက်ရွံ့ဝမ်းနည်းနေရပြီမှန်း သိသည်။

"လှဲနေ ... သီရိ"

အေးမိစံ တွဲပို့သည့်အတိုင်း ခုတင်ပေါ်သို့ ခွေခနဲကျသည်။ ဝိုင်းကြည့်နေကြသည့် သူငယ်ချင်းတွေကို ကျောပေးပစ်လိုက်သည်။ မျက်နှာချင်း မဆိုင်ရပေမယ့် မျက်နှာပူမပျက် ရှက်စိတ်ဟုန်မလျော့။ ကြေကွဲဆို့နင့်လွန်းစွာ သည်းသည်းခိုက် ငိုကြွေးချိန်မှာ အေးမိတို့အဖွဲ့ စာကိုယူဖတ်နေကြပါပြီ။

လဲလို့သာ သေလိုက်ချင်တာပါပဲ မောင်မောင်ရယ်၊ တကယ်ပါ။

"တောက် ... လူပါးဝလို့"

အေးမိစံ အရင်ဆုံး လက်သီးလက်မောင်းတန်းသည်။

"ဘာလဲ ... အဲဒီ မောင်မောင်ဆိုတဲ့လူက တစ်နေ့ ရွှေတစ်ဥ ဥပေးနိုင်တဲ့ ဘဲကြီးလား၊ သူ့ကိုယ်က စိန်ထွက်သလား၊ ဘယ်လောက်အဖိုးတန်တဲ့လူမို့ ဒီလောက်အဖြစ်သည်းနေကြရတာလဲ၊ အဲဒီလူက ဘာဖြစ်လို့ ဇော်ကားမော်ကား ကြီးကျယ်ရတာတဲ့လဲ ... သေချင်းဆိုး"

အေးမိစံ ဆဲပေမယ့် သီရိ မဆဲရက်ပါ။ မောင်မောင့်ကို သေချင်းဆိုးတဲ့။ သေချင်းတကယ်ဆိုးရှာမှာတောင် ပူမိသေးသည်။ အရှက်ကို ခဏထား၊ မောင်မောင် ဘေးမသီရန်မခပါစေနဲ့၊ သူက စက်ဘီးနဲ့ ကျောင်းတက်နေရရှာတာ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ မောင်မောင်ရယ် ... ဖြစ်မှ ဖြစ်ရလေခြင်း။

"တိတ်စမ်း ... မျက်ရည်အခုသုတ် သီရိ၊ ဒီလို ခနိုးခနဲ့ ပြောတတ်တဲ့ လူပျော့မျိုးနဲ့ ဘာမှမဖြစ်ခင်က ပြတ်ပေလို့ ကံကောင်းတယ် မှတ်ပါ၊ ဘုရားမ,တယ်မှတ်ပါ၊ အလကားလူ"

သီရိ တစ်ငိုတည်း ငိုလေ၏။ တိတ်စမ်းဆိုပေမယ့် ဘယ်တိတ်နိုင်ပါမတဲ့လဲ။ ရှက်လိုက်တာလည်း အလွန်။ မောင်မောင့် မျက်နှာကို ကြည့်ရဲစရာတောင်မရှိ။ မောင်မောင့်ကိုမှ မဟုတ်ပါဘူးလေ။ သူငယ်ချင်းတွေကိုရော ကြည့်ဝံ့သေးရဲ့လား။

မောင်မောင့်အပေါ် မဆွတ်ခင်က ညွတ်နေတာ သူတို့အသိ။ အဲဒါကို ဘယ်လိုမှ မဖုံးကွယ်နိုင်ခဲ့တာကိုက သီရိအမှား။ သြော် ... မောင်မောင်ရယ် ရက်စက်တယ်။

"နင် ဘာလုပ်မလဲ သီရိ"

ငိုရတာကိုပင် ရှက်လာသည်မို့ မျက်ရည်ကို ကြိုးစားသိမ်းရသည်။ မိန်းမသားတစ်ဦး အနေဖြင့် ယောကျ်ားလေးတစ်ယောက်၏အချစ်ကို မရလို့ မျက်ရည်ကျနေရပါသည် ဆိုလျှင်ကော အဲသည်အဖြစ်က လူကြားလို့ ကောင်းပါ့မလား။ မိစံတို့ အဲဒီလိုများ ထင်သွားကြပြီလား။

မျက်ရည်တွေထဲမှာ ရှက်တာ၊ ခံပြင်းတာ၊ ကြေကွဲဝမ်းနည်းရတာတွေ ပြွန်းစုပါဝင်ပေမယ့် မောင်မောင့်ကို စိတ်မနာနိုင်တာက ဆန်းလေ၏။ အဲဒီလောက်ကို မောင်မောင့်ကိုချစ်သည်။ သီရိအချစ်ကို ဥပေက္ခာပြုနိုင်လွန်းတယ် မောင်မောင်ရယ်၊ သီရိ



အချစ်ကို မောင်မောင် မသိလို့လား၊ တမင်တကာ အကြင်နာကင်းတာလား။

"ဘာလုပ်မလဲ သီရိ၊ တစ်ခုခုတော့ ပြန်လုပ်မှဖြစ်မယ်၊ ဒါ ဘယ်လိုမှ ငြိမ်ခံနေလို့ မဖြစ်ဘူး"

"စာတစ်စောင် ပြန်ရေးပေါ့"

သူငယ်ချင်းတွေက သီရိဘက်မှ ဝေဖန်ချက်အမျိုးမျိုး ပေးကြသည်။ သို့ပေမဲ့ သီရိ ခေါင်းငုံ့လို့ ခံယူချင်မိပါသည်။ ဘယ်လိုတုံ့ပြန်မှုမျိုးနဲ့မှ မောင်မောင့်ကို စိတ်နာမပြနိုင်ပါ။

"နင့်ကြည့်ရတာ ဒေါသထွက်ပုံလည်း မရဘူး"

အေးမိစံက သီရိပခုံးကို လာဆွဲလှုပ်သည်။ မချင့်မရဲ ဒေါသတွေ တဝဲဝဲနှင့်မို့ သီရိကိုပဲ ဆွဲဆောင့်တော့မလိုလိုပါ။

"ငါ ခွင့်လွှတ်တယ်"

"ဘာ ..."

သီရိမှလွဲလျှင် အအေးဆုံးဟု ဆိုရမည့် ကေသီလန့်အော်သံမှာ ဒေါသသံမပါပါ။ ဝင်္ကြီးလှချည့် ... ဟူ၍ ယူကျုံးမရ။ မယုံကြည်နိုင်လောက်အောင် အံ့သြသွားဟန် ထင်ရှားသည်။

"နင်တို့က သူ့အကြောင်း မသိလို့ပါ"

သီရိ မျက်ရည်စတွေ အကုန်သိမ်းသည်။

"ပြောပါဦး၊ ဘာအကြောင်း သိရမှာလဲ"

"သူ့မှာ အဖေမရှိဘူး၊ အမေပဲရှိတယ်"

"အဖေမရှိတဲ့ ယောကျ်ားလေးတွေ ဘာပဲလုပ်လုပ် ခွင့်လွှတ်ဖို့ ဥပဒေရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ သိပ်မချောင်လည်ဟာကို ပြောတာပါ၊ ပြီးတော့ မိစုံဖစုံထက် အမေတစ်ခု သားတစ်ခုတွေက တွယ်တာနှောင်ဖွဲ့မှု ပိုများတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"သူဟာ သူများတွေထက် အမေကို ပိုငဲ့ရမယ်"

"ဒါနဲ့ ဘာဆိုင်လဲ"

"ဩော် ... ဆရာမက သွားတိုင်တော့ သူ့အမေက ချူမယ်၊ သူ့အမေ စိတ်ချမ်းသာအောင် သူ လိုက်လျောရမယ်ဆိုရင် ဒီထက် ပြတ်တောက်ရက်တဲ့ စာချိုးလည်း ရေးချင်ရေးနိုင်ပါတယ်"

"နင် ဆိုလိုတာက ..."

"ဟုတ်တယ် ... ကေသီ၊ သူ့အမေက သူ့သားကို သူဌေးသမီးနဲ့မှ ပေးစားမယ်ဆိုတာ အမြဲပြောတယ်၊ ငါက သူဌေးသမီးမှ မဟုတ်တာ"

"တော်တော့ သီရိ၊ ဆက်မပြောနဲ့၊ နားကလောလွန်းလို့ ဆက်နားမထောင်နိုင်တော့ဘူး"

"မိစံရယ် ... နင်က သူဌေးသမီးပါ၊ မိစုံဖစုံနဲ့ လိုတရနေတဲ့သူပါ၊ မပြည့်စုံတဲ့ မိဘဆိုး ဖတဆိုးတွေရဲ့ ဘဝကို နင် ကိုယ်ချင်းမစာနိုင်လို့ပါ၊ ခွင့်လွှတ်လိုက်ပါ၊ ငါ့ကိုခင်ရင် မောင်မောင့်ကို ခွင့်လွှတ်ပေးပါ"

"သီရိ ... တော်တော့လို့ ပြောနေတယ်၊ နင့်ကိုပဲ သတ်ပါတော့မယ်၊ ဒီလောက် ..."



အေးမိစံက တက်တစ်ချက်ခေါက်သည်။ ဒေါသအစုအပုံက သီရိပေါ်သို့ မဲကျလေ၏။

"နေပါဦး၊ နင့်ဆရာမက ဘယ်လိုသိ"

"နင်တို့တွေ ဝိုင်းစသလို ဆရာမတပည့်တွေ ဆရာမဆီရောက်တုန်း ပြောင်ရင်း နောက်ရင်း သိဖို့များပါတယ်"

"ဒါကို သမီးရည်းစား ဖြစ်နေပါကြောင်း နင်ကပဲ သတင်းလွှင့်သလိုလို"

"စကားဆိုတာ အဆင့်များရင် အမိပ္ပာယ်ကောက်လွဲတတ်တာမျိုးပါ"

"အဲဒီဆရာမက ကိုမောင်မောင့်ဘက်ကနာတာ ဘာသဘောလဲ"

"မောင်မောင့်ဘက်က နာတယ်တော့ ဟုတ်မယ်မထင်ပါဘူး"

"ဒါဖြင့် အမေကို ဘာလို့သွားတိုင်ရတာတဲ့လဲ"

"ဆရာမအမြင်မှာ ဒီအရွယ် ရည်းစားမထားစေချင်တဲ့ သဘော ဖြစ်မှာပါ"

"နင် တယ်လည်း နားလည်ခွင့်လွှတ်တတ်နေပါလား"

"ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး မိစံရယ်"

"တော် သီရိ၊ ဆရာမမှာ မရှိဘူးဆိုရင်တောင် ဟိုလူမှာတော့ အပြစ်ရှိကိုရှိတယ်၊ ငါ မကျေဘူး"

သူငယ်ချင်းအပေါ် ချစ်တတ်လွန်းသူမို့ အားလုံးထဲမှာ အေးမိစံ ဒေါသအကြီးဆုံး ဖြစ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြန်မယ်၊ နင့်ကိုကြိုက်ဖို့ ငါ့အစ်ကို့ကို ငါကိုယ်တိုင် နားချမယ်၊ မင်္ဂလာအကြီးအကျယ် ဆောင်ပေးမယ်၊ အဲဒါ ငါ ဖြစ်အောင်လုပ်မယ်"

"မိစံ ..."

သီရိ ရက်လန့်ထကြား အော်ခေါ်၏။ အေးမိစံ လှည့်ကြည့်ဘဲ ထွက်သွားသည်။ ကေသီ၊ ချိုနွယ်နှင့် ရီလေးတို့က အေးမိစံ၏အကြံအစည် အကောင်အထည် ပေါ်စေဖို့ ကျိုးစားဆုတောင်းကြမှာ အမှန်ပါ။

သီရိ ရင်ကွဲ၍ ကျန်ရစ်လေသတည်း။

○♡○

မကြင်နာတတ်သူလို့ပဲ ခွင့်လွှတ်ရမှာလား။
မခင်တွယ်တတ်သူလို့ပဲ အသည်းကွဲရမှာလား။
ခိုင်မာတတ်သူလို့ပဲ ချီးကျူးရမှာလား။
ဘယ်လိုတွက်တွက် မင်း အသည်းမာလွန်းတယ်။

သီရိ ရင်ခွင်ကြားမှ စာရွက်လေးကို ကေသီ ဆွဲယူဖတ်ရင်း ယူကျုံးမရ ဖြစ်လိုက်ရပါသည်။ ညက ဘယ်အချိန်မှ အိပ်ပျော်ရသည် မသိပါ၊ ဘယ်လောက်ထိ ကျိတ်ငိုနေသလဲ မသိပါ။ သူများတွေ ကျောင်းတက်ချိန်ထိ သီရိ အိပ်ပျော်သေး ပါးပြင်ပေါ်မှာ မျက်ရည်စတွေတောင် ကောင်းကောင်းမခြောက်ချင်သေးပါ။

"မနိုးနဲ့၊ တစ်နေ့တလေ ကျောင်းပျက်တာ ကိစ္စမရှိပါဘူး"



သူငယ်ချင်းအပေါ် ညှာတာလွန်းစွာ နိုးသွားမှာစိုးသည်မို့ ခြေသံကိုတောင် ဖွနင်းပြီး ထွက်သွားကြပါသည်။ သူငယ်ချင်းအုပ်စု ထွက်သွားသည်နှင့် သီရိ ကိုယ်ကလေး လူးလွန့်လာသည်။ မေ့ခနဲသာ အိပ်ပျော်သွားရခြင်းပါ။ ရင်ခွင်ထဲမှ စာရွက်ကို လာဆွဲကတည်းက သီရိ နိုးလေ၏။

ကျောင်းတက်ချင်စိတ် မရှိသည်မို့ အိပ်ဟန်ဆက်ဆောင်နေလိုက်သည်။ ပြီးတော့။ မောင်မောင့်ထံ ဖြေရှင်းချက်စာကလေးတစ်စောင်လောက် သူငယ်ချင်းတွေ မသိအောင် ခိုးရေးဖို့ပါ။

သီရိ ခုတင်ပေါ်မှ ဆင်းသည်။ မျက်နှာတောင်မသစ်ဖြစ်။ ဝမ်းထဲမှာ အစာမရှိ။ သို့ပေမဲ့ ခုချိန်မှာ မောင်မောင့်ထံ စာရေးဖို့ထက် ဘယ်အရာမျှ ပို၍အရေးမကြီးနိုင်ပါ။

"မောင်မောင် ...

ဆရာမကို တို့ ဘာမှမပြောပါဘူး။ တို့နဲ့ မောင်မောင်နဲ့ကို စ,ကြနောက်ကြတဲ့ သူငယ်ချင်းတွေက ဆရာမရှေ့မှာ ပြောင်ပြောင်နောက်နောက် ပြောမိကြတာ ဖြစ်မှာပါ။ ဆရာမကို တို့ သွားရှင်းပြပေးပါ့မယ်။

မောင်မောင်ဟာ ပညာရေးတစ်ခုတည်းသာ စွဲလမ်းမက်မောစွာ ကြိုးစားနေတဲ့အကြောင်းကိုပါ ပြောပြပါ့မယ် မောင်မောင်။ လိုအပ်ရင် လူတိုင်းကိုလည်း ရှင်းပြပါ့မယ်။ တို့အတွက်နဲ့ မောင်မောင် အဆူခံရတဲ့အတွက် တို့ ဝမ်းနည်းပါတယ်။ ငယ်သူငယ်ချင်းတွေပဲ မောင်မောင်ရယ်။ မောင်မောင် စိတ်ချမ်းသာဖို့ တို့ ဆောင်ရွက်ပေးမှာပါ။ စိတ်မညစ်ဘဲ ကျောင်းမှန်မှန်တက်ပြီး စာမှန်မှန်ကျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကိုလည်း မောင်မောင့် မေမေကိုပါ သွားပြောပေးဖို့ တို့ ပြောပါ့မယ်။ မောင်မောင် ဖြစ်စေချင်တာအကုန်လုပ်ပေးပါ့မယ်။ တို့ သူငယ်ချင်းနှစ်ယောက် ငယ်စာရင်း မပျက်ပါရစေနဲ့ မောင်မောင်ရယ်။

ချွေစစ်
သီရိမှုန်"

လက်မှတ်ထိုးပြီးသည်နှင့် စာရွက်ကလေးက လွင့်ခနဲ ပါသွားသည်။

"ဟင် ... မိစံ"

"အေး ... နင် ဒီလို အောက်ကျနောက်ကျ လုပ်ဦးမယ်ဆိုတာသိလို့ ငါ တစ်ယောက်တည်း ပြန်လာတာ၊ ရော့... နင်ရေးရမယ့်စာကို ငါ အကြမ်းရေးလာခဲ့ပြီ၊ နင့်လက်ရေးနဲ့ကူး"

အေးမိစံက စာရွက်တစ်ရွက် ထိုးပေးသည်။ မောင်မောင့်ထံ စာရေးဆဲမို့ အေးမိစံ ရောက်လာတာကို မသိလိုက်ရခြင်းကပင် မောင်မောင်နဲ့ တစ်သက်တာဝေးစေဖို့ ဖန်လာခြင်းပေပဲလား။ မည်သူမျှ မသိစေလိုဘဲ ကျိတ်ရေးထားသည့်စာကို မိစံတွေ့သွားခြင်းအတွက် ဖြစ်နိုင်လျှင် လဲသေပစ်လိုက်ချင်ပါသည်။

သေ့လုအောင်ကို ရှက်မိပါရဲ့။

လူတကာ ကဲ့ရဲ့စရာဖြစ်လောက်အောင် အညံ့ခံလွန်းတဲ့မိန်းမသား။ အများတကာ ဝိုင်းအထင်သေးလိုက်ကြမည်ဖြစ်ခြင်း။ စင်စစ် ... ဒမောင်မောင့် ရက်စက်မှုကို ခံယူရရှိပြီးကတည်းက သီရိ လူ့လောကကြီးထဲမှာ နေလိုစိတ်တောင် ခန်းပါသည်။



မိခင်နှင့် မမသူဇာတို့ သံယောဇဉ်ကြိုးနှစ်ချောင်းဖြင့် ဝိုင်းဝန်းတုပ်နှောင်ကြသည်မို့သာ လူ့ဘဝမှာ အထီးကျန်စွာ၊ အဓိပ္ပာယ်မဲ့စွာ ဆက်လက်ရှင်သန်နေဖို့ ဆုံးဖြတ်ရခြင်းပါ။

"နင် ဘာစားပြီးပြီလဲ"

သီရိ ရှက်ရွံ့လွန်းစွာ ခေါင်းငုံ့နေဆဲက ခေါင်းခါပြသည်။

"မျက်နှာရော သစ်ရသေးရဲ့လား"

ခေါင်းခါပြန်၏။ ခုထိ မျက်နှာတောင် မသစ်ဖြစ်သေးသည့်အတွက်လည်း ရှက်ရပြန်ပါသည်။ ဟောဒီ ... သီရိမျက်နှာတစ်ပြင်လုံးကို ဓားနှင့်သာ လှီးထုတ်ပစ်လိုက်ချင်တော့တာပါပဲ။

"ငါ့ထမင်းဘူးနဲ့ မုန့်တီ ဝယ်လာခဲ့တယ်၊ ထ ... မျက်နှာသွားသစ်ရအောင်"

အေးမိစံ ဆွဲထူသည်မို့ သီရိ သက်မဲ့အရုပ်ကလေးတစ်ခုနှယ် နွမ်းဖတ်စွာ ပါလာရတော့သည်။

○♡○

"မောင်မောင် ...

နင့်ကို အရေးလုပ် ရှင်းပြဖို့ မရှိပေမယ့် ငါ ဆရာမကို ဘာမှမပြောဘူး ဆိုတာတော့ နင် သိအောင် ပြောကိုပြောမှဖြစ်မယ်။ နင့်ကို ငါ လုံးဝဂရုမစိုက်ဘူးဆိုတာ နားလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ ကြိုက်နေသူယောင်ယောင် သတင်းလွှင့်ဖို့ပေး လို့ နင်က သေလုအောင် ကြိုက်နေပါပြီ ဆိုရင်တောင် ငါ လုံးဝလှည့်မကြည့်ဘူးဆိုတာ နင်ယုံ။ နင်မို့ အရှက်မရှိ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရန်ကော။

လောကမှာလုံးမှာ နင်ကလွဲပြီး အားလုံး မိန်းမသား ချည်း ဖြစ်ကုန်ရင် ငါ အပျိုကြီးဘဝနဲ့ အရိုးထုတ်မယ်။ နင်နဲ့ ငါနဲ့ ဆယ်သက်ဆယ်ကမ္ဘာ ငယ်စာရင်းဖျက်လိုက် ပြီ။ ငါ့ဘဝမှာ မောင်မောင် ဆိုတဲ့လူတစ်ယောက် ဘယ် တုန်းကမှ မရှိခဲ့ဖူးဘူးလို့ လုံးဝဥဿုံ မှတ်ယူလိုက်ပြီ။

လမ်းမှာတွေ့ရင်တောင် ကွေ့ရှောင်မယ် ဒါပဲ။

သီရိမွန်"

အဲသည်စာကို သီရိ မျက်ရည်စက်လက်ဖြင့် ကူးရ ပါသည်။ တစ်-- လုံးက အတင်းကူးခိုင်းသည်။ မကူးချင်ပါဘူး။ မရေးပို့ပါရစေနဲ့ဟု၍ သီရိ ငိုချိုငို၍ တောင်းပန်ပါသေးသည်။

"ဒီစာကို နင် ကူးမပို့ရင် တို့လေးယောက်လုံးနဲ့ဖြတ်"

အေးမိစံ၏ တစ်ချက်လွှတ်အမိန့်ကို သီရိ ကြောက် ပါသည်။ ဒီလေးယောက်နှင့် ဘယ်လိုဖြတ်နိုင်ပါ့မလဲ။ သူတို့ သီရိဘက်မှ ဆတ်ဆတ်ခါ နာကြတာကိုက သီရိကို ချစ်လွန်း ခင်လွန်း၊ သီရိဘက်မှ မခံချင်ဖြစ်လွန်းလို့ ဆိုတာကို နားလည် ထားရတော့ အဲသည်မေတ္တာ စေတနာ အစိုင်အခဲတွေကို သီရိ ဘယ်လိုလက်လွှတ် ဆုံးရှုံးခံနိုင်ပါ့မလဲ။

တကယ်တော့ ကျောခိုင်းခွဲခွာခဲ့ကြပြီဆိုလျှင် အမုန်း နှင့် ခွဲခွာရခြင်းက ခံစားမှုလျော့နည်းပါသည်။ မောင်မောင် သီရိ



ကို အမုန်းနဲ့ခွဲသွားစေဖို့ ဒီစာကိုရေးဖို့ သင့်သည်ဟု တစ်ပိုင်းသော စိတ်ဖြင့် ဆုံးဖြတ်သည်။ ကျန်တစ်စိတ်တစ်ပိုင်းက ဝေးကွာကြဖို့ နှမြောတသနေသည်။

မောင်မောင်ရယ် ... ဒီစာကိုရေးပြီး မောင်မောင့် မေမေကို ပြပြီးမှ သီရိဆီ ပို့လိုက်တာလို့ သီရိ နားလည်နေမိပါ တယ်။ မောင်မောင်တို့သားအမိ စိတ်ချမ်းသာပါစေတော့။

"ဆရာမက သူ့အမေကို ဘာဖြစ်လို့ သွားပြောရတာတဲ့ လည်းဟာ၊ စကားရှုပ်ရန်ကော"

"ဆရာမအနေနဲ့က ပညာသင်ချိန်မှာ သူ့တပည့်နှစ်ယောက် ကို အချစ်ကိစ္စကြောင့် အတားအဆီး မဖြစ်စေချင်တဲ့ စေတနာကြောင့် ဖြစ်မှာပါ၊ ငါနဲ့ရယ်လို့မှ သွားတိုင်ဖြစ် တာ ဟုတ်မယ်မထင်ပါဘူး ...

"မီးကို မလောင်ခင်ကတားဖို့ မောင်မောင့် မေမေကို ကြိုတင်သတိပေးတာ ဖြစ်ပါလိမ့်မယ်"

"နင် လူတကာကို ခွင့်လွှတ်နေတော့တာပဲ"

"ဆရာမဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်း အနုတ္တ ကျေးဇူးရှင် ပဲ ရှိလေးရယ်၊ မောင်မောင်တို့လည်း မချောင်လည်လှဘူး၊ ငါတို့လည်း မချောင်လည်လှဘူးဆိုတော့ ...

"မောင်မောင်လည်း သူဌေးသမီးနဲ့ရ ငါလည်း သူဌေးသားနဲ့ရ ဆိုတာမျိုးနဲ့ ကောင်းစားစေချင်တာ နေ မှာပါ"

"နင့်လို ဘယ်သူနားလည်နိုင်မှာလဲ သီရိ၊ နင် သနားစရာ ကောင်းလောက်အောင် စိတ်ကောင်း ရှိလွန်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တို့ကိုရော နင် နားလည်ရဲ့လား"

"လည်ပါတယ် သူငယ်ချင်းတို့ရယ်၊ ငါ့ကိုချစ်လို့ ဆတ်ဆတ်ခါ နာကြတယ်ဆိုတာ ငါ မသိဘဲ နေပါ့မလား"

"အေး ... ဒီလိုဆို တော်သေးတာပေါ့"

သီရိ သက်ပြင်းမောကိုချသည်။ ဆရာမကိုရော မောင်မောင့်ကိုရော သူငယ်ချင်းတွေကိုပါ သီရိ နားလည်နိုင်ပါသည်။ သီရိကိုသာ ဘယ်သူကမှ နားမလည်နိုင်ကြတာ နေမှာပါ။

ကူးထားသည့် စာပေါ်သို့ မျက်ရည်တင်ပွင့်ကျသည်။ ဘောလ်ပင်နှင့်မို့ မင်မပြန့်ပေမယ့် မျက်ရည်စက် သွေ့ခြောက်သွားသည့်တိုင် ဤနေရာမှာ မျက်ရည်ကျထားသည်ဆိုတာမျိုးနှင့် သိနိုင်နေသည်။

အဲသည်အတွက် သီရိ နောက်တစ်စောင် အချောထပ်ကူးရပါသည်။

"ရန်မတွေ့ရက်ပါဘူး မောင်မောင်ရယ်၊ သီရိ အပြစ်နဲ့ သီရိပါ။ သီရိကို နားလည်ပါ"

ကျိတ်တောင်းပန်ရင်း ဒီစာ မောင်မောင့်လက်ထဲအရောက်မှာ မောင်မောင် ဘယ်လိုနေရမလဲ။ တွေးပူမိပြန်၏။ အရှက်မွန်ကာ ရှောက်ရမ်းကုန်မလား။ လီမွှာပါ မောင်မောင်ရယ် နော်။

"နင် လူတိုင်းကို နားလည်ခွင့်လွှတ်တတ်တယ်၊ နင့်ကိုကျတော့ ဘယ်သူကမှ နားမလည်ကြဘူး၊ ငါသနားတယ် သီရိရယ်"

ချိုနွယ် မျက်နှာမကောင်းစွာ ပြောရှာ၏။



"ဘာလို့ နားမလည်ရမှာလဲ၊ သီရိကို ငါနားလည်တယ်၊ ဒီစာက ရေးဖို့လိုအပ်လို့ကို ရေးခိုင်းတာ၊ ပေး သီရိ၊ ငါ ကိုယ်တိုင် သွားပေးမယ်"

စာအိတ်ထဲတောင် မထည့်ရသေးဘဲ အေးမိစံလက်ထဲ ပါသွားရတော့သည်။

"ဒီနေ့ကစပြီး စိတ်သစ် လူသစ် ဖြစ်သွားရပြီ မှတ်တော့"

ရဲရဲပြတ်သားတတ်သည့် အေးမိစံက ဆေးတက္ကသိုလ်သို့ သွားဖို့ကို မည်သူမျှ အဖော်မခေါ်ပါ။

"သီရိနားမှာ နေကြ၊ ငါ ပြန်လာလို့မှ သီရိ မျက်ရည်ကျတုန်းဆိုရင် ငါနဲ့တွေ့မယ်၊ နင့်ကိုပဲ သတ်မယ်"

အေးမိစံ ထွက်သွားရာသို့ ငေးကြည့်လိုက်မိသည်။ နှလုံးသားသည် ပျက်စီးကြေမွလျက် ကျန်ရစ်လေ၏။

မောင်မောင် စိမ်းရက်တယ်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဇာတ်လမ်းမှာ ကိုယ်နားမလည်တဲ့သူတွေ အများကြီးပဲ"

ခေမာ ဆွေးဆွေးငေးငေးလေး ပြောနေရာမှ ဝေဟင့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

"ရှင်းနေတာပဲ ကိုကိုကြီး၊ မေမေက ဦးမောင်မောင်ကို ချစ်တယ်၊ ဒါပေမဲ့ ယောကျ်ားလေးက မာရေကျောရေ ပြောလာတော့ မေမေ ဘာလုပ်ရမလဲ"

"အစ်မကြီးကို နားလည်ပါတယ်၊ သနားစရာလည်း ကောင်းတယ်၊ ကိုယ်နားမလည်တာက ဦးမောင်မောင်နဲ့ အတန်းပိုင်ဆရာမ"

"ဆရာမက ပညာသင်ချိန်မှာ အချစ်ရေးဝင်လာရင် သူ့တပည့်နှစ်ယောက်လုံး ပညာရေးဆုံးခန်းမတိုင်မှာစိုးလို့ တားတာပါ"

"ထားတော့၊ ဦးမောင်မောင်ကရော"

"အမေကြောင့် ဆိုပါတော့၊ ဆရာမက စေတနာနဲ့တိုင်တာ၊ ထိန်းသိမ်းနိုင်ရုံ ကြိုအသိပေးတာမှာ သူ့အမေကြီးက ကဲကဲဆတ်တာ"



"အဲဒါနဲ့ တောင်ရေး မြောက်ရေး ရေးရရောလား"

"အမေ့နှုတ်နဲ့ ကြောင်းပေးတာကို လိုက်ရေးရတာတဲ့၊ အမေ့ကို ချစ်တဲ့သားလေ"

"အမေကရော"

"ရှင်းပါတယ်၊ မေမေ့လောက် အဆင့်အတန်းကို သဘောမတူနိုင်တာပါ၊ သူ့သား ဆရာဝန်ဖြစ်ရင် ဆေးခန်းထောင်ပေးမယ့် သူဌေးသမီးကို ချွေးမတော်ချင်တာ"

"အစ်ကိုကြီးနဲ့ လူကြီးတွေ ပေးစားတာလား"

"ဇာတ်လမ်းထဲမှာ အကဲအပါဆုံး ဒေါ်အေးမိစံရဲ့အစ်ကိုလေ၊ ဘွားဘွားကို လာတောင်းတော့ ဘွားဘွားက ကျေနပ်တယ်"

"ဩော်"

"အန်တီအေးမိစံကို ကိုကိုကြီး မသိဘူးလား"

"အစ်ကိုကြီးမှာ နိုင်ငံခြားသွားနေတဲ့ ညီမတစ်ယောက်ရှိတယ်လို့ ကြားဖူးတယ်"

"အဲဒါ အန်တီအေးမိစံပဲ၊ အိမ်ထောင်ကျပြီး ယောကျ်ားက နိုင်ငံခြားမှာ အလုပ်သွားလုပ်လို့ ပါသွားတာ၊ ဖေဖေတစ်ယောက်တည်း မိဘအမွေတွေ အကုန်ရလိုက်တယ်လေ"

"ပြန်မလာတော့ဘူးလား"

"မလာတော့ဘူး၊ မီးကတော့ အန်တို့ကို နားမလည်ဘူး၊ မြန်မာပြည်မှာလည်း သူ ဆင်းတောင့်ဆင်းရဲမှ မဟုတ်တာ၊ နေဖို့တိုက်ရှိတယ်၊ စီးဖို့ကားရှိတယ်၊ ဝတ်ဖို့စိန်ရှိတယ်၊ ဘာလိုသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … နိုင်ငံခြားရူး ရူးကြတဲ့လူတွေဟာ များသောအားဖြင့် အဲဒီလို သူဌေးတွေချည်းပဲ၊ ဧည့်စိမ်မှာ မရောင့်ရဲနိုင်တာ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်နိုင်ငံကို မချစ်တတ်တာပေါ့လေ၊ ပြီးတော့ကော ဇာတ်လမ်းက ဘယ်လိုဆက်ဖြစ်သေးလဲ"

"မေမေ လက်ထပ်တော့မယ့်သတင်း ကြားတော့ ဦးမောင်မောင် ဆွေ့ဆွေ့ခုန်တယ်လေ"

"ဟုတ်လား"

"ရင်ထဲမှာ မီးတောင်ကြီး ပေါက်ကွဲသလို မနေနိုင် မထိုင်နိုင် ပြေးလာတယ်၊ သူ သိပ်ချစ်ပါတယ် ဆိုတဲ့အကြောင်း၊ ဆရာမစေတနာကို သူ့အမေ အမိဗ္ဗာယ်ကောက်လွဲတာ၊ မိခင်မေတ္တာနဲ့ သားကို ကောင်းစားစေချင်တာ အမေကနှုတ်နဲ့ကြောင်းပေးသမျှ ရေးချရတာတွေ ဝန်ခံတယ်တဲ့ …

"တောင်းလည်း တောင်းပန်တယ်၊ ဘယ်လိုမှ မခွဲနိုင်ပါဘူးဆိုပြီး မေမေ့ကို အတင်းခိုးတယ်"

"ဟင် …"

"ဟုတ်တယ်၊ မေမေကလည်း လိုက်မလို့တဲ့၊ ဘွားဘွားမိသွားလို့ ဘွားဘွားက သတိလစ်သွားတာနဲ့ မလိုက်ဖြစ်တော့ဘူး"

"တော်တော်ချစ်ရှာတာနော်"

"အဲဒီလောက်ထိ ချစ်ကြတဲ့ ချစ်သူတွေဟာ မိဘနဲ့ချစ်သူ လွန်ဆွဲပွဲ ကြုံလာတိုင်း တစ်ရာမှာ ကိုးဆယ်ကျော်က မိဘဘက် မဲတင်းကြတာပါပဲ သမီးရယ်တဲ့၊ မေမေကျ မိးကို ပြောပြတုန်းက ငိုတယ်"



"အစ်ကိုကြီးကို ခုချိန်ထိ မချစ်ဘူးလား"

"နေမလား ကိုကိုကြီးရယ်၊ အစက မချစ်ပေမယ့် ကိုယ့်ခင်ပွန်း ဖြစ်လာတော့ အားကိုးတာကအစ သံယောဇဉ်တွယ်ကြရတာ မိန်းမသားတွေပါ"

"အစ်ကိုကြီး ရှာပနမှာ အစ်မကြီး မျက်ရည်တစ်စက်မှ မကျဘူး"

"လက်ကျန် လုံးဝမရှိတော့လို့ပါ၊ မန္တလေးမှာတုန်းက ရင်ကွဲမလောက် လူးလိမ့်ငိုတာ"

"စိတ်နာသွားတယ် ထင်ပါရဲ့နော်၊ သံယောဇဉ်ပြတ်ကို လုပ်သွားတာ"

"မေမေက ဖေဖေ့အပေါ်မှာ အရှိန်းနဲ့ဆိုး ဆိုးပါတယ်၊ ဖေဖေက သိပ်ချစ်ပြီး သိပ်အလိုလိုက်တာ။ ဖေဖေ နောက်မိန်းမတစ်ယောက် ယူထားမယ်ဆိုတာ ဘယ်တုန်းကမှ မထင်ခဲ့ဘူး"

ဝေဟင် နှုတ်ဆိတ်သွားရတော့သည်။

ဘာကယ်ဆို အစ်ကိုကြီးအကြောင်းကို သူက အရင်ဆုံး သိသင့်သူ ထိန်းသိမ်းရမည့်သူ မဟုတ်လား။

"ယောကျ်ားဆုံးတာရော နောက်မိန်းမရှိတာပါ တစ်ပြိုင်တည်း သိလိုက်ရတဲ့ မေမေ့ခမျာ …"

ခေမာ စကားဆုံးအောင် မပြောနိုင်တော့ပါ။ မျက်ရည် ချက်ချင်းဝဲလေ၏။ အသံလေး တိမ်ဝင်သွားသည်မို့ ခိုဝဲလာသည့် မျက်ရည်စက်တွေ စီးကျမလာအောင် ကြိုးစားထိန်းရင်း စကားကို ရပ်ပစ်လိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာတွေလည်း ပြီးကုန်ပြီ ခေမာရယ်၊ ငိုမနေပါနဲ့တော့"

"ကိုကိုကြီး"

"ပြော ခေမာ၊ ကိုကိုကြီး ဘာလုပ်ပေးရမလဲ"

"မီးတို့က အမိအဘကို အသက်ရှင်နဲ့ အချစ်ရှင်နဲ့ပြီး ချစ်တတ်တဲ့ မျိုးရိုးပါ"

"လိမ္မာတာပေါ့ ကလေးရယ်"ဟု ရင်ထဲမှာပဲ ကျိတ်ပြောဖြစ်ပါသည်။

"မီး ဆယ်တန်းဖြေနေရလို့ ဖေဖေ့ကို မီး နောက်ဆုံး မြင်တောင်မမြင်လိုက်ရပါဘူး၊ မေမေက တမင်ထားပစ်ခဲ့တာ၊ ဖေဖေဆုံးတာ မီး မသိဘူး"

"တိတ်ပါ ခေမာ၊ မငိုပါနဲ့ကွယ်"

သည့်ထက်လည်း ပိုမချော့တတ်ပါ၊ သနားလိုက်တာကတော့ လွန်ပါရော။ ကိုယ့်အဖေတစ်ယောက်လုံး ဆုံးတာမှ မသိလိုက်ရသည့် တစ်ဦးတည်းသော ဖေချစ်သမီးလေး ကံဆိုးရှာ၏။

"စာမေးပွဲကလည်း တစ်ကြောင်း၊ မေမေက စိတ်ကြီးတယ်၊ မန္တလေးမှာကျတော့ မိန်းမနဲ့သမီးကို ငုံ့ခဲထားတော့မလောက် ချစ်ပြနေတဲ့သူက ရန်ကုန်မှာ မိန်းမတစ်ယောက်နဲ့ဆိုတော့"

ဝေဟင် မျက်စိမျက်နှာ ပျက်ရပြန်ပါပြီ။

"ဒီလို သစ္စာမရှိတဲ့ အဖေမျိုးအတွက် စာမေးပွဲအကျခံပြီး အသုဘပို့ဖို့ မလိုဘူးတဲ့လေ"

"အစ်မကြီးကလည်း စိတ်ကြီးလိုက်တာ၊ ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပဲ"



"မီးက ဖေဖေ့ကို ချစ်ပါတယ်၊ အပြစ်လည်း မတင်ပါဘူး၊ ကိုကိုကြီးကို တစ်ခုမေးချင်တယ်"

"မေးပါ"

"ဖေဖေ အဲဒီလိုရှိတာ ကိုကိုကြီး မသိဘူးလား"

"မသိလို့ပေါ့ ခေမာ၊ သိများသိရင်"

"မေမေ့ဆီ လှမ်းတိုင်မှာလားဟင်"

"တိုင်တာ နောက်မှဖြစ်ချင်ဖြစ်မယ်၊ ဒီမှာတော့ ဖြစ်တဲ့နည်းနဲ့ ဖျက်မှာပဲ"

"အဲဒီအမျိုးသမီးမှာ ကလေးရှိလား"

"အခု ... အဲ ... ကိုယ်ဝန်နဲ့တဲ့"

"မီး တွေ့ချင်တယ်"

"ဘာလို့ တွေ့မလဲ၊ သူလည်း သူ့ရပိုင်ခွင့်နဲ့သူ၊ ကိစ္စက ပြီးသွားပြီ"

"အဖေတူအမေကွဲ ညီမလား မောင်လား ကျန်ဦးမှာလေ"

"ခေမာ ချစ်မှာလားဟင်၊ ဒီကလေးကို"

"မပြောတတ်သေးဘူး"

"ကလေးမွေးလာတော့မှ တွေ့ချင်တွေ့ပေါ့ ခေမာ၊ ခုတော့ တွေ့ဖို့အကြောင်းလည်း မရှိပါဘူး"

"ဦးဦးကလည်း ပေးမတွေ့ဘူး"

"မတွေ့တာ အကောင်းဆုံးပေါ့ ခေမာ၊ ဘာထူးမှာမှတ်လို့"

"ဘယ်လောက်လှလို့ ဖေဖေ့ကို"

"သိပ်မလှပါဘူး"

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ရွက်ကြမ်းရေကျိုသာသာပါပဲ"

"မေမေက အရမ်းလှတယ်၊ အရွယ်လည်းတင်တယ်"

"ပြောကြပါတယ်၊ မြင်ဖူးတဲ့လူတိုင်းက အစ်ကိုကြီးမှာ သမီးနှစ်ယောက် ရှိသလိုပဲ၊ အစ်မကြီးက သမီးအကြီးလား မှတ်ရတယ်တဲ့"

"ယောကျ်ားတွေ ဘာဖြစ်လို့ နောက်ထပ်မိန်းမ ယူကြသလဲ ဆိုတာ မီး တွေးလို့ကို မရဘူး"

"အကြောင်းကြောင်းကြောင့်ပေါ့ကွယ်၊ တချို့က တိုက်ဆိုင်ကြုံကြိုက်သွားလို့၊ တချို့လည်း ဝါသနာပါလို့ ဖြစ်မှာပေါ့"

"ဖေဖေ ဒါမျိုးဝါသနာမပါပါဘူး၊ ဝါသနာပါရင် အစောကြီးကတည်းက ဖြစ်မှာပေါ့"

"အကြောင်းတိုက်ဆိုင်သွားလို့ပဲ မှတ်လိုက်ပေါ့ ခေမာ"

"မေမေကလေ ..."

မေမေ့အကြောင်း ပြောတော့ မေမေ့ကို လွမ်းရပြန်သည်။

"ဖေဖေ ဒီတစ်ခေါက်ပြန်လာရင် သိပ်မဆိုးတော့ဘူးတဲ့၊ ဗိုလ်ကျအနိုင်ယူ နွဲ့ဆိုးတွေလည်း မလုပ်တော့ဘူးတဲ့ စိတ်ကူးထားတာတဲ့"

"ဩော် ... ဖြစ်မှဖြစ်ရလေ"

ဝေဟင် တကယ်ပဲစိတ်မကောင်း ဖြစ်သွားရပါသည်။

"အဲဒီလို စိတ်ပြင်လိုက်ချိန်ကျမှ မမျှော်လင့်တဲ့အဖြစ်ကို ဗြုန်းစားကြီး ကြားလိုက်ရတော့ မေမေ အရမ်းကို စိတ်ထိခိုက်သွားရှာတယ်"



"အင်းပေါ့၊ ဖြစ်မယ်လေ"

"မေမေဟာ ချစ်သူကို စွန့်ခွဲရလို့ နှစ်ပေါင်းများစွာ ကျိတ်ငိုခဲ့ရတယ်၊ အဲဒီမျက်ရည်တွေခန်းပြီး မေမေ့ဘဝလေး အထာကျမယ်လည်းဆိုရော အကြီးအကျယ် စိတ်ထိခိုက်တော့တာပဲ၊ မေမေ့လောက် ကံဆိုးတဲ့မိန်းမသားတော့ ရှိမှာမဟုတ်တော့ပါဘူး ကိုကိုကြီးရယ်"

"ဒါပေါ့ကွယ်၊ တစ်ယောက်ကို ကုသိုလ်တစ်မျိုးစီနဲ့ မဟုတ်လား"

"ကိုကိုကြီး"

"ပြောလေ ခေမာ"

"ဖေဖေ ဘာရောဂါနဲ့ ဆုံးတာလဲ"

"ဆရာဝန်က ဦးနှောက်သွေးကြော ပြတ်သွားတယ်လို့ ပြောတာပဲ၊ အစ်ကိုကြီးမှာ သွေးတိုးရှိတယ်လေ၊ ခေမာ မသိဘူးလား"

"မီး မသိပါဘူး"

"သွေးတိုးတို့ နှလုံးတို့ဆိုတာက ဖြစ်ချင်ရင် ပက်ခနဲပဲ ခေမာရယ်"

"ရန်ကုန်ဆင်းမယ့်ဆဲဆဲ မီးကိုနမ်းသွားရှာသေးတယ်"

ဝေဟင် ဖျက်ခနဲ လှည့်ကြည့်မိပြန်သည်။

ဦးအောင်သူတို့ ဧည့်ခန်းမှာ ထိုင်စကားပြောနေကြခြင်းမို့ ကြီးကြီး ဒေါ်သူဇာက စားစရာတွေ လာချပေးထားသည်။ မည်သူမျှ မစားဖြစ်ကြသေးပါ။ လင်းမွန်မေတ္တာမှာ စားလာခဲ့ကြသည်မို့ ဗိုက်တွေကလည်း ပြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝေဟင်က ခေမာ့ကို သိပ်မကြည့်ဘဲ မျက်နှာကို ခပ်လွှဲလွှဲထားသည်။ တစ်ချက် တစ်ချက်တော့ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သနားစရာ ဆယ်ကျော်သက်မလေးပါပဲ။ မျက်နှာနုနုလေးမှာ သောကရင့်ရင့်တွေ စွန်းထင်းနေရှာ၏။

"ဒေါ်ငွေစင့်အိမ်မှာ ဆုံးတာနော်"

ဝေဟင် ခေါင်းပဲညိတ်ဖြစ်သည်။ သည်ကိစ္စတွေ ဒီကလေးမကို ပြောပြထားကြပြီးသား ဖြစ်မှာပါ။ သို့ပေမဲ့ ကိုယ်တိုင်ကိုယ်ကျ မသိခဲ့ရသူမို့ လူတွေ့တိုင်း သူ မေးနေရှာတော့မှာပဲ ထင်ပါရဲ့။

"သိပ်အောက်တန်းကျတာပဲ"

"ဘာကိုလဲ ခေမာ"

"နောက်မိန်းမအိမ်မှာ ပိုးစိုးပက်စက် ဖြစ်သွားရတာလေ၊ မန္တလေးမှာဆို ဖေဖေက မြို့မျက်နှာဖုံးပါ၊ ဘယ်လောက် သိုက်သိုက်ဝန်းဝန်း ဖြစ်လိုက်မလဲ"

ရန်ကုန်မှာတော့ ဦးထွန်းလင်းကို လူသိနည်းတာ အမှန်ပါ။

"အစ်မကြီးကိုယ်တိုင် စိတ်တိုင်းကျ စီစဉ်သွားပါတယ် ခေမာ၊ ဘာတစ်ခုမှ လိုအပ်တယ်ရယ် မရှိလိုက်ပါဘူး"

"ဘာလုပ်မလဲ"

"ခေမာ အစ်ကိုကြီးအုတ်ဂူကို ရောက်ပြီးပလား၊ ကြွေပြားတွေနဲ့ လှလှပပ ခန့်ခန့်ညားညား လုပ်ထားတာပါ"

"ရန်ကုန်ရောက်ရောက်ချင်း သွားကန်တော့ပါတယ်၊ ကိုကိုကြီးရယ်၊ မီးရင်ထဲမှာ နည်းနည်းမှ မရှိဘူး"



"ပြေပါ ခေမာ၊ ပြီးတာတွေ ပြီးကုန်ပြီ၊ ပြန်ပြုပြင် ဖန်တီးလို့လည်း မရတော့ဘူး"

"ဒေါ်ငွေစင်က နာရေးကြော်ငြာ ထည့်လိုက်တော့ မေမေ အရှက်ကွဲတာပါပဲ"

အဲဒီကြော်ငြာ မထည့်ဖို့ ဝေဟင် ဘယ်အထိ တားမြစ်ဆောင်ရွက်ခဲ့တယ် ဆိုတာ ပြောမပြချင်တော့ပါ။ ဝေဟင့်ကြိုးစားမှုက မအောင်မြင်ခဲ့ချေ။ ဒေါ်ငွေစင် ထည့်ဖြစ်အောင်ထည့်သည်။

"ငါ့အိမ်မှာ ငါ့ယောကျ်ား တစ်ယောက်လုံး ဆုံးတာ တစ်ရပ်ကွက်လုံးလည်းအသိ၊ ကြော်ငြာ ထည့်ကိုထည့်ရမယ်"

တဲ့ ...။ သြော် ... အစ်ကိုကြီး ဦးထွန်းလင်း ဒီလို အခြေအနေကိုများ ရောက်ရတယ်ရယ်လို့။

"တစ်ချိန်လုံး သိက္ခာသမာဓိနဲ့ အကြည်ညိုခံခဲ့ရတဲ့ ဖေဖေလည်း သေတာနဲ့ အရှက်လုံးလုံး ကွဲရတာပါပဲ"

"အဲဒါကျတော့ တစ်မျိုးပေါ့ ခေမာ"ဟု ပြောချင်မိသည်။ ဘာဖြစ်လို့ ဆင်ဆော့ခဲ့သေးလဲ။ အရှက်ကွဲရမည့်အဖြစ်ကို ဘာဖြစ်လို့ ဖန်တီးခဲ့သေးလဲ။ ကရုဏာဒေါသောဖြင့်သာ ဆိုရ အစ်ကိုကြီး ဦးထွန်းလင်းသည် မိန်းမရှုပ်ဖို့ ဝါသနာပါသူ မဟုတ်တာ ဝေဟင် ကောင်းကောင်းသိသည်။

ဘယ်သူ့ကို အပြစ်တင်ရမှာလဲ ထားပါတော့။ မိမိ ပြန်ပဲလို့။ ဤကိစ္စပေါ်ပေါက်မလာအောင် ဘာဖြစ်လို့ မတားနိုင်ခဲ့ရတာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ငွေစင်နဲ့ ပတ်သက်လို့ ခေမာ ဘာလုပ်ချင်လဲ"

"သူ့ကို ဒုတိယထားပါတယ်"

"ပထမလုပ်ချင်တာက ဘာလဲ"

"လင်းမွန်မေတ္တာနဲ့ လင်းမွန်သစ္စာရဲ့ ဖေဖေကို ဘယ်သူ အနီးကပ် ဖျက်ဆီးလိုက်တယ်ဆိုတာ သိချင်တယ်"

ဝေဟင့်မျက်နှာ ကွက်ခနဲ ပျက်ပြန်၏။

"ဘာလုပ်ချင်လို့လဲ ခေမာ"

"မီးတို့မိသားစု အဝန်းအဝိုင်းလေး ပြိုကွဲသွားရသလို သူ့ ဘဝလည်း ပျက်စီးစေချင်တယ်"

"ခေမာရယ် အာဃာတဆိုတာ မီးပါ"

"မီးနာမည်ကိုက မီးပဲဟာ၊ သူများကို မလောင်ရရင် ကိုယ့်ကိုယ်ကိုယ်လောင်မှာ"

"ဒေါ်ငွေစင်ကျတော့ကော ..."

"သူ့ဆီမှာ သင်တန်းတက်ရမယ်လေ၊ တစ်ဖက်သားရဲ့ အသိုက်အမြုံကို ဖျက်ဆီးနိုင်တဲ့ အတတ်ပညာဆိုတာ လူတိုင်းမှာ ရှိတာမှတ်လို့"

"ဘာတွေ လျှောက်လုပ်နေလို့လဲ ခေမာ၊ ခေမာ ငယ်ငယ် လေး ရှိသေးတယ်၊ ပြီးတော့ မိန်းကလေး"

"အသက်ငယ်တယ် ကြီးတယ် ဆိုတာ စောစွေးတာနဲ့ နောက်ကျမွေးတာကို တိုင်းတာတဲ့ စကားပါ"

"မဟုတ်သေးပါဘူးကွာ၊ ခေမာ မှားနေပြီ"

"များသောအားဖြင့် လူ့ပြည်မှာ ခပ်ကြာကြာ နေပြီးနေပြီ ဆိုတဲ့ လူကြီးတွေက အတွေ့အကြုံ ပိုများတော့ အသိဉာဏ် ပိုများတတ်ပါတယ်၊ ကိုးဆယ်ရာခိုင်နှုန်းလောက် ဆိုပါ တော့ ...

"လူ့ပြည်မှာ သိပ်မနေရသေးလို့ လူငယ်ဖြစ်နေရ ပေမယ့် အတွေ့အကြုံ နည်းသေးတယ်ဆိုပေမယ့် အသိ ဉာဏ် ဆိုတာကတော့ ကြီးတာ ငယ်တာနဲ့ သိပ်မဆိုင်ပါ ဘူး ကိုကိုကြီးရဲ့ ...

"ပြီးတော့ ယောကျ်ားနဲ့မိန်းမ ဘာကွာလို့လဲ၊ ခွန် အားကြီးတာနဲ့ ခွန်အားနည်းတာတော့ ကွာတယ်၊ ဆင်ကြီး တွေကို လူက ချွန်းနဲ့ပေါက်ပြီး စီးရတာပါ ...

"ခွန်အားနဲ့လည်း သိပ်မဆိုင်ပါဘူး၊ မီးကိုယ်မီး အထင်ကြီးတယ်"

"စိတ်ကို နည်းနည်းလျှော့ပါလား ခေမာ"

ခေမာ ခေါင်းခါ၏။

"လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းလည်း အမှားတွေ့တတ်တယ်၊ ငါဟာ အလကားပဲဆိုပြီး စိတ် ဓာတ်ကျလွန်းလည်း ဘာတစ်ခုမှ မဖြစ်ထွန်းဘူး၊ အလယ် အလတ် အသင့်အတင့်ပေါ့ ခေမာရယ်"

"ကိုကိုကြီးရော ... ကိုယ့်ကိုယ်ကိုယ် အထင်မကြီးဘူး လား"

"ကြီးတယ်လည်း မဟုတ်၊ သေးတယ်လည်း မဟုတ်၊ လုပ်သင့်လုပ်ထိုက်တာကို ဖြစ်အောင် ဖန်တီးနိုင်အောင် ကြိုးစားနေတာပဲ"

"ချီးကျူးပါတယ် ကိုကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခေမာ လက်ကလေးတစ်ဖက် ဆန့်ထွက်လာသည်။ ဝေဟင် ကြောင်ကြည့်နေမိသည်။

"လက်ပေးလေ ကိုကိုကြီးရဲ့"

ဝေဟင့် ညာဘက်လက်ကို လာဆွဲယူဆန့်သည်။ ဖျစ်ဖျစ်ညှစ်ညှစ်ဆုပ်ကာ ဆွဲခါလေ၏။ ဝေဟင် လူရိုးဟု တိတိပပ မဆိုနိုင်ပါကြား မိန်းမသားများနှင့် ဆက်ဆံရေးတွင်တော့ အလွန့်အလွန် ရိုးသားသူပါ။ တစ်စိမ်းမိန်းကလေးတစ်ယောက်နှင့် ခုလောက် တရင်းတနှီး မနေဖူးပါ။

ခုလို လက်ချင်းဆွဲ၍ နှုတ်ဆက်ဖို့ဆိုတာများ မှတ်မှတ်ရရ ဒီတစ်ခါပဲ ကြုံဖူးပါလေ၏။ ခေမာက ပြုံးနေသည်။ ဝေဟင်တော့ မျက်နှာပြင်တစ်ခုလုံး တွတ်တွတ်ရဲလေ၏။ ဘာကိုသဘောကျသွားမှန်း မသိပါ။ ခေမာ ဟက်ဟက်ပက်ပက် ရယ်လေသတည်း။

○♡○

"ဟောတော့ ... ကိုမျိုး၊ ကြီးကြီးရေ ... ကိုမျိုး လိုက်လာတယ်"

လှိုက်ခနဲအပျော်ကြောင့် လက်ဝါးလေးနှစ်ဖက်ကို ကောင်း ဖြန်းဖြန်းနှင့် နှစ်ချက်တီးလိုက်မိသည်။ အိမ်၏အတွင်းခန်းဘက်သို့ မျက်နှာလှည့်၊ ခြေဖျားလေးထောက်ကာ အော်ပြောလိုက်သေးသည်။



"ဟဲ့ ... ငါရောက်လာတာကို ရုပ်ရှင်ထဲမှာ လူဆိုးနဲ့ဇာတ်လိုက်ချတုန်း ရဲတွေရောက်လာလို့ ကလေးတွေ လက်ခုပ်တီးတာ ကျနေတာပဲ၊ ခုထိ ဆော့တုန်း"

"ဟာ ... ကိုမျိုးကြီးကလည်း ပျော်လို့ဥစ္စာ၊ ထိုင် ... ထိုင်နော်၊ သယ်စရာ ဘာပါလဲ၊ မီးသယ်ပေးမယ်၊ စားစရာရော ဘာပါလဲ၊ မီး စားပေးမယ်"

ဒေါ်သုဇာ ထွက်လာကာ ကိုမျိုးကို စူးစမ်းစွာကြည့်သည်။

"သယ်စရာကတော့ အဝတ်အစားထည့်တဲ့အိတ်ပဲ၊ ကားပေါ်မှာပါတယ် သွားသယ်ချေ"

ကိုမျိုးက ဆိုဖာဆက်တီပေါ် အားနာခြင်းကင်းစွာ ထိုင်ချသည်။

"သယ်မယ် ... စားစရာရော"

"တံခါးဝမှာ"

"လီမွှော်သီးခြင်းလား"

"ချွတ်ထားခဲ့တဲ့ ဖိနပ်"

"ဟောဒီ ... ကိုမျိုးကြီးဟာလေ"

ခေမာ ပြေးထတော့ ကိုမျိုးက တွန့်လိမ်၍ ရှောင်သည်။ ဒေါ်သုဇာ မျက်ခုံးတွေ အတွန့်ကျိုးကျတော့သည်။

"သြော် ... ကြီးကြီး၊ အဲဒါ ကိုမျိုးလေ၊ အောင်ပန်းက လီမွှော်ခြံမှာနေတဲ့ ကိုမျိုးလေ"

"သြော် ... အေး ... အေး၊ မှတ်တောင် မမှတ်မိဘူး၊ ထွားလာလိုက်တာ၊ ကိုကျော်မျိုးသား မောင်နေမျိုးဆိုတာလား

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျ"

"ခစ် ... ရယ်ရတယ်၊ ကြီးကြီးကလည်း မမှတ်မိရအောင် ဘယ်တုန်းက မြင်ဖူးလို့လဲ"

"အေးပဲ့"

ခုမှ ဒေါ်သုဇာ ဘဝင်ကျသွားပုံရသည်။ ကုလားထိုင်တစ်လုံးပေါ် ဝင်ထိုင်ကာ သူပါ ရောရယ်သည်။ ဦးကျော်မျိုးဆိုတာက ဦးထွန်းလင်း၏ညီ တစ်ဝမ်းကွဲပါ၊ မောင်နေမျိုးသည် ခေမာနှင့်ဆိုတော့ မောင်နှမနှစ်ဝမ်းပဲ ကွဲသည်။ ဝမ်းကွဲဆိုပေမယ့် အရင်းအချာ မရှိသည့် ခေမာက ဤနှစ်ဝမ်းကွဲတွေကိုပဲ အရင်းအချာ သဘောထားနေရသည်။

အန်တီအေးမိစံကမွေးသည့် တစ်ဝမ်းကွဲတွေကလည်း နိုင်ငံခြားမှာ။ နာမည်တွေသာ ကြားဖူးထားရပြီး ဒေါ်သုဇာတောင် မမြင်ဘူးခဲ့ပါ။

"ကြီးကြီးက ကိုထွန်းလင်း ပြောပြောနေတဲ့ မောင်နေမျိုးဆိုတာကို ခုနစ်တန်း ရှစ်တန်းကျောင်းသားလေး မှတ်နေတာ၊ ကိုထွန်းလင်း စကားထဲမှာ ကလေးက ကလေးကနဲ့ ထည့်ထည့်ပြောလို့"

"ဖေဖေက သူ့တူ တူမဝမ်းကွဲတွေကို သိပ်ချစ်တာ ကြီးကြီးရဲ့"

"ကျောင်းနေတုန်းလား မောင်နေမျိုး"

"ကျွန်တော် မာဖူးက မနှစ်ကပဲ ကျောင်းပြီးပါတယ်"

"တယ်ဟုတ်ပါလား"



ကိုမျိုးတို့က ခေမာတို့ မန္တလေးအိမ်ဆို တံခါးမရှိ ဓားမရှိ မီးဖိုချောင်ထိဝင်ကာ စားချင်တာ နှိုက်စားနေကျပါ။ ဒီတော့ ခေမာ့ကို မြင်သည်နှင့် ဘယ်သူ့အိမ်ဖြစ်ဖြစ် ရဲတင်းရင်းနှီးနေရတော့သည်။

"အလည်လာတာလား မောင်နေမျိုး"

"အန်တီသီရိ လွှတ်လိုက်တာပါ"

"ဘာဖြစ်လို့လဲကွယ်၊ သီရိ နေထိုင် ..."

"နေကောင်းပါတယ် ခင်ဗျ၊ ခေမာ ရန်ကုန်ဆင်းတယ်တဲ့၊ မင်း လိုက်သွားပါလို့ လူကြုံနဲ့ လွှတ်ပြောတာပါ"

"ဪ ... ကြီးကြီးက စိတ်များတောင် ပူသွားတယ်"

"အစောကြီးကတည်းက မေမေက ကိုမျိုးပါမှဆင်းလို့ ပြောတာ၊ ကိုမျိုးက ခြံထဲမှာ အလုပ်ကလေးတွေ ရှိနေသေးလို့ ကျန်ခဲ့တာ"

"အေး ... အေး၊ ရောက်တဲ့အခိုက် ကိုယ့်အိမ် ကိုယ့်ရာလို နေနော်"

"ကျွန်တော် လင်းမွန်မေတ္တာမှာ တည်းပါမယ်"

"မဟုတ်တာ၊ ကြီးကြီးတို့အိမ် ကျယ်သားပဲဟာ၊ ဘယ်သူရှိတာမှတ်လို့"

"တည်းပစေ ကြီးကြီး၊ သူက သူ့ဒွေး"

"အန်တီသီရိက ငွေတစ်သောင်း ပေးလိုက်တယ် ခေမာ လိုရင် ထပ်မှာတဲ့"

"ကြီးကြီးတို့အိမ်မှာ နေနေတာ ခေမာလေးအတွက် ငွေကုန်စရာ မရှိပါဘူး မောင်နေမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကြီးကြီး၊ ကျွန်တော် လင်းမွန်မေတ္တာမှာ ရက်ရှည်လများ တည်းခိုဖို့ပါ"

"ဟဲ့ ... ကြားလိုက်ရရင် အဆန်းချည်းပဲ၊ ကိုယ့်ဟိုတယ် ကိုယ်တည်းတာ ပိုက်ဆံပေးတည်းခိုင်းသတဲ့လား"

"ကျွန်တော် သူစိမ်းအဖြစ် တည်းမှာပါ ကြီးကြီး"

"ဘာဖြစ်လို့ပါလိမ့်ကွယ်"

"မီး နောက်တော့ ရှင်းပြပါ့မယ် ကြီးကြီး"

ခေမာက ဝင်ပြောသည်။

"ကိုမျိုးတို့များ သိပ်ရှော်တာပဲ"

"ရှော်ဆို လူပျိုကိုးဟ၊ ကိုယ့်အဝတ် ကိုယ်မရှော်လို့ ဘယ်သူရှော်ပေးမလဲ"

"လိမ္မော်သီးလေး တစ်ခြင်းလောက် ဆွဲတင်ခဲ့ရင် သေမှာလား"

"ဘဘဦးထွန်းလင်း သမီး မဟုတ်တဲ့အတိုင်းပဲ၊ နွေခေါင်ခေါင်ကြီး လိမ္မော်သီးရှိမလား"

"ပန်းသီးရော"

"မရှိဘူး"

"သစ်တော်သီး"

"မရှိဘူး"

"လိုက်ချီး"

"လိုက်ချီးတော့ မရဘူး၊ စားချင်ရင် ခွေးချေးပဲရမယ်"

"အဲဒါ ကိုမျိုး ရည်းစားကိုကျွေး"



ဒေါ်သူဇာ တော်တော်လေး စိတ်ချသွားရပါတော့သည်။ သူတို့မောင်နှမဝမ်းကွဲ ဆိုပေမယ့် အရင်းနှင့်မခြား ချစ်ကြသည်ပဲ။

"အဝတ်အိတ် သယ်ပေးမယ်ဆို၊ သွားသယ်လေ"

"ကိုမျိုးက တော်ကြာဆို လင်းမွန်မေတ္တာကို သွားမှာမဟုတ်လား၊ အဲဒီတော့ ပြန်တင်ရမယ့်အတူတူ မသယ်တော့ဘူး"

"ခွေးမလေး ဉာဏ်ချည်းပဲ"

ခေမာ တခစ်ခစ် ရယ်ပြန်၏။

"အအေးလေး ဘာလေး မတိုက်ဘူးလားဟာ၊ နင်တို့ရန်ကုန်က သေချင်စော်နံအောင် ပူတာပဲ"

"ဟုတ်ပါရဲ့၊ ကြီးကြီးလည်း အံ့သြဝမ်းသာနဲ့ မေ့နေတယ်"

ဒေါ်သူဇာ ထိုင်ရာမှ ထသွားတော့သည်။

"ဒီလောက် ငတ်ရလား"

"ငတ်တယ်၊ ခုချိန်မှာ ရည်းစားမျက်နှာ ကြည့်မလား၊ ရေခဲရေ သောက်မလားဆိုရင် ရေခဲရေပဲ သောက်မယ်၊ ရည်းစားမျက်နှာက အမောမပြေဘူး"

"မမစိမ်းနဲ့ တိုင်ပြောမယ်"

"သွားတိုင် လူကြဲ့ရှိတယ်"

"ဘယ်မလဲ"

"ကားပေါ်မှာ"

"ဘယ်သူလဲ"

"သွားကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခေမာ လှစ်ခနဲ ထပြေးလေ၏။ ကလေးစိတ် ဘယ်လိုမှ မကုန်သေးသူမို့ သူ့အသိုင်းအဝိုင်းမှာဆို ရှစ်နှစ်သမီးလေး၏ လှုပ်ရှားမှုမျိုးဖြင့် ထာဝရ ယောက်ယက်ခတ် နေတတ်သည့် ခေမာပါ။

"ဟယ် ... ဟယ် ... ဝမ်းသာလိုက်တာ ခွန်သာရယ်၊ နင်လည်းပါတယ်နော် မီနန်း၊ ငါ အားရှိလိုက်တာ၊ ကိုမျိုးကြီးက မပြောဘူးဟဲ့၊ နင်တို့က ဘာဖြစ်လို့ ကားပေါ်ကမဆင်းကြတာလဲ၊ ဟောတော့ ရှေ့ခန်းမှာ ထူးကျော်ပါလား၊ ပျော်လိုက်တာ ... ပျော်လိုက်တာ"

ခေမာ ဆွေ့ဆွေ့ခုန်လေ၏။

ခွန်သာနှင့် နန်းတို့က မမစိမ်း၏ မောင်နှင့်ညီမဖြစ်၏။ သူတို့နှစ်ယောက်က အမြွှာမောင်နှမ။ ထူးကျော်က သူငယ်ချင်း။ ခွန်သာရယ်၊ နန်းရယ်၊ ထူးကျော်ရယ် အားလုံး ခေမာနှင့် အတန်းတူ။ ဆယ်တန်းဖြေထားကြသူများ ဖြစ်လေသည်။ သိပ်ကိုချစ်ကြသည့် သူငယ်ချင်းတွေပါ။

"ရန်ကုန်မှာ နင်က အိမ်ရှင်ပဲ၊ နင် ထွက်ကြိုရမှာပေါ့"

ထူးကျော် ကားသောမှ တွေ့ဆင်းလာကာ ရန်စကားကို အရင်ဆုံးပြောသည်။

"နင်က မာနကြီးနေရင် ငါက ကားပေါ်ကမဆင်းဘဲ မန္တလေးထိ ပြန်မောင်းတက်သွားမလို့"

"ထူးကျော် အစတ်ပလုတ် တွေ့တာနဲ့ မာန်ဖီပြီပဲ"

"ငါတို့ကို ဘာကျွေးမှာလဲ"



ဟိုင်းလတ်စ်ပစ်ကတ်ပေါ်မှ ခုန်ဆင်းသည်နှင့် နန်းက အစားကို အရင်မေးသည်။

"ကျွေးမယ်၊ နင်တို့ပစ္စည်းတွေ ချဦးလေ"

"မချတော့ဘူး၊ တို့မောင်နှမက လင်းမွန်သစ္စာမှာတည်းမှာ"

"တကယ်လား"

"အေး ... ထူးကျော်က ကိုမျိုးနဲ့တူတူ လင်းမွန်မေတ္တာမှာတည်းမှာ"

"မေမေ့ အစီအစဉ်လားဟင်"

"အေး ... နင့်အမေ မန္တလေးပြန်ရောက်လာပြီ၊ စစ်ကိုင်းချောင်သွားလည်း သောကဗျာပါဒက မအေးနိုင်တဲ့တူတူ ပြန်လာတာတဲ့"

"ဘွားလေးအုံးရော"

"တူတူပေါ့၊ ပြန်ပါလာတယ်"

"ဟိုကောင် ခွန်သာက ဘာဖြစ်လို့ မဆင်းသေးတာလဲ"

"နင်မှ ဆွဲမချတာ"

"သေပါလား"

ခွန်သာ လွှားခနဲ ခုန်ဆင်းသည်။

"နင်တို့ရန်ကုန် အရမ်းပူတယ်ဟာ"

"သေလိုက်"

"ဒီအချိန်ဆို ငါ အောင်ပန်း ပြန်နှပ်နေပြီ၊ နင့်ကြောင့်"

"ပြန်လေ ... ခုပြန်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးနှစ်ကောင် ကိုက်နေသည်။ ရေပက်၍ မရပါ။ သွားစွယ်တွေဖြီးပြ၏။ နားရွက်တွေ စုတ်ကုန်ပြီ"

"ထူးကျော် ငနော"

သင်ပုန်းကြီးဖတ်စာလုပ်၍ ရွတ်နေသည့် ထူးကျော်ကျောကုန်းကို ခေမာ အုန်းခနဲ ထုလေ၏။

○♡○

ဘီခြောက်ရာ ကားကလေး တုံ့ခနဲ ရပ်သွားရသည်။ ကားမောင်းလာတာ ကြာလှပြီ။ မျက်စိရှေ့မှာ တစ်ခုံတစ်ရာကို စိတ်ဝင်စားသွားရုံနှင့် ကားမောင်းဖျက်သွားရတာမျိုး တစ်ခါမှ မဖြစ်ဘူးပါ။

မြင်ကွင်းကို ကြည့်ပါဦး။

ခေမာက ကောင်လေးတစ်ယောက်ကို ကျောကုန်းလှမ်းထု ဟိုကောင်က ကျောကော့၍ရှောင်၊ ခေမာ အတင်းလိုက်ရိုက်တော့ လှည့်ပတ်ပြေး။ လွတ်အောင်မပြေးဘဲ အမီခံကာ ခေမာ့ လက်သီးဆုပ်ကလေးတွေကို လှမ်းဆွဲသည်။ သူတို့က ဘယ်လိုလဲ။ ကြီးကြီး ဒေါ်သူဇာက ဘယ်ရောက်နေလို့လဲ။

ကောင်လေးကို မထိလိုက်သည့် ခေမာ့လက်သီးဆုပ်က ဝေဟင့်ရင်ထဲ တည့်တည့်မှန်သည်။ အောင့်ခနဲ ခံစားရကာ မြင်ကွင်းကို စိတ်ဆိုးလိုက်မိပါ၏။ အဲသည့် မျောက်လောင်းလေး နှစ်ကောင်ကို ကုပ်မှဆွဲမ,ကာ ခြေဝဋ္ဌာတံတိုင်းထိ လွှင့်သွားအောင် လွှင့်ပစ်လိုက်ချင်စိတ် ပေါက်သွားရသည်။ ပြီးတော့ ခေမာစတီးလင်း



ဆိုသည့် ချာတိတ်မကိုကျတော့ ဝါးခြမ်းပြားလေးနှင့် ခပ်စပ်စပ်ရိုက်ပစ်ချင်မိသည်။ လူငယ်တွေ ယောကျ်ားလေးနှင့် မိန်းကလေး ထုထရိုက်ရိုက် ပုတ်ပုတ်ခတ်ခတ်နေတာ ကြည့်လို့မရပါလား။

ကိုယ်ကပဲ သိပ်ဟိုင်း၊ သိပ်အို၊ သိပ်ရင့်ကျက်ကာ ခေတ်နောက်မှာ ကျကျန်ခဲ့လေသလား။

ဝေဟင် ကားကိုချက်ချင်းပြန်ကွေ့ မောင်းထွက်သွားလေ၏။ တောက် ... ဒီမျက်စိကလည်း အရေးဆိုမှန်ပြီ။ မိခေမာကိုသာ တွေ့နေ မြင်နေကျမို့ အဝေးကပင် ခန့်မှန်းနိုင်သည်။ ပြဒ္ဒါလေးနှစ်ကောင်၏ မျက်နှာကို မမှတ်မိလိုက်။ အင်းလေ ... မမှတ်မိတာ ခပ်ကောင်းကောင်းပါ။ မှတ်မိနေရင် တွေ့လေရာအရပ်မှာ နားရင်းအုပ်မိမှာအမှန်။

ရင်မောရပါလား ခေမာရယ်။

○♡○

www.burmeseclassic.com

www.burmeseclassic.com



ဧယောင်းလမ်းမှာ လျှောက်ခဲ့သူပါ

"ကိုကိုကြီးလား ... မီးပါ"

"ဩော် ..."

အထွေထွေမန်နေဂျာဆိုသည့် စာတန်းပါ သုံးမြှောင့်သစ်သားတုံးလေးကို ဝေဟင် လက်ဖြင့်လှည့်ကစားရင်း စိတ်၏ဆောက်တည်ရာမရမှုကို ချိုးနှိမ်နေရသည်။ သည်ကလေးမနှင့် စကားမပြောဘဲ နေချင်သည်။ သူ့အသံကို ကြားရမှာ ကြောက်သည်။

မျက်စိရှေ့မှာ ရှိနေသည့် အထွေထွေမန်နေဂျာဆိုသည့် သစ်သားတုံးကို ဆွဲယူလွှင့်ပစ်လိုက်ခြင်းဖြင့် ဤအလုပ်မှထွက်ပြီးသား ဖြစ်သွားလျှင် ဘယ်လောက်ကောင်းမလဲ။ အလုပ်ထွက်ဖို့ ဆုံးဖြတ်ချက် အကြိမ်ကြိမ်ချသည်။ ကျကိုပဲမကျနိုင်။

ဩော် ... ကိုယ့်စိတ်ကိုယ် အစိုးမရပါလား။

"ဟော့ ... ကိုကိုကြီး ဘာဖြစ်နေတာလဲ၊ အသံတိတ်လို့"

"ခေမာ ပြောစရာရှိတာ ပြောပါ"

"မနေ့က ခြံရှေ့မှာ ကားလာရပ်ပြီးမှ ပြန်မောင်းထွက်သွားတာ ဘာသဘောလဲ"



"တခြား အရေးကြီးကိစ္စကို ချက်ချင်း သတိရသွားတဲ့သဘော"

တယ်လီဖုန်းနှင့် စကားပြောနေခြင်းပေမယ့် ခစ်ခနဲရယ်လိုက်မည့် ချာတိတ်မမျက်နှာကို မြင်နေမိ၏။ ဒီကလေးမ အပြုံးအရယ်ကိုများတယ်။ အဖေ ဆုံးထားတာမှ မကြာသေးဘူး။

ခေမာ့အပေါ် အပြစ်တွေချည်း မြင်နေမိသည်။

"အဲဒီအရေးကြီးကိစ္စကို ဆောင်ရွက်ပြီးပလား"

"မပြီးသေးဘူး"

"ဒါဖြင့် ဆက်ဆောင်ရွက်လေ"

"ဒီနေ့ တနင်္လာနေ့လေ၊ အလုပ်ဆင်းရတယ်၊ လခခုနစ်ရာကြီးများတောင် ယူထားတော့ ကိုယ်ရေးကိုယ်တာ ဦးစားမပေးရဲဘူး"

"ဟင် ... ကိုကိုကြီးလခက ခုနစ်ရာလား"

"များလို့လား လျှော့ချင်ရင်လည်းရတယ်၊ ဖြတ်ပစ်ချင်ဖြစ်တယ်"

"ဘယ်လိုလဲ ဘုကျလှချည်လား"

"ဒီလိုပဲ ပြောတတ်တယ်"

"မဟုတ်သေးပါဘူး၊ ကိုကိုကြီး ဘာစိတ်ဆိုးနေလဲ"

"တစ်လောကလုံးကိုပဲ"

"ဟုတ်လား၊ လောကကြီးက မကောင်းဘူးနော်"

"ဟုတ်တယ်၊ မကောင်းဘူး"

"လောကကြီးထဲက လူသားဖြစ်တဲ့ ကိုကိုကြီးလည်း ဘယ်ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မကောင်းပါဘူး"

"အပြစ်ပေးပါလား ကိုကိုကြီးရဲ့။ မကောင်းရင် အပြစ်ပေးရတယ်"

"ဘယ်လိုပေးရမလဲ ပြောလေ"

"နားရွက်ဆွဲပေါ့၊ ထိုင်ထ အခါတစ်ရာလုပ်"

စိတ်တိုနေရာမှ ရယ်ချင်သွားရတော့သည်။ ဒီကလေးမအပေါ် ကြာကြာစိတ်မဆိုးနိုင်တာ ခက်သည်။

"အဲဒါ ... ခင်ဗျားအပေါင်းအသင်းတွေကို နိုင်းပါ"

"သိပ်ခိုင်းတာပေါ့၊ မီးအပေါင်းအသင်းတွေက မီးခိုင်းရင် အကုန်လုပ်တယ်"

"အခု ဘယ်ကနေ ဆက်နေတာလဲ၊ အိမ်ကလား"

"ဟင့်အင်း ... လင်းမွန်သစ္စာကနေ ဆက်နေတာ"

"ဘာ ..."

"လင်းမွန်သစ္စာမှာ မီးအပေါင်းအသင်းတွေနဲ့ နေ့လယ်စာလာစားတာ"

"ခေမာ ဘာတွေလျှောက်လုပ်နေတာလဲ"

"ကိုကိုကြီးကလည်း၊ နေ့လယ်စာ စားတာ အပြစ်လား"

"အဲဒါ ... အခု ဘယ်သူပိုင်နေပြီလဲ သိလား"

"သိသားပဲ"

"တောက် ... ဒါနဲ့များကွာ"

"ပိုင်ရှင်အစ်မကြီး အရန်းလှတယ်"

"ခေမာ"

"ရှင် ..."



ဒေါသပြင်း အော်ခေါ်သံကို အေးဆေးစွာ "ရှင်" ဟု ပြန်ထူးနေသည့် ကလေးမတော့ ဆွဲကိုရိုက်ပစ်ချင်မိတော့သည်။ လင်းမွန်သစ္စာသည် ခုချိန်မှာ ဒေါ်ငွေစင်ပိုင် စားသောက်ဆိုင်ကြီး ဖြစ်သွားရပါပြီ။ မကြာမီ "ငွေစင်သစ္စာ" ဟု နာမည်ပြောင်းတော့မည်ဖြစ်ကြောင်း သတင်းစာထဲမှာ လေးငါးကြိမ်တောင် ထည့်ပြီးပြီ။

ခေမာ ဘာရည်ရွယ်ချက်နဲ့ ဘာတွေလုပ်နေသလဲမသိ။

"ပြန်တော့ ခေမာ၊ အဲဒီမှာ ဆက်မနေနဲ့တော့။ လုံးဝလုံးဝပဲ အိမ်ပြန်တော့"

"ဟာ ... မပြန်သေးပါဘူး"

"ပြောရင် နားထောင်စမ်းပါ ခေမာရယ်၊ တောင်းပန်ပါတယ်"

"အဲဒီလောက် ပြန်စေချင်ရင် ပြန်ကိုမပြန်ဘူး၊ ဒါပဲ"

"ဟော့ ..."

ခေမာ ဖုန်းချသွားပါပြီ။

ဒေဟင် စားပွဲခုံကို ဂုန်းခနဲထုသည်။ စားပွဲထိုးဟုတ်ဘဲ တောက်တိုမယ်ရခိုင်းဖို့ ခန့်ထားသည့် ကောင်လေးဖိုးအောင်က ဆင်နားရွက်တံခါးကို တွန်းဖွင့်၍ ဝင်လာ၏။

"ကော်ဖီလား ဆရာ"

"မင်းကြီးတော်"

"ဆုံးသွားပါပြီ ဆရာ"

"သေကွာ ... သေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... လုံးဝ အသက်ထွက်သွားပါတယ်"

"ဒီကောင် ..."

ဝေဟင် ဝုန်းခနဲ ထရပ်တော့မှ သန်းအောင် ထွက်ပြေးလေ၏။ သန်းအောင်၏ ငါးချူပြုံးလေးကို ဝေဟင် မမြင်မိလိုက်ပါ။

ဖြစ်နိုင်လျှင် လူသတ်ချင်သည်။

○♡○

"လင်းမွန်သစ္စာ"ဆိုသည့် ဆိုင်းဘုတ်ကို ဖြုတ်ချရာ၌ ငွေစင် မျက်ရည်ပေါက်ပေါက် ကျလေ၏။ အစ်ကိုကြီးမရှိတော့သည့် နောက်ပိုင်းမှာ ဆိုင်နာမည်ကို လုံးဝပြောင်းမပစ်ချင်ပါ။ "လင်း"ဆိုသည့် နာမည်ကို မြတ်နိုးလှပေမယ့် "မွန်"ဆိုသည့် အမည်ကို ဘယ်လိုလက်ခံနိုင်ပါ့မလဲ။

"လင်းမွန်သစ္စာကိုယူပေါ့ ... သစ္စာဆိုတဲ့ နာမည်ပါနေပေမယ့် သစ္စာမရှိဘဲ လူတစ်ယောက် ပိုင်ခဲ့တဲ့ပစ္စည်း၊ အဲဒီဆိုင်ကို နာမည်တူတောင် မကြားချင်ဘူး"တဲ့။

ဒေါ်သီရိမွန်။

မာနတဝင်းဝင်းဖြင့် ပြောသွားခဲ့သည့် စကားကနားထဲမှ မထွက်ချေ။ သြော် ... ပြောအားရှိလိုက်တာ၊ လူတွေမျက်ဝန်းက ဒေါ်သီရိမွန် အပေါ်မှာ ကရုဏာရိပ် လွှမ်းသလောက် မိမိအပေါ်ကျတော့ အထင်သေးခြင်း၊ စက်ဆုပ်ကဲ့ရဲ့ခြင်းများဖြင့် နှိမ့်နှိမ့်ချချ ရှိလှချေသည်။



မကောင်းလိုက်တဲ့ ဘဝများနှယ်။

အဲဒီလိုဖြစ်ဖို့ ဘယ်လိုမှ မရည်ရွယ်ခဲ့ပါကြောင်း သစ္စာဆိုသည့်တိုင် ဘယ်သူမှလဲ ယုံကြည်ကြမယ် မထင်ပါဘူးလေ။

"ငွေစင့်အတွက် ငွေစင့်ရပိုင်ခွင့်"

ဤစကားကို လိုအပ်၍ ပြောရပါကြောင်း၊ ရှင်းပြလည်း ပစ္စည်းမက် ငွေမက်မဘဝမှ တစ်ရွေးသားလေး မြင့်တတ်လာဖွယ်မရှိ။

"ကျွန်မလည်း အစ်ကိုကြီးဇနီးပဲ၊ အစ်ကိုကြီး ဆုံးသွားတဲ့အခါမှာ ကျွန်မ လက်မဲ့မကျန်ခဲ့နိုင်ဘူး"

အဲဒီစကားကို အဓိပ္ပာယ်တူနှင့် လူကြားကောင်းသည့်ဘက်မှ လှည့်မပြောနိုင်ခဲ့ပါ။ ပြောလည်း မပြောတတ်ချေ။

"ကျွန်မ ရင်ထဲမှာ ကျန်ခဲ့တဲ့ အစ်ကိုကြီး သွေးသားအတွက် ကျွန်မတောင်းတာ၊ ဒီကလေးကို ကျွန်မ လူလားမြောက်အောင် ကျွေးမွေးရဦးမှာ"

"ဒေါ်ငွေစင် ရသင့်တာ မှန်ပါတယ်၊ ဒါပေမဲ့ ပြောစရာရှိရင် ကျွန်တော်ပဲ ပြောပါရစေ"

မိမိအကျိုးဆောင်ရှေ့နေပင် မိမိစကားကို နားခံနိုင်ပုံမပေါ်ပါ။

"ကျွန်မ ... ငွေသိပ်မက်လို့ ပြောနေတာ မဟုတ်ဘူး ဦးဝင်းဇော်၊ ဦးထွန်းလင်း သားသမီးချင်းတူတူ ပိုဘက်ကျဟာကျတော့ ကောင်းစားပြီး ကျွန်မဗိုက်ထဲက ကလေးက ..."

www.burmeseclassic.com

www.burmeseclassic.com



ဝါကျမဆုံးမီ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် စီးကျသည်။ အဖုမဲ့ခြင်း၏ ဒုက္ခကို ငွေစင် ကောင်းကောင်းကြီး ခါးစည်းခံခဲ့ရသည်။ မိမိကိုယ်တိုင် အဖမဲ့သမီး၊ ခုလည်း ရင်သွေးလေးခမျာ လူ့ပြည်သို့မျှ ရောက်မလာမီ အဖမဲ့ရပြန်ချေပြီ။

○♡○

ငွေစင် လူမှန်းသူမှန်း သိစအချိန်တွင် အခြားကလေးများနည်းတူ "အဖေ"ဟု ခေါ်လိုပေမယ့် ခေါ်စရာ အဖေမရှိခဲ့ပါ။

"အမေ ... အဖေရောဟင်၊ ငွေစင့်ဖေဖေ ဘယ်သွားလဲ"

"ရွာရိုးကိုးပေါက် လျှောက်ပြီး မိန်းမယူနေမှာပေါ့"

အဲသည်တုန်းက ဒေါသနှင့် ပြောခဲ့သည့် အမေ့စကားကို ငွေစင် နားမလည်ခဲ့ပါ။

"ရွာရိုးကိုးပေါက် လျှောက်တယ်ဆိုတာ ဘာလုပ်တာလဲ အမေ"

"အလေလိုက်တာဟဲ့၊ တော်တော့ ... မမေးနဲ့"

အမေက ခေါင်းကို ဒေါက်ခနဲ ခေါက်ချလိုက်သည်။ နဖူးဆံစက ပူခနဲနာသွားပါသည်။ အဲသည်လောက်နှင့် ငွေစင် ဘယ်ငိုလိမ့်မတုံး။

အမေက အရိုက်ကြမ်း၊ အပြောကြမ်း၊ အဲဒါတွေကို ဟိုတုန်းကတော့ နားမလည်ခဲ့သေးပါ။ ကြီးလာမှ ပြန်တွေးကြည့်၍ သိရခြင်းပါ။ အမေ့ခမျာ အပြောချိုနေဖို့ အချိန်မှ မရှိဘဲလေ။



"ငွေစင် လာစမ်း၊ ဒီကန်စွန်းရွက်တွေကို ငါးပင်စီ တစ်စည်း စည်းစမ်း"

ခြောက်နှစ်သမီးမှာ ကျောင်းမနေခဲ့ရပေမယ့် ရှစ်နှစ်သမီးမှာ ထမင်းချက်နေရပါပြီ။

"ကျောင်းနေချင်တယ် အမေ"

"နင့်အဖေက ကျောင်းနေဖို့ ပိုက်ဆံတွေ တစ်ပုံတစ်ပင်ကြီး ပေးခဲ့တာကိုး၊ နေပေါ့"

ငေါ့ပြောလို့ ပြောမှန်း မသိခဲ့ပါ။

"နေမယ် အမေ၊ ပိုက်ဆံ ဘယ်မှာလဲ"

"ပိုက်ဆံတော့ မရှိဘူး၊ နင့်အဖေဆီက ငါရလိုက်တာ ဗိုက်တစ်လုံးပဲ၊ အဲဒီထဲက နင် ထွက်လာတယ်၊ ဒါပဲ"

အရွယ်ကလေး ရလာတော့ အမေ့စကားတွေကို နားလည်လာခဲ့ပါသည်။

"နင့်ကိုလည်း ရောမအမွေကြီး ပေးခဲ့တယ်လေ၊ နာမည် တစ်လုံး ပေးခဲ့တယ် ... ငွေစင်တဲ့၊ အဲဒါ နင့်အဖေပေးခဲ့တဲ့ အမွေအကုန်ပဲ"

"အဖေက နောက်မိန်းမနဲ့လား"

"နောက်မိန်းမနဲ့လား ရှေ့မိန်းမနဲ့လား ငါမသိဘူး"

"အမေကရော"

"ငါ့ရှေ့မှာ ဘယ်နယောက်ရှိပြီး ငါ့နောက်မှာ ဘယ်နယောက်ရှိမှန်းလဲ ငါ မသိဘူး"

"အမေနဲ့က စိတ်ဆိုးပြီး ကွဲကြတာလား"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးစရာ မလိုပါဘူးအေ၊ သူ ကွဲချင် ဆင်းသွားတာပဲ၊ နှင့်အဖေ တစ်သက်မှာ အလုပ်တစ်ခုပဲ လုပ်ခဲ့တယ်၊ အဲဒီ အလုပ်က မိန်းမယူတယ်၊ မိန်းမလုပ်စာ ထိုင်စားတယ်၊ ဒါပဲ"

အမေက အဖေ့အကြောင်းကို ပြောဖို့ကျတော့ စိတ်ပါလက်ပါ ရှိလှပါ၏။ အဖေ့အကြောင်းကို အကောင်းမပြောပေမယ့် အများကြီး ပြောခဲ့ပါသည်၊ အဖေသည် ဘယ်လိုလူစားမျိုးမှန်း ငွေစင် နားမလည်ခဲ့ပါ။

ငွေစင် ခေါင်းခေါက်ခံ၊ ဖိုက်ခေါက်လိမ်ဆွဲခံ၊ တင်ပါးဝါးခြမ်းပြားနှင့် အရိုက်ခံကာ ပူဆာလွန်းသည်မို့ ငွေစင် လေးတန်းထိ ကျောင်းနေဖူးခဲ့ရခြင်းပါ။ စာလေးရေးတတ် ဖတ်တတ်ခဲ့ခြင်းပါ။

"ဈေးရောင်းမှ ထမင်းစားရတာ၊ နင့်ကျောင်းက ထမင်းမကျွေးဘူး"

အမေသည် ငွေစင် တစ်သက်တာလုံးမှာ ဟင်းသီးဟင်းရွက် ရောင်းခြင်းဖြင့် အသက်မွေးခဲ့ပါသည်။ အဖေ့ကိုစိတ်နာပေမယ့် အမေ ကိုယ်ကျင့်တရားထိန်းသည်။

"တစ်ခုလပ်မဆိုပြီး လာမစမ်းနဲ့ ပါးရှစ်စိပ် ကွဲသွားမယ်"... တဲ့။

"မတော်တဆ ကြုံကြိုက်လို့မှ ကိုယ့်အဖေမှန်း မသိရဘဲ နေဦးမယ် အမေရာ၊ အဖေ့ဓာတ်ပုံလေး ဘာလေးများ မရှိဘူးလား"

အမေ ပြသည်မို့ အဖေ့ဓာတ်ပုံကို တွေ့ဖူးသည်။ ငွေစင် တရိုတသေ သိမ်းထားခဲ့ပါသည်။ အဖေသည် ဘယ်လို



လူစားပဲဖြစ်ဖြစ် အဖေဟာ အဖေပါပဲ။ အမွေအနှစ်အဖြစ် ငွေတစ်ပြားတစ်ချပ် မထားရှိခဲ့ပေမယ့် ...

"ငါ့သမီးလေးနာမည် ငွေစင်"ဟူ၍ နာမည်တစ်လုံး မှည့်ပေးစဉ်က အဖေ့မှာ ဖခင်မေတ္တာ ပြည့်ဝစွာနှင့် နေမှာပါ။ မမြင်ဖူးသည့်အဖေကို ငွေစင် စိတ်မှန်းဖြင့် ချစ်ခဲ့ရပါ၏။

အမေက ဟင်းရွက်စုံရောင်းတော့ ငွေစင်က အသီးမျိုးစုံကို ရာသီအလိုက် ရောင်းရသည်။

"အဖေသာရှိရင် ဆိုက်ကားပဲဖြစ်ဖြစ် နင်းကျွေးမှာ"

ငွေစင်က တတ်ထားသည့် လေးတန်းဆိုသော ပညာလေးနှင့် စာအုပ်တွေ လျှောက်ဖတ်ခဲ့ပါသည်။ အစက စာသိပ်မသွားပေမယ့် တဖြည်းဖြည်း သွက်လာခဲ့ပါသည်။ စဖတ်စဉ်က "အလိမ္မာစာမှာရှိ" ဆိုတာကို နားလည်လွန်းလို့တော့ မဟုတ်ချေ။

"ဟဲ့ ... ဗိုင်းကောင်းကျောက်ဖိနေစမ်း၊ တစ်ခုလပ်မသမီး ဆိုပြီး လူမလေး ခွေးမခန့်ရတဲ့ကြားထဲ"

ငွေစင် ဖန်မခုန်ရ၊ ထုပ်ဆီးမတိုးရ၊ စိန်မပြေးရဆိုတော့ ငွေစင့်မှာ စာဖတ်ဖို့ပဲရှိသည်။ ရုပ်ပြတွေ၊ ဝတ္ထုတွေပဲ လက်လှမ်းမီသလောက် ဖတ်သည်။ မဂ္ဂဇင်းတွေ ဖတ်သည်။ အကြောင်းအရာ ဇာတ်လမ်းမျိုးစုံ၊ လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုတာတွေ သည်စာအုပ်တွေထဲမှာပဲ နားလည်လာခဲ့ရခြင်းပါ။

"အမေနဲ့ မရခင်ကလည်း အဖေ့မှာ မိန်းမရှိတယ်လား"

"ဒါပေါ့ ..."

"ဪ ... ငါ့မှာ အဖေတူအမေကွဲတွေ ဘယ်နှစ်ယောက်များ ရှိနေမလဲ"ဟု တွေးမိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် လူအေးဖြစ်ပါလိမ့်မည်။ အမေ့စကား အရတော့ လူပေါ်ကြော့ဟု ဆိုသည်။

"လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ဘူး၊ ဆံပင်ညှပ်တော့လည်း ခြေသလုံးသွေးကျသတဲ့၊ ဆိုက်ကားနင်းတော့ ဆီးအောင့်သတဲ့၊ ကားစပယ်ယာလုပ်ပါဆိုတော့ ပြုတ်ကျပြီး သေမှာကြောက်သတဲ့၊ ငါ့လုပ်စာကို ထိုင်စားဖို့ကျတော့ မျိုကျတယ်"

အဖေသည် သူဌေးသားများလား။

သူဌေးသားမို့ အပင်ပန်းဒဏ် မခံနိုင်၊ ပင်ပန်းသည့် အလုပ်ကို မလုပ်ခဲ့ရသူမို့ မလုပ်တတ်၊ မလုပ်နိုင်၊ မလုပ်ချင်။ ပထမဦးဆုံး အိမ်ထောင်ကျစဉ်က ကျောင်းသားသာသာအရွယ်ဖြစ်၊ မိဘတွေက သဘောမတူလို့ပစ်ထား။

သူဌေးသားမို့ ဟန်ကျပြီ အထင်နှင့် ယူမိသည့် မိန်းမအဖို့ မုန်းချက်နှင့် နှမ်းထွက်မကိုက်။ ပူညံ ပူညံလုပ်။ နားငြီးတော့ကွဲကြ။ မိဘအိမ် ပြန်တက်ဖို့ကျတော့ သူ့ မာနလေးနှင့်သူဖြစ်နေ ...

လေလွင့်၊ ရောက်သည့်အရပ်မှာ အိမ်ထောင်ကျ၊ စိတ်လေတိုင်း ဘဝကို တန်ဖိုးမဲ့စွာကာ့န်ဆုံး၊ အိမ်ထောင်တစ်ခါကွဲပြီးမှ ထပ်ကွဲဖို့လည်း ဘယ်ဝန်လေးလိမ့်မတုန်း။

အိမ်ထောင်တစ်ဆက်က နှစ်ဆက်ဖြစ်ခဲ့ပူးတော့ သုံးဆက် လေးဆက် ဆိုလည်း အဖေ့အဖို့ အခန်းမဟုတ်။ ပျော့ပျော့အေးအေး လူတန်းစား တစ်ရပ်ထဲမှာလည်း ပါနိုင်သည်။

"အဖေက သူဌေးသားလား"



"ပြောတတ်ဘူး၊ ချောကလက် စားချင်ရတာနဲ့၊ စီးကရက်သောက်ချင်ရတာနဲ့ ဆိုတော့ ဟုတ်မလား မသိပါဘူးအေ"

"အမေ မသိဘူးလား"

"မေးတယ်၊ မပြောဘူး"

အဖေ့မှာ ခိုင်လုံသည့် အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မည်။

"သူ အင်္ဂလိပ်စာ ဖတ်တတ်တယ်အေ့"

ဟုတ်ဖို့များသည်။ အဖေသည် တက္ကသိုလ်မှဘွဲ့တွေ ဘာတွေလဲ ရအားနိုင်ပါသည်။ အင်္ဂလိပ်စာဖတ်တတ်မှ ဘာ်ဖြစ်လို့ ပညာနှင့် လုပ်မစားပါလိမ့်ဟု ငွေစင် တွေးသည်။

မိဘလက်ထက်မှာ ဘယ်လောက်များ ပေါ်ကြော့နေခဲ့ရမှန်းမှ မသိဘဲ ခြေညောင်းလက်ပန်းခံကာ ကူးခပ်ဖို့ လုံးဝစိတ်မပါဘဲ ဘဝရေစုံမှာ သက်သောင့်သက်သာ မျှောလိုက်လိုသူလည်း ဖြစ်နိုင်ပါသည်။

ကိုယ့်အတွေးနှင့်ကိုယ် ဇာတ်လမ်းဆင်ကာ အဖေ့အကြောင်းက ဝတ္ထုတစ်ပုဒ်နှယ် ရင်ထဲမှာ ဖြစ်ထွန်းသည်။

"သူ့အဖေက ဘယ်ရောက်သွားမှန်း မသိဘူးလေ၊ အမေကလည်း စရိုက်ကြမ်း ဒီကောင်မလေး အပျိုဖြစ်လာရင် ခက်ရချည့်"

ငွေစင့်ကို အဲသည်လို ဝေဖန်ခံရတာတွေ များလာတော့ အပျိုဖြစ်လျှင် တကယ်ပဲ ခက်ပြဖို့ တာဝန်ရှိလာသလိုလိုပါ။ ဒီစကား နားဝင်ရလွန်းတော့ အတည်ဖြစ်လာရသည်။ တကယ်ပဲ ငွေစင်အပျိုဖြစ်သည်နှင့် ခက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိငွေစင်များတော့ ဒေးဆေးရှောင်၊ လက်ဖက်ရည်တစ်ခွက် သောက်ရလည်း ဆယ်ခါလောက်ပြုံးပြတဲ့ ကောင်မ" တဲ့။

"အမယ်လေး ... ညည်းတို့သားအမိကို ကြောက်ပါတယ်"

"မကြောက်လည်း ပါးကွဲဖို့ပဲ"

"ကြည့်စမ်း ... ကြည့်စမ်း"

ဈေးလယ်ကောင်မှာ ဖက်သတ်တော့ အမေကပါ ဝင်ရိုက်ကူသည်။ ဒါတွေကို ရှက်စရာအဖြစ် ငွေစင် မမြင်ပါ။ ထစ်ခနဲဆို ဒေါက်ခနဲ။ မထိနဲ့ ထိရုံနဲ့ ပေါက်သတ်လိုက်ချင်သည့် မြွေပွေးမလေး ငွေစင်။

"ဆယ်ခါလောက် ပြုံးပြရင် လက်ဖက်ရည်တစ်ခွက် သောက်ရသလား"ဟု ကြံကြံဖန်ဖန်တွေးသည်။ ကြာတော့ ဗိုက်ဆာလျှင် ဆိုက်ကားဂိတ်က ငဝိုင်းကို ပြုံးပြဖို့ အလိုလို တတ်ကျွမ်းလာရတော့သည်။

ငွေစင့်ဘဝကို ပတ်ဝန်းကျင်က ပြုပြင်ဖန်တီးခဲ့ခြင်း ပါ။

"ငဝိုင်းက လက်ဖက်ရည် ဝယ်ပေးလိုက်တယ် အမေ"

"ပေးစမ်းအေ ... အမောပြေ"

အမေကလည်း မတားပါ။ တားရကောင်းမှန်းလည်း သိပုံမပေါ်ပါ။

"မြင့်စိန်က ခေါက်ဆွဲကြော် ဝယ်ကျွေးလိုက်လို့ ဒီည ငွေစင် ထမင်းမစားတော့ဘူး အမေ"



"ပြုံးပြတာ ခင်လို့၊ လက်ဖက်ရည်သောက်တာက သူငယ်ချင်းချင်း လက်ဖက်ရည်ဖိုး ရှိတဲ့သူကတိုက်တော့ ဗိုက်ဆာတဲ့သူက သောက်တာပေါ့၊ အဲဒါ အဆန်းလား"

ငွေစင်က ထဘီစွန်တောင်ဆွဲ၍ ရန်တွေ့သည်။

"ကောင်းတယ်၊ ငါလည်း သိန်းမြတို့က မုန့်ဟင်းခါးတွေ ကျွေးလိုက်လို့ ဒီညထမင်းမချက်နဲ့"

သူများကျွေးတာ ငတ်လွန်းလို့ စားကြသည်တော့ မဟုတ်ပါ။ ကြုံလျှင် ကြုံသလို စားလာခဲ့တော့ ထမင်းတစ်နပ် အချက်ရ သက်သာသည်။ ထမင်းတစ်နပ်စာဖိုးငွေကို ခြိုးခြံချင်သည်လည်း မဟုတ်ချေ။ ဝေယျာဝစ္စအနေနှင့် သက်သာလျှင် သဘောကျသည်မို့ အလုပ်နည်းပြီးရော။ သားအမိနှစ်ယောက်တည်း ဒုက္ခငြိမ်းလိုက်ကြခြင်းပါပဲ။

ဒါတွေက ငွေစင် နာမည်ပျက်ဖို့ ဖြစ်လာခဲ့ပါသည်။

အဖေရှိလျှင်တော့ အဖေက အုပ်ထိန်းကောင်းအုပ်ထိန်းပါလိမ့်မည်။ အမေကလည်း အုပ်ထိန်းတာပါပဲ။ မိစုံဖစုံလို လူလေးခွေးခန့်တော့ ဘယ်ရှိပါ့မလဲလေ။

"ငွေစင်နော် ပြောလိုက်ပါပေရဲ့၊ ဗိုက်ကြီးမလာနဲ့၊ ငါကိုယ်တိုင်သတ်မှာ"

အဲဒါ အမေ့အုပ်ထိန်းမှုပါ။ စရိုက်ကြမ်းသောအမေက အဲသည်လိုပဲ ပြောတတ်သည်။

"သမီးရေ ... မိန်းကလေးဆိုတာ"အစချီလျှက် မိန်းမတို့ဣန္ဒြေ ရှေးပေးလို့မရတွေ ဘာတွေ ပြောနေဖို့ အမေ့မှာ အချိန်မရှိ၊ ပြောဖို့လည်း ဝါသနာမပါ။ ပြောလည်းမပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



ချေ။ တစ်နေ့ကုန် ဈေးရောင်းရတော့ ညစာစားပြီးသည်နှင့် အိပ်ဖို့ပါပဲ။

ဘုရားတောင် ဦးသုံးကြိမ် အနိုင်နိုင်ချလျက် သုံးကြိမ်မပြည့်မီ အမေဟောက်ပြီ။

ငွေစင့်ဘဝ ဘယ်လိုကြမ်းတမ်းခဲ့တယ်ဆိုတာ အစ်ကိုကြီး မသိပါဘူးလေ။

○ ♡ ○

အစ်ကိုကြီးနှင့်တွေ့တော့ အမေဆုံးတာ ကြာပြီ။

လင်းမွန်သစ္စာမှာ ငွေစင် စားပွဲထိုးမလေး ဝင်လုပ်တုန်းကပေါ့။

"အန်ကယ့်စကား ရှိုင်းချင်ရိုင်းမယ် ခပ်ရှင်းရှင်းပြောရရင်တော့ သူတို့ပေးတဲ့ ဘောက်ဆူးကို ယူချင်ယူ။ ကိုယ့်ဆီလာစားသောက်ကြတဲ့သူတွေကို ပစ်မှတ်လို သဘောထားပြီး မြှူဆွယ်တာမျိုး လုံးဝမလုပ်ရဘူး၊ ကိုယ်ကျင့်တရားကိုထိန်း"တဲ့။

အလုပ်စဝင်စကတည်းက ဆောက်နှင့်ထွင်းသည့် အန်ကယ့်စကားကို ငွေစင် ခတ်ဆတ်ဆတ်ခါနာခဲ့သည်။ သို့ပေမဲ့ လှလှလေးဝတ်ပြီး လုပ်ရသည့် အလုပ်ကချောင်သည်။ လခက သိပ်မများပေမယ့် ဘောက်ဆူးတွေက လခ၏ နှစ်ဆ သုံးဆလောက်ဖြစ်နေရသည်မို့ ငွေစင် ကျေနပ်သည်။

လင်းမွန်သစ္စာမှာ ငွေစင်ဝင်အလုပ်လုပ်တော့ အသက်အစိတ်ရှိပါပြီ။ သို့ပေမဲ့ နှစ်ဆယ်ဟုပဲ ပြောထားသည်။



ငွေစင့်မှာ ယုံနိုင်လောက်သည့် နုပျိုခြင်းလည်းရှိသည်။ ဆံပင်ကိုကောက်၊ မျက်နှာမှာ ဆေးဆိုးပန်းရိုက်လုပ်၊ အလောက်စ်လှလှလေး ဝတ်လိုက်တော့လည်း ဆယ့်ရှစ်နှစ်ဆိုလျှင်တောင် ယုံလောက်၏။

"ငွေစင် ... မငွေစင် ဒီဘက်ဝိုင်းကိုလည်း လှည့်ကြည့်ပါဦးဗျ"

ဟိုစားယ်မှ စားသောက်ကြသူတွေက ငွေစင်မှငွေစင်။

"ငွေစင်ရေ ဝက်သားနဲ့ နာနတ်သီးချက်ရင် ငွေစင့်အပြုံးလေးပါထည့်လိုက်၊ ဒါမှပိုချိုတယ်"

ရှိသဲ့သဲ့စကားလောက်ကတော့ "လေ"မို့ ငွေစင့်ကိုယ်ခန္ဓာမှာ အဓိုင်အခဲအဖြစ် လာမှန်တာမှ မဟုတ်ဘဲ ငွေစင်ပြုံးပြလိုက်တာပေါ့။ ငွေစင့်အလုပ်မှာ ငွေစင့်အလှကြောင့်များ ပို၍နာမည်ပျက်ရသလား မသိပါ။

"အန်ကယ် ... ငွေစင့်ကို ကြည့်ထိန်းဦးနော်"

စားပွဲထိုးလေးတွေ အချင်းချင်းက မနာလို။ လင်းမွန်သစ္စာမှာ တာဝန်ယူဆောင်ရွက်ရသည့် အန်ကယ့်ထံမှာ ကုန်းတိုက်သူကတိုက်၏။ ငွေစင် နာမည်မကောင်းလှပေမယ့် မပျက်စီးတာငွေစင်ပဲ သိသည်။

အန်ကယ်ကဆို ခဏခဏဆူသည်။

"ဒီတစ်ခါ မန္တလေးက အလုပ်ရှင် ဆင်းလာရင်တော့ လင်းမွန်သစ္စာမှာ ဘယ်သူကအပျက် ဘယ်သူက အကောင်းဆိုတာ ဖွင့်ကိုချပစ်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ငွေစင် ကျိတ်ကြံသည်။ ဘာကြောင့် အစ်ကိုကြီး ဦးထွန်းလင်း ရောက်လာသည်။ လင်းမွန်မေတ္တာမှာ အလုပ်ကိစ္စ ရှိလိုက် လင်းမွန်မေတ္တာမှာ တည်းခိုနေထိုင်တတ်သလို၊ လင်းမွန်သစ္စာမှာ အလုပ်လုပ်၊ လုပ်ငန်းတွေစစ်ဆေးဆိုလျှင်လည်း လင်းမွန်သစ္စာမှာပဲ နှစ်ည သုံးည အိပ်တတ်သည်။

ငွေစင် ဦးထွန်းလင်းကို ချောင်းသည်။

"အန်ကယ်က ခဏခဏဆူတယ်၊ ကျွန်မက ခုထိ ကိုယ့်ကျင့်တရား ပျက်တဲ့သူ မဟုတ်ဘူး။ ပျက်စီးနေတာက"

အစချိကာ အပြင်လိုက်တာတတ်သူတွေ စာရင်းနှင့်တကွ ဖွင့်ချဖို့ပါပဲ။ အဲသည်နေ့က ငွေစင့်ဂျူတီက နေ့လယ် ဆယ့်နှစ်နာရီခွဲမှ ညရှစ်နာရီ။ ရှစ်နာရီ ထာဝန်ချိန်ကုန်သည်နှင့် ငွေစင် ဦးထွန်းလင်း အခန်းထဲသို့ လှစ်ခနဲဝင်သည်။

"ဟောတော့ ..."

ဦးထွန်းလင်း အမူးလွန်နေသည်။

နိုင်ငံခြားသွားမည့် မိတ်ဆွေက လင်းမွန်သစ္စာမှာပဲ နှုတ်ဆက်ပွဲလေး ကျင်းပပေးသည်မို့ ဦးထွန်းလင်းပါ ဝင်သောက်နေတာ စောစောက ငွေစင် တွေ့တော့တွေ့သည်။

"အဲဒီဝိုင်း စပယ်ရှယ်နော်"

အန်ကယ်က ကောင်မလေးငါးယောက်တိတိ တာဝန်ချသည်။ အဲသည်ထဲမှာ ငွေစင် မပါပါ။

"ဆရာ့မိတ်ဆွေ နိုင်ငံခြားသွားမှာ သူ့အဖွဲ့တွေကို ညှိခံတာ၊ တို့ဆရာတော့ သူ့ပစ္စည်းကို သူများစရိတ်နဲ့ အလကားစားရတဲ့ညပဲ"



အန်ကယ် ရယ်စရာပြောတာတောင် ကြားခဲ့ပါသေးသည်။ ဦးထွန်းလင်း အဲဒီလောက်ထိ ခြေပစ်လက်ပစ် ကျနေလိမ့်မည်ဟု ထင်မထားခဲ့ပါ။ ပြန်ထွက်သွားဖို့တောင် စိတ်ကူးမိပါသေးသည်။

"မနက်ဖြန် ဆရာ ပြန်မယ်"

အဲသည်စကားကိုလည်း ကြားထားသည်။ ပြီးတော့... သူတို့ပြောသံ ကြားစကားအရ ဒီတစ်ခေါက်က လုပ်ငန်းစစ်ဆေးဖို့လာတာ မဟုတ်ဘူးဆိုပဲ၊ မိတ်ဆွေညှည့်ခံပွဲအတွက် တစ်ညအိပ်တည်း ဆင်းလာတာတဲ့၊ ဒီညမှ မတိုင်မတောရလျှင် ဘယ်နေ့ရက် ဘယ်နလ စောင့်ရဦးမည်မသိ။

လုပ်ဖော်ကိုင်ဖက် အချင်းချင်း ကုန်းချောမှုကြောင့် အန်ကယ်က သတိပေးထားတာ နှစ်ကြိမ်ရှိပြီ။

"ကျွန်မ ဒါမျိုးမဟုတ်ဘူး"

ပြောပေမယ့် မရ။ နောက်တစ်ခါဆို အလုပ်ကထုတ်ပစ်မည်တဲ့။ ဒီလောက် စားပေါက်ချောင်သည့် အလုပ်မှ ဘယ်သူထွက်ချင်ပါ့မလဲ။

"ဆရာ ..."

အန်ကယ်ခေါ်သလို အရဲစွန့် ခေါ်ကြည့်သည်။

လုံးဝ လူမှန်းသူမှန်း မသိတာတော့ မဟုတ်ချေ။ အင်းလေ မဟုတ်ဘူး ထင်ခဲ့မိတာလား မသိ။ ခေါ်သံကြားတော့ မော့ကြည့်သည်။

"ကျွန်မ ..."

စကားတောင် မစရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရေ ... ရေသောက်ချင်တယ်"

"ဟုတ်"

သူဌေးနေဖို့ သီးသန့်ထားသည့်အခန်းမို့ ကျယ်ဝန်းသလောက် ပစ္စည်းကိရိယာအစုံရှိသည်။ ငွေစင် ရေခဲသေတ္တာပြေး ဖွင့်သည်။

"ဆရာ ... ရေ"

"သီရိလေး"

ညာဘက်လက်က ရေခွက်ကို လှမ်းယူ၍ ဘယ်ဘက်လက်က ငွေစင့်ကို လှမ်းဖက်သည်။

အဲသည်တုန်းက "သီရိလေး"ဆိုတာ ဘယ်သူမှန်း ငွေစင် မသိပါ။ ရေသောက်စဉ် လဲပြိုမှာစိုးသည်မို့ ငွေစင် ကိုယ်တိုင်တောင် ဖေးမပေးလိုက်ပါသေးသည်။

"သိပ်ချစ်တာပဲ သီရိလေးရယ်"

ရေဖန်ခွက်ကလေး ကျကွဲသည်။ ငွေစင်က ဘဝပျက်သည်။

○♡○

"မင်း ... မင်းကွာ"

ဦးထွန်းလင်း လင်းတကြီးမှိုင်းတိုက်ထားသလို ထိုင်မှိုင်နေသည်။ ငွေစင် မျက်ရည်ကျလေ၏။

"ကျွန်မ ..."

"ငါသိတယ် ဘာမှမပြောနဲ့"



အဲသည်နေ့က ဦးထွန်းလင်း မန္တလေးမပြန်ဖြစ်ပါ။ ငွေစင့်ကို မနက်အစောကြီး ငွေစင်နေသည့်အိမ်သို့ ဦးထွန်းလင်း ကိုယ်တိုင် ကားမောင်း၍ ပို့ခဲ့သည်။ နေ့ခင်းကျတော့ ဦးထွန်းလင်း တစ်ခေါက်ရောက်လာသည်။

"မင်း ... ပိုက်ဆံ ဘယ်လောက်လိုချင်လဲ"

ငွေစင့်မျက်ဝန်းတွေ မီးပွင့်လေ၏။

"ကျွန်မ အဲဒီအစားထဲက မဟုတ်ဘူး"

"ဘာဖြစ်ချင်သလဲပြော"

"နေဖို့ အိမ်တစ်ခန်းလိုချင်တယ်၊ လစဉ်ထောက်ပံ့ငွေ လိုချင်တယ်၊ ကျွန်မ အလုပ်ကထွက်မယ်၊ ပြီးတော့ ရုံးမှာ တရားဝင် လက်ထပ်ပေးပါ"

"နောက်ဆုံးအချက် လုံးဝမဖြစ်နိုင်ဘူး"

"မြို့ထဲမှာ တိုက်ခန်းတစ်ခန်းရှာ၊ မင်း စိစဉ်တတ်မှာပါ"ဟုဆိုကာ ငွေတွေတစ်ထပ်ကြီး ချပေးသည်။

"ဒီနေ့ကစပြီး အလုပ်ထွက်တော့၊ ငါ လစဉ်ထောက်ပံ့မယ်၊ ဒီကိစ္စ မင်းနဲ့ငါကလွဲပြီး ဘယ်သူမှ မသိစေနဲ့၊ ပေါက်ကြားတာနဲ့ မင်းကို ငါကိုယ်တိုင် သတ်ပြီးမှ ကြိုးစင်တက်မယ်"

ကြောက်လို့တော့ မဟုတ်ပါ။

သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အမေရှိစဉ်ကရော မရှိတော့သည့် အချိန်မှာပါ ရှာဖွေစားသောက်ခဲ့ရသည်မို့ ငွေတွင်းနက်တာ ငွေစင် သိသည်။ ဖြစ်မိပြီးမှတော့ သူဌေးကတော်ဘဝ ရောက်ချင်တာလည်း ပါသည်။ မြှုနေခြင်းအားဖြင့် အကျိုးရှိမည်ဆိုလျှင် မြှုနေရုံပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အမေကိုယ်တိုင် အိမ်ထောင်တစ်ခုကို လွယ်ကူပေါ့ တိမ်စွာ ကျခဲ့သည်။ လွယ်ကူပေါ့တိမ်စွာပဲ ပျက်စီးခဲ့သည်။ အဲဒီ အမေ၏သမီး ငွေစင်လေး၊ မချော်လင့်ဘဲ အိမ်ထောင်ကျရမှာကို ကြောက်ပြဲဝမ်းနည်းလှသည်လည်းမဟုတ်၊ ပျော်ရွှင်ဝမ်းသာလှသည် လည်းမရှိ။

သာမန်ဖြစ်ရပ်တစ်ခုနှယ်ပဲ သဘောထားလိုက်သည်။ မနေ့က ဝိုမိတာတောင် ဘာဖြစ်လို့ အဲဒီမျက်ရည်တွေကျမှန်း စဉ်းစားလို့ မရချေ။

"ငါ ပြန်မယ်၊ မင်း နှုတ်ဆက်လိုက်ပါ"

"ဘယ်တော့ လာဦးမလဲဟင် အစ်ကိုကြီး"

"ဆရာ"ခေါ်လို့ မသင့်တော့ပြီမှန်း ငွေစင် သိ၏။ "ကိုကို"ဟုတော့ ခေါ်ချင်သား။ "အစ်ကိုကြီး"ခေါ်လာတာပဲ တော် ပါပြီလေ။

"ဘယ်တော့မှ မလာချင်တော့တာ အမှန်ပဲ၊ ဒါပေမဲ့ ငါ ယောကျ်ားကောင်း ဖြစ်ချင်တယ်၊ ငါ့မှာ တာဝန်ရှိတယ်လို့ ယူဆတယ်၊ တရားဝင် လက်မှတ်ထိုးဖို့တော့ မပြောနဲ့"

ဦးထွန်းလင်း ရက်ရက်စက်စက်ပြောတော့ ရင်ထဲက မျက်ခန့် နာလေ၏။ ဒေါသဖြင့် နှင်ထုတ်ဖို့တောင် စိတ်ကူးသည်။

ဝမ်းသာအားရ ပြန်သွားမှာပေါ့။ ငွေစင်တို့က ဒီလို အကျိုးမရှိတဲ့ အလုပ်မျိုး ဘယ်လုပ်လိမ့်မတုံး။ လက်ဖက်ရည်တစ် ခွက်အတွက်တောင် ပြုံးပြခဲ့ဖူးသေးတာ။ ငွေတွင်းပိုင်ရှင်ကြီး ဦးထွန်းလင်းကိုတော့ အပြုံးချော အသည်းနှလုံးပါ ပုံအပ်ရတော့ သာအရေးလဲ။



အသွေးယူယူ အသားယူယူ အပြုံးကိုလည်း လှူပါ မည်။ ဖြစ်မိလို့ရှိမှ ဒေါသထိန်းနိုင်လေ အကျိုးရှိလေဆိုတာ ငွေစင် လူမိုက်မို့ မသိဘဲနေရမတဲ့လား။

"ငွေစင် တိုက်ခန်းရလို့ ပြောင်းရင် အစ်ကိုကြီးက လိပ်စာ မသိဘဲ နေဦးမယ်"

"အေး … ဖြစ်နိုင်ရင်တော့ မင်း ဘယ်ပြောင်းသွားတယ် ဆိုတာကအစ ငါ မသိချင်ဘူး"

"အဲဒီလောက် မရက်စက်ပါနဲ့ အစ်ကိုကြီးရယ်"

ငွေစင် သူ့အကြောင်းတွေ ပြောပြသည်။ လင်းမွန် သစ္စာအကြောင်း တိုင်ချင်တောချင်တာတွေလည်း ခုမှတိုင်ဖြစ်သည်။

"လင်းမွန်သစ္စာနဲ့ ပတ်သက်ပြီး မင်း ပြောပြတာတွေကို ကျေးဇူးတယ်တယ်"

"အန်ကယ်ကလည်း"

အုပ်ချုပ်သူ အန်ကယ့်အကြောင်းတွေ သူ့အိတ်ထဲ ဘယ်လောက် ထည့်နေတာတွေပါ ဖွင့်ချလေ၏။

"ထပ်ဆင့် ကျေးဇူးပဲ၊ ဒါတွေ မှန် … မမှန် ငါ စုံစမ်း လေ့လာမယ်၊ ဒီတော့ ဒီလိုလုပ်"

ဦးထွန်းလင်း မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

"မင်း အလုပ်မထွက်နဲ့ဦး"

"ဒီနေ့တော့ နောက်ကျနေပြီ"

"ခွင့်တင်လိုက်ပေါ့၊ မနက်ဖြန်ကစပြီး ပြန်ဆင်း၊ လုပ်ငန်း ခွင်ထဲမှာ မင်းတွေ့ရတာတွေ ငါ့ကို ပြန်သတင်းပို့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ပြောင်းတော့လည်း ငါ့ကို ပြောလို့ရတာပေါ့၊ ဒါပေမဲ့ မင်း လုံးဝလက်မြွေမပျက်စေနဲ့နော်၊ ဆိုင်မှာ ငါ့ကို လုံးဝစကားလာမပြောနဲ့"

"စိတ်ချပါ"

"မင်း ကတိပေးလား"

"ပေးပါတယ်၊ တည်လည်းတည်ပါတယ်"

"ငါ နောက်တစ်ခေါက် ဆင်းလာမှ မင်းအလုပ်ထွက်ပေါ့"

"ဟုတ်ကဲ့"

"ငါပြန်မယ်၊ စိတ်ချမ်းချမ်းသာသာနေပေါ့၊ ဟုတ်လား"

"ရှင် ..."

စိတ်ချမ်းချမ်းသာသာနေပေါ့ ဆိုသည့် စကားကို ယောက်ျားကောင်း တစ်ယောက်ထံမှ ကြားဖူးလိုက်ရခြင်းက ငွေစင့်ဘဝမှာ ပထမဆုံးအကြိမ်ပါပဲ။

ကြီးစားသော လူတော်တစ်ယောက်ကို ငွေစင် ကြည်ညိုလိုက်မိပါသည်။ အဲသည်အချိန်ကစပြီး အစ်ကိုကြီးကို ချစ်သွားမိပါသည်ဟု မှန်ရာကို ဝန်ခံရပါလျှင် မည်သူကမျှ ယုံကြည်မည်မထင်ပါ။

"အစ်ကိုကြီး"

"ပြော"

"ဖြစ်မိခဲ့တဲ့ကိစ္စမှာ ငွေစင် ဘယ်လိုမှ ကြိုတင်ကြံစည်ခဲ့တာ မဟုတ်ပါဘူးဆိုတာ ယုံပါ"

"အေးလေ ... ငါလည်း ဘယ်လိုမှ မမျှော်လင့်ခဲ့ဘူး"

"ငွေစင့်ကို ပစ်မထားပါနဲ့"



"အေးပါ"

အစ်ကိုကြီးကို ရိုသေစွာ ထိုင်ကန်တော့မိလေ၏။

ငွေစင့်ဘဝမှာ ပထမဆုံး ညဲ့သက်သိမ်မွေ့ခြင်းပါပဲ၊ ဦးထွန်းလင်းက သက်ပြင်းမောကို ချလေသည်။

"ဒီလိုပဲ လူ့ဘဝမှာ မမျှော်လင့်ဘဲ ဖြစ်တတ်တာတွေ အများကြီးရှိတယ်၊ မျှော်လင့်ထားပေမယ့် ဖြစ်မလာတာတွေလည်း ရှိတယ်၊ ငါ့မှာ မိန်းမရှိတာ မင်းသိရဲ့လား"

"သိပါတယ်"

"သီရိမွန်တဲ့"

ဩော် ... သီရိလေးဆိုတာ သူ့မိန်းမကို ချစ်စနိုးခေါ်ရာတာကိုး။

"ငါ သိပ်ချစ်တယ်၊ သူ ငါ့ကို ခုထိမချစ်ဘူး၊ ဒါပေမဲ့ သူ့ကို ငါ ချစ်ခွင့်ပိုင်ခွင့် ရနေတာကိုပဲ ငါ ကျေနပ်နေတာ"

"အစ်ကိုကြီး ငွေစင်လေ ..."

အားကိုးစွာ ငေးကြည့်ပြီးမှ စကားကိုဆက်ဖြစ်သည်။

"အစ်ကိုကြီးကို ချစ်ပါတယ်"

"ဟေ ... ဘယ်တုန်းကလဲ"

"အခု ထိုင်စကားပြောနေရင်းပါပဲ အားလည်း ကိုးပါတယ်"

သီရိထံမှ ဘယ်တုန်းကမျှ မကြားရစဖူးသည့် စကားချိုလေးက ဦးထွန်းလင်း နားထဲသို့ စီးဝင်သည်။ ယုံကြည်လှသည်တော့ မဟုတ်ချေ။ ငွေစင် ကိုယ်ကျင့်တရား ကောင်းမွန်သည်ဆိုတာလည်း စိတ်ချလက်ချမရှိပါ။ သို့ပေမယ့် ရင်ထဲ ကြည်နူးသွားရသည်ကတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတင်ပါလို့ နွားကျားကိုက်သည်ဟု အဆိုရှိပေမယ့် လူတင်မပါသော်ငြား နွားနှင့်ကျားတို့ မနီးစပ်အပ်ပါပဲ နီးစပ်မိလျှင်လည်း အခြေအနေဟူသည်က ဆိုးရွားတတ်တာပဲ။

"ငါက ယောက်ျားမို့၊ ငါက မိန်းမမို့ဆိုပြီး ယုံကြည်စိတ်ချထားလို့ မရဘူး၊ ကြုံကြိုက်မှုတစ်ခုမှာ အခြေအနေဆိုတာ ပြောင်းလဲသွားတတ်တာပဲ ...

"ငါ့မှာ အရွယ်ရောက်လုနီးပါး သမီးလေးတစ်ယောက်ရှိတယ်၊ အဖေအနေနဲ့ အုပ်ထိန်းဖို့တွေ အများကြီးရှိတယ်"

သူ့ဘာသာ သတိပေးသလိုလို ငေးငေးကြီး ပြောရှာသည်။ အစ်ကိုကြီးကို ငွေစင် သနားများတောင် သွားမိရပါသည်။ ချစ်အားကိုးမိပါပြီ အစ်ကိုကြီးရယ်။

○ ♡ ○

စားသောက်ဆိုင်တွေမှာ မိန်းကလေးတွေ စားပွဲမထိုးရဟူ၍ အားလုံးဖျက်သိမ်းမှုပဲ ငွေစင် အလုပ်မှထွက်သည်။

ငွေစင် ပြောသမျှ ဆိုင်အကြောင်းတွေက အမှန်တွေချည်းမို့ ဦးထွန်းလင်း ပြုပြင်ပြောင်းလဲရေးတွေ အများကြီး လုပ်နိုင်သည်။

"မင်းကို ကျေးဇူးတင်တယ်"

ကျေးဇူးဆပ်သည့်အနေနှင့်ပဲလားတော့မသိ။ ငွေစင့် အလိုကျ ရုံးမှာ တရားဝင်လက်ထပ်ပေးသည်။ ဦးထွန်းလင်း



ရန်ကုန်ဆင်းတိုင်း ငွေစင့်ထံမှာ တစ်ရက် နှစ်ရက်တော့နေသည်။ သီရိအကြောင်းကို အားမနာပါးမနာ ပြောတတ်လွန်းသည်မို့ တစ်ခါတလေတော့ ရန်ထဖြစ်ရသေးသည်။

"မင်း စရိုက်ကြမ်းတယ်၊ အဲဒါကိုပြင်"

စရိုက်နုဖို့ အခွင့်အရေးမှ မရခဲ့တာ။ မကြမ်းဘဲခံနိုင်ပါတော့မလား။

"ငွေစင်တို့က ပန်းမွေ့ရာ ရွှေကော်ဇောပေါ်မှာ မဂ်လာစည်းစွမ်းပြီး လျှောက်လှမ်းခဲ့ရတာ မဟုတ်ဘူး၊ စရိုက်တော့ ခပ်ကြမ်းကြမ်းပဲ"

သီရိနှင့်ယှဉ်လျှင် ငွေစင် အဘက်ဘက်မှ နိမ့်ကျနေရတာကို ရင်နာစွာသိပါသည်။ ယှဉ်လည်း မနေခဲ့င်တော့ပါဘူးလေ။

"ငါနဲ့မတွေ့ခင်က မင်း ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ငါမသိချင်ဘူး၊ သိစရာလည်း မလိုဘူး၊ ငါ့လက်ထဲမှာတော့ ကောင်းကောင်းနေ"တဲ့။

သည်စကားကို ဥာဏ်တာခြင်းကင်းစွာ အစ်ကိုကြီးပြောရက် ပြောထွက်သည်။ ငွေစင့်ကို နည်းနည်းလေးမှ တန်ဖိုးမထားတာ သိသာထင်ရှားလွန်းသည်။ တန်ဖိုးကြီး ဓနီးသည်နှင့်ယှဉ်တော့ ငွေစင်က တန်ဖိုးမဲ့နေရတာ အထင်အရှား ဖြစ်နေသလားမှ မသိတာ။

ငွေစင် ရင်နာသည်။

ငယ်စိတ်နှင့်ဆို ကျားနာခဲ ခဲပစ်ချင်သည်။ ရန်ဖြစ်ရတာတွေလည်း သိပ်မများချင်။ ရန်ဖြစ်တိုင်း အစ်ကိုကြီး၏ စိတ်ပျက်ငြီးငွေ့မှုကိုသာ လက်ခံရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမပြော ညာမပြော အိမ်ကထွက်သွားတာပါပဲအေ"

အမေ့စကားကို ကြားယောင်သည်။ အဖေသည် နားပူလွန်းလို့များ ထွက်သွားလေသလား၊ ကြိုးစားခြင်းကင်းသည့် အဖေလိုလူတောင် စိတ်ပျက်ပြီး ထွက်သွားတတ်လျှင် အစ်ကိုကြီးလိုလူက တံတွေးနှင့်တောင် လှည့်ထွေးပါ့မလား။

အစ်ကိုကြီးကို လက်လွတ်ဆုံးရှုံးရမှာ ကြောက်သည်။ ငွေစင်လို မိန်းမသားအဖို့ကတော့ ဖြစ်သမျှအကြောင်းကို အကောင်းလို့သာ သဘောထားရပါမည်။

○♡○



## ဖြူနီညိုပြာဏှက်ကမ္ဘာ

လာရောက် တည်းခိုသူတွေထဲမှာ မျိုးကျော်နှင့် ထူးကျော်ကို ဝေဟင် တော်တော်လေး သတိထားမိသည်။ ဝေဟင့်ဖလုပ်ကိုက ကိုယ့်ဆီမှာ ဘယ်သူတွေ တည်းခိုနေကြသလဲဆိုတာ သိထားဖို့လိုသည်။

လူတိုင်းကို မှတ်သားထားသည် ဆိုပေမယ့် အဲလည်းနှစ်ယောက်ကတော့ မှတ်မိတာထက်ကို ပို၏။ ဝတ်ပုံစားပုံကိုပဲ ကြည့်တော့၊ အဝတ်အစားက နိုင်ငံခြားဖြစ်ရုပ်၊ နိုင်ငံခြားမှ ရှားရှားပါးပါး ဝင်လာသော ဘောင်းဘီဆန်းတွေ။ ဖိနပ်က သူ့ချည်းပက်သက် သုံးထောင်ခန့် တန်မှာမလွဲ။

လက်ပတ်နာရီက ကာတီးယားအစစ်မှန်း သိသာသည်။ လည်ပင်းမှာလည်း ဆွဲကြိုးတစ်ကုံးစီ ဆွဲထားကြသေးသည်။

"အင်း ... လူ့တန်ဖိုးက ဘယ်လောက်လဲ မသိဘူး၊ သူ့ကိုယ်ပေါ်က ပစ္စည်းတန်ဖိုးကတော့ တစ်သောင်းခွဲလောက်ရှိမယ်"

နာမည်ချင်းကလည်း ခပ်ဆင်ဆင်။ မျိုးကျော်နှင့် ထူးကျော်။ တစ်ယောက်တစ်ခန်းစီ တည်းခိုကာ စားသောက်ခန်း

www.burmeseclassic.com

www.burmeseclassic.com



မှာဆုံပြီး မိတ်ဆွေဖွဲ့ကြတာပေမယ့် အစကတည်းက တရင်းတနှီး ဖြစ်ပုံရသည်။

"ဒီလူတွေမှာ ဘာလျှို့ဝှက်ချက်တွေနဲ့လဲ"

မှောင်ခိုကုန်သည်ပုံစံ ပေါက်နေသည့် လူနှစ်ယောက်မို့ သံသယမျက်ဝန်းဖြင့် ဒေါက်ထောက်ကြည့်နေရပါ၏။ မတော် ရှုပ်ရှုပ်ယှက်ယှက်ဆို ဆိုင်နာမည်ပျက်မည်။

"ဟော"

အာမေဍိတ်ပွင့်ကျသလို ဒေါ်သလည်း ထောင်းခနဲ ထွက်လေ၏။ ချာတိတ်မ ခေမာဝတီလင်း။ စားသောက်ဆိုင်ထဲ ဝင်လာပုံကိုက အချိုးတကျမရှိ။ မျက်စိထဲတော့ ကော့လပ် ကော့လပ်နှင့်မို့ စပါးမွေး ရှူးချင်စရာပါ။ သူနှင့် မိန်းမဖော်တစ်ဦး နှစ်ယောက်တည်း ဝင်လာသည်။

ဒီလိုဆိုင်မျိုး မိန်းကလေးနှစ်ယောက်တည်း ဝင်လာလို့ သင့်တော်မတဲ့လား။ ဒီဆိုင်မှာတော့ ဘာအရေးလဲ။ အရေးဆို ဝေဟင်က အသက်စွန့် ကာကွယ်ဖို့ တာဝန်ရှိသည်လေ။ လင်းမွှန်း သစ္စာမှာလည်း ဒီလိုပဲ သွားနေလေရော့သလားမသိ။

"ကိုကိုကြီး ... မီးကို ဖေဖေ့သမီးမှန်း လုံးဝမသိကြပါစေနဲ့နော်"

အဲသည်လိုမှာထားသည်မို့ ပြောင်ပြောင်ကြီး ဆောင့်ရှောက်ဖို့လည်း မလွယ်။ ဝေဟင် သူ့အတွေ့တွေမန်နေရာအခန်းထဲမှာ မနေဘဲ ကောင်တာမှာထိုင်၍ ငွေသိမ်းသည်မို့ ခေမာ၏ စိတ်မောစွာ လှမ်းတွေ့နေရခြင်းပါ။

"ဒီလိုမှန်းသိ ရုံးခန်းထဲ ဝင်နေပါရဲ့"



ခုမှတော့ ဘယ်ဝင်နေလို့ ဖြစ်ပါတော့မလဲ။ အဲဒီ ကောင်မလေး ကိုယ့်ညီမသာဆို ရိုက်ပစ်ချင်ပြီ။ ထင်ရာလုပ်သည့် ကောင်မလေး။

"ဆရာ"

သန်းအောင်က အပိုးမသေသည့် မျက်နှာဖြင့် ကပ်လာသည်။

"ဘာရောဂါလဲ"

သန်းအောင်ကို စိတ်တိုတိုနှင့် မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိလေ၏။

"ဆရာ့ကောင်မလေး"

"တယ် ... ဒီကောင်"

"ဟိုတစ်ခါ ဆရာ စပယ်ရှယ်လန့်ချ် ကျွေးတာလေ"

"လုံးဝမဟုတ်ဘူး"

"အမြွှာပူးထင်တယ်"

"မဟုတ်ဘူးဆို"

"အရမ်းတူတယ် ဆရာရဲ့"

"ဘယ်ကတူရမှာလဲ၊ ငါ့မျက်စိထဲ လုံးဝကွဲတယ်"

သန်းအောင် ခေါင်းကုတ်သည်။ မျက်စိကို လက်ခုံနှင့်ပွတ်သည်။ ငါပဲအမြင်မှား အထင်လွဲလေသလား၊ ဆရာပဲ ပြောင်ပြောင်ကြီး ငြင်းလေသလား။

သန်းအောင် မျက်စိထဲမှာတော့ ချွတ်စွပ်။

"ဟော ... သိန်းစိုး အနားကပ်ပြီး မီနူးကတ် ပြနေတယ်၊ လက်နှစ်ဖက် ရှေ့မှာထားပြီး တောင့်တောင့်လေး ရပ်နေတယ်၊ ကောင်မလေး ရယ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးနာ သွားစမ်းကွာ၊ ဘောလုံးပွဲသတင်းများ မှတ်နေလား"

"ဆရာက သိချင်လျက်နဲ့ စာရင်းတွေ ငုံ့ခစ်နေရသလားလို့ အလိုက်တသိ ပြောပေးတာပါ ဆရာ"

"သွားစမ်းကွာ၊ မင်းမသွားရင် ငါ ကန်ထုတ်မိလိမ့်မယ်"

"သွားပါပြီ ဆရာ၊ ခြေနှစ်ချောင်းလုံး ရွေ့ပါပြီ"

သန်းအောင် ကျောက်ပေါက်ိတော့ လက်တောင်မြှောက်ချင်သည်။ သန်းအောင်အဖေက ဝေဟင့်အစ်ကို ဒေါက်တာအာကာ အိမ်မှာ ကားမောင်း၊ အမေက မီးဖိုချောင်တာဝန်။ သန်းအောင်ကို ဝေဟင် လက်တိုလက်ရှည် ခိုင်းဖို့လည်း အဆင်ပြေ၊ သူလည်း လခရစေ သဘောဖြင့် ဆိုင်မှာသွင်းပေးထားခြင်းပါ။

ဝေဟင်တို့ခြံထဲ နောက်ဖေးတန်းလျားမှာ နေသည်မို့ ဝေဟင့်ကို အစ်ကိုရင်းတစ်ဦးလို ပြောရဲပြောင်ရဲ ရှိလေ၏။

"ကဏန်းလက်မနဲ့ ပြောင်းဖူး"

ချာတိတ်မ အဲသည်ပြောင်းဖူးကို တော်တော်ကြိုက်ပုံရသည်။

"ပြောင်းဖူးလေးတွေက သေးသေးနုနုလေးတွေနော် ကိုကိုကြီး"... တဲ့။

ဟိုတစ်ခါ ကျေးတုန်းက ပြောင်းဖူးဖတ်တွေချည်း ရွေးစားသည်မို့ ဝေဟင်က မကြိုက်ချင်ယောင်ဆောင်ကာ အဲသည် ဟင်းခွက်ကို မနှိုက်ဘဲ နေဖြစ်ခဲ့သည်။

"မြန်မြန်လုပ်ပေးပါနော်၊ အချိန်မရလို့ တစ်နာရီမှာ ရုပ်ရှင် လက်မှတ်ဝယ်ပြီးသား ဖြစ်နေလို့"



ကြည့်၊ မိန်းကလေးနှစ်ယော[illegible]သည်း ရုပ်ရှင်သွားဦးမည်။ ဒီကလေးမ ခေတ်မီတာလား၊ ခေတ်ဆန်တာလား၊ ခေတ်ရှေ့ပြေးနေတာလားတောင် မသိနိုင်တော့ပါ။

"နောက်ထပ်ညှိသည် မလာတော့ဘူးဆိုရင် ကျွန်တော်တို့ ထိုင်ပါရစေ"

ဟို ... မှောင်ခိုရုပ်နဲ့ ဂျပိုးနှစ်ကောင် ခေမာ့နားသို့ စပ်ဖြဲဖြဲကပ်လေပြီကော။

"ထိုင်ပါ ... ရပါတယ်၊ မီးတို့နှစ်ယောက်တည်းပါ"

ခုခေတ် ကောင်မလေးတွေ ဘယ်ကဘယ်လို အကျင့်စသည်မသိ၊ ကိုယ့်ကိုယ်ကိုယ် မီး သမီးဟု ပြောတတ်ကျင့်ရှိနေကြသည်။ ဘယ်သူကများ စတွင်လိုက်ပါလိမ့်။ ကောင်းတော့ ကောင်းသား။ သို့ပေမဲ့ မကောင်းပါ။

လူကြီးသူမနှင့်ဆို ဘာအရေးလဲ။ ယဉ်တောင်ယဉ်သေးသည်။ အဲသည်အသုံးအနှုန်းကိုပင် သူစိမ်းယောကျ်ားလေးတွေနှင့် သုံးတော့ ကာလကိသည့်ဘက်သို့ ရောက်လေ၏။

"ဒီချာတိတ်မ ဒါတွေလည်း နားလည်မည့်ပုံ မရပါဘူး"

ယောကျ်ားအကြောင်းကို ယောကျ်ားတွေသာ အသိဆုံးပါ။ ဝေဟင် မျက်စိဖွင့်နားစွင့်ရတော့သည်။ သွားလည်းရှုတ်ဆက်ရဲပါ။

"ကျွန်တော့်နာမည် မိုးကျော်ပါ၊ သူက ထူးကျော်တဲ့၊ မော်လမြိုင်မှာ နေပါတယ်၊ ရန်ကုန်ကို အရောင်းအဝယ်လေးကိစ္စတစ်ခုနဲ့လာရင်း ဒီတည်းခိုခန်းမှာပဲ တည်း တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မီးနာမည်က မီးမီးချစ်တဲ့"

"ချစ်စရာလေးပဲ"

ထူးကျော်၏ စပ်ဖြဲဖြဲမျက်နှာကို ဝေဟင် ဆွဲထိုးချင်စိတ် ပေါက်လေ၏။

"ရှင် ဘာကိုပြောတာလဲ"

"ဩော် ... နာမည်လေး လှတယ်၊ လူနဲ့လိုက်တယ်လို့"

"သူက နန်းကလျာ"

"နန်းကလျာပဲလား၊ လှိုင်မပါဘူးလား"

"မပါဘူး"

နန်းကလျာကမှ ခပ်တည်တည်ရယ်။ စကားကိုလည်း ဘုဆတ်ဆတ်ပြောသည်။

"လှိုင်ပါရင် ရုပ်ရှင်မင်းသမီးဖြစ်မှာ၊ ခုလည်း ရုပ်ရှင်မင်းသမီးနဲ့မခြားပါဘူး၊ လှတာပါပဲ"

သူ့နာမည် မီးမီးချစ်ဟု ပြောပုံကစ၍ ဝေဟင်စိတ်ဆိုးသည်။ နာမည်ရင်းရှိပါလျက် တစ်ဖက်သား နောက်လို့စလို့ကောင်းသည့် နာမည်ကိုမှ ပြောရသလား။

"ကျောင်းနေတုန်းပဲလား မီးမီးချစ်"

မျိုးကျော် မျက်နှာက ထူးကျော်နှင့်စာလျှင် အများကြီး တည်တံ့သေးသည်။ သို့ပေမဲ့ ဝတ်ပုံစားပုံက မှောင်ခိုဘုရင်လိုပါပဲ။

"မီး ဆယ်တန်းဖြေထားပါတယ်"

"ရန်ကုန်မှာပဲ နေလား"

"ခုတော့ ရန်ကုန်မှာပါပဲ"



ဝေဟင် နားထောင်နိုင်စွမ်း မရှိတော့ပါ။ ကောင်တာမှထကာ သူ့အခန်းထဲ ပြန်ဝင်ခဲ့လေ၏။

"မီး ... မီးရယ်"

ဆုံလည်ကုလားထိုင်မှာ ထိုင်၍ ဟိုသည်လှည့်ရင်း ရင်ထဲ မချိမဆန့် ဖြစ်နေရသည့် အဖြေကိုရှာ၏။ မီးအပေါ် ထားမိသည့် သံယောဇဉ်က ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ရှိလှသည်။ ဥပေက္ခာမပြုနိုင်ပါဘဲ ဥပေက္ခာပြုဖို့ ကြိုးစားကြည့်သည်။ ရင်ထဲ ဒေါသတွေပဲ ဖြစ်ထွန်းသည်။

"မီးရယ် ... ဘယ်လိုကြိုးမျိုးနဲ့ တုပ်နှောင်သလဲကွာ"

မိမိကိုယ်တိုင် ရှာဖွေတွေ့ရှိလိုက်သည့် အဖြေကြောင့် ကုန်လှုပ်ချောက်ချားရပါဘိ။ မီး ရန်ကုန် ရောက်လာတာ တစ်လခွဲလောက်ပဲ ရှိဦးမည်။ ဒီရက်အတွင်းမှာ ဝေဟင်နှင့်မီး တတွဲတွဲ ဖြစ်နေခဲ့ရသည်။ ဝေဟင့်အနေဖြင့် ဝင်ငွေ ထွက်ငွေစာရင်း၊ အမြတ်ငွေ စသည်စသည်တို့ သွားရှင်းပြရတာမျိုး။

"ကိုကိုကြီး ရုပ်ရှင်လိုက်ပြ"

အတင်းပူဆာ၊ နွဲ့ဆိုးနှင့် နှုတ်ခမ်းစူပြပြီး အနိုင်ကျင့်တာမျိုး၊ ထိခတ်ရိုက်ပုတ်တာမျိုး မရှိပေမယ့် ပွတ်သီးပွတ်သပ် နွဲ့တတ်တာလေးတွေက တစ်မျိုး။ ကြီးကြီး ဒေါ်သူဇာကလည်း နည်းနည်းလေးမှ မတား။

ဒါတွေ ... ဒါတွေဟာ အချစ်မှိုလေးတွေအဖြစ်နဲ့ နှလုံးသားမှာ ထိုးစိုက် စူးနစ်လေသလား။ ဝေဟင် ... မင်း ဒီလောက်ပဲ ပျော့ညံ့ရသလား၊ ဒီလောက်နီးစပ်မှုလေးကိုမှ ခံနိုင်ရည်မရှိဘူးတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ပါတယ် မီးရယ်"

"ဆရာ ..."

ဝေဟင် ဖျတ်ခနဲ လန့်သွားရသည်၊ အောင်သန်း အခန်းဝမှာ မျက်လုံးပြူးနှင့် ရပ်နေ၏။

"ဘာလဲ"

"ငနာနှစ်ကောင် မ,သွားပြီ"

"မင်းကြီးတော်ကိုလား"

ရင်ထဲ လှိုက်ခနဲ ဆူသွားရသည်။ ဘာကိုဆိုလိုမှန်း လဲသိသည်။ ခေါင်းမီးတောက်စွာ ခုန်ထရင်း လှုနိုင် အောင်သန်း ကိုပဲ မဲဖြစ်လေ၏။

"ကျွန်တော့်ကြီးတော် ဆုံးပါပြီဆို"

အောင်သန်း စကားကို နားမထောင်ဖြစ်ပါ။ တံခါး ရွက်က ဝုန်းခနဲပွင့်ကာ စားသောက်ခန်း စားပွဲတွေကို ဖြတ်လျှက် ဆိုင်ဝသို့ ရောက်ချိန်က အမြန်စံချိန်တင်လောက်၏။

"မီး ..."

ရင်နှင့်အမျှ ခေါ်သံက ခုန်ထွက်သည်။ ခေမာ လှည့်ကြည့်သည်။

"ပြန်တော့မလို့လား"

"ဟင့်အင်း ... ကိုမျိုးကျော်တို့ ကိုထူးကျော်တို့နဲ့ ရပ်ရှင် သွားကြည့်မလို့"

"ဘာ ... ဒီအချိန်ကြီး"

မီးရယ် ... ခေါ်သဖြစ်တိုင်းသာ လှတ်ပေးရရှင် မီးကိုပဲ ရိုက်ပစ်ချင်တော့တာပဲ။



"ဘာဖြစ်လဲ ... ဒီအချိန်ကြီး၊ မင်းမဲ့တိုင်းပြည်မှ မဟုတ် တာ"

"အေး ... မင်းမဲ့တိုင်းပြည် မဟုတ်တာ မှန်တယ်၊ တရား ဥပဒေလည်း ရှိတယ်၊ ယောကျာ်းလေးနဲ့ မိန်းမလေး ဆွေမျိုးမတော်ဘဲ အချိန်မတော် လျှောက်သွားကြရင် ထောင်ဒဏ်ခြောက်လဆိုတဲ့ ဥပဒေမရှိသေးဘူး၊ ယောကျာ်း လေးက မကောင်းကြံရင်သာ ထောင်ဒဏ်ဆယ်နှစ် ...တဲ့"

ထူးကျော် မျက်နှာကိုပဲ ကြည့်ပြောပစ်လိုက်သည်။ ထူးကျော် စပ်ဖြဲဖြဲပုံစံကို မဖျက်ဘဲ ပခုံးတွန့်ပြသည်။

"ကိုကိုကြီး မီးကို ချုပ်ချယ်တာလား"

ခေမာ မျက်နှာက တည်တည်တံ့တံ့မို့ ရှက်သွား ပလားဟု တွေးလိုက်မိပါသည်။

"ခေတရီး ... မီး၊ ချုပ်ချယ်တာ မဟုတ်ပါဘူး၊ မေတ္တာ ရပ်ခံတာပါ"

"အဲဒီမေတ္တာရပ်ခံတာကို လက်မခံရင်ကော"

"တောင်းပန်ပါတယ် မီး"

"တောင်းပန်လို့လည်း မရဘူး ဆိုပါတော့"

"လာခဲ့"

ခေမာ့ လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲသည်။ စား သောက်ခန်းအတွင်းသို့ ပြန်မသွင်းတော့ဘဲ လမ်းမပေါ်သို့ ဆွဲခေါ် သွားတော့၏။ ခေမာ တရွတ်တိုက်လုနီးပါး အပြေးလေး ပါလာရ သည်။ ဆိုင်ရှေ့မှာရပ်ထားသည့် သူ့မာဒေါ်ဘီခြောက်ရာ ကား တံခါးကိုဖွင့်၍ ခေမာ့ကို သက်မဲ့ပစ္စည်းတစ်ခုနယ် ထိုးထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

အောင်သန်း အပြေးရောက်လာ၏။

"လက်ရောက်ကျူးလွန်မှု"

"လျှာမရှည်နဲ့၊ ဟိုအမျိုးသမီးကို အကောင်းဆုံး စောင့်ရှောက်ပြီး မုန့်တစ်ပေါက် မစွန်းအောင် ပြန်ပို့၊ မင်းတာဝန်ယူ"

ကားကို ဝူးခနဲ မောင်းအထွက် အောင်သန်းက ဝေဟာင်း ကိုင်နေကျ အတက်ချိုကျော်ကို ကားထဲအချိန်မီ ပစ်ထည့်ပေးလိုက်ပါသတည်း။

○♡○

"အဲဒါ ဘာလုပ်တာလဲ"

"ရုပ်ရှင်လိုက်ပြမလို့"

"ဘယ်သုက ကြည့်မယ်ပြောလို့လဲ"

"ဟိုကောင်တွေနဲ့သော့ သွားမယ်၊ ဒီလိုလား"

"အဲဒီလိုပဲ၊ ကိုကိုကြီးနဲ့ မသွားဘူး"

"မီးရာ"

ကားကို လမ်းဘေးမှာ စိတ်ပျက်လက်ပျက် ထိုးရပ်ပစ်လိုက်ပါတော့သည်။

"မီးကို ညစာကျွေးခွင့် ချုပ်ချယ်ခွင့် ပြုပြင်ဖန်တီးခွင့်ေ ဖေဖေက ကိုကိုကြီးကို ဘယ်လောက်ပေးခဲ့သလဲ"



"မခန့်ပါနဲ့ မီး၊ ဘယ်သူကမှ မပေးခဲ့တဲ့ မတန်မရာ အခွင့်အရေးကို ယူမိတာပါ"

"လမ်းဘေးမှာ ကားကြီး ထိုးရပ်ထားတာကျတော့ မီးမှာ ဣန္ဒြေမမဲ့ဘူးလား"

"မီး အိမ်ပြန်မလား"

"လင်းမွန်သစ္စာကို သွားမယ်"

"လုပ်ပြန်ပြီ မီးရယ်၊ တော်ရုံနှိပ်စက်ပါ"

"ဘာဆိုင်လဲ၊ လင်းမွန်သစ္စာကို သွားတာနဲ့ နှိပ်စက်တာနဲ့"

"အဲဒီကို ကိုကိုကြီး မသွားချင်ဘူး၊ မီးကိုလည်း မသွားစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုမှာ ... မီးရဲ့မိထွေး ရှိတယ်"

"ကိုကိုကြီးနဲ့ သိလား"

"မသိဘဲ ရှိမလား"

"ဟိုးအစကတည်းကလား"

"အစကတည်းကသာသိရင် အဲဒီကိစ္စ မဖြစ်မြောက်အောင် အသက်နဲ့လဲပြီး ကာကွယ်တယ်"

"ဘာဖြစ်လို့လဲ"

"ဘယ်ဘက်ကမှ မကောင်းတဲ့ကိစ္စကြီး"

"ဖေဖေ့အပေါ် စေတနာထားတာလား"

"ဒီမှာမီး ... ကိုယ့်မှာ ကျေးဇူးရှင်ဆိုလို့ အစ်ကိုကြီး ဦးထွန်းလင်း တစ်ယောက်ပဲရှိတယ်"

"ကိုကိုကြီး ဘယ်မှာနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ"

"အဲဒီအိမ်က ဘယ်မှာလဲလို့ မေးတာ"

"အင်းယားမြိုင်မှာ"

"ထောသားပဲ"

"အထင်မကြီးပါနဲ့ မီး၊ မရီးရဲ့အမွေဆိုင်တိုက်ပါ"

"ဩော် ... အစ်ကိုနဲ့ မရီး ရှိသေးလား"

"ရှိတယ်"

"အဲဒီအိမ်ကို လိုက်လည်မယ်"

ဘယ်လိုမိန်းကလေးလဲ ယောကျ်ားလေးတစ်ယောက် အိမ်ကို လိုက်လည်ဦးမယ်တဲ့။ ခေမာ အဲဒီလို ဟိုဟိုဒီဒီ လျှောက်သွားတာမျိုး မဖြစ်စေချင်ပါ။ ကိုယ့်ဘက် ကိုယ်ယက်တယ်ပဲ ဆိုချင်ဆိုတော့ ကိုယ့်အိမ် လိုက်လည်မှာကျတော့ ကြိုက်၏။

"မခေါ်ဘူးလား၊ မိန်းကလေးမို့ ယောကျ်ားလေးတစ်ယောက် အိမ်ကို လိုက်မလည်ရဘူးလို့ ဆုံးမဦးမှာလား"

"ဆုံးမချင်တာပဲ"

"ဒါဖြင့်လည်း အိမ်ပဲပြန်တော့မယ်"

"ကိုယ့်အိမ်ကျတော့ လိုက်လည်ပါ ခေမာ၊ ကိုယ် ဖိတ်ခေါ်ပါတယ်"

"အဲဒါက ဘာဖြစ်ရပြန်တာလဲ"

"ကိုယ့်ကိုယ်ကိုယ် စိတ်ချတယ်လေ၊ ခေမာ့မှာ အသက်အန္တရာယ်၊ အရှက်အန္တရာယ် ဘာတစ်ခုမှ မရှိစေဖို့ အာမခံတယ်"

"ဟင်း ... လိပ်ကြီး"



ခေမာ့ မျက်စောင်းက သံမှိုစွဲတာထက် ခိုင်မြဲစွာ ငြိတွယ်၏။ ဝေဟင် အလိုကျစွာပြုံးသည်။

"စောစောက မီးဆို၊ ခု ခေမာ ဖြစ်ပြန်ပြီ"

"ညီမလေးပါက်စလေးလို သိပ်ချစ်သွားတဲ့အခါမှာ မီးလို့ခေါ်ဖြစ်တယ်"

"ဩော် ... ခု သိပ်မချစ်ပြန်ဘူး ဆိုပါတော့"

"ချာတိတ်မ၊ စကားကို ကပ်မပြောနဲ့၊ ခေါင်းခေါက်ချင်လာပြီ"

"ရော့ ..."

ခေါင်းလေးငုံ့၍ ထိုးပေးလာသည်မို့ တကယ်ပဲ ခေါက်ချလိုက်မိတော့သည်။ ခေမာ နာမည်မထင်ပါ။ ဝေဟင်တော့ နာသည်။ အသည်းမှာ နှလုံးသားမှာ စူးနစ်ခိုင်မြဲနေသည့် အချစ်သံမှိုလေးက ပိုမိုစိုက်နက်သွားသည်မို့ မျက်မျက်ကလေးကို နာရပါသည် ခေမာ။

ကြာရင် ခက်ရချည်ရဲ့ကွယ်။

○ ♡ ○

"ကိုကိုကြီးရဲ့ မရီးက မီးကို အထင်သေးမှာလားဟင်"

"သူက ဘယ်သူ့ကိုမှ အထင်လည်းမသေးဘူး၊ အထင်လည်း မကြီးဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မအားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ အထင်ကြီးတာ အထင်သေးတာ အချိန်ယူပြီး အားမှလုပ်ရမယ့် အလုပ်လား"

"မမထားက ဘာလုပ်ဖို့မှ မအားဘူး"

"ဘာတွေ ဒီလောက်လုပ်နေရလို့လဲ"

"သူ့ကိုယ်သူအတွက် အချိန်သိပ်ပေးနေရလို့"

"ကြားလိုက်ရရင် အဆန်းချည်းပဲ"

ခေမာ မျက်စောင်းထိုးသည်။ ဘယ်လိုအမျိုးသမီးလဲဟူ၍ နားတော့ မလည်လိုက်ပါ။ သို့ပေမဲ့ သူ့မရီးအကြောင်း သူ ပြောချင်ပုံမရသည်မို့ မမေးတော့ပါ။

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် အိမ်ထဲမှအသံတွေက လွင့်ပျံ့ထွက်လာသည်။ တကယ်ဆို ကားဝင်လာသံက တိတ်တိတ်ဆိတ်ဆိတ်မှ မဟုတ်ဘဲ ကြားမှာပါ။ ကြားပေမယ့် အရေးကြီး သဘောမထားသည်မို့ ပြောလက်စ စကားကို မဖြတ်ကြခြင်း ဖြစ်ပါလိမ့်မည်။

"ကိုယ် ငယ်ငယ်တုန်းက ဘာစာမေးပွဲမှ မကျဖူးဘူး၊ အမြဲပထမရခဲ့တာချည်းပဲ၊ ပညာရေးမှာဆို သူများရှေ့က ချည်း"

"ထားလည်း ကွန့်ဗင့်က ထွက်တာပါ၊ တက္ကသိုလ်မှာတောင် ဂုဏ်ထူးတွေနဲ့ အောင်ခဲ့တာပဲ"

"အဲဒီလို မင်းနဲ့ကိုယ်ကမွေးတဲ့ ကလေးဟာ ခုနစ်တန်းစာမေးပွဲလေးတောင် ကျရတယ်ဆိုတော့ ကောင်းနိုင်သေးရဲ့လားကွာ"



"နေပါဦး၊ အောင်စာရင်းက ထွက်ခဲ့တာ ကြာလှပြီ၊ ခုမှ ကိုကိုက ဘာစိတ်ကူးပေါက်ပြီး ပြောရတာလဲ"

"ဩော် ... ဒီနေ့ ဆေးရုံမှာ သားသမီးပညာရေးတွေ ပြောကြတော့ သူများကလေးတွေများ ဂုဏ်ထူးတွေ တန်းစီလို့"

"အဲဒါ ... ကိုကို ရှက်သလား"

"ရှက်တယ် ထား"

သူ့အစ်ကိုနှင့် သူ့မရီးတို့ ပြောနေကြသည့် စကားတွေ ဖြစ်မှာပါ။ ဒီကိစ္စနှင့်တော့ ရှောင်ပေးဖို့ မလိုဟု ယူဆသလား မသိ။ ဝေဟင်က ခေမာ့ လက်ဖျားလေးကို လှမ်းဆွဲသည်။

"လာ ... ခေမာ"

ခေမာ ဧည့်ခန်းထဲသို့ ဝင်သည်။

"ဒီနေ့ စောသားပဲ ဝေဟင်"

သူ့အစ်ကို ဖြစ်ဟန်တူသော အသက်နည်းနည်းကြီးသူက ပြုံး၍နှုတ်ဆက်သည်။ ခေမာ့ကိုလည်း ဖျတ်ခနဲ ကြည့်သည်။ ပြီးတော့ ပြုံးပြပုံက နှစ်လိုဖွယ်ပါ။

"ထိုင် ခေမာ၊ ကိုကို ... ဒါက ခေမာဝတီလင်းလေ"

"ဟော ... ဟုတ်လား"

ထိုင်နေရာမှ ထရပ်သည်။ ခေမာ့ထံ လျှောက်လာသည်။

"ဒါ ကိုယ့်အစ်ကိုကြီး ဒေါက်တာအာကာ"

ခေမာ မတ်တတ်ကလေး ထရပ်၍ ပြုံးပြသည်။

"သမီးက တော်တော်လှတာပဲ၊ ထိုင် သမီး ... ထိုင် ထိုင်"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လူကြီးကို ခေမာ မြင်မြင်ချင်း ချစ်ကြည်သွားတော့သည်။ ခေါ်ပုံကလည်း သမီးတဲ့။ တာကယ်လည်း ဖခင်အရွယ်ပါ။ ဖေဖေ့လောက် အသက်မကြီးသေးဘူးဆိုရင်တောင် မေမေလောက်တော့ ရှိပါပြီ။ မသာကာကြီးလှ နှစ်နှစ် သုံးနှစ်ပေါ့။

"လာလည်သမီး ... ခဏ ခဏလာ"

"ဟုတ်ကဲ့"

"ဒါ ... မမထားလေ၊ ဒေါ်ထားထားမြိုင်တဲ့၊ ကိုယ့်မရီး"

"ဟုတ်ကဲ့ မမထား"

ဒေါ်ထားထားမြိုင်က အသိအမှတ်ပြုစွာ ပြုံးပြပါ၏။ သို့ပေမဲ့ အပြုံးက အချိန်တိုလွန်းသည်။

"ကိုကို ညည့်သည်တွေနဲ့ စကားပြောဦးလေ၊ ထား သွားတော့မယ်"

"နေဦး ထား၊ ကိုယ်ပြောချင်တာ မဆုံးသေးဘူး"

"ဒါဖြင့်လည်း ပြောလေ"

"အဲ ... သမီးတို့ ဟောင်တို့ရှေ့ပဲ ပြောရဦးမယ်၊ ကိုယ်က ငစိန်ဆန်စားရမှာ မရှက်ဘူး၊ ပုဆိုးကြမ်းဝတ်ရမှာလည်း မရှက်ဘူး၊ အဲဒါတွေဟာ ရှက်စရာ မဟုတ်ဘူးလို့လည်း ခံယူတယ်၊ စာမေးပွဲကျတာ မပြောနဲ့ အတန်းထဲ အဆင့်နိမ့်နေရင်တောင် ရှက်တယ် ထား၊ ကိုယ့်ရဲ့မခံချင်စိတ်ကို ပညာရေးမှာ လုံးဝထားတယ်"

"ဒါတော့ ကိုကိုရာ ငစိန်ဆန်စားပြီး ပုဆိုးကြမ်းဝတ်နေကျတော့လည်း ရှက်စရာ မဟုတ်တော့ဘဲ ရိုးသွားရတာပါ။ စာမေးပွဲလည်း ကျနေကျရင် ရိုးသွားမှာပဲ"



"မင်း ဘယ်လိုပြောလိုက်တာလဲ ထား"

"သခားရိုးကျ ဖြစ်သွားရင် ရှက်စရာအဖြစ် မခံယူကြတော့ဘူး၊ ခံယူစရာ မလိုတော့ဘူးလို့ ပြောတာပါ"

"အေး ... ကိုယ်ဟာ ပုဆိုးကြမ်းဝတ် ငစိန်ဆန်စားပြီး ဆရာဝန်ပညာကို ရအောင်ယူခဲ့တဲ့ကောင်၊ မင့်သားက ပေါ်ဆန်းမွှေးနဲ့ ဒိန်ခဲနဲ့ ကိုကာကိုလာနဲ့ လူဖြစ်ပြီး စာမေးပွဲကျနေတော့ ဘယ်နေရာ သွားသုံးရမလဲ"

ခေမာ ထပြေးရမလား တွေးမိတော့သည်။

ဇောဇောက ထိုင်သမီးထိုင် ဆိုစဉ်က ထိုင်ချမိလိုက်လို့သာပဲ၊ ထိုင်သာမထိုင်ဖြစ်သေးရင် လာ ... ကိုကိုကြီးဟု ခေါ်ကာ ထွက်ပြေးမိမှာကအမှန်။ လင်မယားက စကားများနေတာကိုး။

ထူးသည်က ဒေါက်တာအာကာမှာသာ ဒေါသမျက်ဝန်းကို တွေ့ရပြီး ဒေါ်ထားထားမြိုင် မျက်နှာက အေးဆေးငြိမ်းချမ်းစွာ ကြည်စင်နေခြင်းပါပဲ။ သူပြောသည့် စကားကကျတော့ တစ်ဖက်သား၏ ငယ်ကျိုးငယ်နာကို ဖော်ထုတ်နေ၏။

ဩော် ... ဒေါက်တာအာကာတို့၊ ကိုကိုကြီးတို့ ငယ်ငယ်က ဆင်းရဲခဲ့တယ် ထင်ပါရဲ့၊ ဒီခြံနဲ့ တိုက်မားမားကြီးကလည်း မရီး ရထားတဲ့အမွေလို့ ကိုကိုကြီးက ပြောခဲ့တာပဲ။ ခေမာ ဆက်ထိုင်နေရမှာ ဒေါက်တာအာကာကို အားနာမိလေ၏။

"ဘာလဲ၊ မင်းက အမွေတွေ ပေးခဲ့မယ်ပေါ့လေ၊ ဟုတ်လား၊ မင်းက သူဌေးသမီးမို့ ငါ့ကိုနွားတစ်ကောင်လို ဝယ်ခဲ့ပေမယ့် သူဌေးသားက ပညာတတ်မိန်းမကို ဝယ်ယူရင် ထဘီနားမှာ ဟီးလေးခိုဖို့ပဲ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်းကွာ၊ လေသံမာလိုက်တာ၊ ကဲပြော ... ကိုကို ဘာဖြစ်ချင်လဲ"

ခုချိန်ထိ ဒေါ်ထားထားမြိုင်မှာ ဒေါသရိပ်မစွန်းသေးပါ။ တစ်ဖက်သားကို ထိထိခိုက်ခိုက် စော်ကားသည့်စကားတွေသူ ဒီလောက် အေးဆေးစွာ ပြောနိုင်၏။ မျက်နှာပြင်မှာ ခနီးခနဲ့အမူအရာလည်းမရှိ။

ဒါ ...အရည်အချင်း တစ်မျိုးထင်ပါရဲ့။

"သားကို ထား ဂရုစိုက်ပေးဖို့ပဲ"

"ဘယ်လို ဂရုစိုက်ပေးရမှာလဲ"

"ကျောင်းက ပြန်လာရင် လွယ်အိတ်ကိုစစ် စာတွေကူးခဲ့ရဲ့လား၊ လေ့ကျင့်ခန်းတွေ လုပ်ခဲ့ရဲ့လား၊ သင်ပြီးသားစာတွေ ရရဲ့လား၊ ပြန်ဆိုခိုင်း"

"ကိုကိုရာ အဲဒါတွေ မလုပ်ချင်လို့ သူဌေးသမီးလုပ်စားနေတာပါ"

"ခက်တယ် ထားရယ်၊ မင်းနဲ့တော့ ခက်ပြီ"

ဒေါက်တာအာကာ မျက်နှာကြီးနီလျက် ညည်းရှာ၏။

"လွယ်ပါတယ် ကိုကိုရဲ့၊ သူ့အကျိုးဆောင်နဲ့သူ လာကြတာပါ၊ တိုက်ကြီးပေါ်နေပြီး ဝိမ်ခံကားစီးဖို့ ဇာတာပါလာတဲ့သူဟာ သူ့အလိုလို ခုန်တက်လာတာပဲ၊ မပူပါနဲ့ ကိုကို၊ ထား သွားမယ်"

ပြောပြောထထနှင့် ခေမာ့တက် လှည့်ကြည့်ပြီးသည်။



"ဒီက ညီမလေး ထမင်းစားပြီးမှ ပြန်နော်၊ စကားရည်လုပွဲလေးအတွက် စိတ်မညစ်နဲ့ကွယ်၊ ဗဟုသုတတိုးပြီး ဝေါဟာရကြွယ်တာပေါ့"

လက်ခနဲ့ တစ်ချက်ပြုးကာ ထွက်သွားတော့သည်။

ကိုကိုကြီးနှင့် ပတ်သက်သည့် အသိုင်းအဝိုင်းမှာ စကားဆန်းတွေ ကြားရသည်။ လူထူးဆန်းတွေနှင့် ကြုံရသည်။ မမထားကိုတော့ ခေမာ တကယ်ပဲ အံ့သြရပါ၏။ သူ့စရိုက်ဗီဇက ဘယ်လိုမျိုးပါလိမ့်။

အပြန်ခရီးမှာ အတွေးပေါင်းစုံနှင့် ခေမာ ငြိမ်နေသည်။

"ကိုကိုနဲ့ မမထားတို့ စကားရည်လုပွဲကြောင့် စိတ်ညစ်သွားလား ခေမာ"

"ဟင့်အင်း ... မညစ်ပါဘူး၊ မိး တွေးနေတာ"

"ဘာတွေလဲ"

"မမထားက အရမ်းဆန်းတယ်နော်"

"ဘယ်လို ဆန်းတာလဲ"

"ရုပ်ရှင်တွေ့ သလို စကားမျိုးတွေ သုံးနေပေမယ့် ဒေါသလည်းမထွက်ဘူး"

"လူအမျိုးမျိုး စရိုက်အထွေထွေတဲ့ ခေမာ၊ လောကကြီးဟာ ခေမာ ထင်ထားတာထက် အများကြီး ပိုကျယ်ဝန်းတယ်၊ အဲဒီလောကကြီးကို ပန်းချီကားတစ်ချပ်လို သဘောထားကြည့် ...

www.burmeseclassic.com

www.burmeseclassic.com



"စရိုက်အမျိုးမျိုးနဲ့ လူတွေက ဆေးရောင်စုံလေးတွေပေါ့၊ ခေမာ ထင်ထားတာထက် အရောင်အသွေး ပိုစုံတယ်၊ ခေမာ အရမ်းငယ်သေးတယ်ကွာ"

"ငယ်တော့ ဘာဖြစ်လဲ ကိုကိုကြီး"

"ခေမာ့ကို လောကပန်းချီကားချပ်ကြီးထဲ ဆွဲသွင်းချင်တာ၊ ခေမာ သိပ်ငယ်နေသေးလို့ မသွင်းရက်ဘူး"

"အဲဒါ ... ကဗျာစပ်နေတာလား"

"လုပ်ပြီကွာ ခေမာကလည်း၊ ဒီက ရင်နဲ့အမျှ ပြောနေတာ"

ခေမာ ခစ်ခနဲရယ်သည်။

"အဆိုတော် ရုပ်ရှင်မင်းသမီး အကယ်ဒမီချိုပြုံး ဆိုတဲ့ သီချင်းတစ်ပုဒ် ကိုကိုကြီး မကြားဖူးဘူးလား"

"ချိုပြုံး ဆိုခဲ့တဲ့ သီချင်းတွေက အများကြီးပဲဟာ"

"မကြားဖူးရင် ရှာပြီးနားထောင်ပါ ကိုကိုကြီး၊ သီချင်းခေါင်းစဉ်က ဖြူနီညိုပြာ ဤကမ္ဘာတဲ့၊ တေးရေးက မောင်တည်ငြိမ်"

လက်ညှိုးကလေး ထောင်၍ ဆရာလုပ်နေသူကို အတိုင်းအဆမဲ့စွာ ချစ်သွားမိရပြန်တော့သည်။ မိး ... ရယ်။

○♡○



## ရင်မှာငြိတွယ်အချစ်နွယ်

"စိုင်းထီးဆိုင်ကတော့ ပြောတယ် မမရဲ့၊ မန္တလေးရောက် ရှမ်းကလေးတစ်ယောက်ရဲ့ အဖြစ်ဟာ မလွယ်ပါလား ... တဲ့"

"ကဲ ... ရန်ကုန်ရောက် ရှမ်းကလေးက ဘာပြောချင်လို့လဲ"

"မမ သိပ်လှတယ်လို့ပဲ"

"ကျေးဇူးတင်ပါတယ် ခွန်သာ၊ ဣတ္ထိရုပ်ဓနံဆိုတာ ကြားဖူးလား"

"သိပ်ကြားဖူးတာပေါ့၊ မိန်းမတို့၏ဥစ္စာဓနကား ... အဆင်းတည်းတဲ့"

"လှပခြင်းဟာ မိန်းမသားတွေအတွက် တန်ဖိုးတစ်ခုတော့မှန်ပါတယ်၊ ဒါပေမဲ့ အရာရာကို ပြုပြင်ဖန်တီးနိုင်အားရှိတဲ့အထိတော့ အဆင့်မမြင့်ရှာဘူး"

"ကျွန်တော် နားမလည်ဘူး မမ"

"သြော်ကွယ် ... အတိုဆုံး ဥပမာကတော့ ဒီအလှဟာ နှလုံးသားတစ်ခုကိုတောင် ပိုင်ပိုင်မြဲမြဲ မဆုပ်မတွယ်နိုင်ပါဘူးလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မမအဘိုးကြီးက မမကို မချစ်ဘူးလား"

ငွေစင် နာကြည်းစွာ ပြုံးရှာ၏။

ခွန်သာကတော့ ပြောမှာပေါ့လေ မမအဘိုးကြီးတဲ့။ သူက ငယ်ရှာသကိုး။ ငယ်ဆို ခုမှနှစ်ဆယ်ဖောင် ပီပီပြင်ပြင် မပြည့်ချင်သေးတဲ့ ကောင်လေး။ ငွေစင့်ထက် ဆယ်နှစ်ကျော်ကျော် ငယ်သည့် ချာတိတ်။

"မမ … မမ" တ,တတခေါ်ကာ အဲဒီကောင်လေး ကပ်လွန်းသည်။ "ကျွန်တော် မမအလှကို မြင်မြင်ချင်း အရမ်း အံ့ဩသွားတယ်"တဲ့။

"စွဲလမ်းသွားတယ်" "ချစ်မိသွားတယ်"ဆိုတာမျိုး မဆိုခဲ့ပါ၊ အံ့ဩသွားသတဲ့။ မိမိအလှမှာ ဘယ်လို အံ့ဩစရာတွေ ပေါင်းစပ်ပျော်ဝင်နေလို့ပါလိမ့်။

"အမှန်ကိုဝန်ခံရရင် ကျွန်တော် ရန်ကုန်ကို ငွေဖြုန်း သက်သက်လာတာ မမရဲ့"တဲ့။

မိဘကချမ်းသာတော့ ငွေကျောင်းပိတ်ရက်မှာ ရန်ကုန်ဆင်း ငွေဖြုန်းဖို့ အပျော်သက်သက်ဆိုပဲ။

"ရှမ်းကလေးရာ ငွေရာသီကြီး ခင်းဖို့ ရန်ကုန်ဆင်းတာပါ ဆိုတော့"

"မမရဲ့ဟိုတယ်က လေအေးပေးစက်နဲ့ဆိုတော့ ဈေးသာပါတယ်"တဲ့။

ဘယ်လိုပြောပြော သူ့မျက်နှာပြင် တစ်ခုလုံး ကွပ် တွတ်ရဲအောင် အိုက်နေရှာတာကို ငွေစင် အသိ။



"ရန်ကုန်က ပူလွန်းလို့ ဘယ်မှလဲ ထွက်မလည်ချင်တော့ ဘူး၊ ပြန်တက်ပြေးတော့မလို့၊ မမကို ခင်သွားတာနဲ့"

အဲဒီကောင်လေး အချွဲလည်းကောင်းသည်။ ဟိုတယ်မှာ စားရနေရချောင်အောင် ပိုင်ရှင်နှင့်မှ ဝင်ရောတာမျိုး ဟုတ်ပုံ မရပါ။ ငွေစင်က တစ်ခါတလေ နေ့လယ်စာ ကျွေးပါရစေဆို တာတောင် နီပြီးသား မျက်နှာပြင်က ရဲတွတ်ကြွတက်လာသည် အထိ စိတ်တွေဆိုးတတ်သည်။

"စားပေါက်ချောင်အောင် ညာပေါင်းတဲ့ကောင် မဟုတ်ဘူး ဗျ"

ဟုဆိုကာ ငွေစင့်အတွက် ငွေစင့်ဟိုတယ်မှာ သူက ငွေရှင်းသေးသည်။ တည်းခိုသူနှင့် ဟိုတယ်ပိုင်ရှင်ဆိုတာ ခုလို သိကျွမ်းရင်းနှီးဖို့တော့ မရှိပါ။ ကောင်လေးနှင့် အမှတ်မထင်ဆုံ ခိုက် အတင်းမိတ်ဖွဲ့ အတင်းပေါင်းကာ "မမ သိပ်လှတယ်"ချည်း ထိုင်ပြောနေသည့် ရှမ်းချောလေး။

"မမ အဘိုးကြီးက အသက်တော်တော်ကြီးပြီလား"

"ဟင် … မင်း မသိသေးဘူးလား"

"ဘာကိုလဲ မမ"

"အစ်ကိုကြီး ဆုံးရှာပါပြီ၊ မမက မုဆိုးမပါ"

"ဟောဗျ … ကြည့်စမ်း၊ အဲဒါ ကျွန်တော် မသိဘူး၊ စိတ် တောင်မကောင်းဘူး မမရာ၊ တကယ် … တကယ်"

"အင်း … စိတ်မကောင်းစရာထက် ပိုပြီးဝမ်းနည်းစရာ ကောင်းတာက အစ်ကိုကြီး နာမကျန်းဖြစ်လို့ ပြုစုလိုက် ရတာမျိုး မမမှာ မရှိဘူး၊ ရုတ်တရက် ဆုံးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မမအစ်ကိုကြီးက မမကို သိပ်ချစ်မှာပဲနော်"

"ထင်သလား ခွန်သာ"

"သိပ်ထင်တာပေါ့ဗျ၊ မမကလည်း အရမ်းချစ်မှာပဲ"

"ထပ်မေးရဦးမယ်၊ ထင်သလား ခွန်သာ ... လို့"

ငွေစင် မချိတရိ ရယ်ရှာသည်။

"မမဟာ ဒုတိယဇနီးပါ"

"ဟာ ... တကယ်"

"တကယ်ပါ၊ အစ်ကိုကြီးက မမကို နည်းနည်းလေးမှ မချစ်ပါဘူး"

ခွန်သာ တကယ့်ကို အံ့ဩသွားရသည်က သူ့ကိုယ်သူ ဒုတိယဇနီးပါဟု ဖွင့်ဟဝန်ခံရဲသည့် မမသတ္တိ၊ မမ၏ရိုးသားမှုကိုပါပဲ။

"မမကရော ချစ်သလား ဆိုရင် အားကိုးချစ်ပေါ့ကွယ်၊ အသည်းနှလုံးချင်း ဖလှယ်ပြီး တရှိုက်မက်မက် မြတ်နိုးရတာမျိုး မဟုတ်ပေမယ့် နားခိုရာကွန်းတစ်ခုလို အားကိုးတွယ်တာမိပါတယ်"

ခွန်သာ ယုံလေ၏။

မမ စကားပြောလျှင် မလိမ်တတ်ဘူးဆိုတာ အသိအမှတ်ပြုဖြစ်သည်။

"ကျွန်တော် ကဗျာလေးတစ်ပုဒ်၊ ပို့စကတ်ထဲမှာ တွေ့ဖူးတယ် မမ၊ ဆရာမောင်ပန်းမွှေး ရေးတာလေ၊ မလိမ်ဘူး မညာဘူး၊ မင်းကိုချစ်တယ်၊ ဘုရားစူးတဲ့"

ပြောပြီး ခွန်သာ ရယ်သည်။



တော်တော်အရယ်သန်သည့် ကောင်လေး၊ ဝါကျတစ်ကြောင်းဆုံးတိုင်းလိုလို ကြည်ရွှင်စွာ ရယ်တတ်ကျင့်လေးကြောင့် သူ့မျက်နှာလေး ပိုဝင်းလက်သွားရသည်။

"ခုလည်း မမ ပြောရင် မလိမ်ဘူး၊ မညာဘူး ဆိုတာ ဘုရားစူးကျိန်ဖို့ မလိုဘူး၊ ကျွန်တော် ယုံတယ် မမ"

အဲသည်စကားကို တကယ် ပြောဖြစ်သည်။ ရင်ထဲမှ ခံယူချက်အတိုင်း ပြောဖြစ်ခြင်းပါ။ မမကိုကြည့်ရင်း ပိုပိုခင်လာရတော့သည်။

"မောင်ပန်းမွှေး ကဗျာလေးတွေ သိပ်လှတယ်၊ သိပ်ချစ်စရာကောင်းတယ်နော်"

"မမ ကြိုက်လား"

"ကြိုက်တယ်"

"ကျွန်တော်လည်း သိပ်ကြိုက်တာပဲ၊ မမနဲ့ ကျွန်တော်နဲ့ တစ်ချက်တူပြီ"

"တစ်ရာပြည့်ဖို့ ကိုးဆယ့်ကိုးချက် လိုသေးတယ်"

"အဟား ... မမလည်း ဟာ... [illegible]"

"ဒီလိုပဲလေ၊ ဟာသဆိုတာ က... ...သာမှ ရှာမလုပ်ရင် မမဘဝက ခြောက်ခန်းလွန်းလှ..."

"ဒီလောက်လှ၊ ဒီလောက်စိုနေတဲ့ လူကများ"

ပြောပြီး ထရပ်ကာ ငွေစင့်ကို အားမနာ ပါးမနာ ...ည့်ပတ်ကြည့်ပြန်၏။

"ဒါ ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တာ၊ လှတယ်ဗျ၊ မမ ရေ့ကနာပြင်ပေါ်ကဝစ္စည်းတွေ အကုန်လှတယ်၊ နဖေါင်းတည်ဖွဲ့ပြောလည်း လှတယ်"

ငွေစင် မနေတတ် မထိုင်တတ်ပုံနှင့် ရှက်ပြုံး ပြုံးသည်။

"တော်တော့ ကိုယ်တော်လေး"

ဆယ်ကျော်သက်တုန်းက ရင်ခုန်နှုန်းဖြင့် ရင်ထဲတလှပ်လှပ် ဖြစ်လာရသည်။ မျက်နှာပြင်မှာ ရှက်သွေးဖြင့် နွေးတေးတေး။

"တစ်ခုပဲ ပြောစရာရှိတယ်"

"အသက်ကြီးတာလား"

ခွန်သာ ခေါင်းခါသည်။

"အသက်ကြီးတယ်ဆိုတာ အရင်မွေးလို့ အသက်ကြီးနေရတာပဲ မမရာ၊ ဒါ အကြောင်းမဟုတ်ပါဘူး၊ ဟိုဒင်း"

ငွေစင် မျက်စောင်းထိုးပြီးမှ မှန်ထဲ့ဟန် သိပ်ပါသွားသလားဟူ၍ ရှက်ရပြန်၏။

"မမ စိတ်မဆိုးနဲ့နော်"

"မဆိုးပါ ပြော"
သာ ယုံ
"ခါးလေး ်းတုတ်တယ်ဗျာ၊ သားလိုးဓားလေးနဲ့
စကားပြော
နည်းနည်းလေ ာ်ချင်တယ်"

ငွေစင် ာ်နှာ ပြင်မရအောင် ပျက်လေ၏။

ရင်ထဲ လှိုက်ခနဲဆို့ကာ မျက်ရည်ချက်ချင်းဝဲသည်၊ ခွန်သာ့စကားက မိမိဘဝ မိမိအခြေအနေကို သတိပေးလိုက်ခြင်းပါပဲ။ ဒီကောင်လေးငယ်ငယ် အပေါ်မှာ သာယာကြည်နူးစိတ်ကို ဖျောက်မှ။



"ခွန်သာ"

"ခင်ဗျာ ... မမ စိတ်ဆိုးသွားလား"

"မဆိုးပါဘူးကွာ၊ မင်းကို ပြောပြချင်လို့ပါ"

"ဘာကိုလဲ မမ"

"အဲဒီခါးက ဘာဖြစ်လို့ တုတ်နေတာလဲ သိလား"

"အလိုင်ချားတော့ အဆီစုတာနေမှာပေါ့၊ လမ်းများများလျှောက်ပေး မမ"

"ခွန်သာရယ် ... အဲဒီခါးတုတ်တုတ်ထဲမှာ မမ ရင်သွေးလေး ရှိနေပါတယ်"

"ဟောဗျာ"

"လူ့ပြည် မရောက်ခင်ကတည်းက အဖမဲ့ခဲ့ရတဲ့ ကလေးဟာ နောက်လေးငါးခြောက်လဆိုရင် လူ့ဘဝထဲကို ငိုသံပေးပြီး ဝင်လာတော့မယ်၊ ကံဆိုးရှာဦးမယ်"

မျက်ရည်စတွေ ပိုးပိုးပေါက်ပေါက် စီးကျသည်။ ငွေစင် မသိမ်းဆည်းပါ။

ရင်ထဲပေါ့သွားမလား အထင်ဖြင့် ငိုကြွေးပေမယ့် ပို၍သာ လေးလံလာရပါတော့သည်။

နီးဖို့ရာ လမ်းမမြင်ပါလား ခွန်သာရယ်။

"မငိုပါနဲ့ မမရယ်"

"မမဘဝမှာ တစ်ခါမှ ကံမကောင်းခဲ့ပါဘူး ခွန်သာ၊ ဒီဟိုတယ်ကြီးကို အမွေအဖြစ်ရတော့ စားရ သုံးရ ချောင်သွားပေမယ့် ...

www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘဝမှာ စားဝတ်နေရေးဟာ အရေးကြီးတာ မှန်ပါတယ်၊ စားဝတ်နေရေး ဖူလုံတိုင်းတော့လည်း ဘဝ ကြီး ပြီးပြည့်စုံပြီလို့ မဆိုနိုင်ပါဘူး ..."

"မမ စိတ်ချမ်းသာနေမယ်များ ထင်သလား"

မမကို ခွန်သာ တကယ်ပဲ သနားသွားပါတော့သည်။ မမသည် ဦးထွန်းလင်း၏ဒုတိယဇနီးသာမို့ မျက်နှာငယ်ရှာပါလိမ့်မည်။

"မမကိုများဆိုရင် လူမလေး ခွေးမခန့်နဲ့၊ ဟိုလူ ဒီလူက စချင် ချိုင်ချင်ရှိသေးတယ်"

ခွန်သာ မျက်နှာပျက်သွားရသည်။ ချက်ချင်း ပြန်ပြင်ဖို့ သတိမရပါ။

"မမ အချစ်ကို မတွေ့ဖူးခဲ့ပါဘူး ခွန်သာရယ်"

"ဦးထွန်းလင်းကို မမ ချစ်လို့ ..."

"ဟင့်အင်း ... မမဟာ အရှက်နည်းစွာ အပိုင်ချိုင်ခဲ့တာလည်း မဟုတ်ပါဘူး၊ မိန်းမသားပီသစွာ ဆင်ခြင်သင့်တဲ့ တရားနည်းခဲ့လို့ မမျှော်လင့်ဘဲ ..."

"ဦးထွန်းလင်းဟာ လူဆွေလူဆိုးကြီးလား"

"မဟုတ်ရှာပါဘူး၊ လူရိုးလူကောင်း လူတော်တစ်ယောက်ပါ"

"ဒါနဲ့များ မမရယ်"

"ပြောခဲ့ပြီကော၊ ချဉ်သီးနဲ့ဆားဟာ မနီးစပ်သင့်တဲ့ အရသာနှစ်ခုပါ၊ ယောကျ်ားနဲ့ မိန်းမဟာလည်း ဆိတ်ကွယ်ရာမှာ နီးစပ်မှု မရှိသင့်တဲ့ လူအမျိုးအစားနှစ်ခု"



"သူ မမကို တာဝန်ယူတယ်ပေါ့၊ ဟုတ်လား"

"ရက်ရက်စက်စက် ပြောရတာပါ၊ မမက လက်ထပ်ဖို့ ပြောတော့ အဲဒီကိစ္စ ဘယ်တော့မှ မပြောနဲ့၊ ငွေ ကြိုက်သလောက်ယူတဲ့"

"မမတို့ လက်ထပ်ဖြစ်တယ် မဟုတ်လား"

"အဲဒီအခြေအနေရောက်အောင် ဖန်တီးယူရတာပေါ့ ဖြစ်မိပြီမဟုတ်လား၊ ဦးထွန်းလင်းမှာ ငွေဝယ်ကျွန်ဆိုတာမျိုး ရှိခဲ့ရင်တောင် မမလောက် အောက်ကျနောက်ကျခံပြီးတော့ ပြုစုမယ် မထင်ပါဘူး"

"ကျွန်တော် ကြားရတာ စိတ်မကောင်းဘူးဗျာ"

"အကျိုးပေးက ဒီလိုပဲ ဖန်လာတာကိုးကွယ်၊ သူ့ဒုတိယဇနီးဘဝမှာ သူ့ကို အားကိုးချစ်နဲ့ ချစ်မိပါသေးတယ်၊ ရင်ထဲမှာ ပေါက်ကွဲရတဲ့ အချစ်မျိုးတော့ မဟုတ်ဘူး"

"မမ ချစ်သူရှိခဲ့ဖူးလား"

"မရှိခဲ့ဖူးဘူးဆိုရင် ခွန်သာ ယုံစေချင်တယ်၊ မမသစ္စာဆိုရဲတယ်"

မချစ်ဖူးပါဘဲ အိမ်ထောင်ကျဖူးသည့် အမျိုးသမီးကို ခွန်သာ သနားလွန်းစွာ ငေးကြည့်သည်။

"စကားပုံက ရှိုးပါတယ်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်ဆိုတာ မမတို့ မိန်းမသားတွေရဲ့ဘဝနဲ့ အဆီလျော်ဆုံးစကားပါ"

နန်းနှင့် ခေမာကို မြင်ယောင်မိရင်း ခွန်သာ အံတစ်ချက်ကြိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှစ်ကောင်လည်း တော်တော်လှူစွမ်းကောင်း လုပ်ချင်တယ်၊ လည်လွှန်းတဲ့ဘီး ဘယ်တော့ချေးနင်းမလဲမသိ"

"နင်တို့နှစ်ကောင် ပြန်ကြတော့ဟာ"ဟု ပြောမှဖြစ်မည်ထင်သည်။ ကိုယ့်ညီမ ကိုယ့်သူငယ်ချင်းကျတော့ ထိမိုက်ကွဲရှမှာ စိုးသည်လေ။

ဘဝပျက်ခဲ့ရသည့် မမကို ခွန်သာ မသနားဘဲ ဘယ်လိုပြတ်တောက်မှုမျိုးနဲ့ စိမ်းကားနိုင်ပါတော့မလဲ။

ကျွန်တော် တကယ်ချစ်သွားပြီ မမရေ။

○♡○

ခေမာ့ ပါးစပ်ထဲမှ အဖျားအပူချိန်တိုင်း သာမိုမီတာလေးကို ဆွဲထုတ်သည်။ ဝေဟင် မျက်ခုံးအတွန့်ချိုး၍ ကြည့်သည်။ အတွန့်ဖြေ၍ ကြည့်သည်။

"ကိုးဆယ့်ကိုးတောင် မပြည့်ချင်ဘူး၊ နော်မယ်ပြထားတဲ့ မြားလေးကနေ ဆံပင်ခြည် တစ်ပင်စာလောက်ပဲ စွန်းတာ"

"ဒါ ကိုကိုကြီးက မီးကို သည်းတယ် ချွဲတယ် ဆိုလိုက်တာပေါ့လေ"

"ကိုယ့်အကြောင်း ကိုယ်သိဖို့ပဲ အရေးကြီးတယ်"

"သိပါတယ်၊ သိပါတယ်၊ စေတနာမရှိရင် ပြန်ပါ"

ပြန်ချင်လိုက်တာမှ မလာခင်ကတည်းကဟု ပြောချချင်မိသည်။



"မီး ဖျားနေလို့ ကိုကိုကြီးလာပြုစုပါ"ဆိုသည့်အမိန့်ကြောင့် ဝေဟင် ဒေါ်သူဇာတို့အိမ် ရောက်နေရသည်။ စောင်လေးခြုံ၍ အိပ်နေသည့် ခေမာ့နားမှာ ငုတ်တုတ်ထိုင်ပေးနေရသည်။ အိမ်ဖော်မလေးက ခေမာ့ ခုတင်ပေါ်တက်ကာ ဟိုဆွသည်ဆွနှင့် နှိပ်ပေးနေရသည်။

"အဖျားက၊ ရှိမှမရှိတာ"

"မျက်စိတွေလည်း အရမ်းပူတယ်၊ အာခေါင်လည်းပူတယ်၊ ရင်ထဲကလည်း ပူတယ်၊ သိရဲ့လား"

"ဒါဆို သာမိုမီတာ ပျက်လို့ပဲ၊ အဖျားတစ်ရာ့ရှစ်လောက်ရှိနိုင်တယ်"

"ရှိချင်ရှိမှာပေါ့၊ ပျက်ချင်ပျက်မှာပေါ့"

"ဟုတ်မယ် ... ဘာဆေးသောက်လဲ၊ တက်ထရာဆိုက်ကလင်းရယ်၊ ကလိုရင်ဖယ်နီကောလ်ရယ်၊ အင်ပင်စလင်ရယ် သုံးမျိုးရောသောက်မှ အဖျားကျမယ်"

"စက်ပထရင်တို့ ပရော့စတာဖလင်တို့ အော်ဘာနင်တို့ပါ ရောသောက်မယ်၊ ကဲ ..."

"ဘယ်ဆိုးလို့လဲ၊ ဆေးနာမည် ဒီလောက်သိပုံနဲ့ဆိုရင် ဆေးမှောင်ခိုလုပ်လို့ရပြီ"

"ကိုကိုကြီး မီးကို တစ်ခါတလေ အကောင်းပြော"

"ဒီထက်ကောင်းတာ ပြောရမလား"

"ပြော"

"တရားအားထုတ်ပါလား၊ အာနာပါန ထွက်သက်ဝင်သက်မှတ်၊ ကိုးပါးသီလယူ၊ ရှစ်ပါးက နည်းတယ်၊ သက်သတ်လွတ်စား"

www.burmeseclassic.com

www.burmeseclassic.com



"နိဗ္ဗာန်မရောက်ခင် နိဗ္ဗာန်ယာဉ် အရင်စီးချင်နေတာ မဟုတ်လား၊ ကိုကိုကြီးကို သိပ်မုန်းတာပဲ"

"သိတယ်၊ မုန်းလို့ နှိပ်စက်နေတယ်ဆိုတာ"

"ဘာနှိပ်စက်လို့လဲ"

"ထားပါတော့၊ ဘာမှ မနှိပ်စက်ဘူးလို့ပဲ"

"သူ့ရည်းစားသားဆိုရင် ကော်ဖီတွေ ဘာတွေ ထဖျော်ပြီး ချော့တိုက်မှာ၊ ညီမမို့လို့ သူ စေတနာမရှိတာ"

"ဖျားတဲ့လူကလည်း ထိုးလိုက်ရတဲ့ မျက်စောင်း"

"မျက်စောင်းထိုးတာနဲ့ ဖျားတာနဲ့ ဘာမှမဆိုင်ဘူး"

"လူမမာ ဒီလောက်စကားများနေတာ၊ ချွေးပြန်ပြီး အဖျား မကျသေးဘူးလား"

"စေတနာမရှိရင် ပြန်"

"နှင်တာ နှစ်ခါရှိပြီနော်"

"သုံးခါဆိုရင် တကယ်ပြန်ခလို့ပေါ့လေ"

"အင်း ..."

"ပြန်တော့"

"တကယ်လား"

"ကုဋေကယ်"

"အေး ... ပြန်ပြီ"

ဝေဟင် တကယ်ပဲ မတ်တတ်ထ,ရပ်သည်။ မခွဲနိုင် မခွာရက် ခံစားမှုဖြင့် ငုံ့ကြည့်ခဲ့သည်။ မိမိက လူကြီးမို့ အစစဆင် ခြင်ရပါမည်လေ။



စိတ်ကိုတင်းကာ ဝေဟင် ချာခနဲ လှည့်ထွက်သွား တော့သည်။ ကြာလေ ခက်လေ ပိုဆိုးမှာမို့၊ အနေမနီးအောင် ပြေးရတာပါ ချာတိတ်ရယ်။

၁၀

သူ့ကို မုန်းကြည့်ဖူးပြီးပြီ။

မိန်းမဲ မပီသ၊ ထင်ရာစိုင်း၊ ခွတ်တရွတ် ဆိုးမလေး အဖြစ် အပြစ်တွေ့ဖို့ကာ အရမ်းတအား မုန်းကြည့်ခဲ့ပြီးပါပြီ။ မမုန်းနိုင်ခဲ့ပါလား။

သူနှင့် ခပ်ကင်းကင်းနေဖို့ အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့ ပြီးပြီ။ ပထမဆုံး အလုပ်က ထွက်ကြည့်သည်။ "ကိုကိုကြီး"ဆို သည့် အားကိုးတကြီး ခေါ်သံလေးကြောင့် မထွက်ဖြစ်ခဲ့ချေ။ သူ့ ဆီမသွားပါဘူး၊ စိတ်ဘယ်လိုတင်းပေမယ့် တစ်နေ့မှာ တစ်ခါမှ မတွေ့ရလျှင် ရင်ခွင်တစ်ခုလုံး လှစ်ဟာကာ ဘယ်လိုမှ နေလို့မရ။

"ကိုကိုကြီး လာပါဦး"

သူ အခေါ်ဆင့်လျှင် ခုန်းစိုင်းပြေးမိတာမှ ပုဆိုးခါး တောင်းမကျိုက်ရုံတမည်။ ဘယ်လိုကင်းနိုင်ပါ့မလဲ။ သူနှင့်ပတ် သက်ပါလေတိုင်း မခိုင်မာတတ်သူ ဖြစ်ခဲ့ရပေါင်းလည်း များပါပြီ။

"ဟော ..."

သူ့အကြောင်းတွေးဆဲမှာ တယ်လီဖုန်း မြည်လာ၏။ စားသောက်ဆိုင်မို့ တယ်လီဖုန်းသံက အကြောင်းအမျိုးမျိုးဖြင့် ကြာခဏမြည်မြဲ။ လူအမျိုးမျိုးက ဖုန်းလှမ်းဆက်သည်မို့ ...

www.burmeseclassic.com

www.burmeseclassic.com



လီဖုန်းခမျာ နားရတယ်တောင် သိပ်မရှိလှပါ။ အဲသည်လောက် များပြားသည့် အရေအတွက်ထဲမှာ ...

"ချာတိတ်မဆီက ဖုန်းပဲ"

နှလုံးသားအသိဖြင့် ကြိုတင်သေချာ၏ ။ စကားပြော ခွက်ကို မ,ရာတွင် နှုတ်ခမ်းလွန့်လွန့်ကွေး၍ ပြုံးမိနေတာ၊ ကိုယ့်ကိုယ်ကိုယ်တောင် သိပ်သတိမထားမိပါ။

"ကိုကိုကြီး"

"ခေမာ"

ထင်သည့်အတိုင်းပါပဲ။ အချစ်ဖြင့် ထုံမွှမ်းသည့် နှလုံးသားအသိမှာ လွဲမှားသည်ဟူ၍ ရှိရိုးနိုင်ပါ့မလား။

"မီးကို တစ်ခုကူညီပါ"

"မီး ... မီး ဘာဖြစ်နေလဲ"

သူ့အသံလေးက နစ်နစ်တိမ်တိမ်မို့ သိပ်ကို နေထိုင် မကောင်းဖြစ်နေပြီလား။ ဟိုနေ့က ထ,ပြန်လာခဲ့တာ သိပ်များရိုင်း သွားသလား၊ ချာတိတ်မလေး သိပ်များစိတ်မကောင်းဖြစ်ကျန်ရစ်ခဲ့ သလား။

"မီးကို ရထားလက်မှတ် ယူပေးနိုင်မလားလို့ပါ"

"ဘယ်သွားမလို့လဲ ခေမာ"

"မန္တလေးပြန်တော့မယ်"

"ဘာလုပ်ဦးမလဲ ခေမာရယ်၊ လူကြီးတွေသိရင် ဘယ် လောက်စိတ်ပူမလဲ"

"ကိုကိုကြီး ဝယ်ပေးမလား၊ မဝယ်ပေးဘူးလား၊ ဒါပဲပြော"

"အနိုင်ကျင့်လိုက်ကွနော် ခေမာ"



"ကိုကိုကြီးနဲ့ ငြိုင်ငြင်းဖို့ မီးမှာအားမရှိဘူး၊ ဝယ်ပေးပါနော် ကိုကိုကြီး"

"မီး နေကောင်းရဲ့လား"

"မီးက အရမ်းနေမကောင်း ဖြစ်နေပါရဲ့နဲ့၊ သာမိုမီတာက အဖျားတက်မပြလို့ ချိုးပစ်လိုက်ပြီ ... မုန်းလို့"

"လာပ်တော့မယ်"

"ခုတော့ ... အဖျားက ဘယ်လောက်မှန်း မသိဘူး"

"ကိုကိုကြီး ခုပဲလာခဲ့မယ်"

"မလာနဲ့၊ လာရင် ရထားလက်မှတ် ပါရမယ်"

"ပါမယ်၊ လာခဲ့မယ်"

"ဒါဖြင့်လဲ လာပေါ့၊ မီး ပစ္စည်းတွေ သိမ်းတော့မယ်၊ ဘယ်တော့လာမှာလဲ"

"အခု"

"လက်မှတ်"

"ရမယ်လို့ဆို"

"ပြီးရော ... ဒါပဲ"

စိတ်ကောက်ပြေသေးပုံမရပါ။ စကားပြောတာ ဘုကျ ချင်သေးသည်။ သို့ပေမဲ့ သူ့အသံလေးထဲမှာ ဝမ်းနည်းကြေကွဲ ခြင်းနှင့် အားငယ်မှုကို ဝေဟင် ရှာဖွေတွေ့ရှိသည်။

"မန္တလေးထိ လိုက်ပို့ရ ကောင်းမလား"

အဲသည်ထိ စဉ်းစား၏။

လာဘုန်းက သူ့ဘာသာလာပေမယ့် သူ ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူးလို့ သူ့ကို ဘယ်မှာ ဥပေက္ခာပြုနိုင်တော့လို၏။ သူ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးပြန်သွားရင် ပြန်လာဦးမှာလား။ ဘယ်တော့မှ ပြန်မလာတော့ရင် ဘယ့်နှယ်လုပ်မလဲ။

မတွေ့ကြရတော့ဘူးတဲ့လား။

ကြီးကြီးဒေါ်သူဇာတို့ နေပုံထိုင်ပုံက ကင်းကင်းကွာကွာရှိလွန်းသည်။ တူမလေးတစ်ယောက် ရောက်လာလို့ အိမ်ပေါ်မှာ လက်ခံထားရရုံထက်ပိုသည့် နွေးထွေးမှုကိုမပြဟုထင်သည်။ ထင်ရာသွား၊ ထင်ရာလုပ်၊ ပေါင်းချင်သည့်သူနှင့်ပေါင်း၊ ဟန့်တားပိတ်ပင်ခြင်းလည်းမရှိ။

ခေမာ့အကြောင်း စဉ်းစားရင်း ခေမာက ရင်ထဲမှာ အလုံးအရင်းနှင့် နေရာယူသည်။ ဘာကြောင့်မှန်းမသိ။ အဲဒီကောင်မလေးကို ရိုက်ပစ်ချင်နေမိတော့သည်။

○♡○

"အန်ကယ် ဦးအောင်သူရော"

"ရုံးသွားတာပေါ့၊ ရှေ့နေဟာ ရုံးမသွားလို့ ဘယ်သွားရမလဲ၊ လက်မှတ်ပါလား"

"ပါတယ်"

နှုတ်ခမ်းစူနှင့် ကြိုသူကို ငယ်ထိပ်တစ်ချက်တော့ ခေါက်ချင်သား။

"မြန်လှ လွယ်လှချည်လား၊ ရထားလက်မှတ် သိပ်ခက်ဆို"

"ပါတယ်ဆို ပြီးရောမဟုတ်လား"

"ပြ"



"နေဦး ကြီးကြီးဒေါ်သူဇာရော"

"ရှိသားပဲ"

"အိမ်ထဲမှာလား"

"ဟုတ်မှာပေါ့"

"ဒါဖြင့် မီးနဲ့ ကိုကိုကြီးနဲ့ ခြံထဲ ခဏဆင်းစကားပြောရင် ဖြစ်မလား"

"ဒါများ အဆန်းလုပ်လို့"

"ဒါဖြင့် လာ"

လက်ကမ်း၍ ကြိုမိသည်။ ခေမာ ဝေဟင့်ကို မော့ကြည့်သည်။ ဝေဟင့်လက်ထဲသို့ သူ့လက်ကလေးထည့်မပေးပါ။

"လာလေ"

"မန္တလေးထိ တစ်ယောက်တည်းပြန်မယ့်သူကို ခြံထဲလေးတော့ တွဲမပို့ပါနဲ့"

"မီးနော်"

ဝေဟင် ဖျတ်ခနဲဆွဲယူကာ ရှေ့မှလျှောက်တော့ ရုစ်ကန့်ကန့် ပါလာပြန်သည်။ ကလေးလည်းမက လူကြီးလည်းမကျ။ ခက်တဲ့ မီးရယ်။ ဒန်းပေါ်မှာထိုင်တော့ ခေမာ တစ်ဖက်ထောင့်စွန်းမှာ အတင်းကပ်ထိုင်နေပြန်၏။

"ဘာလဲ ... ဘာလို့ ဒီလောက် အဲဒီချောင်ထဲ သိပ်ကပ်နေရတာလဲ"

"အလကားနေရင်း ဆူနေတာကိုး၊ ဖေဖေ့အရိုးတောင်မဆွေးသေးဘူး၊ ဖေဖေ့အချစ်တော်က မီးကို ဆူလိုက်မာန်လိုက်နဲ့ အရမ်းမျက်နှာငယ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မီးရာ"

ရင်ထဲ တော်တော်လေးကို မကောင်းနိုင်အောင်ဖြစ်သွားရပါ၏။

"မီး ရန်ကုန်ကို ဘာရည်ရွယ်ချက်နဲ့ လာခဲ့တာလဲဆိုတာက စပြီး မေးချင်တယ်"

"အဆန်းလား ကိုယ့်အဖေဂူကို ကိုယ်လာရှိခိုးတာ"

"မီး ကြီးကြီးတို့နဲ့ အဆင်ပြေရဲ့လား"

"ဘာဖြစ်လို့လဲ"

"နေတာထိုင်တာ ကင်းကင်းကွာကွာ ရှိသလားလို့"

"ပြေပါတယ်၊ ကြီးကြီးက အနေအေးတာ"

"မီးအဖွဲ့တွေရော၊ လင်းမွန်မေတ္တာမှာ တည်းကြတဲ့ လူတွေလေ သူတို့နဲ့ အဆက်အသွယ် ရှိသေးလား"

"ဘာဆိုင်လဲ၊ အဲဒီမှာတွေ့လို့ သူငယ်ချင်းဖြစ်တဲ့ဟာ၊ နေပါဦး ကိုကိုကြီး၊ မီးက တရားခံလား"

ဝေဟင် ပင့်သက်မှျင်းမှျင်း ချလေ၏။

"မီး"

ခေါ်သံက အသက်ပါလှသည်မို့ ရင်နှင့်မဆန့်၍ ပွင့်ကျသလား ထင်မိရသည်။ ခေမာ လုစ်ခနဲမော့ကြည့်သည်။

"မီးကိုချစ်တယ်၊ သိပ်ကိုချစ်တယ် မီးရယ်၊ ကိုကိုကြီး ဘယ်လိုမှ မခွဲနိုင်တော့ဘူး"

မီးမျက်နှာကို စေ့စေ့ကြည့်၍ ရဲရဲပဲပြောဖြစ်လေ၏။ မီး ဝေဟင့်ကို ပြန်၍ စူငေးစွာကြည့်သည်။ မျက်လွှာမချ။ အာ... သတ္တိခဲမလေးလား။ ဒါမျိုးစကားတွေ ရိုးနေအောင် ကြားဖူးလို့ပြီမို့ မဆန်းတော့တာလား။



မျက်ဝန်းချင်းဆုံချိန်က ရှည်ကြာ၏။

ဝေဟင် ဦးစွာ မျက်လွှာချသည်။ မီးကို တစ်သက်လုံး အရှုံးပေးလိုက်ရပြီမှန်း သိလိုက်ပါ၏။ ရင်ထဲမှာ အလိုလို သိမ်ငယ်လာရသလိုမို့ မီးနှင့် မျက်ဝန်းချင်းမဆုံရဲတော့ပါ။

"မီးရယ် ... ကိုကိုကြီးဘက်မှာ အနုတ်လက္ခဏာတွေ အများကြီးရှိတယ်"

ဝေဟင် ဒန်းရှေ့မှာ အလှစီထားသည့် ကျောက်စရစ်ခဲလေးတွေကို ငေးကြည့်သည်။ မီး၏ ရယ်ဟဟ ခနိုးခနဲ့ မျက်နှာလေးကို တွေ့သည်။ လှောင်နေပြီလားမသိ။

"အဲဒါကို ဖွင့်ပြောဖို့ မရည်ရွယ်ပါဘူး၊ ကိုကိုကြီး ရှောင်ဖို့ အများကြီး စဉ်းစားခဲ့တယ်၊ ရင်ထဲ မထိန်းနိုင်လွန်းလို့"

"ဆန်းတယ်"

"ဘာပြောတယ် မီး"

"သြော် ... ကိုကိုကြီး မီးကို ချစ်တယ်ဆိုတာ သိပ်ဆန်းတာပဲလို့"

"ဘာဖြစ်လို့လဲ"

"ကိုကိုကြီးနဲ့ မီး စတွေ့ကတည်းက ဘယ်မှာ အဆင်ပြေခဲ့လို့လဲ၊ ကိုကိုကြီး မီးကို အကောင်းတစ်ခွန်း ပြောဖူးသလား၊ ဒီကြားထဲက ချစ်တယ်ဆိုတော့ ရှစ်ဆယ်ခုနစ်ခုနစ်ထဲမှာ အကောင်းဆုံးဟာသပဲ"

"အဲဒီလို မဟားနဲ့ မီး"

"ဒါပဲရှိတာပဲ၊ ကိုကိုကြီး မီးကို ချစ်တယ်ဆိုတာမှာ ..."

"ဘာလဲ မီးကို သူဌေးသမီးမို့ ချိုင်တယ်ထင်သလား"

www.burmeseclassic.com

www.burmeseclassic.com



ဝေဟင် မျက်နှာတွေ နီရဲကာ ဒန်းပေါ်မှဆင်းသည်။ ကျော်စရစ်ခဲတွေပေါ် ဆင်းရပ်သည်။ မီးနှင့် မျက်ဝန်းချင်းထိပ်တိုက်ဆုံ၏။

"အဲဒီလို အထင်ခံရမှာစိုးလို့ ဖွင့်မပြောခဲ့တာ၊ မီးကို ဒုတိယအကြိမ် မြင်ဖူးတဲ့နေ့မှာ စချစ်တယ် ရှင်းလား"

"ရှင်းတယ် ဆက်ပြော"

"မီးကွာ"

ရင်ထဲက အချစ်ကို ဆရာမရှေ့ စာဖြေရသည့် ကျောင်းသားနှယ် ပြောပြရတော့ လက်ပိုက်ပြီး "မင်္ဂလာပါ"ဆို ဖို့ပဲရှိတော့သည်။

"ကိုကိုကြီး မီးကို လုံးဝ မကြိုက်တာ မီး သိသားပဲ"

"ဟုတ်တယ် မကြိုက်ဘူး၊ မုန်းချင်စိတ်လည်းပေါက်တယ်၊ အဲဒါတွေဟာ ချစ်လို့ပဲ မီး၊ မီးကို ချစ်လွန်းလို့ အကောင်းဆုံးချည်း ဖြစ်စေချင်တော့ ...

"နေတာ ထိုင်တာ ပြောတာ၊ ယောကျ်ားလေးတွေနဲ့ ဆက်ဆံတာကအစ မရင်းနှီး မရဲတင်းစေချင်ဘူး၊ အဲဒါ မနာလိုတာပဲ၊ မနာလိုတယ် ဆိုတာက ချစ်လို့ ...

"မီးကို ပြောပိုင် တားပိုင်ခွင့်လည်း မရှိဘူး၊ မီး လုပ်နေတာကိုလည်း ဝန်တိုစိတ်နဲ့ နည်းနည်းမှမကြိုက်ဘူး၊ အဲဒီတော့ ဒေါသထွက်လာရော၊ မုန်းလာရော ...

"ဒါပေမဲ့ မချစ်ဘဲ မနေနိုင်လွန်းလို့ ပြောမိတယ်၊ မီး မယုံရင် ကိုကိုကြီးစကားကို ပြန်ရုပ်သိမ်းတယ်"

"မရွှဘူးလား"



"ဘာကို ရွှံရမှာလဲ"

"ထွေးပြီးသား တံတွေး ပြန်မျိုတာ"

စကားနှင့်အတူ မျက်စောင်းပျံလေးပါ ခုန်ထွက်သည်။ အဲသည်မျက်စောင်းလေးက ဝေဟင့်ရင်ထဲ မွှေနှောက်၏။ ဒေါသတွေ ကင်းစင်လွင့်ပြယ်ကုန်ရကာ မျက်နှာတစ်ခုလုံး ပြုံးကျသွားရတော့သည်။

"မီးကွာ ... တကယ် ကလေးလေးပဲ၊ မုန့်ဝယ်မလာမိတာ တောင်မှားပြီ"

ရင်ထဲ ချစ်သွားမိရသလောက် ခေါင်းခေါက်ချင်စိတ်ဖြစ်သည်။ မိမိ ချစ်တတ်ပုံကို ပြန်စဉ်းစားတော့ လူကြီးက ကလေးကိုချစ်သည့် အချစ်မျိုးဆိုတာကို နားလည်မိပါ၏။

"မီး ကိုကိုကြီးကို ယုံလား"

"ယုံသားပဲ"

"ကိုကိုကြီးချစ်တာ မီး ယုံတယ်၊ ဟုတ်လား"

ခေမာ ခေါင်းညိတ်လေ၏။

"ဘကြီးက တူမကိုချစ်တဲ့အချစ်မျိုး၊ ဘိုးအေက မြေးကို ချစ်တဲ့အချစ်မျိုးနဲ့ သိပ်ချစ်နေတယ်ဆိုတာ ယုံတာပေါ့"

"မီးက ကိုယ့်တူမလည်းမဟုတ်ဘူး၊ ကိုယ့်မြေးလည်းမဟုတ်ဘူးကွ၊ ဘာမှ မတော်ဘူး၊ အဲဒီတော့ ချစ်သူလိုပဲချစ်တယ်"

"အဲဒါတော့ မယုံပါဘူး"

"လုပ်ပြန်ပြီကွာ"

"လုပ်ပြန်တယ်လေ၊ ချစ်သူတွေဆိုတာ အလိုလိုက် အကြိုက်ဆောင်၊ ကြင်နာယုယပြ၊ စကားချိုချို လုလုပြော၊

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... ကိုကိုကြီးက တွေ့ရင် မျက်နှာပုပ်ကြီးနဲ့ ဆူပြုပါလိမ့်မယ်"

"အဲဒါတွေအားလုံးဟာ မီးကိုချစ်လို့ချည်းပဲ၊ သိပ်ချစ်လို့ဖြစ်တာတွေ၊ အချစ်ကို ဖော်ထုတ်တဲ့နေရာမှာ ကိုကိုကြီးက လူကြီးဆိုတော့"

"အဘိုးကြီးလို့ ပြောစမ်းပါ"

"ထားတော့ ... အဘိုးကြီးဆိုတော့ ချစ်တတ်ပုံနည်းကျမယ်လေ၊ ဒါပေမဲ့ အဘိုးကြီးအချစ်က ပိုနက်ရှိုင်းတယ်"

"လေစိမ်းတွေ တိုက်နေတယ်နော်"

"ဘာလဲကွာ၊ အဲဒါ သီချင်းခေါင်းစဉ်ပဲ"

"ကိုကိုကြီး အပြုအမူနဲ့ ချစ်တယ်ဆိုတဲ့ အကြောင်းအရာကကွာဟနေတော့ သိပ်ဆန်းနေတယ်လေ၊ ကိုကိုကြီးပြောသမျှစကားတွေဟာ မီးအဖို့တော့ လေစိမ်းတွေပဲ"

"ဒါဖြင့်လည်း အားလုံး သဘောပေါက်"

ခေမာ ခစ်ခနဲ ရယ်သည်။

"ဒီလိုတော့လည်း ပြန်ပြောနိုင်သားပဲ"

"နှစ်ဆယ့်ခြောက်ဆိုတာ အဘိုးကြီးလား မီးရယ်"

ခေမာ ကိုယ်ကလေးခါ၍ ခိုးခိုးခစ်ခစ် ရယ်ပြန်၏။ သူ့ကြည့်ရတာ အလေးအနက် တစ်စက်ကလေးမျှ မရှိသည်မို့ ဝေဟင် စိတ်ညစ်ရပြန်သည်။

"မီးရထားလက်မှတ်ပါတယ်ဆို"

"ပါသားပဲ"

"ပေးလေ"

BURMESE CLASSIC .com



ဝေဟင် ရှပ်အင်္ကျီအိတ်ထဲမှ လက်မှတ်လေးကို ထုတ်ပေးသည်။ ခေမာ လှမ်းကြည့်၏။ တစ်စောင်တည်း။ ချစ်တယ်ဆိုတဲ့ လူက တကယ်ပဲ ပြန်လွှတ်ချင်နေတာပါလား။ ပြီးတော့လည်း တစ်ယောက်တည်းပြန်ဆိုတဲ့ သဘော။

"ရော့လေ"

မီး လက်ဝါးလေးကို လှမ်းဆွဲထည့်ပေးသည်။

"ကြည့်ဦးလေ မီး"

ကြည့်ချင်စိတ်လည်း မရှိတော့ပါဘူး၊ သူ တကယ်ပဲ ပြန်လွှတ်ရက်တဲ့သူ။ သံယောဇဉ်ဆိုတာ တွယ်တာနှောင်ဖွဲ့တတ်တဲ့ အမျိုးအစားပါ။ မီးကော ကလေးမို့ မချစ်တတ်ဖူး ထင်နေတာလား၊ အဲဒီလိုထင်နေရင်တော့ မီးကို ဘာဖြစ်လို့ ချစ်တယ်လို့ ပြောသေးလဲ။

ရထားလက်မှတ်လေးကို ကြည့်ရင်းက မှုန်ဝါးလာရသည်။ အမြင်အာရုံရှေ့မှာ မျက်ရည်ပဝါခြားပြီလေ။ ရင်ထဲလှိုက်ခနဲ ဆို့လာရပေမယ့် ဒီလူကြီးရှေ့မှာ မငိုချင်ပါဘူး။ သိပ်ကိုမုန်းစရာကောင်းတဲ့ အဘိုးကြီး။

မငိုချင်ပေမယ့် အဲဒီမျက်ရည်ကို သူ မသိအောင် ကျိတ်သုတ်ဖို့ မလိုပါဘူးနော်၊ မုန်းမိပြီဆိုမှ ဘာကရုစိုက်စရာလိုသေးလဲ ... က ...။

မျက်ရည်စများကို လက်ခုံဖြင့် ပွတ်ပစ်သည်။ ရထားလက်မှတ်လေးကို ကျစ်ကျစ်ပါအောင်သုပ်သည်။

"ကိုကိုကြီး ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com



ဝေဟာင် ချာခနဲ လှည့်ထွက်ပုံကိုက အမိန့်ကို နာခံလှချည်ရဲ့ဟူ၍ ကျေးဇူးမတင်နိုင်ပါ။ အဲဒီလူကြီး လုပ်ပေါက်တွေ အကုန်လုံး ခွကျသလောက် မုန်းဖို့ကောင်းလိုက်တာ မပြောပါနှင့်တော့။ တော်ပြီ … မုန်းတယ် … မုန်းတယ်၊ သိပ် … သိပ်မုန်းတယ်။

ဝေဟာင့် ကျောပြင်ကို စိုက်ကြည့်ဖို့ သံယောဇဉ်လေး တိခနဲ ဖြတ်ချပစ်သည်။ ဝေးကွာခြင်း၏ စေတမန် ရထားလက်မှတ်လေးကိုပဲ သဲမဲကြည့်သည်။

"ဟင် …"

ခေမာ ဒန်းပေါ်မှ ခုန်ဆင်းသည်။ မလှုပ်တလှုပ် ကျောခိုင်းရွေ့လျားနေသည့် ဝေဟာင့်နောက်သို့ ပြေးလိုက်သည်။

"ဟေ့ … လူကြီး"

ဝေဟာင် တုံ့ခနဲရပ်သည်။ သမင်လည်ပြန် အကြည့်မှာ မျက်နှာပြင်တစ်ခုလုံး ချိုနေ၏။

"ဒါ … ဘာလဲ"

"ရထားလက်မှတ်လေ"

"စီးလို့မှမရတာ"

"မီးက ရထားလက်မှတ်ဆို"

"ဒါ … စက္ကူထဲဝင်ခွင့်လက်မှတ်လေးဟာကို"

"အဲဒါလည်း ရထားလက်မှတ်ပဲ"

"သွား …"

သူ့ရင်ဘတ်ကျယ်ကျယ်ကြီးဆီသို့ စက္ကူလက်မှတ်လေးထဲ ရှိသမျှခွန်အားတွေ စုထည့်က ပစ်ပေါက်လိုက်သည်။



ဝေဟာင် ဗိုက်ကို ရုပ်၍ ရှောင်၏။ ရုပ်အင်္ကျီမှာလာမှန်သည့် စက္ကူလက်မှတ်လေးကို မဖမ်းပါ။

"မီး"

မပြတ်တောက်နိုင်ပါသည့် သံယောဇဉ်နွယ်ခွေလေးက ဝေဟာင့် ရင်ခွင်ထဲ တွေးခနဲ အိကျလာတော့သည်။ ဒါလေးကိုတော့ ဆီးဖမ်းမှ ဆီးပွေ့မှဖြစ်မည်လေ။

"သိပ်ချစ်တာပဲ မီးရယ်"

အချစ်ဟူသည် ထာဝရ ရှင်သန်တတ်သည့် နွယ်ပင်တစ်မျိုးပါပဲ။

○♡○

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သူပါပဲ

BURMESE CLASSIC .com

တင်မောင့်မျက်နှာက စပ်ဖြဲဖြဲ။

"တောက် ... ကိုယ်ဝန်ရှိတုန်းက သူ့အမေဗိုက်များ ဆီလူးခဲ့သလား မသိဘူး"

ခွန်သာ ကျိတ်ဆဲရင်း မခံချိမခံသာ ဖြစ်နေရတော့သည်။ မမငွေစင်ကို မည်သည့်အလုပ်သမားကမျှ ခန့်ညားခြင်းမရှိ။ ပြောပေမယ့် မကြားချင်ယောင် ဆောင်သူကဆောင်၊ ပြန်မပြောဘဲ မြုံနေ၊ ထင်ရာလုပ်၊ ကြာလျှင်ခက်ရချည့်။

မမမျက်နှာကလည်း ထာဝရ ညှိုးရှာသည်။

"မမကလည်း နေရာတကာ ပါနေရတယ်၊ နင်တို့ ငါမမြင်ရင် မမြင်သလို ထင်တိုင်းကြဲရသလားချည်း ဖီဆူနေတယ်၊ နေရာတကာမပါရအောင် လုပ်ယုံမှ မရှာပဲဟာ"

တင်မောင့် စကားက မဆိုးပါ။ မျက်နှာထားက ဆိုးလေ၏။ အဓိပ္ပာယ်နှစ်ခွထွက်သည့် စကားကို ရိသဲ့သဲ့ဆို၏။ ခွန်သာ ယောက်ျားချင်းမို့ ခြေမြင်သည်။ မမခမျာ လူမလေး ခွေးမခန့်။ မမသည် ဦးထွန်းလင်း၏ ပထမဇနီး ဒေါ်သီရီမွန်၏နေရာမှာ ဆိုလျှင်တောင် မမကို ဒီထက်တော့ပို၍ လူရိုသေ ရှင်ရိုသေ ရှိဦးမည်။



"မမက အောက်သက်ကြေတိုင်း အပြစ်မြင်နေတာပါဗျာ"

ထွန်းသိန်းက ခနိုးခနဲ့။

မမကို အောက်သက်ကြေသည်တဲ့လေ။ အရင်ကဆို မမကိုယ်တိုင် ဒီမှာ စားပွဲထိုးမလေး လုပ်ခဲ့ဖူးတာကို ရေနှုးလေ၏။ ဆိုင်မှာ ရောင်းကောင်းသည့်တိုင် အမြတ်အစွန်းတွေက မမထံ အပြည့်အဝ မရောက်ပါ။ သည်ကြားထဲ ပိုင်ရှင်ကို အလုပ်သမားတွေက မခန့်ညားသည်မို့ လုပ်ငန်းကြီးက ဝါးအစည်းပြေသည့်နှယ် ဖွယ်တယ်တယ်ကြီး။

ခွန်အားကြီး အမျိုးစား ယောက်ျားဆယ့်လေးငါးယောက်က အားနွဲ့မျိုး မိန်းမသားတစ်ဦးကို ဝိုင်းနိုင်နေကြသည့်နှယ်မို့ ခွန်သာ လက်ပိုက်ကြည့်နေရတာ မသက်သာလှပါ။

"မမ ကျွန်တော့်ကို မန်နေဂျာ ခန့်မလား"

စေတနာနှင့် မေးမိပြီးမှ သိုက်ဆရာ ထင်တော့မှာလား စိုးရိမ်သွားရသည်။

"သိပ်ခန့်ချင်တာပေါ့ ခွန်သာရယ်၊ အခြေအနေတွေ ပိုရှုပ်ကုန်မှာစိုးလို့"

တကယ်တမ်းကျတော့ ခွန်သာ ကိုယ်တိုင် လိပ်ပြာမသန့်လှပါ။ မိမိ ဤဟိုတယ်မှာ ရက်ရှည်ကြာစွာ တည်းခိုနေသည့် အကြောင်းကိုက မမအပေါ် သံသယမျက်ဝန်းနှင့် စောင့်ကြည့်ဖို့ မဟုတ်လား။

"သူ့အိမ် သူ့လက်ထဲမှာ အစ်ကိုကြီး ဆုံးရတာ သေမှုသားရှိ ဖြစ်နိုင်ပါ့မလားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



အန်တီသီရိ ပြောခကားကို ကြားယောင်၏။ အန်တီသီရိဘက်က ကြည့်တော့လည်း အမှန်ပါ။

"မင်းက အဲဒီအမျိုးသမီးနဲ့ ဝင်ရော၊ မိန်းမက သိပ်စောင့်စည်းမယ့် အထဲက ဟုတ်မှာမဟုတ်ပါဘူး၊ မင်း ရုပ်ချောလို့ ဒီတာဝန်ပေးတာ"

ယောက်ဖလောင်း ကိုနေမျိုးကဆို မကြို တစ်စက်လေးမျှ အထင်မကြီးပါ။ စင်စစ် ခွန်သာတို့တစ်ဖွဲ့လုံး အန်တီသီရိ မေတ္တာရပ်ခံမှုဖြင့် ရောက်ရှိလာကြခြင်းဆိုတာ မမ သိရှာမည်မထင်ပါ။

"ငါ ဟိုကောင်မလေးကို ဆေဟင် ဆိုတဲ့ကောင်နဲ့ သိပ်မရောစေချင်ဘူး၊ အဲဒီဟာမလေး ပြောမရလို့ ကြည့်နေရတာ"

ခေမာကလည်း ခေမာ့နည်း ခေမာ့ဟန်ဖြင့် ဆေဟင့်ထံ ချဉ်းကပ်ခြင်းပါ။ ခေမာ့ကျတော့ နေမျိုးက အဲဒီတာဝန်မျိုး မပေးချင်။ သူက အစ်ကိုလေ။ နှမရှင်မို့ ကိုယ့်နှမကျတော့ အပွန်းအပဲ့ မခံချင်။

မမကျတော့ ပွန်းစေ ပဲ့စေတဲ့လား။

လုပ်နေရသည့် အလုပ်ကို ခွန်သာ စက်ဆုပ်လာမိတော့သည်။

"ကျွန်တော် ပြန်တော့မယ် ကိုမျိုး၊ အဲဒီထဲ မပါတော့ဘူး"

ဟု ပြောကာ ရှမ်းကလေး တောင်ပေါ်ကို အပြေးတက်နှင့်တောင် ပြန်ချင်မိသည်။ ဘယ်အကြောင်းပြချက်နှင့် ပြေးရပါ့မလဲ။



"မမမှာ ရန်သူတွေ ဝိုင်းနေပြီ မမရယ်"

ရန်သူပစ်မှတ်နယ် သဘောထားရမည့်သူ အပေါ်မှာ ဘယ်တုန်းကစတင်၍ သနားနေမိမှန်းမသိ။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်တော့ မမအပေါ် သံယောဇဉ်က တွယ်နေပြီ။

"သိပ်သနားတယ်ဗျာ"

ကျိတ်ညည်းရင်း မမနားမှာ တရစ်ဝဲဝဲ ဖြစ်နေရခြင်းသည် တာဝန်ကို ထမ်းဆောင်ခြင်း မမည်ပါလေတော့။ သည်သောင်ယံက မခွာရက်တယ်၊ ကြံခက်လေ ပန်း ... ဆိုတာမျိုး ဖြစ်နေရပါတော့သည်။

"ခုတောင် ... ခွန်သာ့ကို မမ အချစ်တော် ညှော်သည်လေး ဆိုပြီး မကြားတကြား ပြောကုန်ကြပြီကွာ"

"ပြောပစေဗျာ၊ ကိုယ်မဟုတ် ပြီးရော"

ပြောပြီးမှ "ဟုတ်ချင်ချင်"မိမိစိတ်ကြောင့် ရှက်သွေးဖြင့် မျက်နှာရဲတက်သွားရသည်။ မမကရော ဟုတ်များဟုတ်ချင်နေသလားဟု မျက်ဝန်းချင်းဆုံလျက် အဖြေရှာသည်။ ညိုးနွမ်းအားငယ်စွာ အားကိုးချင်နေသည့် မှီခိုသူအမျိုးအစား၏ မျက်ဝန်းတွေက မှိန်ဖျော့လှသည်။

"မမဟာ လူအထင်သေးစရာ ဘဝကို ရောက်ခဲ့ရတော့"

တစ်သက်တာလုံး ထာဝရ ကြည်ညိုလေးစားခဲ့ပါသည့် ဘဘဦးထွန်းလင်းကိုပဲ စိတ်ဆိုးချင်တော့သည်။

"တော်တော့ဗျာ မမ၊ အဲဒီအကြောင်းတွေ ထပ်မပြောနဲ့"

"ပြောရမယ် ခွန်သာ၊ မမရင်ထဲမှာ မွန်းကျပ်နေတော့ ရင်ဖွင့်ရမယ့် အရင်းနှီးဆုံး မိတ်ဆွေဆိုလို့ ခွန်သာပဲရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမအမျိုးတွေရော"

"ဘယ်သူကမှ အဆက်အဆံ မလုပ်ဘူး"

"ဩော် ... သူတို့က ခြောက်ပစ်ကင်း သဲလဲစင်တွေပေါ့ ဟုတ်လား"

"သဲလဲမစင်ရင်တောင်မှ အပြစ်ခြောက်ပါးတော့ ကင်းကြတယ်ပေါ့ကွယ်"

"ကျွန်တော် မမကို မကြည့်ရက်ဘူး"

"စိတ်မကောင်းမဖြစ်နဲ့ ခွန်သာ၊ သံယောဇဉ်ကိုလည်း လိုတာထက် ပိုမတွယ်နဲ့၊ လူဆိုတာ ကိုယ့်ဘဝကိုယ် အနစ်မွန်းခံပြီး သူများကို မသနားသင့်ဘူး"

"ခင်ဗျာ ... မမ ဘာပြောတာလဲ"

"တွေးကြည့်ပေါ့၊ မမမှာတော့ ဗိုက်သဲက ကလေးကို မွေးရဦးမယ်၊ လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် ကျွေးမွေးစောင့်ရှောက်ရဦးမယ်"

"မမမိဘတွေရော"

"မိဘမဲ့ခဲ့လို့ ဗိုင်းကောင်းကို ကျောက်မဖိဘဲ ပေါ့ပေါ့နေပေါ့ပေါ့စားခဲ့မိလို့ မမဘဝမှာ တစ်ခါမှ တန်ဖိုးမမြင့်ခဲ့ဖူးဘူး"

ရှင်းလှချည်လား မမရေ။ မမ စကားပြောလျှင် သူ့ကို တစ်ဖက်သား အထင်ကြီးအောင် လုပ်ကြံပြောဆိုတာမျိုး တစ်ခါမှ မရှိချေ။ မမ မညာတတ်ဘူးဆိုတာ ယုံလိုက်မိပါသည်။

"ငယ်ငယ်တုန်းကဆို မြွေပွေးများလို ထစ်ခနဲဆို ဒေါက်ခနဲပဲ၊ အဲဒါကိုပဲ သတ္တိလို့ ထင်ခဲ့သေးတယ် ...



"မမလေ ဘယ်ယောကျ်ားကိုမှ အထင်မကြီးခဲ့ဘူး"

ဟု မျက်ရည်လေးဝဲ၍ ပြောရှာသည်။

"အပျိုပေါက်ကတည်းက မမဟာ နေတာထိုင်တာ ဣန္ဒြေမရှိဘူး၊ ကလက်တက်တက်ထဲကပဲ"

"မမလည်း ကိုယ့်ကိုယ်ကိုယ် တစ်ခါမှအကောင်းမပြောဘူး"

"ကောင်းမှ မကောင်းတာ၊ ကလက်တော့ ဟိုလူစချင် ဒီလူစချင်၊ အဲဒါကိုပဲ ငါ သိပ်လှလို့ ယောကျ်ားတွေ အရူးအမူး ဖြစ်ကုန်ပြီလို့ အယူတိမ်းခဲ့သေးတာ၊ နတ်စိမ်းမဖြစ်တာ ကံကောင်း"

မမ မချိတရိ ရယ်သည်။

"အမေကဆို အဖေ့မကောင်းကြောင်းချည်း ဖိပြောတော့ ယောကျ်ားတွေတိုင်း မမအလှနဲ့ လှည့်ဖြားပြီး ကစားပစ်ဖို့ စိတ်ကူးချည်းပဲရှိတယ်"

"မမ ... ကျွန်တော် တစ်ခုမေးချင်တယ်"

"မေးလေ"

"မမ ချစ်သူ မရှိခဲ့ဖူးဘူးလား"

"အဟင်း ... လူကြိုက်များခံရတာကို ဂုဏ်ရှိတယ်အထင်နဲ့ တွဲခဲ့တာတွေ အများကြီး၊ မမက သိပ်မိုက်လုံးကြီးတဲ့ မိန်းမ၊ ခုထိလည်း မလိမ္မာသေးပါဘူး"

"မမ ဘာတွေ မလိမ္မာလို့လဲ"

"မိန်းမဆန်လွန်းလို့ ခွန်သာရေ၊ အစ်ကိုကြီးဆုံးတော့ ဒီလင်းမွန်သစ္စာ ရအောင်တောင်းတာသာကြည့်၊ ပုထုဇဉ်ပီသစွာ ကျင့်ကြံလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မမရာ၊ ရသင့်ရထိုက်လို့"

"မဟုတ်ဘူး၊ သဒ္ဒါကြေးနဲ့ တင်းတိမ်နေရင် လူအများ သနားဦးမယ်၊ ခုတော့ လူပြောစရာကြီးကိုဖြစ်လို့၊ ရယ်ရတယ် ခွန်သာ၊ အဲဒီလိုဖြစ်အောင် ကိုယ့်ဘာသာလုပ်တာ"

မမထံမှ ဤလိုအတွေးအခေါ်နှင့် စကားမျိုး ကြားရလိမ့်မည်ဟု ဟိုတုန်းက ထင်မထားခဲ့ပါ။ နားနှင့်ဆတ်ဆတ်ကြားခွင့် မကြုံသည့် ကိုမျိုးတို့ကို ပြန်ပြောလျှင်တောင် ...

"မိန်းမမာယာ သဲကိုးဖြာတဲ့ ... ဘွတ်အဲ အော်ချင်ရင် နွားဖားကြီး အရင်တပ်ဦး" ... ဟုများ ပြောမလား။

"မမ သိပ်ဝမ်းနည်းတာရှိတယ် သိလား"

"ဘာကိုလဲ မမ"

"မမ ကလေးမွေးလာရင်တောင် မမသား မမသမီးက အမေကို အထင်ကြီးမယ် မထင်ဘူး၊ တစ်လောကလုံးက ဝိုင်းပြီး အထင်သေးကြပါစေကွယ် ...

"မမ ခံနိုင်ရည် ရှိပါတယ်၊ ကိုယ့်ရင်သွေးက ကိုယ့်ပြန်အထင်သေးမှာကို မမက အကြောက်ဆုံးပါပဲ ...

"ဒါပေမဲ့ အဲဒီကြေကွဲမှုကို မမ ခါးစည်းခံရဦးမယ်၊ သမီးလေး မွေးလာလို့ အနေအထိုင် မတတ်တာနဲ့ အမေ့ အနေနဲ့ ဆူရင်တောင် ...

"ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ ဖြစ်ရဦးမယ်၊ သမီးလုပ်တဲ့လူက ပက်ခနဲ ပြန်ပြောလိုက်ရင် ...

"ခေါင်းငုံ့ခံဖို့ပါပဲကွယ်"

မမ ငိုရှာပါလေပြီ။



"မငိုပါနဲ့ မမရာ၊ မွေးမှမမွေးသေးတာ"

"အစ်ကိုကြီးကတောင် သူ့ကလေး မဟုတ်ဘူးတဲ့"

"ဗျာ ... အဲဒီလို ပြောသလား"

ငွေစင် ခေါင်းညိတ်ပြသည်။ ပိုးပိုးပေါက်ပေါက် ကျက်ရည်စက်တွေကို မနားတမ်း သိမ်းရရှာသည်။

"မမလေ ... ဝတ္ထုမရေးတတ်လို့ သိလား၊ ရေးများရေးတတ်ရင် မိန်းမသားတွေအတွက် သင်ခန်းစာကောင်းကောင်း ပေးနိုင်တဲ့ ဝတ္ထုရှည်ကြီးရမယ်"

ခုတော့လည်း နောင်တတွေ တစ်တွေးကြီးနှင့်ပါလားမမရေ။

"မိန်းမသားဆိုတာ နစ်နာမျိုး၊ ဟုတ်လှပြီအထင်နဲ့ယောကျ်ားတွေကို ကစားစရာ သွားလုပ်တော့ ဘဝပျက်ရတာပါပဲ ...

"အစ်ကိုကြီးနဲ့ မမျှော်လင့်ဘဲ အိမ်ထောင်ကျသွားရတာကိုက မမ အဆင်ခြင်နည်းတာ ...

"ရတော့လည်း ကိုယ့်ယောကျ်ားက ကိုယ့်ကိုအထင်ကြီးဘူး၊ တစ်ခါမှ နာမည်မကောင်းခဲ့တဲ့မိန်းမ မဟုတ်လား ...

"ပေါ့ပေါ့ပျက်ပျက် နေတတ်ပေမယ့် ကိုယ်ကျင့်တရားထိန်းခဲ့ပါတယ်ဆိုတာ စေတီတစ်ဆူလုံး ငုံပြောလည်း ယုံမယ့်သူ မရှိဘူး"

"တော်ပါတော့ မမရယ်၊ ကျွန်တော် မကြားရက်တော့ဘူး"

"ဒီလောက် အခြေအနေ ဆိုးခဲ့ရတော့၊ ကိုယ့်အလုပ်သမားတွေ ပဓာမခန့် လုပ်ကြတာ အပြစ်ဆိုစရာ မရှိပါဘူးကွယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက် မစော်ကားတာကိုပဲ ကျေးဇူးရှင်တွေ အဖြစ်နဲ့ ဆုချရမလို ဖြစ်နေပြီ"

"မမ ... အိမ်ထောင်ပြုလိုက်ဖို့ ကောင်းတယ်"

"အဟင်း ..."

မျက်ရည်စက်လက် ကျလျက်က မမရယ်သည်။ ခွန်သာ မချိတင်ကဲကြည့်ကာ မမကို သူ့သောက်နှံ့အိုင်ထဲမှ ပခုံးနှင့်ထမ်း၍ ဆွဲတင်ချင်မိတော့သည်။

"ပေါပါတယ် ခွန်သာ၊ မေတ္တာနဲ့တော့ လာကြမှာ မဟုတ်ဘူး၊ လင်းမွန်သဇ္ဇာမှာ အုပ်ချုပ်ဖို့ စည်းစိမ်ပေါ် ခုန်တက်မယ့်သူတွေလေ"

"ဒီလိုချည်းတော့လည်း ဘယ်ဟုတ်ဦးမလဲ"

"မေတ္တာနဲ့ လာရင်လည်း ကိုယ့်ဘဝထဲ ဆွဲမနှစ်ရက်လို့ ဖွတ်ငြင်းရမှာပါ"

"မမ ... ဦးထွန်းလင်းနဲ့ ရန်ဖြစ်သေးလား"

"သူဆုံးမယ့်နေ့က သူ့ပါးကို ဖြန်းခနဲ ရိုက်ချပစ်ခဲ့တယ် လေ"

"ဟောဗျာ"

"မယုံဘူးလား၊ မိုက်လုံးကြီးတဲ့ မိန်းမပါဆို"

မျက်စိမျက်နှာပျက်နေသည့် ခွန်သာကို ခွေးစပ် ကွဲပက်လက်ကြည့်သည်။

"မင်းကို ချစ်တယ် ခွန်သာရယ်"ဟု ဘယ်လို ပြောလို့ ဖြစ်ပါ့မလဲ၊ ပြောလို့လည်းမထွက်၊ ပြောလည်းမပြောရ အရှက်ကင်းမဲ့စွာ ပြောဖြစ်လျှင်တောင် ခွန်သာ ရယ်မှာပါ။



ခွေးလို ခင်နေတော့ အကြင်နာလေးနဲ့ သနားမယ်လေ၊ တစ်သက်မှာ တစ်ခါချစ်မူးလိုက်တာကိုတော့ ခွန်သာ ဝေးလို့ ဘယ်သူကမှ ယုံမည်မထင်ပါ။

ဒီမိကိုယ်ကလွဲလျှင် မိမိပိုက်ထဲမှ ကလေးကတောင် ယုံပါ့မလား။

အတွေ့နှောင်းတယ်လို့ ဆိုရမလား။ အစ်ကိုကြီးနှင့် လက်မထပ်မီက တွေ့ကြရသည်ပဲထား၊ ခွန်သာ့ တစ်ဆွေတစ်မျိုးလုံးက ခွေ့ခွေ့ခုန်ကာ အသက်နှင့်လဲ၍ တားဆီးလိုက်ကြမည့် ဖြစ်ခြင်း။

"မမ"

ခွန်သာ ရင်ထဲမှ ပွင့်ကျသံဖြင့်ခေါ်သည်။

"မမကို ကျွန်တော်အရမ်းသနားတယ်၊ မမ အားကိုးရာမဲ့ နေတာလည်း မခံချင်ဘူး ...

"ကျွန်တော် မမကို လက်ထပ်မယ်၊ မမကို ချစ် တယ်"

"ခွန်သာ"

ငွေစင့်မျက်နှာ ဖွေးခနဲ ဖြစ်သွားရှာ၏။ တစ်ကိုယ်လုံးမှာ သွေးတစ်စက်မျှ ကျန်သေးရဲ့လား ထင်ရသည်။ ပေါက်ကွဲသံဖြင့်ခေါ်၏။

"မမကို ကျွန်တော် ချစ်တယ်"

"အရူး ... မင်းဟာ နွားမှနွား၊ လူမိုက်"

ထိုင်နေရာမှ ထရပ်ကာ နောက်တစ်လှမ်းဆုတ်လျက် သွေးရူးသွေးတမ်း အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နွားမကလို့ ကျွဲပါဖြစ်ပါစေ၊ ကျွန်တော့်ရင်ထဲမှာ ထိန်းမထားနိုင်တော့ဘူး၊ မမဘေးမှာ ကျွန်တော် မားမားရပ်မယ်"

"ဖြန်း"

ခွန်သာ့ လက်ဖဝါးပြင် ပူခနဲဖြစ်လျက် မျက်နှာပါ လှည့်ထွက်သွားရသည်။ ခွန်သာ အံ့ဩလွန်းစွာ ငေးကြည့်သည်။

"စိတ်ကူးယဉ် ကာယ်တင်ရှင်ကြီးအဖြစ်နဲ့ လူစွမ်းကောင်းလုပ်မယ် စိတ်မကူးနဲ့။ လူစွမ်းကောင်းတော့ ဖြစ်မလာဘူး၊ ခွေးနဲ့ နွားနဲ့ ကပြားပဲ ဖြစ်မယ်၊ သွား ... ငါ့မျက်စိရှေ့က ခုထွက်သွား"

"မမ ... ကျွန်တော်"

"တစ်ခွန်းမှ ထပ်မပြောနဲ့၊ မင်းလောက် မိုက်လုံးကြီးတဲ့ကောင်လေး၊ ဒီကမ္ဘာမှာ မင်းတစ်ယောက်ပဲရှိတယ်"

"မမ ... အဲဒါ ကျွန်တော့်ကို ချစ်လို့ပြောတာ"

ခွန်သာ ရှေ့တစ်လှမ်းတိုး၍ အော်ပြောသည်။ ငွေစင်က တစ်လှမ်းထပ်၍ဆုတ်၏။ ခွန်သာက တစ်လှမ်းချင်းတိုးလေ၊ ငွေစင်က တစ်လှမ်းချင်း ဆုတ်လေ။ ဆုတ်ရင်းက နံရံမှာ ကပ်ထားသည့် ဗီရိုပုလေးဆီသို့ လက်ရောက်သွားသည်။ စကားဝါပွင့်လေးတွေကို ကြာရှည်ခံအောင် ထည့်ထားသည့် ပုလင်းကို တိုက်မိလေ၏။

ပုလင်း တုံးလုံးလဲသွားသည်။

ငွေစင် ဆတ်ခနဲ ကောက်ယူကာ နံရံမှာ ခွမ်းခနဲ ခွဲလေ၏။

"သတ်လိုက် မမ၊ ကျွန်တော့်အောင်းဆိုချက်ကို မပြင်ဘူး"



"ငါကိုယ်ငါ သတ်မှာ၊ ဟောဒီ ဗိုက်ကြီးကို ဓိုက်ချလိုက်မယ်၊ မလုပ်ဘူး မထင်နဲ့"

ခွန်သာ တုံ့ခနဲ ရပ်လေ၏။

မမ တကယ်လုပ်မှာကို ယုံသည်။ ဖြတ်သန်းခဲ့ရသည့် ခရီးလမ်းက ကြမ်းသည်မို့ မမ စရိုက်ကြမ်းတာသိသည်။ မမသည် အဘိဓမ္မာဆန်သည့် စကားတွေကို နှုတ်ဖျားမှ ထွက်ကျတတ်ပေမယ့် အပြုအမူတို့က ခက်ထန်ဆဲပါ။

သာမန်မိန်းမသားထက် အကြောက်အလန့် နည်းမှာမုခ။

"မမ မလုပ်နဲ့"

"မင်း ထွက်သွား"

ခွန်သာ ခြေတစ်လှမ်းဆုတ်သည်။

"ငါ့ပဟိုတယ်ကပါ အပြီးပြောင်းတော့၊ မနက်ဖြန်မနက်မိုးလင်းလို့ မင်း ဆက်ရှိနေသေးရင် မင်းအသုဘရှင်အဖြစ်နဲ့ ငါ့မသာကို လာချ"

"မမ"

"ထွက်သွား ..."

"ကျွန်တော် ... ပြော"

"ထွက် ... သွား"

ခွန်သာ ချာခနဲလှည့်သည်။ ဤကမ္ဘာမှာ သနားစရာအကောင်းဆုံးသော မိန်းမကို ကျောခိုင်းလိုက်ရပါပြီ။

အခန်းတံခါးကို တွန်းအဖွင့် တံခါးဝမှာ ဟိုတယ်တစ်ခုလုံးမှာရှိသည့် အလုပ်သမားအားလုံး စုပြုံရောက်နေကြလား

www.burmeseclassic.com

www.burmeseclassic.com



ထင်ရသည်။ ရုံးခန်းမို့ စားသောက်ခန်းနှင့် ဝေးလို့သာ တော်တော့သည်။ လာရောက်စားသောက်နေကြသူတွေတော့ ကြားမည်မထင်ပါ။

ခွန်သာ့ကို အားလုံးရှုတ်ချစွာ ဝိုင်းကြည့်နေပုံက ခွန်သာ တစ်ကိုယ်လုံးတောင် ပျောက်သွားနိုင်၏။ ဘယ်သူ့ကိုမှ မကြည့်ဘဲ ခွန်သာ သူ့အခန်းဆီသို့အရောက် တောက်လျှောက်။

ငွေစင် ရင်ကွဲလျက် ကျန်ရစ်သည်။

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ပုံကျမတတ်ပါပဲ။ ခံစားချက်က နှလုံးသားတွင်းထိတိုင် ထိုးနက်လေ၏။ ဆောက်တည်ရာမရ တုန်လှုပ်ချောက်ချားစွာ အသည်းခိုက်ပါလေ၏။ သို့ပေမဲ့ ...။

အံကိုတစ်ချက်ကြိတ်သည်။ ငွေစင်လေး ... ဘဝကြမ်းမှာ နှုတ်ကြမ်း စိတ်ကြမ်း အမူအရာတွေပါ ကြမ်းခဲ့သည့် မိန်းမ။ အချစ်ကို တွေ့ဖူးခါမှ ခွေခနဲ ကျရမှာတဲ့လား။

လက်ထဲမှ ပုလင်းပြတ်ကို မြှောက်လေ၏။

"တွေ့လား ... အဲဒီထဲက ကောင်တွေ၊ နောက်တစ်ခါ ငါ့ကို ပမာမခန့်လုပ်ရင် သေမယ့်သာပြင်၊ မလုပ်ဘူးမထင်နဲ့ လူသတ်ရဲတဲ့မိန်းမ"

အလုပ်သမားတွေ ရှဲခနဲ ဖြစ်သွားတော့သည်။ ဖွ[illegible] ပြီး လက်လွှတ်လိုက်ရုံဖြင့် ပြန်ပိတ်သည့်တံခါးမို့ အခန်းထဲမှ ငွေစင် တစ်ယောက်တည်းကျန်၏။ ပုလင်းပြတ်ကို အခန်းထော[illegible] သို့ လွှင့်ပစ်လိုက်သည်။

ခွမ်းခနဲ မြည်သံက ရင်ကွဲသံနှင့်ထပ်တူ။



ငွေစင် သူ့လက်ယာလက်ဖဝါးကို မြှောက်သည်။ ငေးစေ့ကြည့်သည်။ ယောကျ်ားနှစ်ယောက်တိတိ၏ပါးကို ရိုက်ခဲ့ဖူးသော အရိုင်းလက်ဖဝါး။

ပထမတစ်ခါ ရိုက်စဉ်က နာကြည်းစက်ဆုပ်စွာ၊ [illegible]တိယအကြိမ်မှာတော့ အချစ်လွန် စေတနာပြည့်ဝစွာ။ ဤမျှ [illegible]သည်းခိုက်ခိုက် ခံစားနေရချိန်မှာပင် အလုပ်သမားတွေရှေ့ [illegible]ကြိမ်းဝါးပြလိုက်သေးသည်။

သည်အချိန်မှာတောင်မှ ကိုယ့်အတွက် တစ်ကွက်[illegible]အောင် ယူလိုက်သည့် မိန်းမသား။

"မိန်းမကြမ်းကြီးရဲ့ ဘဝထဲကို ဒွတ်ဆွဲမနှစ်ရက်လို့ပါ မောင်လေးရယ်"

ငွေစင် အသည်းကြွေအောင် ငိုလေ၏။

○♡○

"ကိုကိုကြီး"

"ဗျ"

"ကြည့် ... ဘယ်လိုထူးတာလဲ"

"ဘယ်လိုထူးရမလဲ၊ ပြောလေ"

"ဒါလေးကအစ သင်ပေးမှ တတ်မှာလား"

"မီးအကြိုက် ဖြစ်ချင်လို့"

"မီးကိုချစ်လား"

"ငုံထားဖို့ စိတ်ကူးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်မှန်းသိလို့ ချွဲတာ"

"ပြော ... ဟောဒီလက်သန်းလေးကို ငုံထားရမလား"

ခမော့ လက်ဖျားလေးကို လှမ်းဆွဲတော့ ခမော ဖျတ်ခနဲရှောင်သည်။

"ကပ်စေးနဲ့မလေး"

"မီးတစ်ကိုယ်လုံး ဘယ်နေရာထိထိ တစ်သက်လုံး အမုန်းပဲ"

"ဟာကွာ ... ချာတိတ်ပေါက်စလေးမို့ ကောက်ချိရမလား စိတ်ကူးထားတာ"

"ကိုကိုကြီးက မီးကို မချစ်ပါဘူး"

"ရင်ပွင့်တော့မယ်၊ ဒီထက် ဘယ်လိုပိုချစ်ရမလဲ"

"ချစ်တယ်ဆိုပြီး တစ်ခါမှဖြင့် အလိုမလိုက်ဘဲနဲ့"

"ဘာလုပ်ပေးရမလဲပြော၊ ဘာစားချင်လဲပြော၊ ဘာလိုချ လဲပြော"

"တော်ပြီ ... သူများကို သူငယ်နှပ်စား ကျနေတာပဲ ဆက်ဆံပုံကိုက လူရာမသွင်းဘူး"

"မီးက လူလားရော မြောက်လို့လား"

"လူလားမမြောက်သေးဘူးထင်ရင် ဘာလို့ချစ်တယ် ပြောသေးလဲ"

"ဒါတော့ ... ချစ်တာကိုး၊ ချစ်တာကိုမှ အောင့်မထား တာ၊ မီး မန္တလေး ပြန်တော့မယ်လည်းဆိုရော၊ ဒီကေ မနေနိုင် မထိုင်နိုင် ဖွင့်ပြောရတော့တာပဲ"

"တကယ်ပြန်မှာ"

"ဘယ်တော့လဲ"



"မနက်ဖြန်"

"ပြန်လေ ... ကိုကိုကြီးနဲ့ မီးနဲ့ ဒီနေ့လက်ထပ်မယ်၊ မနက်ဖြန်ကျတော့ ကိုကိုကြီးပါ မီးနဲ့အတူတူ ရွှေမန်း အဆန်ရထားကြီးပေါ်မှာ"

"ဖွယ်ကျားပဲ၊ လေယာဉ်ပျံလေးနဲ့တောင် မခေါ်နိုင်ဘူးလား"

"အေးကွ ... ချစ်သူအမွဲစားကြီး"

"ဦးကပ်စေး"

"ဗိုးဆိတ်ဖြူပါ၊ တီထွင်ပါရဂူ၊ မီးက ကိုကိုကြီးကို ဘယ် တော့မှ မမုန်းမယ့်စက်တစ်ခု တီထွင်မလို့"

မျက်စောင်းလေးထိုးလိုက်၊ နှုတ်ခမ်းလေးစူလိုက်၊ ချွဲနေရာမှ ခမော ခိုးခိုးခစ်ခစ် ရယ်သည်။ ရယ်ရှိန်က တော်တော် နှင့်ကို မရပ်ပါ။

"ဘာရယ်တာလဲ၊ ရှက်တောင်သွားပြီ"

ဝေဟင် တကယ်ပဲ မျက်နှာတွေ ရဲတက်လာရသည်။ ချစ်သူ နှဲ့ဆိုးလေးက အမျိုးမျိုးချွဲတော့ ကိုယ်ပါ ရောပါမိတော့ သည်။ စင်စစ် သူနှင့် သက်တူရွယ်တူမှ မဟုတ်ဘဲ။ ပေါချာချာ ကြီး ဖြစ်သွားပြီလားတောင် မသိပါ။

"မရယ်နဲ့ကွာ"

ခမော အရယ်မပျက်။

"မီးကိုသိပ်ချစ်တော့ ကိုယ့်အသက်အရွယ်ကို ပြန်မစဉ်း စားမိတော့ဘူးကွာ၊ မီးနဲ့ရောပြီး ကလေးလုပ်မိတာပဲ"

ရှက်ပြုံးဖြင့် ပြောရင်းက ခမော့ကို မျိုထားမလေးကို တိုး၍ တိုး၍ ချစ်နေမိတော့သည်။ ခမောလေးကို ဘယ်လိုချစ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုမသိ။ ချစ်စရာကောင်းလွန်းလို့ သိပ်ချစ်နေမိတာလား။ ကိုယ်ကပဲသိပ်ချစ်တတ်လို့လား။

နှစ်မျိုးလုံးပဲ ထင်ပါရဲ့။

ခေမာ ဘာလုပ်လုပ် ချစ်စရာလေးအဖြစ်ပဲမြင်၏။ ပြုံးနေလည်းချစ်၊ မဲ့နေလည်းချစ်၊ မိမိကို လှောင်နေတော့လည်း ချစ်တာပါပဲ။ ကလေးကလား စကားတွေမို့ တိုင်ပားနေရသလား ဟုလည်း အပြစ်မတင်နိုင်ပါ။

"မီးကို ဘယ်တုန်းက စချစ်တာလဲဟင် ကိုကိုကြီး"

"ကိုကိုကြီးလို့ ပထမဆုံး စခေါ်လိုက်ကတည်းက ထင်ပါရဲ့၊ ရင်ထဲမှာ နွေးသွားတယ်၊ တအားရင်ခုန်သွားတယ်"

"ပြီးတော့ကော"

"မီး လှုပ်ရှားမှုတိုင်းဟာ ချစ်စရာအသွင်နဲ့ ကိုယ့်ရင်ထဲ စုန်ခုန်ဝင်တော့တာပဲ"

"ဖြီးတာများ"

"တကယ်ပြောတာ၊ မီးကို ချစ်လည်းသိပ်ချစ်၊ ချစ်လည်း မချစ်ရဲ"

"ဘာဖြစ်လို့ မချစ်ရဲတာလဲ"

"မီးနဲ့စာရင် ကိုကိုကြီးက ဆင်းရဲတယ်"

"ကားတင်ဂ်ပိစီးနေတဲ့ သူကများ"

"ဘီခြောက်ရာလေးပါကွာ၊ သုံးဘီးကလွဲရင် ဒုတိယ ... ကားစာရင်းမဝင်ဆုံး"

"အမယ် ... အဲဒါတောင် မစီးနိုင်တဲ့လူတွေ အများကြီး"

"ကိုကို ဝယ်ပေးထားတာ"



"ဟုတ်လား၊ ဒီလိုကျတော့ မမထားက ကြည်ဖြူသားပဲ"

"ကိုကို့ဆေးခန်း ဝင်ငွေကို မမထားက တစ်ပြားမှမသုံးဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်္ဂလာဦးညမှာ ကိုကိုက မူးမူးနဲ့ ပြောတယ်တဲ့၊ M,B,.B.S ရထားတဲ့ နွားတစ်ကောင်ကို ဘယ်ဈေးပေးပြီး ဝယ်လိုက်ရသတဲ့လဲတဲ့"

"ဟောတော့ ... အဲဒီကိုကိုကလည်း ဆိုးလိုက်တာ"

"မမထားက ခိုင်းနွားအဖြစ် ဝယ်တာမဟုတ်ဘူးတဲ့၊ အပျင်း ပြေကစားဖို့ စကားပြောတတ်တဲ့ အရုပ်ကလေးကိုသာ ဝယ်တာတဲ့၊ အဲဒီကတည်းက ကိုကို့လခ၊ ကိုကို့ဝင်ငွေကို တစ်ပြားမှ မတောင်းတော့ဘဲ သူ့ပိုက်ဆံနဲ့သူ သုံးတယ်"

"မမထားက ဘာလုပ်လဲ"

"ဘာမှမလုပ်ဘူး"

"ဒါဖြင့် ပိုက်ဆံ ဘယ်ရကလဲ"

"တွင်းထဲက နှိုက်တယ်"

"ကဲ ..."

ခေမာအုန်းခနဲ ထုချသည်မို့ ဝေဟင် ကျောကော့သွားရသည်။

"အကောင်းပြောတာ ငွေတွင်းရှိတယ်၊ ဘဏ်မှာ သူ့မိဘတွေက စက်ရုံတွေ ပြည်သူပိုင်ဖြစ်ပြီးကတည်းက စီးပွားရေးလုပ်ငန်းတွေကို တစ်စတစ်စ ဖြုတ်တယ်၊ ငွေရှိတွေ

www.burmeseclassic.com

www.burmeseclassic.com



အကုန် ဘဏ်မှာအပ်တယ်၊ သိန်းပေါင်းများစွာဆိုတော့ သူ့ဘဏ်တိုးက သူများစီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးရဲ့ အမြတ်အစွန်းလောက်ကို ရတာ"

"သူတို့နှစ်ယောက် ချစ်ကြလားဟင်"

"သံယောဇဉ်တော့ ရှိမှာပေါ့၊ ကိုယ့်အိမ်က ခွေးကလေး ကြောင်ကလေးတွေတောင် မချစ်ဘဲ နေနိုင်လို့လား၊ ကိုယ့်ခွေး သူများခွေးနဲ့ကိုက်ရင် ကိုယ့်ခွေးဘက်ကဝင်ပြီး ခဲနဲ့ပေါက်ချင်တဲ့ ပတ်သက်မှုမျိုးလောက်တော့ ရှိတာပေါ့"

"စိတ်ညစ်စရာကြီး"

"ဒါကြောင့် ကိုယ့်ကျရင် ငုံထားတော့မလောက် ချစ်ရတဲ့သူကိုပဲ ယူမယ်လို့ ဆုံးဖြတ်ခဲ့တာ"

"သူတို့ ပျော်ကြရဲ့လားဟင်"

"စိတ်မညစ်ကြပါဘူး"

"ခုပြောပြန်ပြီ"

"အကောင်းပြောတာကွ၊ မမထားက ဘာသိဘာသာသိပ် ရှိပေမယ့် လူမှုရေးဖောက်ပြန်မှု မရှိဘူး၊ မမထားမှာ ချိုးကျူးစရာမရှိသလို အပြစ်တင်စရာလည်း မရှိဘူး"

"ဟို ... ကိုကိုကရော"

"တူတူပေါ့၊ လကုန်တိုင်း မမထားရှေ့မှာ ငွေအပ်တယ်၊ ဟိုက မလိုပါဘူးဆိုတော့ ပြန်သိမ်းလာရော၊ ဆေးရုံသွားတယ်၊ ဆေးခန်းထိုင်တယ်၊ ပြန်လာ ထမင်းစားပြီးအိပ်တယ်၊ မနက်လင်းတော့ ဆေးရုံသွား"

"ရန်ခဏခဏ ဖြစ်မှာပဲနော်"



"ကလေးပညာရေးကိစ္စလောက်သာ စကားအခြေအတင် ပြောဖြစ်တာပဲ၊ တခြား ဘာကိစ္စနဲ့မှ ရန်မဖြစ်ဘူး"

"ဆန်းလိုက်တာ"

"အဲဒါ ... လူကြီးလူကောင်း အိမ်ထောင်ရေး ခေါ်တယ် မှတ်ထား၊ မကောင်းတာ မလုပ်ဘူး၊ ကောင်းတာလည်း ဘာမှမလုပ်ဘူး၊ မုန်းလည်းမမုန်းကြဘူး၊ ချစ်လည်းမချစ်ကြဘူး"

"အဲဒါ ... တူတူနေနေကြတာပဲနော်"

"အေးလေ"

"မီးကျရင်"

"စိတ်ချ ကိုကိုကြီးက မီးကို အမြဲချီထားမယ်၊ ရင်ခွင်ထဲကကို မချဘူး၊ ချာတိတ်ပေါက်စလေး မဟုတ်လား"

"သွား ... မုန်းတယ်"

ဝေဟင် တဟဲဟဲ ရယ်နေသည်။ ရယ်ဖို့မခိုင်လုံပါပဲ၊ ဟာသရသ မမြောက်ပါဘဲလည်း ရယ်ချင်နေသည်။

"အလကားနေရင်း ရယ်နေရလား"

"ရင်ထဲမှာ ကြည်နူးနေတယ်၊ ပျော်နေတယ်၊ ရယ်စရာ ဘာမှမရှိဘဲ ရယ်နေချင်တယ်၊ အူမြူးတယ်ဆိုတာ ဒါပဲထင်ပါရဲ့"

ကိုကိုကြီးကို မမီးမချစ်ဘဲ နေနိုင်ပါမတဲ့လား။ မီးအားမှာ နေခွင့်ရရုံဖြင့် အူတစ်ခွေလုံး မြူးနေပါသည်ဆိုသည့် ကိုကိုကြီး။

www.burmeseclassic.com

www.burmeseclassic.com



မီးတို့နှစ်ယောက်ပေါင်း တစ်ဘဝသာ ဖန်တီးခွင့်ရရင် ကိုကိုကြီး ဘယ်လောက်ပျော်ရှာမလဲ။ ကိုကိုကြီး ပျော်ရင် မီးလည်းပျော်မှာ။ အစက အဲဒီအထိ မရည်ရွယ်ခဲ့ပါဘူး ကိုကိုကြီးရယ်၊ အရောတဝင်နေပြီး ရန်ကုန်မှာ ဖေဖေ ဘယ်လိုနေတယ်၊ ဘယ်သူတွေနဲ့ အပေါင်းအသင်းလုပ်တယ် ဆိုတာလောက် စကားနှိုက်ဖို့ပါ။

ခုတော့ ... မေမေ ကြည်ဖြူပါ့မလားမသိ။

ကိုကိုကြီးကို ဘယ်တုန်းကစပြီး ချစ်လိုက်မိမှန်းကို မသိ။ လူကြီးမကြီးပုံစံဖြင့် ခပ်တည်တည်နေဖို့ ဆုံးဖြတ်ချက်နှင့် ရောက်လာပြီးမှ ကိုကိုကြီးကို တွေ့စကပင် ဆိုးချင်နွဲ့ချင် စိတ်တွေကို ထိန်းမရခဲ့။

နိုင်လို့ရမှန်းသိလေ နိုင်ချင်လေနှင့် အဆုံးမသတ်နိုင်သည့် နိုင်ပွဲတွေမှာ ကိုကိုကြီးကို နှိပ်စက်ရင်း ပျော်နေချင်သည်။ အဲဒါ ကိုကိုကြီးကို ချစ်လို့ထင်ပါရဲ့။

"တကယ်တော့ ... မီးကို ကိုယ် မချစ်သင့်ဘူး"

"ဘာဖြစ်လို့လဲ

"လူတွေက သိုက်ဆရာ ခေါ်မှာပဲ"

"ဆင်းရဲတဲ့ မိန်းကလေးကိုကြိုက်ရင်လည်း တစ်ဆွေလုံးတစ်မျိုးလုံး လုပ်ကျွေးရမှာမို့ နွားကျတယ် ပြောကြမှာပဲ၊ လူပြောလွတ်အောင်နေဖို့က မလွယ်ပါဘူး"

"ပြောတတ်လိုက်တာကွာ"

"ဘာလဲ ... မီးပါးစပ်က နုတ်စကားထွက်တယ် ပြောဦးမလို့လား"



"ကိုယ်ဘာကောင်လဲဆိုတာ မီး သိသွားပဲနော်"

"ကြည့်လေ ... ဒါ မီးကို ခွေးလို့ပြောတာပေါ့ ... ကဲ"

"အား ... နာတယ်ကွ"

ခွေးပါးစပ်က နုတ်စကားထွက်ဆိုသည့် စကားပုံကို သိသည်မို့ နောက်မိသည့် ဝဟောင်မှာ ကျောတွေ ရင်တွေကော့ကုန်ရတော့သည်။

"နှိပ်စက်ထားနော်၊ နောက်ကျ သိမယ်"

"အမယ် ... မသိသေးဘူး"

"လက်ထပ်ပြီးမှ ငယ်ထိပ်ကိုချည်း ဖနောင့်နဲ့ပေါက်မယ်"

"ကိုကိုကြီး အရပ် ဒီလောက်မမြင့်ပါဘူး"

"ကြဲဖန့်ပြောဦး"

ဖနောင့်နှင့်တော့ မဟုတ်ပါ။ လက်သီးဆုပ်ကြီးကြီးနှင့်ပင် မီးငယ်ထိပ်ကို ထုချလိုက်တော့သည်။ မနာပေမယ့် မီးရှုတ်ခမ်းစူသည်။

"ကိုကိုကြီးနဲ့ မခေါ်တော့ဘူး"

"ကလေးပေါက်စလေးလိုပဲကွာ၊ ချစ်လို့ကို မဝဘူး"

"ဖြီးထား"

"မယုံဘူးလား"

"မယုံပေါင်၊ သူ တက္ကသိုလ်မှာ ရည်းစားတွေ အများကြီးထားခဲ့မှာများ"

"ကိုယ် ... ဒုတိယနှစ်အောင်တဲ့အထိ အစ်ကိုကြီး ဦးထွန်းလင်း ကျောင်းထားပေးခဲ့တာ"

"တကယ်"

www.burmeseclassic.com

www.burmeseclassic.com



"တာကယ်ပေါ့၊ ကိုယ်ဆယ်တန်းအောင်တော့ မေမေ မရှိ တော့ဘူး"

"အဖေရော"

"အဖေက ငယ်ငယ်လေးတည်းက မရှိတာ၊ အစ်ကိုကြီးဆီမှာ အလုပ်လာလျှောက်တယ်၊ ဆယ်တန်းကို တူးဒီနဲ့အောင်ထားမှန်းသိလို့ အစ်ကိုကြီးက စီးပွားရေးတက္ကသိုလ်တက်တဲ့၊ ဘွဲ့ရမှ ငါ့လုပ်ငန်းမှာကူတဲ့"

"ဟို ... ကိုကိုဆရာဝန်ကြီးကရော မထောက်ပံ့ဘူးလား"

"အဲဒီတုန်းက ကိုကိုနဲ့မတွေ့သေးဘူး"

"ဟောတော့ ... ကြားလိုက်ရရင် အဆန်းချည်းပဲ၊ ညီအစ်ကိုချင်း မတွေ့သေးဘူးရယ်လို့"

"ကိုကိုက အမေတစ်ယောက်၊ ကိုယ်က အမေတစ်ယောက်လေ၊ ကိုကိုနဲ့က အဖေတူအမေကွဲ"

"ဩော်"

"အစ်ကိုကြီးက ကျောင်းစရိတ် ထောက်ခဲ့တယ်၊ ဆွေမတော် မျိုးမစပ်နော်၊ ကိုယ် ဘယ်လောက် ကျေးဇူးတင်ရတယ်ဆိုတာ မီး စဉ်းစားကြည့်"

"ကိုကိုဆရာဝန်ကြီးနဲ့ ဘယ်တော့မှ ပြန်တွေ့တာလဲ"

"တတိယနှစ်တက်တော့မှ ကိုကိုက သူ့မှာ အဖေတူညီမတွေ ရှိနေတာ သိပြီး လိုက်ရှာတာ၊ အဲဒီတော့မှ ကိုကို့အိမ် ပြောင်းနေတယ်၊ ဘွဲ့ရတော့ လင်းမွန်မေတ္တာမှာ လာပြန်လုပ်တယ်"



"ဖေဖေ့ကို ဘာဖြစ်လို့ အန်ကယ် မခေါ်တာလဲဟင်၊ အသက်ချင်းက ကွာတဲ့ဟာကို"

"စတွေ့တွေ့ချင်းကတည်းက အစ်ကိုကြီးက စကားထဲမှာ သူ့ကိုယ်သူ အစ်ကိုကြီးကလို့ ထည့်ပြောတော့ အစ်ကိုကြီးခေါ်ဖြစ်သွားတာ"

"ခုနေ ဖေဖေသာ ရှိရင်လေ"

ဖေဖေ့အကြောင်းပြောတော့ မျက်ရည်လေး စို့ဝဲရပြန်၏။

"အစ်ကိုကြီး သဘောတူမယ် ထင်တာပဲ၊ အစ်ကိုကြီးက ကိုယ့်ကိုသိပ်ချစ်တယ်၊ မီးမေမေရဲ့သဘောထား ဘယ်လိုနေမယ်မသိဘူး"

"မေမေ့ကို ဘယ်လိုခေါ်မှာလဲဟင်"

"အန်တီပေါ့"

ခေမာ ခစ်ခနဲရယ်သည်။ သူရယ်ချိန်မှာ မျက်ရည်ဝဲမပျက်သေးပါ။

"အသက်ပိုငယ်တဲ့ မေမေ့ကိုကျတော့ အန်တီတဲ့၊ အသက်ပိုကြီးတဲ့ ဖေဖေ့ကိုကျတော့ အစ်ကိုကြီးတဲ့၊ ရယ်ရတယ်"

"ဘယ့်နှယ်လုပ်မလဲကွ၊ ယောက္ခမကို အစ်မကြီးခေါ်လို့ ဘယ်ဖြစ်မလဲ"

"မီးတို့အိမ်နားမှာလေ"

"မန္တလေးမှာလား"

ခေမာ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



“အမျိုးသမီးကြီးက အိမ်ထောင်ကျတာ စောတယ်၊ အမေနဲ့ သမီးက ဆယ့်ရှစ်နှစ်ပဲကွာတယ်၊ ဆင်းရဲကြတယ်ကွာ၊ အဲဒါ သူ့သမီးကို သူဌေးမုဆိုးဖိုနဲ့ ပေးစားပါလေရော”

“သမက်က ယောက္ခမထက် ကြီးနေရောလား”

“အစစ်ပေါ့၊ ယောက္ခမက သမက်ကို ရှင်နဲ့ ကျွန်မနဲ့ပြော ရတယ်”

“သမက်က ယောက္ခမကို ဘယ်လိုခေါ်လဲ”

“ဘယ်လိုမှ မခေါ်ဘူး၊ စကားပြောတော့ ကျွန်တော်နဲ့ပြော တယ်၊ အရမ်းရယ်ရတာပဲ”

သူ့ဘာသာပြော၍ ကိုယ်ကလေးခါလျက် ရယ်ပြန်၏။ စောစောက စို့ဝဲနေသည့် မျက်ရည်စတွေက ကြက်ပျောက် ငှက်ပျောက်။ တကယ့်ကို ကလေးလေးလိုပါပဲလား မီးရယ်။ အဲဒီအမူအရာလေးတွေကိုပဲ ချစ်နေရတာ၊ စွဲနေရတာ ထင်ပါရဲ့။

“နောက် တစ်အိမ်ထောင်ရှိသေးတယ် သိလား”

“ချွေးမက ကြီးနေတာလား”

“ဟင့်အင်း ... အဒေါ်နဲ့ တူနဲ့ အိမ်ထောင်ကျတာ၊ ဝမ်း တော့ တော်တော်လေး ကွဲပါတယ်၊ သူတို့ကမွေးတဲ့ ကလေးကို ဘယ်လိုတော်လဲ သိလား”

“သား သမီးပေါ့”

“တူအတွက်ကတော့ ဟုတ်တာပေါ့၊ အဒေါ်ကျတော့ သူက မွေးထားတာမို့ သမီးလည်းတော်တယ်၊ တူကမွေး ထားတာမို့ မြေးလည်းတော်တယ်၊ သမီးလည်းသမီး၊ မြေးလည်းမြေးနဲ့ ပိုင်းစနေကြတာပဲ”



သူ့စကားသူ သဘောကျကာ ခိုးခိုးခစ်ခစ် ရယ်ပြန် သည်။ ချစ်စရာကောင်းလိုက်တဲ့ မီးရယ်။ အဲသည်ကလေးဆန် သည့် အမူအရာလေးတွေကိုပဲ မြတ်နိုးမိတာပေမယ့် သူစိမ်းနှင့် ဆက်ဆံသည့်အခါမှာ ကလေးအမူအရာလေးတွေကို ဖျောက်စေ ချင်မိသည်။

“မီးက ကလေးလိုပဲ သိပ်ချစ်စရာကောင်းတယ်”

“ကလေးပဲဟာ”

“ရည်းစားရနေပြီ၊ ကလေး လုပ်မနေနဲ့တော့”

“လုပ်မှာပဲ”

“ကိုကိုကြီးနဲ့ကတော့ ဘာအရေးလဲကွ၊ ကိုကိုကြီးက မီးရဲ့ကလေးဆန်တာလေးတွေကို သိပ်ချစ်နေတာ၊ သူစိမ်း နဲ့ကျရင် လူကြီးလုပ်နော်”

“ဘာဖြစ်လို့လဲ ကိုကိုကြီးရ”

“မီးရဲ့ကလေးအမူအရာလေးတွေကို ယောကျ်ားသူစိမ်းက ချစ်သွားမှာစိုးလို့၊ ကိုယ် မနာလိုဘူး”

“အမယ် ... မီးမနာလိုဖို့များ ထားပါဦး”

“ကိုယ့်မှာက မျိုးကျော်တို့ ထူးကျော်တို့ မရှိဘူး”

ပြောပြီးမှ မှားသွားမှန်းသိသည်။

သည်နာမည်တွေတပ်ပြီး မနာလိုပြဖို့ကျတော့ စိတ် ကားနေရာရောက်လေ၏။ တကယ်တော့ မီးနှင့်ပတ်သက်လာလျှင် စိတ်ထားနုတာလည်း အမှန်ပါ။ ပြောဖြစ်ပြီးမှတော့ မထူးပြီမို့ ပြောချင်တာလေးတွေ ဆက်ပြောဖို့ပဲ ဆုံးဖြတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်တွေနဲ့ ရုပ်ရှင်သွားကြည့်မယ် ဆိုတုန်းက မီးကို ရိုက်ချင်လိုက်တာ"

"သူငယ်ချင်းတွေပဲဟာ"

"ခုမြင် ခုတွေ့ သူငယ်ချင်းယောကျ်ားလေးတွေနဲ့ ဒီလောက် မရင်းနှီးရဘူး မီးရဲ့၊ အထူးသဖြင့် ထူးကျော်"

"ဘာဖြစ်လို့လဲ"

"သူ ... မီးကို အရမ်းငမ်းတယ်"

"အိုး ... ပဲ့ပါတာမှတ်လို့"

"ပဲ့ပါတယ်"

"ကိုကိုကြီးနော်၊ မီးကို အဲလိုအထင်မသေးနဲ့"

"မီးကို အထင်သေးတာ မဟုတ်ဘူး၊ မီးကို တခြားကောင်တွေကငမ်းတော့ ကိုကိုကြီးရင်ထဲမှာ နည်းနည်းမှ မခံနိုင်ဘူး မီးရဲ့၊ တစ်စစီ ပဲ့မလောက်ဘဲ၊ မီးသာ တခြားကောင်တွေနဲ့တွဲကြည့်၊ ကိုကိုကြီး ရင်ထဲမှာ တကယ့်ကိုပဲ့ကျမှာ"

"ကိုကိုကြီးကလည်း လူကြီးဖြစ်ပြီး"

"အရမ်းချစ်တာကို မီးရယ်၊ မီးကို ဘယ်သူမှ ကြည့်တာတောင် မကြိုက်ဘူး၊ တာနော့ယက္ခဘီလူးလိုပဲ၊ ကျုတ်ထဲထည့်ပြီး လည်ပင်းမှာသာ ဆွဲထားချင်တော့တာပဲ"

"ဟွန်း ... အသက်ရှုကျပ်လိုက်တာ"

"လူကြီးဖြစ်ပေမယ့် မရှက်နိုင်တော့ဘူးကွာ၊ ကိုယ် မီးနဲ့ ပတ်သက်ရင် သဘောထားနုတယ် မီး၊ မီးကို လက်လွှတ်ဆုံးရှုံးရမှာ သိပ်ကြောက်တယ်၊ မီး ဘယ်သူနဲ့မှ အရောမဝင်နဲ့နော်"



"ကြောက်နေရပါလား"

"ကိုယ် ခံနိုင်ရည်မရှိဘူး၊ လူသတ်မိမလားဘဲ"

"မီးကို"

"ဘယ်ဟုတ်မလဲ၊ တခြားကောင်ကို"

"ကိုကိုကြီး ထောင်ကျရင် မီးနဲ့ ဘယ်ပေါင်းရတော့မလဲ"

"ထောင်က ထွက်လာတော့မှ ပေါင်းမယ်"

"ဟယ် ... ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

သူ့ခြေမလေး သူ လှမ်းဆုပ်လျက် မရှိမဲ့ရှိမဲ့သဲမှုန်လေးတွေ ရှာဖွေယူကာ နဖူးမှာသုတ်သည်။

"ဘာဆိုင်လို့လဲ"

"သိဘူးလေ"

ရယ်တာလေးကစပြီး အတိုင်းမသိ ချစ်နေရတော့တာပါပဲ မီးရယ်။

○♡○

www.burmeseclassic.com

www.burmeseclassic.com



## မမုန်းရက်ဘူး ချစ်သူရယ်

“ဒေါ်ငွေစင်ဟာ ဘာကိုသတ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး လို့ ငါ ရဲရဲဝံ့ဝံ့ ပြောတယ်”

ခွန်သာ့ကို ထူးကျော်က လှမ်းကြည့်သည်။

“မင်း ထွက်သွားလို့ မသိတာ၊ အလုပ်သမားတွေကို လှမ်းပြောတော့ လူသတ်ရဲတဲ့မိန်းမတဲ့၊ ငါတော့ လုံးဝထင်တယ်၊ သူ တစ်နည်းနည်းနဲ့ သတ်မှာပဲ”

အဲသည်နေ့က အပြင်ဘက် စားသောက်ခန်းမှာ ထူးကျော် ရောက်နေတာ ခွန်သာ မသိပါ။ အလုပ်သမားတွေက ရုံးခန်းထဲမှာ ဆူညံသံတွေကြား၍ တံခါးဝနားလာရပ် အကဲခတ်နေကြချိန်တွင် ထူးကျော် မယောင်မလည် ကာယ်ပါလာတာလည်း ခွန်သာ မသိ။ တံခါးဖွင့် ထွက်သွားပါလျက် ရပ်နေသူတွေထဲမှ ထူးကျော်ကို မမြင်မိခဲ့ပါ။

“ဝေဟင် ဆိုတဲ့လူကို ဘယ်လိုမြင်လဲ ခေမာ”

“သူ ဘာမှသိမှာမဟုတ်ပါဘူး ကိုမျိုး”

မျိုးကျော် အမည်ဖြင့် လင်းမွန်မေတ္တာမှာ တည်းနေသည့် နေမျိုးက နှမဝမ်းကွဲဖြစ်သူကို စေ့စေ့ကြည့်သည်၊ ခေမာ မျက်လွှာချလေ၏။



“နင်သွားလေရာမှာ သူငယ်ချင်းအဖြစ်နဲ့ နန်းကိုခေါ်ဖို့ ငါ မှာထားတာ၊ နင်တစ်ယောက်တည်းချည်း သွားတယ်”

“ဒါကတော့ တရင်းတနှီး ပေါင်းရမယ့်ကိစ္စမှာ လူပိုတစ်ယောက် ရှိနေလို့မှ အလုပ်မဖြစ်တာ”

“ခု ... ဖြစ်ပြီလား”

“မီး အမျိုးမျိုး စကားနှိုက်တာပဲ”

“ဘာသိလဲ”

“ဖေဖေ့မှာ နောက်မိန်းမ ရှိနေတာကိုတောင် ဖေဖေဆုံးမှ သူ သိတယ်၊ ကြိုမတားနိုင်တဲ့အတွက်ကို ယူကျုံးမရဖြစ်နေတာ”

“ဒါ ... သူ့အပြော မဟုတ်ဘူးလား”

“သူ့အပြောပေမယ့် မီး ယုံတယ်”

“ဆိုပါဦး”

“သူဟာ မိဘမဲ့”

ဒုတိယနှစ်အောင်သည်အထိ ဦးထွန်းလင်း အထောက်အပံ့ဖြင့် ကျောင်းနေခဲ့ရသည့် အကြောင်းတွေ ပြောပြသည်။

“ဖေဖေ အသက်ရှင်နေသရွေ့ သူ အကျိုးရှိဖို့ပဲ၊ ဖေဖေ သေလို့ သူ့မှာ ဘာအကျိုးမှ မရှိဘူး၊ သူ့မှာ ဖေဖေ့ကို သေစေဖို့ မိုးတစ်ဖ်(Mothev)မရှိဘူး၊ ပြီးတော့ ဖေဖေဟာ သူ့ကျေးဇူးရှင်”

“နန်းကရော ... ပြောစရာ ဘာရှိလဲ”

“ငွေစင်သစ္စာမှာ တည်းခိုရင်း သိရသမျှကတော့ အစ်ကို ခွန်သာ ဒေါ်ငွေစင်ကို ရည်းစားစကား ပြောနေတာအထိ တွေ့တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ထူးကျော် ဝါးခနဲရယ်သည်။ ခွန်သာက နမဖြစ်သူကို မျက်လုံးပြူးကြည့်သည်။

"နန်းက တော်တော်လေးကို သိပစ်လိုက်တာပါလား"

နေမျိုးတောင် ခပ်ပြုံးပြုံး ဖြစ်ရလေသည်။ ထူးကျော်က လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

"ဘာလဲ ထူးကျော်"

"ကျွန်တော်က သစ္စာရော မေတ္တာပါ ခွမ္မေတဲ့ကောင်ဆိုတော့ ကျွန်တော်တို့ဘက်က လူတွေအကြောင်း ဘေးကထိုင်ကြည့်နေခွင့်ရတယ်"

"ဒီတော့ ..."

"ခွန်သာ မိန်းမရမယ်၊ မိခေမာ ယောကျာ်းရမယ်၊ ရှင်းလား"

ခွန်သာနှင့် ခေမာတို့ မျက်စိမျက်နှာ ပြင်မရအောင် ပျက်ကျသွားရသည်။ နေမျိုးက နှစ်ယောက်လုံးကို ဒေါသဖြင့် ကြည့်သည်။

"ခွန်သာ ... မင်း နွားလား"

"ကိုမျိုးက နွားလားလို့ မေးတယ်၊ မမကတော့ ခွေး၊ နွားနဲ့ကပြားလို့ကို ပြောပြီး ပါးရိုက်လွှတ်လိုက်တာ"

"နည်းသေးတယ်၊ ဓားနဲ့ထိုးလွှတ်ဖို့ ကောင်းတယ်၊ ဒီမိန်း၊ အကြောင်း မင်း ဘယ်လောက်သိလို့လဲ၊ သူ့ဆီကစကား တော့ မရဘူး၊ လှည်းအကျိုးကြီး ထမ်းပြန်မယ့်ကောင်စား"

"အဲဒီလှည်းကျိုးကို ရွှေချောင်းအမှတ်နဲ့ ထမ်းပါရစေဆိုတာ တောင် ထမ်းခွင့်မရခဲ့ဘူး ကိုမျိုး"



ခွန်သာ စိတ်တိုတိုနှင့် ပြန်အော်သည်။ သူတို့ ... မမကို နားမလည်ကြပါ။ ခွန်သာ တစ်ယောက်ပဲ နားလည်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံသည်။

ခရီးကြမ်းမှာ လျှောက်ခဲ့ရသူမို့ စိတ်ကြမ်း နှုတ်ကြမ်း စရိုက်ကြမ်းနှင့် မမ၏ ရင်ထဲမှ ဖြူစင်ဖွေးသန့်နေသည့် နှလုံးသားကို မိမိတစ်ဦးတည်းသာ အချစ်မျက်စိဖြင့်သာ မြင်နိုင်ခဲ့သည်ဟုယုံ၏။

"ဒီအတိုင်းဆို မင်းနဲ့နန်းကို ပြန်ပို့မှ ဖြစ်တော့မယ်၊ ငါ စိမ်းဆိမှာ အာမခံပြီး ခေါ်လာရတာ၊ မင်းကို ဗိုက်တစ်လုံး မှဆိုးမနဲ့ ပေးစားဖို့ မဟုတ်ဘူး"

"မပြန်ဘူး"ဟု ခွန်သာ ကျိတ်ဆုံးဖြတ်သည်။ နေမျိုးကို မတော်ရသေးသည့် ယောက်ဖပေမယ့် အသက်ချင်းကွာတာ ကျေးဇူးခံ ကျေးဇူးစား ဖြစ်နေတာ။ ငယ်ကတည်းက ကြောက်ရိုန်ရှိခဲ့တာတွေကြောင့် သိပ်ပြန်မပြောရဲပါ။ ကိုမျိုးက အနေလည်း တည်သည်။ အလုပ်လည်း မှန်သည်။ သူတို့မိသားစု၏ ကျေးဇူးရှင်လည်း ဖြစ်သည်မို့ ကြည်ညိုရင်းစွဲဖြင့် တလေးတစား ဖြစ်ခဲ့ရလို့သာပေါ့။

သူများသာဆို ဆွဲထိုးပစ်ပြီ။

"ခေမာ"

ဒေါသခေါ်သံမို့ ဆတ်ခနဲတွန့်သည်။ မျက်လုံးလေး အကြောင်သားဖြင့် မော့ကြည့်သည်။ ခါတိုင်းဆို ကိုမျိုးကို အဲဒီလိုမကြောက်ပါ။ ကိုမျိုးကို ခွန်သာတို့သာ လန့်ချင်လန့်မည်။ ခေမာကဖြင့် မရွံ့ရေးချမရွံ့ထဲက။ ကိုမျိုးသည် ခေမာ့ညှဉ်းဖွ[illegible] နိုင်ဖတ်။

www.burmeseclassic.com

www.burmeseclassic.com



ခွန်သာတို့ကို ကျေးဇူးပြုနေသည့် ကိုမျိုးကို ခေမာတို့မိသားစုက ကြည့်ရှုထောက်ပံ့ထားတာလေ။ ခုတော့ ကိုယ့်မှာ အပြစ်ရှိနေသလိုလိုမို့ ကြောက်ရတော့သည်။ ကုန်းသမား ထူးကျော်ကိုတော့ မျက်စောင်းထိုးဖြစ်အောင် ထိုးသည်။

"ဘာဘာ အရိုးတောင် မဆွေးသေးဘူး၊ ရည်းစားတစ်ယောက် ကောက်ရလိုက်ပလား၊ အန်တီသီရိကို ငါ ဘယ်လိုပြောရမလဲ"

"ဖေဖေ့အရိုး ဆွေး,မဆွေးနဲ့ မီး ရည်းစားရ,မရ ဘာဆိုင်လဲ ကိုမျိုး"

နေမျိုးသည် အစ်ကိုပေမယ့် ခေမာ့အပေါ် ခွန်သာ့ကို ဟောက်နည်းမျိုးဖြင့် မဟောက်ရဲတာတော့ အမှန်ပါ။

"ငါပြောမယ် ခေမာ၊ နင့်ကောင်ဟာ ဒေါ်ငွေစင်နဲ့ လုံးဝ ပတ်သက်နေတယ်၊ နင်သိလား၊ မင်းပါ သိလား ခွန်သာ"

"ဟင်"

ခွန်သာက "မဖြစ်နိုင်ဘူး"ဟု ရင်ထဲမှာ ကျိတ်ပြောကာ အေးအေးဆေးဆေးပါပဲ။ ခေမာကတော့ မျက်ဝန်းကလေး ဝင့်တက်လာသည်အထိ အံ့သြတုန်လှုပ်ရှာ၏။

"ကိုမျိုး ဘာအထောက်အထားနဲ့ ပြောတာလဲ၊ ထူးကျော် ကုန်းတိုက်ပြန်တာ မဟုတ်လား"

ထူးကျော်က ပခုံးတွန့်ပြသည်။

"မဟုတ်ဘူး၊ ငါကိုယ်တိုင် သိတာ"

○♡○



"ဒေါ်ငွေစင်နဲ့ စကားပြောချင်လို့ပါ"

"ပြောနေပါတယ်"

"ကျွန်တော် ဝေဟင်ပါ"

ဝေဟင်ပါဟု ဆိုလိုက်သည်နှင့် တစ်ဖက်မှ မခိုးမခန့် ရယ်သံက သတ္တုကြိုးမှတစ်ဆင့် နေမျိုး နားထဲသို့ ကိုးလိုးကန့်လန့် ဝင်လာသည်။

"ဆို ... ဆို ... ဘာလဲ၊ ငွေစင်သစ္စာမှာ မန်နေဂျာပြောင်း လုပ်ချင်တယ် ဆိုရင်လည်း တို့ဘက်ကတော့ ဝဲလကမ်း (Welcome)ပဲနော်၊ ရတယ်၊ ရတယ်"

"ဟိုကောင်မလေး ခေမာ ရန်ကုန် ရောက်နေတာ ..."

"မမ သိလား"ဟု မေးရမလား၊ "အစ်မကြီးသိလား" ဟု မေးရမလား မသေချာ။ မမငွေစင် ခေါ်ချင်လည်း ခေါ်မည်။ ငွေစင်က ဝေဟင့်ထက် အသက်ပိုကြီးတာတော့ သေချာသည်။ သူတို့ချင်း ရင်းနှီးလျှင် ရင်းနှီးသလို တစ်မျိုးခေါ်ခဲ့သော် မိမိက အမှားကြီး သွားခေါ်မိလျှင် ဘယ့်နှယ်လုပ်ပါ့မလဲ။

"အဟင်း ... ဟင်း"

တော်တော်ကလက်သည့် မိန်းမဟု ကျိတ်၍မှတ်ချက်ချသည်။ ရယ်သံကိုက ပုံမှန်မဟုတ်ချေ။ ခနိုးခနဲ့လိုလို သရော်တော်တော်လိုလို နာနာကြည်းကြည်းလိုလို၊ မရယ်ချင်ပါပဲ ရယ်ပြနေတာ သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက် ... ဘာဖြစ်လဲ၊ မင်းက ဘာကို ပူနေတာလဲ၊ ခုလို ပူပူပန်ပန် ပတ်သက်မှုလေးကိုပြတာ ကျေးဇူးတင်ပါတယ်"

နေမျိုး ဘာဆက်ပြောရမှန်း မသိသေးပါ။

"တို့ကြားရတဲ့ သတင်းစကားကတော့ မင်းနဲ့ကောင်မလေး သိပ်ပြေလည်နေတယ်ဆို ချီးကျူးပါတယ်၊ ဆက်လုပ်"

နေမျိုး စကားပြောခွက်ကို ချပစ်လိုက်ပါတော့သည်။ သူတို့နှစ်ယောက် အဆက်အသွယ်ရှိတာတော့ သေချာပြီ။ ငွေစင်က ဝေဟင့်ထံ ထပ်ဆက်ပြီး ဘာပြောချင်လို့လဲ။ ဘာလုပ်မလို့လဲ မေးနေလျှင်အခက်။

ငွေစင် ဒီလောက် အလေးအနက် ရှိမည့်ပုံတော့ မပေါ်ပါ။ လှမ်းမေးလို့ ဝေဟင်က သူ ဖုန်းမဆက်ကြောင်းပြောလျှင် ကြားလူဆိုတာ သိသွားနိုင်သည်။ သူတို့ ခြေပုန်းတွေ ပိုသွက်လာအောင် တပ်လှန့်လိုက်သလိုများ။ ဖြစ်သွားမလား။ အဲဒီလိုဆိုလည်း တစ်မျိုးတော့ ကောင်းသား။

လှုပ်ရှားမှုများတော့ မြင်သာမည်လေ။ ငြိမ်နေလျှင် သူတို့ရင်ထဲက အကြံကို ဘယ်သူမြင်နိုင်တာမှတ်လို့။

○♡○

ခေမာ့မျက်နှာ ပြင်မရအောင် ပျက်လေ၏။

ကိုမျိုးကို ယုံသည်။ ကိုမျိုး ဖုန်းဆက်တယ်ဆိုတာ အမှန်ဖြစ်မှာ။ ကိုမျိုးကို မေမေက အဲဒီတာဝန်နဲ့ကို ရန်ကုန်လွှ...



လိုက်တာပဲ။ ပြောမှား ဆိုမှား ခြေလှမ်းမှားတွေကို လေ့လာပါ။ တွေ့လျှင် ရဲတိုင်အမှုဖွင့်ဖို့တဲ့လေ။

ကိုမျိုး ဘယ်တော့မှ မညာတတ်တာ၊ မဟုတ်ဘဲ လုပ်ကြံမပြောတတ်တာလည်း ခေမာ ယုံသည်။

"အဲဒီကတည်းက သူတို့ ဘယ်လိုခြေပုန်းရှိမယ်ဆိုတာ မသိပေမယ့် ပတ်သက်နေတာတော့ အမှန်ပဲ၊ နင့်ကို ဘယ်လိုပြောထားလဲ ခေမာ"

"ဖေဖေဆုံးပြီးမှ အဲဒီအမျိုးသမီးကို မြင်ဖူးပါတယ်တဲ့"

"ဖြစ်နိုင်မလား စဉ်းစားကြည့်"

"မဖြစ်နိုင်တာ သိပ်ကို သေချာပါတယ် ကိုမျိုးရယ်၊ ပီးမှာလည်း ဦးနှောက်နဲ့ပါ"ဟု မပြောဖြစ်တော့ပါ။

ရင်ထဲမှာ ကောင်းလိုက်တာ ကိုကိုကြီးရယ် ... ကိုကိုကြီး ညာပြီ။

"အဲဒီတုန်းက နန်း ငါ့နားမှာရှိတယ်"

ကိုမျိုးက သက်သေထူ၍ နန်းက ခေါင်းညိတ်ပြသည်။

"ဟိုအမျိုးသမီး လှမ်း၍သက်နိုင်ခင် ချက်ချင်းပဲ ငါ ဝေဟင့်ဆီ ဖုန်းလှည့်တယ်၊ နန်းကို ပြောခိုင်းတယ်၊ ကျွန်မ ငွေစင်ပါ ... လို့"

ခေမာ နန်းကို လှည့်ကြည့်သည်။

"ငွေစင်ပါ၊ ကိုဝေဟင်နဲ့ စကားပြောချင်လို့ပါ ... လို့ ပြောလိုက်တယ် ခေမာ၊ ဘယ်တော့မှ ဘယ်နည်းနဲ့မှ မပတ်သက်ပါနဲ့လို့ နောက်ဆုံး ပြောလိုက်တယ် ... လို့ တုံးတိတိပြောပြီး ဖုန်းချသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



နန်းကပြောခိုက် နန်းကို ငေးကြည့်ရင်း ခေမာ့ရင်ထဲ တလှပ်လှပ် ခုန်လာရတော့သည်။

"အဲဒါ အရင်က တစ်ခုခုရှုပ်ထားခဲ့လို့ ပေါ်မှာစိုးလို့ မသိချင်ယောင် ဆောင်နေကြဖို့ ပြောတဲ့စကား ဖြစ်နိုင် မဖြစ်နိုင် နှင် စဉ်းစားကြည့်ပေါ့ ခေမာ"

ကိုမျိုးရယ် ... တော်ပါတော့၊ ခေမာ မကြားနိုင်တော့ပါဘူး။ ခေမာ့ ရင်ထဲမှာ ကြေကွဲရပါပြီ ကိုမျိုးရယ်။ ခေမာ နှားနုစ်ဖက်ကို ပိတ်သည်။ ဘယ်သူ့ရှေ့မှ မရှောင်နိုင်၊ မရှက်နိုင်တော့ပါ။

အင့်ခနဲ တစ်ချက်ရှိုက်ကာ ငိုချလိုက်မိပါတော့သည်။

မည်သူကမျှ လာမချော့ကြ။ ကြိုက်သလောက် ငိုစမ်းဟူ၍များ လွှတ်ပေးထားသလား မသိချေ။

"နှင့်နေရာမှာ စိမ်းကိုလွှတ်ပြီး ခွန်သာ့နေရာမှာ ငါသွားရင် ဘာပြဿနာမှ ပေါ်မှာမဟုတ်ဘူး"

နေမျိုး တက်တခေါက်ခေါက် ရှိတော့သည်။

"ငါ့ရုပ်က မိန်းမတွေကျတဲ့ရုပ်မျိုး မဟုတ်လို့ ဟိုကောင် ကိုလွှတ်ခါမှ ..."

ကိုမျိုး ဒေါသထွက်လေ ခေမာ ကြေကွဲဝမ်းနည်းရလေလေပါ။ ရက်စက်တယ် ကိုကိုကြီးရယ်၊ လောကမှာ အညာခံရတာလောက် ဝမ်းနည်းစရာကောင်းတာ မရှိတော့ပါဘူး။

ခေမာ့ကို သနားမည့်သူဆိုလို့ ခွန်သာ တစ်ယောက်ပဲ ရှိသည်။ သူက ကိုယ်ချင်းစာနိုင်သူပါ။ ကိုမျိုး စကားတွေကို မယုံမဟုတ်၊ ယုံပါသည်။ မမသည် အဲဒီလို ရှုပ်ရှုပ်ပွေပွေ ကိစ္စ



မျိုးနှင့် မရှင်းမလင်း ဖြစ်နေနိုင်သည့် အမျိုးအစားထဲကဆိုတာ ခွန်သာ လက်ခံ၏။

အဲဒါကြောင့်မို့လည်း အဲဒီသပွတ်အူတွေထဲက မမကို ဆွတ်ဆွဲထုတ်ချင်ခဲ့တာပါ။ အရင်တုန်းက ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ရင်ခွင်မှာ ခွေးထွေးစေလျက် မမ၏ရှိသမျှအပြစ်တွေကို အချစ်ဖြင့် ဆေးကြောပေးချင်မိသည်။

ဪ ... ခေမာ၊ နှင်နဲ့ ငါနဲ့ ကံဆိုးတယ်။

"ဒီလိုတွေ ဖြစ်လာမှတော့ ခေမာနဲ့ ခွန်သာ ဒီမှာဆက်မနေကြနဲ့တော့၊ နန်းပါ ပြန်လိုက်သွား၊ ငါနဲ့ ထူးကျော်ပဲ နေခဲ့မယ်"

"မမ မပါဘဲများ ပြန်မယ်ထင်သလား"ဟု ခွန်သာ ကျိတ်တွေးသည်။ ခေမာကတော့ ခေါင်းလေး မသိမသာခါသည်။ ရှိုက်ဆဲကိုယ်လုံးလေးက သိမ့်သိမ့်တုန်လှုပ်မို့ ခေမာ ခေါင်းခါ တာ မသိတာ။

"မပြန်ဘူး"ဟူသည့် အဓိပ္ပာယ်လား၊ "အဖြစ်တွေက ယူကြားလို့မှ မကောင်းပါလား ကိုကိုကြီးရယ်"ဟု ဆိုချင်တာလား၊ ကာယကံရှင် ခေမာမှပဲ သိပါတော့မည်။

ကိုကိုကြီး ရက်စက်တယ်။

○ ♡ ○

ဦးဦး ဦးအောင်သူက ရှုံးသွားသည်။ ကြီးကြီး ဒေါ်သူဇာက အိမ်အတွက် တစ်လစာ အခြောက်အခြမ်း စားသော

www.burmeseclassic.com

www.burmeseclassic.com



ကုန်များဝယ်ရန် သိမ်ကြီးဈေးသို့ သွားသည်။ အိမ်မှာ အိမ်ဖော်ကောင်မလေးနှင့် ခေမာပဲ ကျန်ခိုက် ကိုကိုကြီး ရောက်လာခဲ့ခြင်းပါ။

"လချုပ်စာရင်းတွေဆွဲရင်း မီးကို အရမ်းလွမ်းလာတာနဲ့ ထလာခဲ့မိတယ်ကွာ၊ အလုပ်ချိန် အပြင်ထွက်ရသလားလို့၊ မီး အလုပ်ဖြုတ်ရင်လည်း ခံတော့မယ်"

ကိုကိုကြီးရယ် ... ရုပ်ရှင်မင်းသား လုပ်စားပါတော့ရှင်။ အကယ်ဒမီတွေသာမက နိုင်ငံခြားသွားရိုက်လျှင် အော်စကာဆုများတောင် ချိတ်နိုင်တဲ့ သရုပ်ဆောင်ချက်ပါပဲ။

"မနက်ဟုန်းက ဖုန်းလှမ်းဆက်တုန်း မီး စကားလာပြောရင်တောင် ညနေထိ စောင့်ချင်စောင့်နိုင်ဦးမယ်၊ မီး အိပ်ပုပ်ကြီးမလေး၊ အိပ်ရာက မနိုးသေးဘူးတဲ့"

ကိုကိုကြီး ဖုန်းဆက်တော့ မီး ကော်ဖီသောက်နေပါပြီရှင်၊ ကိုကိုကြီးကို သိပ်ကြောက်သွားရပြီမို့ မီးကိုယ်မီး မထိန်းနိုင်ဘဲ ငိုချမိမှာစိုးလို့ လာမပြောခဲ့တာပါ။

"မီးနဲ့ တစ်နေ့ တစ်ခါမှ မတွေ့ရရင် နေကိုမနေနိုင်ဘူး၊ ခြေထောက်တွေက မီးရှိတဲ့အရပ်ကိုပဲ လှည့်နေတယ်"

ခေမာ ခေါင်းလေးငုံ့ထားသည်။

"ဟော့ ... ဘာစိတ်ကောက်ပြန်တာလဲ ချာတိတ်ရဲ၊ မော့ကွာ၊ မျက်နှာလှလှလေးကို အမောပြေ ကြည့်ချင်တယ်"

ခေမာ ငုံ့မြဲငုံ့ထားဆဲ။

"ပြောနေတာ မရရင် ဆွဲမော့ပစ်လိုက်မှာနော်၊ အဲဒီခါကျ မလွယ်ဘူးမှတ်"



ခေမာ နည်းနည်းတော့ ဖြုံသည်။

မီးသိပ်ချစ်ရတဲ့သူ၊ မီးကို ရိုးသားစွာ သိပ်ချစ်နေသူဆိုလျှင်တော့ မော့မပေးဘဲ ဆက်ငုံ့နေ၊ ကိုကိုကြီးက မေဖျားလေးကိုပင့်ပြီး ဖွတ်လာဆွဲမော့တော့လည်း ဘာဖြစ်သေးလဲ ချစ်သူတွေပဲလေ။

ကိုကိုကြီးက မီးကိုသိပ်ချစ်တော့ မီးမကြိုက်ရင် မီးကို လက်ဖျားနဲ့ ဘယ်တို့ပါ့မလဲ။ ခုတော့ ကိုကိုကြီးကလူညာ။ မချစ်ဘဲများ ညာရက်ပါပေ့။ အကြင်နာကင်းကင်းနဲ့ဆိုတော့ မီးကို ညာပါ့မလား။ အိမ်မှာ လူကြီးတွေကလည်း မရှိ။

အချိုသပ်မှုပါပဲလေ။ မျက်ရည်စက်လေးတွေရယ် ပြန်ဝင်ပါ။ ကိုကိုကြီးကို မီး ကြောက်လို့ပါ။ ရင်ထုမနာ ခံစားလျက်က ကြေကွဲမှုဝေဒနာလေးတွေကို သိမ်းဆည်းရပါသည်။

မော့မော့လေး ပြုံးပြလိုက်ချိန်မှာ ရင်ထဲမချိလှသည်မို့ အပြုံးလေးခမျာ အမဲတစ်ဝက် စွက်ရပါလေ၏။

"အဲဒီလို လုပ်စမ်းပါကွာ၊ သိပ်ချစ်တာပဲ မီးရာ၊ စာရင်းတွေဆွဲရင်း ခေါင်းရှုပ်လာတုန်း မီးအပြုံးလေးကို မြင်ရတာ၊ ဖာလူဒါ သောက်ရတာထက် အေးအေးဆိမ့်ဆိမ့် ပိုရှိသေး"

ဝေဟင် ချိုအီအောင် ပြုံးပြနေသည်။

ဟိုနေ့တွေကသာဆို အဲဒီအပြုံးချိုချိုကြီးထဲ မီးနှလုံးသားလေး အရည်ပျော်မှာပါ ကိုကိုကြီးရယ်။

"ကိုယ် စဉ်းစားလာတယ်၊ အလုပ်ကလေးတွေ နည်းနည်းလက်စသတ်ပြီး မီးကို မန္တလေး ပြန်ပို့မလားလို့"

"ရှင် ... မီး ပြန်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ကိုကိုလည်း လိုက်မယ်တဲ့"

"ဟို ... ဆရာဝန် ကိုကို"

"အေးပေါ့ကွ၊ ကိုကိုက ဆေးရုံမှာ ဆရာဝန်စုံစုံလင်လင် ရှိတုန်း ခွင့်လေးငါးရက်ယူရင် ဖြစ်တယ်တဲ့"

"ဘာလိုက်လုပ်မှာလဲဟင်"

"မီးကိုတောင်းဖို့လေ"

"မီးကိုတောင်းမယ်"

"အေးလေ ... ဘာကြောင်နေတာလဲကွ၊ မီးနဲ့လက်ထပ်ဖို့ လေ"

"ဟင် ... မီး ငယ်ငယ်လေး ရှိသေးတယ်"

"ကိုယ်က အသက်ကြီးပြီ မီးရဲ့၊ အခုလက်ထပ်ရင်တော အကြီးဆုံးကလေးက ကိုယ့်အသက် လေးဆယ့်ရှစ်နှ လောက်မှ ဘွဲ့ရမယ်၊ အငယ်တွေ ကျန်ဦးမှာနဲ့ ကိုယ်အသ သိပ်မကြီးခင် ကလေးတွေ ပညာစုံမှဖြစ်မှာ မီးရဲ့၊ အဲ ညကထိုင်တွေးနေတာ မိုးစင်စင်လင်းရော ...

"တစ်ညလုံး မအိပ်ဖြစ်လိုက်ဘူး၊ ဒါပေမဲ့ ပျော် တော့ အိပ်ရေးမပျက်သလို လန်းလန်းဆန်းဆန်းပဲ"

သူ ... တကယ်ပျော်နေပုံရပါ၏။ ပျော်ချင်လ ပျော်မှာပေါ့လေ။ မီးကိုရရင် ပျော်စရာပဲဟာ။ မချစ်ဘူးဘဲထား မီးကိုရခြင်းဟာ စည်းစိမ်ဥစ္စာကို ရရှိခြင်းမို့ ဘယ်သူမပျော် နေမှာတဲ့လဲ။

"မီး ကြည့်ရတာ မထုံတက်သေးနဲ့ ကိုယ်မလာခင် အိပ်နေတာလား၊ ခုထိ အိပ်ရေးမဝသေးဘူးလား"



"ခေါင်းနည်းနည်းကိုက်နေလို့ပါ"

"နေမကောင်းမှ ပိုချစ်စရာကောင်းသေးတယ်၊ ဣန္ဒြေလေးနဲ့ ဖြစ်နေတော့ လူကြီးမလေးလိုပဲ"

ပြောပါ ညာပါ ကိုကိုကြီးရယ်။

"မီးမေမေ့ဆီမှာ လိုက်မတောင်းခင် ကြီးကြီးဒေါ်သူဇာကို အရင်နားဖောက်ရအောင်နော်၊ မီး ကြိုပြောထားမလား၊ ကိုကို ခေါ်လာ ပြောခိုင်းရမလား"

"ဟင့်အင်း ... မခေါ်လာပါနဲ့"

"ဟာ ... မီးရာ၊ ဘာဖြစ်လို့လဲ၊ မီးကိုယ်တိုင်ပြောမှာလား"

"ကိုကိုကြီးရယ်၊ ဖေဖေ ဆုံးတာမှ မကြာသေးဘူး"

"ကိုယ်တို့ အချိန်ဆွဲလို့ အစ်ကိုကြီး အသက်ပြန်ရှင်မယ် ဆိုရင်တော့လည်း ဆွဲဖို့ပေါ့ကွ"

"မီးက ဖေဖေ့အုတ်ဂူကို ကန်တော့ဖို့ ရန်ကုန်ဆင်းလာတာ၊ ရည်းစားရပြီးပြန်ရင် မေမေ ဆူမှာပေါ့၊ မီး ရှက်တယ်"

"ပြောပုံလေးက"

ဝေဟင့်မှာတော့ မီးပြောသမျှ လုပ်သမျှ စောင့်ချစ် နေဖို့ပါပဲ။ သိပ်ကို ချစ်စရာကောင်းတဲ့ မီး၊ လက်ထပ်ပြီးရင် ဘယ်လောက်များ ဆိုးလိုက်မလဲ။ တာတေလန်မလေး၊ ကိုကိုကြီး ကတော့ ချစ်မှာပဲ၊ သည်းညည်းခံမှာပဲဟု ကျိတ်တွေးနှင့် တစ် ချိန်လုံး ပြုံးထားသည့် နှုတ်ခမ်းကို စေ့မရ။

ဒီလိုပါပဲ၊ မီးနှင့် ချစ်ကြပြီးမှ မီးရှေ့ရောက်လျှင် ပြုံးနေမိတာကို ဘယ်လိုမှ ထိန်းမရချေ။ သိပ်ချစ်တာပဲ မီးရှေ့မှ သာ အော်နေချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးလည်း မပြောရဲသေးဘူး၊ ဆရာဝန် ကိုကို့ကိုလည်း လာမပြောခိုင်းပါနဲ့ဦး"

"လူကြီးတွေသိမှ ခိုင်ခိုင်လုံလုံ ရှိမှာပေါ့ မီးရဲ့၊ မီးကို ကိုယ် စိတ်မချဘူး"

"ဟင် ... မီးက ဘာဖြစ်နေလို့လဲ"

"ချာတိတ်မလေးမို့ ခုငို ခုရယ်နဲ့ အပြောင်းအလဲ မြန်တတ်တော့ တော်ကြာ မချစ်တော့ပါဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ မလုပ်နဲ့ပေါ့"

"မီးနော်"

ထရိုက်တော့မလို လက်သီးဆုပ်ပြတော့ မီး ခစ်ခနဲ မရယ်ဘဲ မနေနိုင်။ စောစောက သံသယတွေလည်း ဘယ်ထွက်ပြေးကုန်ပြီလဲ မသိ။ အချိုသပ်အပြုံး မဟုတ်တော့ဘဲ ရင်ထဲလှိုက်လှိုက်လှဲလှဲ ပြုံးလိုက်မိတာ ကိုကိုကြီးကို သိပ်ကို ... သိပ်ကိုချစ်မိလို့ပါ။

ရက်စက်ချင်လည်း ရက်စက်တော့၊ ညာချင်လည်း ညာတော့ အပလီအခရာ အလိမ်အညာတွေပဲထားပါ။ ကိုကိုကြီးနှင့် တစ်နာရီလေး ချစ်ခွင့်ရလျှင်တောင် မီးရင်ထဲမှာ ပီတိတွေနဲ့ ရွှန်းတင့်နေရသူပါ။

"ကိုယ့်ကို ချစ်ရဲ့လား မီး"

"ပြောတတ်ဘူး"

"တတ်အောင်ပြော"

"ချစ်တယ် ထင်တာပဲ"



"အဲဒါ နည်းနည်းလေးလား၊ အများကြီးလား"

ခေမာ တခစ်ခစ် ရယ်ပါတော့သည်။

"ကိုကိုကြီး ဘယ်သူ့ချစ် ဘယ်ထဲကချစ်၊ နည်းနည်းလေးလား အများကြီးလားလို့ ကလေးပေါက်စကို မေးတာကျနေတာပဲ"

"အေးကွ ... အဲဒီလိုမေးချင်တာ ရက်လို့"

ကိုကိုကြီးရဲ့ ရက်ပြုံးက ချိုအီမွှေးကြိုင်နေတဲ့ ပန်းတစ်ပွင့်ထက်ကို ပိုပြီးလန်းဆန်းလို့ နေတော့သည်။

မီး ... အရည်မပျော်ဘဲ နေပါတော့မလား။

"ကိုကိုကြီး လာတဲ့ကိစ္စရှိရင် ပြောဦးလေ"

"မီးကို ချစ်တဲ့ကိစ္စ အရေးကြီးကိစ္စနဲ့ အလျှင်စလိုဆောင်ရွက်လာတာလေ"

သူ့စကား သူ ရက်ပြုံးဖြင့် ရယ်သည်။

"မီးနဲ့တွေ့ရင် ကလေးကလား စကားလေးတွေ အရမ်းပြောချင်တယ်၊ ဘယ်လိုမှ ခပ်တည်တည် မနေနိုင်ဘူး"

"ပြီးတော့ သူပဲရက်"

"အေးကွဲ"

"အေးကွ" ဆိုပုံကြီးကိုက ရက်ကိုးရက်ကန်းကြီးရယ်။ ကိုကိုကြီးရယ် မီးချစ်လိုက်တာ၊ မီးရင်ထဲမှာ နာလိုက်တာ။

"ကိုကိုကြီး"

"ဆို"

"မီးကို တကယ်ချစ်တာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မီးရာ ... တကယ်ပေါ့၊ တကယ်မှ တကယ့်ကိုတကယ်။ အရမ်း၊ သူများကြည့်တာတောင် မခံနိုင်ပါဘူးဆို၊ မီးနဲ့ စာရင် ကိုယ်က လူကြီးဖြစ်နေရဲ့နဲ့ သဘောနုတာကို မရှက်မကြောက် ဝန်ခံထားတာပဲ၊ ယုံပါကွာ၊ ကိုယ်တကယ် သိပ်ချစ်တာပါ"

"မညာကြေးနော်"

"ကိုယ် ... ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ မညာဖူးဘူး၊ ကိုယ်သိပ်ချစ်တဲ့ မီးကိုဆို ပိုပြီးမညာတော့မှာပေါ့ မီးရယ်"

"မီးမေးရင် မှန်မှန်ဖြေမလား"

"ဖြေမယ် ... မေး"

"ဒေါ်ငွေစင်နဲ့ ဘယ်တုန်းကစပြီး သိကြသလဲဆိုတာ"

ဝေဟင် မျက်နှာတစ်ချက်ပျက်သည်။ မျက်လွှာကျသွားချိန်က ဆယ်စက္ကန့်လောက်ပဲ ကြာသည်။

"အစ်ကိုကြီး ဦးထွန်းလင်း ဆုံးပြီးတဲ့၊ သူ ဖုန်းလှမ်းဆက်လို့ လိုက်သွားကြမှ သိတာပါ"

"သြော် ..."

ညာပြီ ကိုကိုကြီးရယ်။

"ဒေါ်ငွေစင်ဟာ လင်းမွန်သစ္စာက အလုပ်သမားဖြစ်ခဲ့ဖူးတယ်ဆို"

"အစက ကိုယ်မသိပါဘူး၊ အဲဒီမှာ မန်နေဂျာလုပ်တဲ့ အန်ကယ်က အစ်ကိုကြီးရဲ့မိတ်ဆွေပါ၊ ကိုယ်က လင်းမွန်မေတ္တာနဲ့ပဲ ဆိုင်တယ်"

"တွေ့ကို မတွေ့ဖူးတာလား"



"လုံးဝ ... လုံးဝပဲ မီး၊ ယုံပါ"

"နာမည်ရော ကြားဖူးလား"

"မကြားဖူးဘူး၊ ကိုယ့်မှာ ဒီအလုပ်တစ်ခုကည်းနဲ့တောင် အနိုင်နိုင်ပါ၊ အစ်ကိုကြီးက တစ်ခါတလေမှ ရန်ကုန်ဆင်းတော့ ကိုယ် တာဝန်အများကြီး ယူရပါတယ်၊ လင်းမွန်သစ္စာမှာ မန်နေဂျာလုပ်တဲ့ အန်ကယ်နဲ့ ကိုယ်နဲ့ လေးငါးခါ တွေ့ဖူးတာကလွဲပြီး၊ ကိုယ် အဲဒီကအလုပ်သမားတွေလည်း တစ်ယောက်မှ မသိပါဘူး"

ငြင်းပုံက ကင်းကင်းပြတ်ပြတ် ရှိလှ၏။ ဘူးဆိုမှ ဘူးဆိုတာမျိုးပါလား ကိုကိုကြီးရယ်။ အဲဒီလောက် တိတိကျကျ ငြင်းလေ ကိုကိုကြီးဘက်က မလုံလဲလေ ဆိုတာကို မရိပ်မိရှာဘူး ထင်ပါရဲ့။

တကယ်ဆို နာမည်လည်း ကြားဖူးပါတယ်၊ လူလည်း သုံးလေးခါလောက်တော့ မြင်ဖူးပါတယ်။ အစ်ကိုကြီးဦးထွန်းဝင်းနဲ့ ခုလိုဖြစ်တာတော့ မသိရိုးအမှန်ပါ။ အမျိုးသမီးက ကလက်လို့ အဆက်အဆံ မလုပ်ဘဲ ထားပါတယ်ဆိုတဲ့ အဖြေမျိုးကို ပေးရင်တောင် ကိုမျိုးတို့နဲ့ နန်းတို့ ကြားတားရတဲ့ တယ်လီဖုန်းထဲက စကားတွေနဲ့ ဆီလျော်ပါသေးတယ်။

သြော် ... ကိုကိုကြီး၊ လူညာကြီး။

ညာတယ်ဆိုကတည်းက မကောင်းမှု တစ်ခုလုံးကို ဖုံးကွယ်ဖို့ ကြိုးစားတာပဲပေါ့၊ ရင်ထဲမှာ မကောင်းလိုက်တာ၊ ရက်စက်တယ် ကိုကိုကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေမာက ရင်ထဲခံစားသမျှ မဖုံးမဖိတတ်သည့် ဆယ်ကျော်သက်ပေမို့ မျက်နှာလေး နွမ်းကျသွားရတာကို ဘယ်လိုမှ မပြင်နိုင်ပါ။

"မျက်နှာ သိပ်ပျက်တာပဲ၊ မီး နေမကောင်းဘူးလား"

ဝေဟင် လက်ဖဝါးကျယ်ကြီးက ခေမာ့နဖူးပြင်ပေါ်သို့ အုပ်မိုးကျရောက်လေ၏။

"ကိုယ်လည်း မပူပါဘူး၊ ခေါင်းမူးလား၊ ဗိုက်အောင့်လား၊ ဟင် ... မီး"

အဲဒီ အကြင်နာ အညာတွေနဲ့ ပလီခရာ မနေပါနဲ့တော့ရှင်။ ကိုကိုကြီးကို မီး မယုံတော့ပါဘူး လူညာကြီးရယ်၊ မီး ကံဆိုးပါတယ်။

တစ်သက်မှာ တစ်ခါကြုံရတဲ့ အချစ်ဆုံး အချစ်ဦးဟာ မီးရင်ထဲက နှလုံးသားကိုမှ ညာပြီးယူရက်ပါပေ့။

"ကိုကိုကြီး"

"ဘာဖြစ်လဲ မီး၊ ပြောလေ"

"သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိအောင်ယူတဲ့ သူကို သူခိုးလို့ ခေါ်တယ်နော်"

"ဒါပေါ့၊ မပေးချင်ပါဘူးဆိုတဲ့ကြားက အဓမ္မခြိမ်းခြောက်လုယူတဲ့သူကျတော့ ဓားပြ"

"အဲဒီလောက်လည်း မကြမ်းတမ်းဘူး တိတ်တိတ်ကလေး ယူတာတော့လည်း မဟုတ်ဘူး ဆိုရင်ကော"

"အနုကြမ်းပေါ့ မီးရဲ့၊ နုနုလေးနဲ့ ကြမ်းတာ"



ခေမာ မထိန်းနိုင်တော့ပါ။ မျက်နှာပြင်ကို လက်ဝါးလေးနှစ်ဖက်ဖြင့်အုပ်လျက် သည်းသည်းခိုက်ခိုက် ငိုကြွေးရှာတော့သည်။ မီး ... အချစ်ကို အနုကြမ်းစီးခံရတာပါပဲ။

"ဘာဖြစ်လို့လဲ မီး၊ ဘာလို့ ငိုတာလဲ၊ ကိုယ့်ကိုဖွင့်ပြောလေ"

သရုပ်ဆောင် တော်ပါပေရဲ့ အနုကြမ်းဗိုလ်ကြီးရှင်၊ အားနွဲ့မျိုး မိန်းမသားတစ်ယောက်မှာတော့ ရင်ထဲက နှလုံးသားကို အနုကြမ်းစီးခံလိုက်ရပါပြီ။

ကိုကိုကြီးကို ဒီထက်နည်းနည်းလေး လျှော့ချစ်မိထားရင်တောင်၊ မီးသည်းညည်းခံနိုင်မှာ မဟုတ်ပါဘူး၊ ကက်ကက်လန်အောင် ရန်တွေ့ပစ်မှာပါ။ ခုတော့ ... ရန်မတွေ့ရက်ဘဲ ကျိတ်ခံစားနေရတာကိုက ကိုကိုကြီးကို ချစ်လွန်းလို့ပါ။

မချစ်သင့်သူကို ချစ်မိတဲ့ဒဏ်ကြောင့် ရင်ထဲမှာ ကြွေရပါပြီ။

"ပြောလေ ... မီး"

ဝေဟင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လေ၏။ ဆယ်ကျော်သက် ကလေးစိတ်နှင့် ချစ်သူလေးကို ပွေ့ပိုက်ဖြေသိမ့်ပေးချင်စိတ်ကို တားမရ။ သို့ပေမဲ့ ချစ်သူလေးက အကြမ်းဖက်သမားအဖြစ် စိတ်ဆိုးသွားမှာ စိုးရိမ်သည်။ ခေမာနှင့်စာတော့ မိမိက လူကြီးလေ။

ခုလို ... အိမ်မှာ လူကြီးတွေ မရှိချိန်ဆို ပိုလို့တောင် ဆင်ခြင်ရပါဦးမည်။ ခေမာ့ဘေး ပြေးထိုင်ကာ ချစ်သူလေးကို တစ်ကိုယ်လုံး ရင်ခွင်ထဲသွင်းပြီး ချော့ချင်စမ်းပါဘိ။ သို့ပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



စောင့်စည်းရမည့်၊ ဆင်ခြင်ရမည့် အတိုင်းအတာတွေက ဝေဟင့် အဝွက် များလွန်းလှပါသည်။

"မေမေက ..."

မေမေကဟု အစချီပေမယ့် ပြောရမှာက ဖေဖေ့အကြောင်းပါ။ "လူယုံသတ်လို့သေသည်"ဆိုဘာ ဖေဖေ့အဖြစ်ဆိုးပါပဲ။

"ဘာတဲ့လဲ"

"ဖေဖေ ဆုံးရတာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ထင်တယ်"

ဪ ... သူ့အမေက မန္တလေးကနေ ဖုန်းပဲလှမ်းဆက်သလား၊ စာပဲရေးသလား၊ သူ့ထင်မြင်ချက်တွေ သူရေးတော့ အဆင်အခြင် မဲ့ပါလိမ့်မည်။

"ဆူဆိုက်ဒ်(Suicide)ထင်လို့လား"

"ဟင့်အင်း ... ဖေဖေဟာ တစ်စုံတစ်ယောက်ရဲ့ ပယောဂနဲ့ ကွယ်လွန်ခဲ့တယ်တဲ့"

ဝေဟင့်မှာ ပြောစရာစကား မရှိပါ။

"တစ်စုံတစ်ယောက် ဆိုတဲ့ ဖြစ်နိုင်ချေ အရှိဆုံးလူကို ကိုကိုကြီး တွေးကြည့်နိုင်မှာပါ"

"အစ်ကိုကြီးမှာ ဘာဒေါ်ရာမှ မရှိဘူးလေ၊ ဆရာဝန်ကလည်း ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ကွယ်လွန်တယ်လို့ ပြောခဲ့တာပဲ"

"လူတစ်ယောက်သေဖို့အတွက် ဓားနဲ့ထိုးဖို့ လိုသလား၊ သေနတ်နဲ့ပစ်ဖို့ လိုသလား ကိုကိုကြီး"



ခေမာ ဒေါသလေးဖြင့် ပြောဖြစ်သည်။ ရင်ထုမနာ ရှိလှပါဘိ။ ဖေဖေ သေဆုံးဖို့အတွက် ကြံရာပါတွေထဲမှာများ ပါနေသေးလား ကိုကိုကြီးရယ်၊ ကိုကိုကြီးကိုယ်တိုင် မကြံစည်ခဲ့ဘူးထား၊ ကြံစည်သူ ရှိနေတာကို သိရက်နဲ့များ မြို့ထားလေသလား။

"မေမေက ဖေဖေဟာ လူသတ်ခံရပါတယ်လို့ ပြောခဲ့တာ မဟုတ်ပါဘူး။ တစ်စုံတစ်ယောက်ရဲ့ပယောဂနဲ့ ကွယ်လွန်ခဲ့ရတာ ဖြစ်မယ်လို့ ဆိုချင်တာပါ"

ဝေဟင် စိတ်ရှုပ်လွန်းစွာ ခေါင်းယမ်းသည်။ ဆံပင်ထဲသို့ လက်ငါးချောင်းသွင်း၍ ဆွဲဖွသည်။ အဲသည်အကြောင်းတွေ ဝေဟင် မဆွေးနွေးလိုပါ။ ကြားလည်း မကြားချင်၊ ပြောလည်း မပြောချင်။ မပြေးသော် ကန်ရာရှိတာတွေက အများကြီးပါ။

"ကိုကိုကြီး သိပ်စိတ်ညစ်သွားလားဟင်"

ခေမာ မျက်နှာလေးကိုပြင်၏။ နှုတ်ခမ်းလေးဖွင့်၍ ပြုံးသည်။ မချိဘဲဖော်ရတဲ့ သွားဆိုတာ ကိုကိုကြီး သိချင်သိနေမှာပါလေ။

"ညစ်တယ် မီးရယ်၊ အစ်ကိုကြီးအကြောင်းကို ပြန်ပြောဖြစ်တိုင်း စိတ်မကောင်းဘူး"

"ဆောရီးနော် ကိုကိုကြီး၊ မီးကိုချစ်လို့ မီးနဲ့တွေ့ရင် ပျော်ဖို့လာတဲ့ ကိုကိုကြီးကို မီးက မီးနဲ့ဆီးကင်သလို ဖြစ်နေပြီ"

ခေမာ့ထံမှ ရယ်သံလွင်လွင်လေး ထွက်လာသည်။ ဝေဟင် ခုမှပြုံးနိုင်တော့သည်။

"မီးနဲ့မကင်ဘဲ မီးနဲ့သာ ကပ်နေရလို့ကတော့ ..."

အောက်နှုတ်ခမ်းလေး တစ်ဖက်ကို တမင်ကတ ကိုက်ပြပြီးမှ ပြုံးပြောသည်မို့ ခေမာ မျက်စောင်းခဲသည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးကို ချစ်လား"

"ဒါပဲ မေးနေ"

မျက်နှာချင်းဆိုင် ထိုင်နေရာမှ ခေမာနှင့် အနီးကပ်ဆုံး ကုလားထိုင်ပေါ်သို့ ရွှေ့ခနဲ ရောက်သည်။

"သိပ်ချစ်တာပဲ"

ဒီ့ထက် ပိုမပြောတတ်တော့ချေ။ ရင်ထဲမှာ အရမ်းချစ်နေတာ ကိုယ့်ဘာသာပဲသိသည်။ ကလေးလေးလို၊ အငယ်လေးလို ချီပိုးယုယ ထွေးပွေ့ပြီး ချစ်နေချင်တာပါ မီးရယ်၊ မီး သိအောင် ဘယ်လိုပြောရမလဲ။

"ကိုကိုကြီး ထမင်းစားပြီးခဲ့ပြီလားဟင်"

"ကျွေးမလို့လား"

"ကျွေးမှာပေါ့"

"စားမှာပေါ့"

○ ♡ ○

"အိမ်ထမင်း အိမ်ဟင်း မစားရတာ ကြာလှပြီ၊ ငါးပိရည်နဲ့တို့စရာဆို နှစ်ရှည်လများ ကွဲကွာနေတဲ့ ရည်းစားဦးလိုပဲ"

အချစ်စိတ်ဖြင့် ရင်းနှီးစွာ အားရပါးရ စားနေသူကို ခေမာ ကြေကွဲစွာ ငေးကြည့်နေရပါသည်။ ရင်ထဲမှာ ဖြေမဆည်နိုင်တာ ကိုကိုကြီး မသိရှာ။ ချစ်သူကို မယုံရတော့သည့် ခံစားမှုလောက် နှလုံးသားကို ရိုက်ပုတ် ထုတောင်းနှိပ်စက်တာ ရှိပါဦးမလား ကိုကိုကြီးရယ်။



သူကတော့ ဣန္ဒြေဆိုလို့ တစ်စက်ကလေးမျှ မပျက်ပါ။ စောစောက ဒေါ်ငွေစင့်အကြောင်း ပြောချိန်မှ လွှဲလျှင်ပေါ့လေ။ အဲဒီအမျိုးသမီးအကြောင်း ပြောမှပဲ သူ့ မျက်စိမျက်နှာပျက်တော့တာပါ။

ငါးပိရည်နဲ့ တို့စရာက နှစ်ရှည်လများ ကွဲနေတဲ့ ရည်းစားဦးလို ... ဆိုပဲ။ အဲဒါမျိုး ကိုကိုကြီးမှာရှိခဲ့ရင် ဖွင့်ဟဝန်ခံမယ် ဆိုရင်တောင် ခွင့်လွှတ်တန် လွှတ်ရပါရဲ့။

"လင်းမွှန် မေတ္တာမှာ စပြီးအလုပ်ဝင်ကတည်းက အဲဒီမှာပဲ မနက်စာရော ညစာပါစားတယ်၊ အစ်ကိုကြီးက စားခွင့်ပြုထားတာ"

"ဖေဖေက ကိုကိုကြီးကို သံယောဇဉ် တော်တော်ကြီးသားနော်"

"သူတော်ကောင်းကြီးပဲ မီးရယ်၊ သိပ်စေတနာကောင်းတယ်"

ရိုးရိုးမြန်မာဟင်းချိုလေးကို သူ နှစ်ခြိုက်စွာသောက်၏။

"တရုတ်စာ ဘိုစာတွေချည်း နေ့တိုင်းစားနေရတော့ အီပြီးညှီနေတာပဲ၊ ကိုယ်က ငါးပိရည် အရမ်းကြိုက်တာ"

"လင်းမွှန်မေတ္တာမှာ ငါးပိရည် မရဘူးလား"

"ရမလားကွ၊ ကြံကြံဖန်ဖန်"

ဝေဟင် ရယ်လေ၏။

"မီးက စားပြီးပြီ ဆိုလို့သာ ကိုယ်က အတူတူစားချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခေမာ ထမင်းမစားရသေးပါ။ စားလိုစိတ်လည်း မရှိချေ။ စားသည့်တိုင် ဝင်မှာမဟုတ်တာ သေချာသည်။ လည်ချောင်းဝမှာ မချိတင်ကဲ ဝေဒနာတွေ ဆို့နင့်နေသည်။ သည်ခံစားချက်များကို ထမင်းလုတ်နှင့် ဟင်းချိုတွေက တိုက်စားတွန်းချနိုင်မည် မထင်ပါ။

"ကိုကိုကြီးက ငါးပိရည်ကို ရည်းစားဦးဆိုလို့"

"ဘာလဲ မနာလိုဘူးလား"

"မဟုတ်ပါဘူး၊ ကိုကိုကြီးမှာ မီးကို ပြောပြစရာတစ်ခုခုများ ရှိနေမလားလို့ပါ"

"ဘာပြောပြစရာလဲ မီး၊ ကိုယ့်ကို မယုံတာလား"

"ကိုကိုကြီးမှာ ပတ်သက်ခဲ့ဖူးတဲ့သူရှိရင် ... မီး ခွင့်လွှတ်ချင်လို့ပါ"

"ပြောပုံလေး ချစ်လိုက်တာကွာ၊ ခွင့်လွှတ်ချင်လို့ပါ ... တဲ့၊ ကိုယ်ကလည်း ခွင့်လွှတ်ခံချင်လိုက်တာ"

"ဖွင့်ပြောပေါ့ ကိုကိုကြီးရယ်"

"ပြောစရာကို မရှိလို့ ခက်နေတာပေါ့"

ထမင်းကို လက်စသတ်သည်။ ခေမာ ထိုးပေးသည့် ရေဖန်ခွက်ကို တစ်ဝကြီးသောက်လေ၏။ ကိုကိုကြီးကို စေ့စေ့ကြည့်ရင်း ယုံချင်လာလိုက်တာ ထိန်းမရ။ ကိုကိုကြီးမှာ အပြစ် မရှိဘူး ထင်ပါရဲ့။

"မိန်းမတွေ နှာခေါင်းမပါရင် မစင်စားမယ်ဆိုတဲ့ စကားပုံသာ ကြားဖူးပါတယ်၊ မင်းကျမှ ယောက်ျား နှာခေါင်းပါလို့ စွားဖားကြီးတပ်ပါ အော်နေတဲ့ကောင်"



ခွန်သာ့ကို ကိုမျိုး စိတ်ဆိုးဆိုးနှင့် အော်တာကို ကြားမိသည်။ မီးမှာ နှာခေါင်းမပါဘဲများ ဖြစ်နေရော့သလား။ ကိုကိုကြီးနဲ့ မီးနဲ့ ချစ်ကြတဲ့ အချစ်ကိုလည်း အညစ်အကြေးနဲ့ မနှိုင်းရက်ပါဘူး။

"ငှက်ပျောသီး စားဦးလေ"

"ဗိုက်မဆံ့တော့ဘူးကွ၊ မီးမျက်နှာလေးကြည့်ပြီး စားရလို့ ပိုဝင်သလား မသိဘူး၊ အဲဒီလို တူတူနေချင်ပြီကွာ"

ပြောပြောဆိုဆို မီးငယ်ထိပ်ပေါ် သူ့လက်ဝါးကြီး လာအုပ်ကာ ဆွဲယမ်းပြန်၏။ ကိုကိုကြီး၏ ချစ်တတ်ပုံ အယုအယလေးတွေမှာ လူကြီးက လူငယ်ကို စုန်ရေမေတ္တာမျိုးနှင့်ချစ်နေတာ ပေါ်လွင်၏။ သရုပ်ဆောင်နေတာ မဟုတ်ဘူးဆိုရင်ပေါ့လေ။

"လက်ဖက်စားဦးလေ၊ မီးကိုယ်တိုင် သုပ်ထားတာ"

"အဲဒါဆိုရင် စားမယ်၊ ဗိုက်တော့ သိပ်မဆံ့ဘူး၊ လက်ဖက်ထဲမှာ အချစ်တွေပါ ထည့်သုပ်သေးလား မီး ... ဟင်"

"ပါတာပေါ့"

"အချစ်ဆီလေးရော ဆမ်းထားသေးလား"

ပြောပြီးမှ ရှက်စနိုးနှင့် အဟီးဟု ရယ်သည်။ ကိုကိုကြီးက သိပ်ကို ချွဲနွဲ့ချင်သည်။ ချွဲချွဲနွဲ့နွဲ့ ပြောပြီးတိုင်းလည်း ရှက်နေတတ်သည်။ သိပ်ကိုချစ်ရပါလား ကိုကိုကြီးရယ်။

"ကိုကိုကြီး"

"ဗျ ..."

ဗျ ... ဟု လေးလေးကြီးထူးကာ ပြုံးပြနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ငွေစင်ဟာ အကြောင်းတစ်ခုခုနဲ့ ဖေဖေ့ကို သေစေမယ်လို့များ မထင်မိဘူးလားဟင်"

"ဟာကွာ ... ပျော်နေတုန်း ဒီကိစ္စ ဝင်လာပြန်ပြီလား"

"မီးမှာတော့ အဖေပါ၊ ဘယ်မေ့ထားနိုင်ပါ့မလဲ"

"ကိုယ်တော့ မထင်မိဘူး၊ တစ်ဖက်က ကြံစည်တယ်ပဲထားဦး၊ အစ်ကိုကြီး ဒီလောက်မညံ့ဘူး"

"အိမ်ထောင်ကျသွားရတာကရော ဖေဖေ အဖမ်းခံရတာ၊ အညှဉ်းခံရတာ မဟုတ်ဘဲ ဖေဖေ့ကိုက ဆတ်ဆော့တာလို့ ပြောချင်သေးလားဟင် ကိုကိုကြီး"

"ဟင့်အင်း ... အစ်ကိုကြီးက ဒီကိစ္စမျိုး သိပ်ကင်းပါတယ်၊ ဝါသနာ မပါပါဘူး"

"ဒါဖြင့် ..."

"တစ်ဖက်က ဖမ်းလို့အမိခံရတယ်ဆိုတဲ့ အထိလည်း အစ်ကိုကြီး မညံ့ဘူး၊ ကိုယ့်စိတ်ထင် ... တိုက်ဆိုင်မှု၊ ကြုံကြိုက်မှု တစ်ခုခုကို မရှောင်လွှဲနိုင်တာမျိုး ဖြစ်သွားပါလိမ့်မယ်"

"အဲဒီလို မရှောင်လွှဲနိုင်တဲ့ တိုက်ဆိုင်မှုတစ်ခု ထပ်ဖြစ်ထွန်းပြီး အသက်ပါ ဆုံးရှုံးရတာရော မဖြစ်နိုင်ဘူးလား"

"မီးရယ် ... အစ်ကိုကြီး ဆုံးရှာတာ သွေးရိုးသားရိုးပါ"

"ကိုကိုကြီး တကယ်ယုံလို့ ပြောတာလား"

"ယုံတယ်"

"ဖေဖေမရှိတဲ့နောက်ပိုင်း ဒေါ်ငွေစင်က ကိုကိုကြီးဆီ ဖုန်းဆက်သေးလား"



"မဆက်ဘူး"

ညာပြီ။ နန်းကိုယ်တိုင် ဒေါ်ငွေစင်အဖြစ်နဲ့ ဆက်တာ၊ ဒေါ်ငွေစင် ထင်လို့ ကိုကိုကြီး အပိတ်ပြောချပစ်ခဲ့ပါပကော။

"ပြန်စဉ်းစားပါဦး၊ မေ့များနေသလား"

"ကိုယ် ... သူနဲ့ မဆက်ဆံချင်ဘူး မီး၊ ဆက်ဆံဖို့လည်း မသင့်ဘူး၊ ကိုယ်ဟာ အန်တီသိရိနဲ့ မီးတို့အပေါ်မှာ သစ္စာရှိရမယ်၊ မီးတို့ဘက်ပဲ ပါရမယ်"

"ဒေါ်ငွေစင်က ဆက်သွယ်ပေမယ့် ကိုကိုကြီးက အဆက်အသွယ် မခံတာမျိုးရော မရှိခဲ့ဖူးဘူးလား"

"အစ်ကိုကြီး ဈာပနမှာကတည်းက လုံးဝအဆက်ပြတ်ပြီးသားပဲကွာ၊ မီး ဘာတွေလျှောက်မေးနေတာလဲ၊ ကိုယ့်ကို ဘယ်လိုထင်နေလို့လဲ"

"ဘယ်လိုမှ မထင်ချင်လို့ပါ ကိုကိုကြီးရယ်"ဟု ပြောချချင်လိုက်တာ။

"မီးမှာတော့ ဒီကိစ္စသတိရတိုင်း မေးစရာ ကိုကိုကြီးတစ်ယောက်ပဲ ရှိလို့ပါ"

"မမေးနဲ့တော့ ပြောစရာလည်း ကုန်ပြီ၊ အဲဒီကိစ္စ မေ့ထားလိုက်ပါကွာ၊ ဆုံးတဲ့သူလည်း ဆုံးသွားပြီ။ ဖြစ်တဲ့ကိစ္စလည်း ဖြစ်ပြီးပြီ၊ ပြန်ပြင်လို့မှ မရတော့တာ၊ သူလည်း သူရသင့်ရထိုက်တာ ရသွားလို့ ကျေနပ်နေလောက်ပါပြီ"

"ရှင် ... ရသင့်ရထိုက်တာ၊ ဟုတ်လား"

"အင်းလေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရသင့်ရထိုက်တဲ့ အထဲက တစ်ယောက်ယောက်က များ ရသင့်ရထိုက်လို့ ထပ်ရသေးတာမျိုးရော ရှိနိုင်မလား"

"ဘယ်သိမလဲကွ"

ဝေဟင် စိတ်တိုလာပုံရသည်။

"ရှိခဲ့ရင် ကြဲရာပါ ဘယ်သူဆိုတာ မီး သိချင်လို့ပါ"

"ကိုယ်တော့ မသိဘူး၊ တော်တော့ကွာ ထပ်မမေးနဲ့၊ မီး တွေ့ချင်လို့လာတာ၊ ကိုယ့်အချစ်မျက်နှာလေးကြည့်ပြီး ထမင်းစားရတဲ့ စည်းစိမ်လေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ကိုယ့်ကိုချစ်တဲ့အကြောင်းပဲပြော"

"အဲဒါ ထပ်ပြောဖို့ လိုသေးလား၊ သိပြီးသားဟာကို"

"သိပေမယ့် ကြားချင်သေးတာပဲ၊ ဘယ်နှခါ ပြန်ကြားကြား ဝမှမဝတာ၊ ပြောကွာ ... ဘယ်တော့ လက်ထပ်မလဲ"

"သန်ဘက်ခါလောက်ဆိုရင် မကောင်းဘူးလား

"ဟော့ ... တကယ်နော်"

ထိုင်နေရာမှ ခုန်ထလာသည်မို့ ခေမာ လက်ကလေး ဆီးကာသည်။ ဝေဟင်က ခေမာ့ဘေးမှာ ကပ်၍ရပ်သည်။

"ချာတိတ်မ ... ကောက်ချိုလိုက်ရ"

"သူ ... ဒါပဲပြောတတ်တယ်"

"မီးကိုလေ ကလေးလေးလို့ပဲ မြင်တယ်၊ တကယ်ပဲ ထားချင်တာ၊ ကိုယ်တို့ အတူတူ နေရင်လေ"

"အမြဲချီထားမှာလား"

"ဒါပေါ့၊ အိမ်ရှေ့က အိမ်နောက်ဖေးကို သွားချင် ကိုယ်ချီပို့မယ်၊ ခြံထဲဆင်းချင်ရင် ကိုယ်ချီပို့မယ်"



"ခြံထဲဆိုတော့ ဘယ်မှာနေရမှာမို့လို့လဲ"

"အေးကွာ ... ခုနေတဲ့ မမထားတိုက်က ခြံနဲ့၊ ဒီအိမ်က လည်း ခြံနဲ့ဆိုတော့ ကိုယ်နေရရင် ခြံနဲ့ပဲ မှတ်နေတယ်၊ ကိုယ့်လခနဲ့ လောက်အောင်သုံးရရင် သစ်သားအိမ်လေးပဲ ငှားနေနိုင်မှာနော်၊ ခြံဘယ်ရှိမလဲ"

"မန္တလေး လိုက်နေမလားဟင်"

"မဖြစ်ဘူးထင်တယ်၊ လင်းမွန်မေတ္တာကို ဘယ်သူကြည့်မလဲ"

"အဲဒီမှာပဲ တစ်ခန်းယူပြီးနေရင်ကော"

"သိပ်တော့မကြိုက်ဘူး၊ လာတည်းခိုစားသောက်တဲ့ လူတွေက မီးကိုငမ်းရင် ဓားနဲ့ထိုးမိမလား၊ ခေါက်ဆွဲထဲအဆိပ် ထည့် ကြော်ကျွေးမိမလားပဲ"

ဒီအကြောင်းပြောတော့ သူ့မျက်နှာချိုချိုကြီးက ရှင်လို့ လန်းလို့၊ တကယ့်သဘောရိုးကြီးလိုပါပဲလား။ သံသယမျက်ဝန်းနှင့် ကြည့်သည့်တိုင် အချစ်မျက်လွှာကြည်က အပြစ်ယူသမျှ လွှမ်းပစ်လေသလား မသိ။ ကိုကိုကြီးကို မယုံတော့ပါပဲ ယုံလို့ ချည်း နေမိတော့တာ ခက်၏။

တစ်ခုခုကိုများ ဖွင့်ပြောမယ်ဆိုရင် ခွင့်လွှတ်ချင် လိုက်တာ ကိုကိုကြီးရယ်။

○♡○

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အလွမ်းနဲ့ ဆွေးရမလဲ အချစ်ရယ်

"ကိုဝေဟင် မရှိတုန်း ဖုန်းလာတယ်၊ သန်းအောင် သွား ကိုင်တော့ ဒေါ်ငွေစင်က ဆက်ခိုင်းတာတဲ့၊ ရေချိုးခန်းထဲ ချော်လဲလို့ လက်ဆစ်လည်း ကျိုးသွားတယ်တဲ့၊ တင်ပါး ရိုးလည်း အက်သွားတယ် ဆိုလားပဲ၊ ဆေးရုံလိုက်လာပါ တဲ့"

"ဟင် ..."

"အဲဒါနင့်ကောင်၊ ပြန်လည်းရောက်ရော ပြေးလိုက်တာ တန်းရော၊ သွားလေရဲ့"

ကိုကိုကြီးရယ်။

ခေမာ ရင်ထဲ တလှပ်လှပ် ခါသွားရပါတော့သည်။ မျက်ရည်စတွေက ချက်ချင်းဝိုင်းသည်။

"ငါက သန်းအောင်ကို ပေးကျွေးပြီး ချော့ပေါင်းထားလို့ ပြန်ပြောတာ၊ ဖုန်းလှမ်းဆက်တဲ့ကောင်က ခွန်သာ ဖြစ်ရ မယ်၊ အဲဒီ ခွေးကောင်ကလည်း ဝင့်မကုန်နိုင်ဘူး၊ အဲဒါ နင်သိအောင် ပြောတာ"



ကိုမျိုးက ဖုန်းချသွားပေမယ့် ခေမာ မချဖြစ်သေး ဘဲ ငေးနေမိလေ၏။

"ဘာတဲ့လဲ သမီး၊ ဘယ်သူဆက်လို့လဲ"

ဒေါ်သူဇာက ခေမာ့ ပခုံးလေးကို လာပုတ်သည်။ လက်ထဲမှ စကားပြောခွက်ကို လှမ်းယူကာ နေရာတကျ ပြန်ထား သည်။ တူမလေး အခြေပျက်သွားစေမည့် စကားကို တစ်ဖက်မှ ဘယ်သူက ဘယ်လိုပြောလိုက်ပါလိမ့်။

"ကြီးကြီး"

ဒေါ်သူဇာ့ ရင်ခွင်ထဲသို့ ခေမာ တွေးခနဲ ကျသည်။

"သမီး ... ဘာဖြစ်လဲ"

ပခုံးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်တာတောင် သိမ့်ခနဲ ခါသွားသည်ကို သတိပြုမိသည်။

"သမီး"

မေးဖျားလေးကို ဆွဲပင့်မော့ကြည့်တော့ ပါးပြင်မှာ မျက်ရည်စတွေနဲ့ပါလား။ ရင်ထဲမှာ မကောင်းလိုက်တာ၊ ကြေကွဲ ဝမ်းနည်းလိုက်ရတာ၊ ရင်တွင်းပစ္စည်း ကလီစာတွေလည်း ကြေ ကုန်ရပါပြီ ကိုကိုကြီးရယ်။

ခွင့်လွှတ်ချင်လွန်းလို့ ဝန်ခံပါ၊ ဖွင့်ပြောပါလို့ အတန် တန် ပြောခဲ့ပါတယ် ကိုကိုကြီးရယ်။ ဒီမိန်းမနဲ့ ပတ်သက်ကာမှ တစ်သက်လုံးမှာ မေမေ့ကို အချစ်ဆုံး ဂုဏ်ဖြွေသိက္ခာအရှိဆုံး ဖေဖေလည်း သိက္ခာမရှိ ဖြစ်ရတယ်။

ရိုးရိုးအေးအေးနဲ့ လူလားတောင် သိပ်မမြောက်ချင် သေးတဲ့ ခွန်သာ အရိုင်းလေးလည်း ဘဝပျက်တော့မယ်။ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျတော့လည်း ချော်လဲတဲ့သတင်း ကြားရုံနဲ့ အူယားဖားယား ကို ပြေးတော့တာပဲတဲ့လားရှင်။

"ဒေါ်ငွေစင်ရယ် ... ရှင် စွမ်းဆောင်နိုင်လှချည်လား"

အသည်းကြွေသည်ဟု တင်စားပြောကြတာကို ကြား ဖူးနားဝရှိခဲ့ပါတယ်။ ကိုကိုကြီးရယ် ခုမှ ကိုယ်တိုင်ကိုယ်ကျ ခံစားရတာပါလားရှင်၊ မီးအသည်းတွေ ပဲ့ကြွေကျကုန်ရပါပြီ။ ရင်တွင်းပစ္စည်းမှန်သမျှ တစ်စစီပဲ့ပြီး လွင့်စဉ်ကုန်ရပါပြီ ကိုကိုကြီး ရယ်။

"ဘာဖြစ်တယ်ဆိုတာ ကြီးကြီးကို ပြောဦးလေ သမီးရဲ့"

"သူ ... ညာတယ်"

○♡○

"ကျွန်မမှာ ကိုယ်ဝန်နဲ့ပါ၊ ကိုယ်ဝန်ကိုများ ထိခိုက်သွား သေးသလားရှင်"

အသည်းခိုက်အောင် နာကျင်နေပါလျက် ကိုယ်ခန္ဓာ ကို ဆံခြည်တစ်မျှင်စာ မရွေ့မစောင်းနိုင်ပါဘဲ စကားတစ်ခွန်း အတွက် အသက်မရှူနိုင်အောင် ရင်ထဲမှာ ထိုးအောင့်လာသည် တိုင် ... မိခင်မေတ္တာဖြင့် ငွေစင် ယဲ့ယဲ့လေး ပြောရှာ၏။ ပြီးတော့ ခါးဆစ်ဆီမှ စူးစူးစိုက်စိုက် ထိုးအောင့်ကာ ငွေစင် သတိလစ်သွား ပါတော့သည်။

"မမ"

ခွန်သာ ကျုံးအော်သည်။



ဆရာဝန် ဆရာမတွေ ဝိုင်းလာသည်မို့ ခွန်သာ ဘေးသို့ ဖယ်ပေးရလေ၏။

ခွန်သာ မမကို စူးငေးစွာ ကြည့်ရင်း ကြင်နာမဆုံး၊ သနားမဆုံး ဖြစ်ရပါတော့သည်။ မိမိကိုယ်မိမိ အပြစ်ရှိစွာခံစား နေရပါ၏။

"မမ ကျွန်တော့်ကြောင့် ဖြစ်ရတာ"

သည်အတွေးကြောင့် ယူကျုံးမရ ဖြစ်လှပါဘဉ်။

ဖြစ်ပုံက ...

မမ နှင်ထုတ်ထားပေမယ့် ခွန်သာ မပြန်သေးဘဲ အခန်းအောင်းနေ၏။ မမ သိတော့ သိမှာပါ။ သူ့ဟိုတယ်မှာ တည်းခိုနေသူတစ်ဦး ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ ပိုင်ရှင် က မသိဘဲ နေမတဲ့လား။

နောက်ထပ် ရာဇသံမရမချင်း ပေကပ်နေဖို့ ခွန်သာ ဆုံးဖြတ်သည်။ မခွဲနိုင်လို့၊ မခွဲချင်သေးလို့၊ မမနှင့် အမိုးတစ်ခု တည်းအောက်မှာ နေခွင့်ရှိနေချင်သေးလို့ပါ။ မမက ဒီဟိုတယ်မှာ ပဲ အခန်းတစ်ခုယူ၍ နေသည်။

ဖြစ်ချင်တော့ ... မမ စကားကို နားထောင်စွာ ပြန် တော့မည်ဖြစ်ကြောင်းပြောဖို့၊ မမမျက်နှာလေးကို နောက်ဆုံးကြည့် ချင်သေးလို့ နှုတ်ဆက်စကားဆိုဖို့ ခွန်သာ မမ အခန်းသို့သွားသည်။ အခန်းတံခါးကို ခေါက်သည်။

"ဝင်ခဲ့လေ"

မမလေသံက မာကျောလှသည်။ ဘာကို စိတ်တိုမှန်း မသိ။ မမခမျာ လင်းမွန်သစ္စာမှာ အလုပ်သမား ဖြစ်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်၏ ဒုတိယဇနီး ဖြစ်ခဲ့ဖူးသည်။ ခုကျတော့ မမက ပိုင်ရှင်၊ သည်လိုပိုင်ရှင်မျိုးကို အလုပ်သမားတွေ ပမာမခန့်ဖြစ်တာ သိပ်တော့ မဆန်းချေ။

မမမှာ မနိုင်မနင်း။ မာရေကျောရေပြောကာ သတ္တိကို ပြပေမယ့် ကွယ်ရာမှာ ကျိတ်ဟားနေကြမှာ မမ မသိဘဲနေပါ့မလား။ ဒီတော့ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီ မမ စိတ်တိုသည်။

ခွန်သာ တံခါးကို တွန်းဖွင့်ဝင်၏။

"မမ ..."

"လာပြန်ပလား"

ဒေါသမျက်ဝန်းကို စူးခနဲ တွေ့ရသည်။

"မပြန်သေးဘူးလား ခွန်သာ"

"ပြန်ဖို့ လာနှုတ်ဆက်တာပါ"

"မလိုပါဘူး"

မမအခန်း ဖွဲ့စည်းပုံက အခြားအခန်းများနှင့်မတူပါ။ ဦးထွန်းလင်း လာသည့်အခါတွင် ညအိပ်တည်းခိုလေ့ရှိသည့် အခန်းမို့ တည်းခိုခန်း ဆိုပေမယ့် ဝင်ဝင်ချင်း ဧည့်ခန်းသေးသေး။ ပြီးတော့ ခန်းဆီးကာလျက် အိပ်ခန်း။ နောက်ဆုံးမှာ ရေချိုးခန်းရှိသည်။ မမက ဧည့်ခန်းမှာ ထိုင်နေ၏။

"မမ တစ်ယောက်တည်းရှိတုန်းများ တံခါးကို ချက်ချပိတ်ထားရောပေါ့ မမရာ၊ လက်တိုလက်တောင်းကောင်မလေး တစ်ယောက် ခေါ်ရင်လည်း ခေါ်ထားရောပေါ့"

"မင်း ငါ့ထက် ဆယ်နှစ်ကျော်ကျော် ငယ်တယ် ခွန်သာ"



"ဆရာလုပ်တာ မဟုတ်ပါဘူးဗျာ"

"ဟောဒီအခန်းထဲမှာ ငါ ဘဝပျက်ခဲ့တယ်၊ ဒီအခန်းထဲမှာ ငါဟာ ဘယ်လိုအကွာအကွယ်မျိုး ထပ်ယူစရာလိုသေးလဲ"

"မဟုတ်သေးဘူး ... မမရာ"

မမ နာကြည်းစွာပြောသည်။ တမင်ရွဲ့ပြောမှန်းလည်း သိသည်။ ခွန်သာ စိတ်မပျက် ပျက်အောင် လုပ်နေမှန်းလည်း သိသည်။ သိပေမယ့် မမသည် မိန်းမသားဆိုတာကိုတော့ မေ့နေဟန်တူ၏။ တစ်ဖက်သား စိတ်ပျက်စေဖို့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးဖို့တော့ မသင့်ပါ။

"ကျွန်တော် စိတ်ပျက်သွားအောင် အဲဒီအထိ ဇာတ်ကြမ်း မတိုက်ပါနဲ့ မမ"

"တော်စမ်း"

"မမ ကျွန်တော့်ကို ချစ်ခဲ့တာ ကျွန်တော် သိတယ်၊ ချစ်လွန်းလို့ တမင်လျှောက်လုပ်နေမှန်းလည်း သိတယ်"

"မင်း ပြန်တော့"

"ပြန်မှာပါ၊ ကျွန်တော် ဒီမှာ ဘာဖြစ်တယ်ဆိုတာ အိမ်က သိလို့ အမေလည်း အိပ်ရာထဲလဲနေပြီ"

မမ မျက်နှာလေး မဲ့ကျသွားသည်ကို တစ်ရံမလပ် ကြည့်နေသူမို့ ခွန်သာ သတိထားမိပါ၏။

"မပြန်ခင် ပြောခဲ့ချင်တာတွေ ပြောကိုပြောရဦးမယ်"

"မင်း ဒီအခန်းထဲက ထွက်သွားစမ်း"

"မမရာ ... တွေ့စက ချိုသာမှုလေးတွေ ပျက်စီးဆုံးရှုံးရတာ အရမ်းနှမြောတယ်ဗျာ၊ တကယ်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မသွားရင်၊ ငါ သွားမယ်"

မမ ထိုင်နေရာမှ ထရပ်သည်။ ခွန်သာ အခန်းဝသို့ လွှားခနဲ ရောက်သည်။ တံခါးရွက်ကို ကျောဖြင့်ကပ်လျက် လမ်းပေါက် ပိတ်သည်။

"ဒါ ဘာလုပ်တာလဲ"

"စိတ်ချ ... လက်ဖျားနဲ့ မတို့ဘူး"

ခွန်သာ ပြောချင်တာတွေ အများကြီးပါ။ ပျက်အစဉ် ပြင်ခဏ ဆိုတာက စ,ရလိမ့်မည်ထင်သည်။ မိန်းမသားတွေ ယောကျ်ားတွေကို ဘယ်လိုထင်နေသလဲ ခွန်သာ မသိ။

မိမိ ဆော့ကစားစရာ အရုပ်ကလေးတွေလို သဘောထားလျှင် ဘဝမပျက်တောင် နာမည်ပျက်ရမှာက မိန်းမသား။ ကံမကောင်း အကြောင်းမလှ၍ တစ်ကြိမ်တစ်ခါ ပျက်စီးဖူးသူသည် မိမိဘဝကို ပြန်လည်အဖတ်ဆယ်ဖို့ လပေါင်း နှစ်ပေါင်းများစွာ ကြိုးစားသင့်ကြောင်းတွေ။

မမကို ဒီကမ္ဘာမှာ နားအလည်နိုင်ဆုံးလူဟာ ကျွန် တော်ပဲ ... ဟု ဆိုတာတွေ။

သိပ်ချစ်ပေမယ့် မိခင်၏ အသက်နှင့်စတေးပြီးမှ ရရှိမည့် လက်ထပ်ခွင့်ကို မတောင်းဆိုတော့ပါဘူး ... ဆိုတာတွေ။

"အဲဒါ ... မမကို မချစ်လို့ မကြည်ဖြူနိုင်လို့ နောက်ဆုတ တာ မဟုတ်ဘူး၊ အမေ့ကို သတ်တဲ့သား အဖြစ်မခံနိုင်လို့ ကျွန်တော့်ကြောင့် အမေ သေသွားမှာစိုးလို့"

ဆိုတာနှင့် နိဂုံးချုပ်ရပါမည်။ မိမိဘဝခရီး ခု ပြေပြစ်သင့်သလောက် ပြေပြစ်ပြီမို့ လောကကြီးကို အစွဲ့တို



ချင်သည့် စိတ်ကြွမ်း စရိုက်ကြမ်းတွေ ဖျောက်ပစ်ဖို့ ဆိုတာလည်း မကျန်စေရပါ။ ထည့်ပြောရပါဦးမည်။

ပြောစရာ စကားတွေက များလွန်းသည်မို့ ဘာကစ ပြောရမှန်းမသိဘဲ စူးငေးစွာ တွေဝေချိန် တစ်မိနစ်အတွင်းလောက်မှာ မမအိပ်ခန်းထဲသို့ လှစ်ခနဲ ဝင်ပြေးသည်။ ရေချိုးခန်းဆီသို့ တောက်လျှောက်။

"မမ ..."

ရေချိုးခန်း၏အပြင်ဘက်မှာ ဝရန်တာ ထုတ်ထားသည်။ မမ အဲဒီအပေါ်က ခုန်ချလိုက်မလား။

တွေးမိသည့်ဆိုလျှင် အချိန်ကြာပါလိမ့်ဦးမည်။ အသိစိတ်က ခေါင်းထဲ ဖျတ်ခနဲ ရောက်လာခြင်းပါ။ မမအပေါ်အစိုးရိမ်လွန်ကာ မိနစ်ဝက်ခန့်ခြားလျက် မမနောက်မှ အပြေးလိုက်။

ရေချိုးခန်းထဲ ပရမ်းပတာ ပြေးဝင်သူ မမ ဗိုင်းခနဲ လဲသည်။

"အမယ်လေး"

ငယ်သံပါအောင် အော်သံအဆုံးမှာ မမ သမံတလင်းပေါ်တွင် ခွေခွေကလေး လူးလိမ့်နေသည်။

"နာတယ် ... နာတယ်"

အဆက်မပြတ်အော်ကာ ကိုယ်ကလေး ဆတ်ဆတ်တုန်နေ၏။ ဖြစ်မှဖြစ်ရလေ မမရယ်။

ခွန်သာ ကျုံးပွေ့တော့ တအားအော်ပြန်၏။

"မပွေ့နဲ့ အရမ်းနာတယ်"

"ဆရာဝန်ခေါ်မလား မမ"

www.burmeseclassic.com

www.burmeseclassic.com



"ကျိုးကုန်ပြီ ထင်တာပဲ၊ ဆရာဝန်ခေါ်ဖို့ထက် ဆေးရုံအမြန်ဆုံးရောက်ဖို့ အရေးပိုကြီးတယ်"

စိတ်မြန်သူပီပီ ဆုံးဖြတ်ချက် ဖြုန်းခနဲ ချတာက တစ်သက်မှာတစ်ခါ မချစ်စဖူး ချစ်မိသည့် မောင်လေးခွန်သာကို ရင်နာနာနှင့် ရက်စက်စွာ ပြောချနေရသည့် ဖြစ်ရပ်မှာ မခံမရပ်နိုင်လွန်းသည်မို့ ဝရန်တာပေါ်မှ ခုန်ချပစ်လိုက်ဖို့ပါပဲ။

ခွန်သာ့ မျက်နှာလေးကို နောက်ထပ် ငါးမိနစ်လောက် ဆက်ကြည့်ခွင့် ယူလိုက်ခြင်းဖြင့် ရင်တွင်း အချစ်တွေ အရည်ပျော်ကာ ခွန်သာ့ရင်ခွင်ထဲ ပြေးဝင်တော့မှာမလွဲ။ အဲသည်အဖြစ်ကို ရောက်မှာစိုးလွန်းလို့၊ ကောင်လေးဘဝ နစ်မွန်းမှာစိုးလွန်းလို့၊ ချစ်လွန်းလို့ အသက်စတေးကာ အနစ်နာခံဖို့ပါပဲ။

သေဘေးနှင့် သီသီလွဲကာ ကျိုးပဲ့ကုန်ခြင်းဖြင့် အသည်းခိုက်အောင် နာရတော့ ငါ သေတောင် သေချင်နေတဲ့သူပဲဟူ၍ မတွေးနိုင်တော့ပါ။ ဆေးရုံအမြန်ဆုံးရောက်ဖို့ကိုပဲ သတိရသည်။

"ဝေဟင့်ဆီ ဖုန်းဆက်ပေးပါ ခွန်သာ"

အဲသည်တစ်ခွန်းကို အားယူပြောရသည်။ သတိမလစ်ပေမယ့် မျက်စိစုံမှိတ်ကာ နာကျင်မှုဝေဒနာတွေကို တင်းခံရသည်။

ခွန်သာ မျက်နှာပျက်သွားရတာ မမ မသိ။

ဒီမှာ ဒီကောင်တစ်ကောင်လုံး ပွေ့ချီထားတာတောင် ဝေဟင့်ဆီ ဖုန်းဆက်ပေးပါတဲ့။ ဩော် ... ပတ်သက်နွယ်ယှက်မှုက ဘယ်လောက်ထိ စူးနက်ထိရောက်သေးလေသလဲ။ သံယောဇဉ်နွယ်ကြိုးက ဘယ်မျှခိုင်ခံ့ကြီးမားလေသလဲ။



ရှိစေတော့ ကိုယ်ကချစ်ရသူလေ။ ဖုန်းဆက်ဆိုဆက်ပေးဖို့ပဲရှိသည်။ ခုတော့ ... လူနာခုတင်ပေါ်မှာ မမခွေခွေလေး သတိလစ်သွားရှာပါပြီ။ သူ အားကိုးတဲ့ ဝေဟင်က ဘယ်မှာလဲ၊ ရောက်လည်း မလာသေးပါလား။

ခေမာ့ဆီ သွားပြီး အပလီအညာတွေနဲ့ ဘယ်လိုစည်းရုံးရေးတွေများ ဆင်းနေလေမလဲ မသိ။

ခေမာ ... နင်နဲ့ ငါနဲ့ ကံဆိုးတယ်။

○♡○

"ဒေါ်ငွေစင်ယောကျ်ား ဘယ်မှာလဲ လက်မှတ်ထိုးပါ"

ကိုယ်ဝန်နှင့် ဆိုတော့ ဗဟိုအမျိုးသမီးဆေးရုံသို့ ပြောင်းရသည်။ ဆေးရုံထုံးစံက ရောက်ရှိလာသည့် အမျိုးသမီးလူနာတိုင်းကို လိုအပ်ပါက ခွဲစိတ်ကုသရန် သဘောတူကြောင်း ခင်ပွန်းသည်က လက်မှတ်ထိုးရပါမည်။

ဝေဟင်နှင့် ခွန်သာ။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ငွေစင့်ဘေးမှာ ကပ်ပါလာသူနှစ်ဦး ဖြစ်ပါလျက် တစ်ယောက်နှင့်တစ်ယောက် လုံးဝစကားမပြောဖြစ်သေးချေ။ ဝေဟင့်ကိုတော့ ခွန်သာက သိသည်။ ခွန်သာကျတော့ ဝေဟင်က သိလေသလား၊ မသိဘူးလား၊ မပြောတတ်။

သိချင်လည်း သိနေမှာ။ သိချင်မှလည်း သိမှာပါလေ။

"ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



ခွန်သာ စတင်လှုပ်ရှားသည်။ ဝေဟင့် လက်မောင်းကို လှမ်းဆုပ်သည်။

"သူ ... မုဆိုးမပဲ"

"ဒေါ်ငွေစင့် ယောကျ်ား ဘယ်သူလဲ"

ဆရာမလေးက ဆေးရုံတက်လက်မှတ်ကိုင်၍ အနားသို့ရောက်လာသည်။

"သူ ... မုဆိုးမပါ ဆရာမ၊ သူ့ခင်ပွန်းဆုံးတာ လပိုင်းပဲ ရှိပါသေးတယ်၊ ကိုယ်ဝန်နဲ့ ကျန်ခဲ့တာပါ"

ဝေဟင် ရှင်းပြနေခိုက်မှာ ခွန်သာ ဒေါသဖြင့် ကြည့်နေမိသည်။ ရုပ်ခွင့်ကြံ့လျှင်တော့ ရုပ်ချင်သား၊ တာဝန်ယူစရာရှိတော့ ဟင့်အင်း ငါနဲ့မဆိုင်ဘူး လုပ်ချင်တဲ့လူစား။

"ရှင်က အမျိုးလား၊ အမျိုးဆိုရင် ရှင်ပဲ လက်မှတ်ထိုး၊ အုပ်ထိန်းသူပေါ့"

ဝေဟင် စာရွက်ကိုဆွဲ၍ လက်မှတ်ထိုးသည်။ ဆရာမကို ပြန်ပေးပြီး ခွန်သာ့ကိုကြည့်သည်။ ငွေစင့်ကိုတော့ တွန်းလှည်းကလေးနှင့်တွန်းကာ ဆေးရုံပေါ်သို့ ခေါ်သွားပါပြီ။

"စိတ်တော့ မရှိနဲ့ဗျာ၊ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဝေဟင် မေးပုံက ခွကျ၏။

"မျက်စိရှေ့မှာ မိန်းမသားတစ်ယောက် ဒုက္ခရောက်တာကို မကြည့်ရက်တဲ့ ပတ်သက်ခြင်းမျိုးပဲ"

"သြော် ..."

ဝေဟင် မျက်နှာလွှဲသွားသည်။



"ခင်ဗျားနဲ့ရော"

ဝေဟင် မဖြေပါ။

"ဟောလူ ... ခင်ဗျားနဲ့ မမနဲ့ ဘယ်လိုပတ်သက်သလဲလို့ မေးနေတယ်"

"ဒါ ... ခင်ဗျားအလုပ် မဟုတ်ပါဘူး"

"ဒီလိုလား ... ရပါတယ်"

ခွန်သာ ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။ မမနှင့် ပတ်သက်နွယ်ယှက်သူက တာဝန်ယူ စောင့်ရှောက်နေမှတော့ မိမိက ဘာဆိုင်တော့မှာလဲ။ ဆိုင်ချင်လို့ကော ရဦးမှာတဲ့လား။

"ဝေဟင့်ဆီ ဖုန်းဆက်ပေးပါ"တဲ့။ မမကိုယ်တိုင် အားကိုးတကြီး မှာတဲ့သူ၊ မမနားမှာ ရှိနေပြီဆိုမှ မမ မောင်းချည်းထုတ်၊ နှင်ချည်းပစ်နေတဲ့ မိမိက ဖယ်ပေးဖို့ပဲ ရှိပါတော့သည်။

"ငါ့ေလ ... ငါနဲ့မတွေ့ခင်မှာ မမ ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့၊ ဗိုက်ထဲမှာ ကလေးရှိနေတာလည်း ခွင့်လွှတ်တယ် ...

"ငါနဲ့ ချစ်ကြသလိုလို၊ သံယောဇဉ်တစ်စွယ်တစ်စ ပြ၊ ငါ့ကို အရူးလုပ်၊ ငါရူးပြီဆိုမှ သစ်စိမ်းချိုး ချိုးတာကိုတော့ ...

"နည်းနည်းမှ မခံနိုင်ဘူး၊ အဲဒီမိန်းမကို ဘဝဆက်တိုင်း မုန်းတယ်၊ မစင်ထဲက ပိုးမွှားလို အညစ်အကြေး ညိမ်းကျံနေရမှ ပျော်တဲ့မိန်းမ ...

"ငါ ဝဋ်ကျွတ်ပြီ ခေမာ၊ နင့်မှာတော့ တစ်ဖက်သား လှည့်စားတိုင်း ခံရတုန်း မျက်ရည်နဲ့မျက်ခွက် ဖြစ်မနေနဲ့...

"နာတတ်ရင် လူသတ်ဖို့တောင် ကောင်းတယ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေလည်တိကျစွာ ရှင်းပြရပါဦးမည်။

ရင်ထဲမှာ နာတော့လည်း လူတစ်ယောက်ကို မုန်းရလွယ်သားပါလား။

○♡○

"ဩော်"

ခွန်သာနှင့် ခေမာ။

ဘယ်လိုပေါင်းစပ် ရင်းနှီးသွားကြသည်မသိ။ ဝေဟင်ခေတ်နောက်မှာပဲ ကျကျန်ခဲ့ပြီလား။ ခေတ်နှင့်အတူ လိုက်မမီတော့ဘူး ထင်ပါရဲ့။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။

ငွေစင်သစ္စာမှာ တည်းခိုနေသူ၊ ငွေစင့်ကို အကျကြီးကျကာ လိုက်ကပ်နေသူဟု အဲဒီက မန်နေဂျာ အန်ကယ်ကြီးပြောပြလို့ သိလိုက်ရသည့် ခွန်သာက ခုတော့ ခေမာ့နားမှာ။

"သူ့ကို ခင်ဗျားတို့တွေ တွေ့ဖူးပြီးသားတော့ ဖြစ်မှာပါ။ သူ ... ဒီကို မကြာခဏ ရောက်တာပဲ"

အလုပ်သမားတွေ အားလုံးရှေ့မှာ ဦးအောင်သူက ရှင်းပြသည်။

"အစကတော့ ကွယ်လွန်သူ ဖခင်ကြီးရဲ့ အုတ်ဂူကို ကန်တော့ပြီး ပြန်ရုံမို့ မိတ်ဆက်မပေးတော့တာ၊ ခုတော့ သုကျောင်းမဖွင့်မချင်း ဒီလုပ်ငန်းမှာ တာဝန်ယူ အုပ်ချုပ်တော့မယ် ...



"အဲဒါ ... ဦးထွန်းလင်း ဒေါ်သီရိမွန်တို့ရဲ့ တစ်ဦးတည်းသောသမီး ခေမာဝတီလင်းပါပဲ"

သန်းအောင် ပါးစပ်ပြဲနေ၏။

"ငါ့ဆရာ စွံလှ စွံလှ မှတ်ပါတယ်၊ လက်စသတ်တော့ အလုပ်ရှင်သမီးကို မျက်နှာလုပ်နေရတာကိုး" ဟု ခုမှတွေးဖြစ်၏။

နေမျိုးနှင့် ထူးကျော်တို့ ဒီပွဲမှာ မပါပါ။ နန်းကဦးအောင်သူအိမ်မှာ ပြန်နေပြီ၊ ခွန်သာလည်း ဦးအောင်သူတို့အိမ်မှာ တည်းခိုခဲ့ပေမယ့် ဒီဝိုင်းမှာ ခွန်သာပါသည်။ ခွန်သာဘယ်သူ ဘယ်ဝါဟူ၍ ဦးအောင်သူ မိတ်ဆက်မပေးပါ။ ခေမာ့ဘေးနားမှာ အေးဆေးစွာ ရှိနေ၏။

ဝေဟင့် ရင်ထဲ အူနုကျွဲခတ်တာကမှ အခံရသက်သာပါလိမ့်ဦးမည်။ ဧရာမတွေ့ကြည့်လျှင်တောင် မခံနိုင်ခဲ့သူမို့ ခုလိုလက်ပွန်းတတီးပုံစံကို ဘယ်လိုရင်ခွင်မျိုးနှင့် သည်းခံနိုင်ပါ့မလဲ။

"အုပ်ချုပ်မယ်ဆိုပေမယ့် ကြည့်ရှုလေ့လာရုံ ငွေထုတ်ငွေသွင်း ထိန်းသိမ်းရုံလောက်ပါပဲ၊ ကိုဝေဟင်က အရင်ကအတိုင်းပဲ စီမံပါ၊ အုပ်ချုပ်ပါ။ လုပ်ငန်းသဘောကိုလည်း သင်ပြပါ။ ခင်ဗျား အလွန်ကြည်ညိုလေးစားတဲ့ ...

"ဦးထွန်းလင်းရဲ့သမီးမို့ ညီမရင်းလို စောင့်ရှောက်ပါ"

ဝေဟင် အံကြိတ်လေ၏။

ခေမာ့ကို လုံးဝနားမလည်နိုင်ပါ။ မျက်နှာချင်းဆိုင်၍ မေးဖြစ်အောင် မေးရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလင်းက အမြဲမရှိ။ တစ်ခါတစ်ရံမှ လာတတ်သူမို့ ပိုင်ရှင်ထိုင်ဖို့ အခန်းသီးသန့်မရှိပါ။ မန်နေဂျာအတွက် အခန်း၊ ဧည့်သည်ပင်လျှင် ရုံးခန်းသဘောနှင့် တစ်ခန်းပဲရှိသည်။ စားပွဲကတော့ နှစ်လုံးရှိပါသည်။ ဦးထွန်းလင်း လာသည့်အခါမှာ ထိုင်ဖို့တစ်လုံး။ လူတွေအားလုံး ရှိသွားချိန်မှာ ခေမာ တစ်ယောက်တည်း ပိုင်ရှင်စားပွဲမှာ ထိုင်လျက်ကျန်၏။

"မီး ..."

ခေမာ မော့ကြည့်သည်။

"ဘာသဘောလဲ မီး၊ ဘာတွေ လျှောက်လုပ်နေတာလဲ၊ ကိုယ်တစ်ခုမှ နားမလည်တော့ဘူး"

"ဩော် ... ကျောင်းပြီးတဲ့အခါ အလုပ်ထဲဝင်နိုင်အောင် ကျောင်းပိတ်တုန်း လေ့လာတဲ့သဘောပါ"

ပြောနေပုံက အလုပ်သဘော ဆန်လွန်းသည်မို့ ဝေဟင် ပို၍မခံချိမခံသာ ဖြစ်ရပြန်၏။ ခေမာ ဝေဟင်နှင့် သူမတို့ ပတ်သက်နွယ်ယှက်ခဲ့ဖူးသည့် သံယောဇဉ်ကို တစ်စွန်းတစ်စမှ လှစ်မပြပါချေ။

"ဟိုကောင်က ဘယ်ကလဲ"

"မိတ်ဆွေပါ"

"ဒီမလောက်လေး မလောက်စားလေးက"

"အသက်ငယ်တာနဲ့ မိတ်ဆွေ မဖြစ်ရတော့ဘူးလား ကိုကြီး၊ မိတ်ဆွေဆိုတဲ့ ဝေါဟာရဟာ အသက်ကြီးကြီးလူ မှုပိုင်ဆိုရင် မီးတို့ရွယ်တူတန်းတူတွေကို သူငယ်ချင်း သုံးပါမယ်"



"မီး ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

ဝေဟင် စကားမတတ်သည့် လူရိုးမှာ ဘာပြောရမှန်း မသိပါ။

"တစ်မျိုးကြီးပဲ"

ဝေဟင့် စကားကြောင့် ခေမာ ခစ်ခနဲရယ်သည်။ ရယ်သာရယ်ရ၊ ရင်ထဲမှာ မချိပါ။ ရယ်လိုလှသည် မဟုတ်ပေမယ့် ခါတိုင်းဆို ရယ်မိမည့်စကားမို့ ရယ်ပြလိုက်ရခြင်းပါ။

"မီး ... ကိုယ့်ကို ချစ်သေးရဲ့လား"

"မီး ငယ်ပါသေးတယ် ကိုကိုကြီး"

"ဘာ ... ဘယ်လို၊ ဘယ့်နှယ် နေ့ချင်း ညချင်း ငယ်ကျသွားရတာတဲ့လဲ"

"လူပဲ ... ပြန်ငယ်ကျသွားရတယ်လို့ ရှိမလား ကိုကိုကြီးရဲ့၊ အစကတည်းက ငယ်နေတာပဲ"

"မီး ကိုယ့်ကိုချစ်တယ်လို့ ပြောခဲ့ပြီးသား"

"မေမေက ပြောဖူးတယ်၊ ဆယ်ကျော်သက်ရဲ့ ဆုံးဖြတ်ချက်တွေဟာ လူလားမြောက်ချိန်ထိ မခိုင်မြဲတတ်ဘူးတဲ့"

"အန်တီသီရိကို ပြောပြလား ဟုတ်လား၊ အန်တီက သဘောမတူဘူးတဲ့လား"

"ဟင့်အင်း ... မပြောရသေးပါဘူး"

"စကားပြောပုံကိုကစပြီး အားမရဘူး၊ မီး ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မီးကတော့ မီးကိုယ်မီး ဘာမှမပြောင်းလဲဘူး ထင်တာပဲ။ တစ်ခုတော့ ရှိတာပေါ့လေ၊ အသက်အရွယ်ချင်းကွာတော့ လူကြီးအမြင်နဲ့ လူငယ်အမြင်ဆိုတာ ကွာဟချက်ရှိတာပေါ့"

"ဩော် ... ဩော် ... ဒါကြောင့် ရွယ်တူတန်းတူချင်း"

"ခွန်သာနဲ့ကျတော့ အမြင်ချင်းက မတိမ်းမယိမ်းပဲ ကိုကိုကြီးရဲ့"

"အဲဒီကောင် ဘာကောင်လဲဆိုတာ မီး သိလား"

"သူ့နာမည် ခွန်သာ၊ မီးလိုပဲ ဆယ်တန်းဖြေထားတယ်၊ သူ သဘောကောင်းတယ်၊ မီးရဲ့အနွံအတာ သည်းညည်းခံတယ်၊ ဒီလောက်ပါပဲ"

"သူ လင်းမွန်သစ္စာမှာ လာတည်းနေတာ သိလား"

"ငွေစင်သစ္စာပါ ... သိသားပဲ၊ အခု ပြောင်းသွားပြီ"

"အဲဒီမှာ ဘာဖြစ်လဲ ဆိုတာရော သိလား"

"ဒေါ်ငွေစင်ကို စွဲလမ်းရာတယ်လေ"

"အဲဒီကောင်ချိုးတဲ့ အချိုးက သိုက်တစ်တွင်းမအောင်ရင် တစ်တွင်းပြီးတစ်တွင်း တူးမယ့်အချိုး"

ပြောပြီးမှ နည်းနည်းရှက်သွားရသည်။ ယောက်ျားချင်းမို့ သူများမကောင်းကြောင်း သိပ်မပြောလိုပါ။ ပြောလို့လည်း မကောင်းချေ။

"ဆယ်ကျော်သက် ဆိုတာ အချစ်ကို ကိုးကွယ်တတ်ကြပါတယ်၊ ဘယ်လိုပဲ ကိုးကွယ်ပေမယ့် အချစ်တစ်ခုကို လက်လွှတ်ဆုံးရှုံးရတတ်ကြပါသေးတယ်၊ ဆယ်ကျော်သက်



တွေကို အရွယ်ရင့်ပြီးသား လူကြီးသူမတွေက လူရာမသွင်းပါဘူး ကိုကိုကြီး"

"အဲဒီကောင် မီးကို ပရိုပို့စ်(propose)လုပ်သလား"

"ခုချိန်ထိတော့ မလုပ်သေးဘူး"

"လုပ်တော့မှာ မဟုတ်လား"

"မိန်းမသားဆိုတာ တစ်ဘဝတာ အရေးမှာ စဉ်းစားနိုင်မှ တော်ရုံကျပါတယ်၊ တစ်ယောက်တွေ့ တစ်ယောက်ချစ် တစ်ကမ္ဘာလုံးမှာ ဒီတစ်ယောက်တည်းပဲ ရှိတယ်အမှတ်နဲ့ ယုံစားလိုက်ရင် ဘဝအခြေမတင့်တတ်ပါဘူး ...

"မိန်းမသားဘဝ ရွေးနိုင်မှ၊ ရွေးခွင့်ရှိတုန်းလည်း ရွေးသင့်ပါတယ်၊ ကိုယ်အားကိုးရမယ့် အိမ်ဦးနတ် မဟုတ်လား"

"မီး လက်ခံစဉ်းစားနေပြီပေါ့ ... ဟုတ်လား"

"အဲဒီအဆင့် ဘယ်ရောက်ပါဦးမလဲ၊ သူက ပရိုပို့စ်တောင် မလုပ်သေးပါဘူး"

"မီးကွာ ..."

ရင်ထဲမှ ချစ်သူ၊ ကိုယ့်ကျေးဇူးရှင်၏သမီးမို့သာပဲ။ ညီမအငယ်ဆုံးလေးသာဆို ဝေဟင် ရိုက်ပစ်ပြီ။ သူ့ကိုယ်သူ လူတတ်ကြီးလုပ်ပြီး ပြောသည့်စကားတွေက ခန့်ထည်သလောက် လုပ်သည့်အလုပ်က မဟုတ်ချေ။

မခံချင်ဆုံးက ဒီကောင် ရင်နှင့်ဒူးမျှ ဘဝပေးပြီး ချစ်နေပါလျက် သူကလည်း ချစ်ပါသည် ပြောပြီးပါလျက် ခွန်သာလို ချာတိတ်ကို တတိယလူအဖြစ် ဆွဲသွင်း လာခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ပာစ်ဖက်သားအပေါ် စိတ်ယိုင်စပြုတာကိုပဲ မခံချိမခံသာ ဖြစ်လှသည်။

တော်တော်ဆိုးတဲ့ မီး။

ခါတိုင်း ဆိုးတာတွေကို သည်းညည်းခံနိုင်ပါသည်။ ဒါမျိုးကျတော့ ဝေဟင် ဘယ်လိုလုပ် သည်းညည်းခံမလဲ။

"ကိုကိုကြီးနဲ့ စကားပြောရတာ ခေါင်းတောင်ကိုက်လာပြီ၊ မီး ပြန်တော့မယ်"

ဝေဟင် တားချင်မိသည်။ တားလည်း မတားချင်။ တားလည်း ရမည်မဟုတ်တာ သေချာသည်။ လုပ်ရက်လျှင် မီးငယ် ထိပ်ကိုသာ ထုချချင်တော့သည်။ ခက်တော့မယ် မီးရယ်။

"ကိုသန်းအောင် အပြင်မှာ ခွန်သာ ရှိလားဟင်"

ခေမာ သူ့လက်ကိုင်အိတ်လေးကို ဆွဲယမ်းလျှောက်ရင်း လှမ်းအော်မေးသည်။

"ရှိပါတယ် မမ"

သန်းအောင် တံခါးဝမှာ ရပ်သည်။ မျက်စိမျက်နှာ ပျက်လျက် ရပ်သေးကြိုးပြတ် ဖြစ်နေသည့် သူ့ဆရာကို အံ့သြစွာ ကြည့်သည်။

"ပြောပေးပါ ကိုသန်းအောင်၊ ကျွန်မ ပြန်မယ်လို့"

"ဟုတ်ကဲ့"

ခေမာ တံခါးရွက်လေးကို တွန်းထွက်ရင်း ကိုယ်တစ်ပတ်လှည့်ကာ ဝေဟင့်ကို ကြည့်၏။

"ဆေးရုံကလူနာ သက်သာရဲ့လား ကိုကိုကြီး"

○♡○



လင်းမွန်မေတ္တာမှာ ဝက်ကောင်လုံးကင် ဟင်းတစ်မျိုး ထပ်တိုးမည်မို့ ဝက်ကန်ထရိုက်သွင်းမည့်သူက ပို့ထားသည့် ဝက်နမူနာလေး။ သုံးလေးလသားအရွယ် ဝက်ကလေးကို နမူနာအဖြစ် ပို့ရာ ရင်ကိုခွဲ၍ ဗန်းတစ်ခုထဲမှာ ပက်လက်ကလေး ချပြထားသည်။

လတ်ဆတ်မှု၊ ရောဂါကင်းမှု စသည့် အာမခံချက်တွေဖြင့် ရင်ခွဲပြထားခြင်းပါ။

ဝက်ကလေးသည် ဗန်းထဲမှာ ရင်ကွဲပက်လက် ဖြစ်နေရှာ၏။ ခေမာ ကြေကွဲလှိုက်လှဲစွာ ငေးကြည့်နေမိသည်။ မိမိအဖြစ်ကကော ဤဝက်ကလေးနှင့် ဘာထူးပါသနည်း။

"ကြိုက်လား မီး"

"မီး မကြည့်ရက်ဘူး"

ဝေဟင်က ခေမာ့ကိုတစ်လှည့်၊ ဝက်ကလေးကို တစ်လှည့် ကြည့်သည်။

"ရင်ကွဲပက်လက်ဆိုတာ ဒါမျိုးပဲနေမှာ၊ ယူသွားပါတော့၊ ဒီကိစ္စ ကိုကိုကြီး ကြိုက်သလို စီစဉ်ပါ၊ မီး မကြည့်ရက်လို့ပါ"

ဝက် တင်ထားသည့် ဗန်းကိုတွန်းကာ စားပွဲပေါ်သို့ မျက်နှာမှောက်ချလိုက်တော့သည်။ ရှိုက်သံလေး အင့်ခနဲထွက်သည်။

"ဘာဖြစ်လို့လဲဟင် ... မီး"

www.burmeseclassic.com

www.burmeseclassic.com



ခုတလော လူချင်းနီးပါးလျက် အဝေးကြီးကွာစိမ်းသွားရသလို ခပ်တန်းတန်း ဖြစ်နေကြရသည်မို့ ဝေဟင် မီးပခုံးလေးကိုပွေ့ကာ ထိကာ မချော့ရဲပါ။ ဝက်ကလေးကိုကြည့်၍ အသည်းအသန်ငိုသည့် ချစ်သူကို သနားလှပါ၏။

မီးရင်ထဲမှာ သံသယတွေ ဖြစ်ထွန်းနေရှာမှာပါ။ ခွန်သာ ခွေးသူခိုးက ဘယ်လိုသတင်းမှားတွေကို ဘယ်လောက်ထိ ချဲ့ကားပြောထားပြီးပြီလဲ မသိ။

"မီးကို ပြောပြစရာတွေ အများကြီးရှိတယ်"

ဟု ဝေဟင် စကားစ,ခဲ့ဖူးသည်။ စင်စစ် တစ်သက်တာမှာ ဘယ်တော့မှ မပြောဖြစ်ဖို့ ဆုံးဖြတ်ထားသည့် စကားပါ။ ကိုယ်ကမှ မပြောမပြလျှင် သူ သတင်းစကားဖြင့် အထင်မှားလျှင် ပိုလို့သာ ဆိုးတော့မည်မို့။

"လင်းမွန်သစ္စာနဲ့ ပတ်သက်ရင် သက်ရှိလူသားအကြောင်းရော၊ သက်မဲ့ပစ္စည်းတွေ အကြောင်းပါ ဘာတစ်ခုမှ မကြားပါရစေနဲ့၊ ပြောပြဖို့အချိန် သိပ်ကိုနောက်ကျသွားပါပြီ"တဲ့။

ခေမာ မည်သို့မျှ စကားစ,မခံ။ ဇွတ်ပြောမည်ကြံတိုင်း ထထွက်သွားသည်ချည်း။ ခုတလော ပိုဆိုးနေတာက ခေမာသည် ခွန်သာနှင့်သာမက ထူးကျော်နှင့်ရော မျိုးကျော်နှင့်ပါ တလဲစီတွဲနေသည်။

ဆိုင်လာတိုင်သည် ဆိုပေမယ့် တစ်နာရီပြည့်အောင် မကြာ။ ကားတစ်စီးနှင့် ထွက်ထွက်သွားတတ်သည်။ ဘေးမှာပါသည့်ကောင်တွေက ခွန်သာ၊ ထူးကျော်၊ မျိုးကျော်၊ လူလဲနှ



တစ်ယောက်စီ ဖြစ်သော်ငြား ခေမာ့နေရာကတော့ ဘယ်တော့မှ လူမလဲပါ။

ဒါ မိန်းကလေးတဲ့လား။

"မီး အနေအထိုင် ဆင်ခြင်ဖို့ ..."

စကားစ,ရုံရှိသေး၊ ခေမာ ခရိုးခရဲ ပြုံးသည်။

"ကိုယ်ရေးကိုယ်တာကိစ္စ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အလုပ်ခန်းထဲမှာ မပြောကြေး"

ပိတ်ခနဲပြောကာ အခန်းပြင်သို့ ထွက်သွားတတ်တာလည်း အကြိမ်ကြိမ်။ ကိုယ်ရေးကိုယ်တာကိစ္စကို အလုပ်ခန်းထဲမှာ မပြောကြေးဆိုတော့ ကိုယ့်ကို ချစ်သေးရဲ့လားမီးရယ် ... ဟုမေးဖို့ရာတောင်မှ ခက်လှ၏။

ဆိုင်ပိတ်ချိန် အိမ်လိုက်သွားတော့ ထွက်မတွေ့။ ခေါင်းကိုက်လို့၊ ဗိုက်နာလို့၊ ဆရာဝန် စမ်းသပ်လို့မရသည့် ရောဂါများဖြင့် အကြောင်းပြကာ ရှောင်၏။

ဖုန်းဆက်တော့ရော ...

"ခေမာလေး အိပ်သွားပြီကွယ့်"

ဆိုသည့် ကြီးကြီး ဒေါ်သုဇာ အသံပဲ ကြားရသည်။ ခေမာတို့အိမ်မှာ နန်းကို တွေ့ရတော့ ဝေဟင် မျက်လုံးပြူးသည်။ ခွန်သာပါ ရောက်နေမလား၊ ထူးကျော်တို့ မျိုးကျော်တို့ရော ...။

တစ်ခါက ခွန်သာ မပါပေမယ့် ထူးကျော်ရယ်၊ မျိုးကျော်ရယ်၊ နန်းရယ်၊ ခေမာရယ် ရုပ်ရှင်သွားကြည့်ဖို့ စီစဉ်နေလို့ ဇွတ်ဆွဲခေါ်ထားခဲ့ရပြီးပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်ပြီး ဘယ်သူတွေနဲ့ ပေါင်းနေတာလဲ မီးရယ်"

ဖြစ်နိုင်လျှင် အလုပ်က ထွက်ချင်သည်။ အလုပ်က တင် မဟုတ်ပါဘူးလေ။ မီးရှိနေတဲ့ ပောဒီကမ္ဘာကြီးထဲကကို ထွက်သွားချင်တာပါ။

○♡○

"ကိုကိုကြီး"

ဝေဟင် ခေါင်းငုံ့နေရာမှ မော့ကြည့်သည်။ ဤ အတိုင်း မလှုပ်မယှက် ထိုင်နေတာ တစ်နာရီနီးပါးတော့ရှိပြီ။ သူ အသက်တောင်မှ ရှူရဲ့လား မသိ။

ကိုကိုကြီး သည်လောက် ရုပ်ပျက်ဆင်းပျက် ခံစားနေရတော့ မီး မကြည့်ရက်ပါဘူးရှင်။ ဒါပေမဲ့ ရက်စက်သူက မီး မဟုတ်ပါဘူး။

"ပြောပါ"

"အလုပ်ကထွက်ဖို့ ကြီးကြီးကို ပြောတယ်ဆို"

"ဟုတ်တယ်"

"ဖေဖေ ကြိုးစားတည်ထောင်ခဲ့တဲ့ ဒီလုပ်ငန်းကြီးကို စွန့်သွားတော့မလို့လား"

"ကိုယ်မလိုတော့ဘူးလေ၊ ပိုင်ရှင်ရဲ့သမီးကိုယ်တိုင် စီမံခန့်ခွဲနေပြီပဲ"

"မီးမှ အလုပ်မကျွမ်းကျင်သေးတာ"



"ကျွမ်းကျင်အောင် ဘယ်နှနှစ်ရှိပြည့်အောင် လေ့လာသလဲ၊ အင်း ... ပြောမိပြန်ပြီ၊ ဒီပါးစပ်က"

သူ့ပါးစပ်သူ ပိတ်သည်။ လုံးဝစိတ်ပျက် စိတ်ကုန်နေပုံနှင့် တကယ့်ကို ပစ်စလက်ခတ်ကြီး ဖြစ်နေသည်။ ရုပ်အင်္ကျီလည်တိုအဖြူနှင့် ရခိုင်ပုဆိုးကွက်များကို ခါးပိုင်းလိုဝတ်မြဲပေမယ့် ဆံပင်ဖုတ်သိုက်ကျကာ လူရည်သန့်တစ်ဦး၏ ရှင်းကြော့မှုတွေ ပျောက်ဆုံးနေတော့သည်။

ကိုကိုကြီး ဘယ်လိုဖြစ်နေတာလဲ။

ဆေးရုံက လူနာအခြေအနေ ဆိုးသလား မသိပါ။ သိချင်ပေမယ့် မမေးချင်ပါ။ ဒေါ်ငွေစင်လို လူနာမျိုးအဖို့ ငွေရေးကြေးရေး ပြဿနာတော့ ပေါ်မည်မထင်ပါ။

ဖေဖေနှင့် ဒေါ်ငွေစင်တို့ ပြဿနာထဲမှာ ကိုကိုကြီး လုံးဝမသိ၊ မပါဘူး ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ အဲဒါကို ဘာလို့ညာရတာတဲ့လဲ။ ခေါင်းပြန်ငုံ့နေသူကို စူးငေးရင်း ရင်ထဲမှာ သိသိသာသာကြီးကို နာကျင်လာရပါ၏။

ကိုကိုကြီးအပေါ် သံသယဥ္စေ ဘယ်လိုမှ ဖြတ်မရပါ၊ ခွန်သာလို မုန်းသွားမိရင် စိတ်ပျက်သွားမိရင် ဘယ်လောက်ကောင်းမလဲ။ မုန်းလို့လည်းမရ။ စိတ်ညစ်ပေမယ့် စိတ်မပျက်နိုင်။ ချစ်မြဲချစ်ဆဲမို့ ရင်ထဲမှာ စူးစူးခိုက်ခိုက် ရှိလှပါ၏။

သူ့ထံမှ မျက်နှာလွှဲကာ လက်ကိုင်အိတ်ကိုဖွင့်၍ မေမေ့ဆီမှစာကို အခေါက်ပေါင်းများစွာ ဖတ်ပြီးပါလျက် တစ်ခေါက် ဖွင့်ဖတ်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ...

ဖေဖေ့နောက်ဆုံးခရီးကို မပို့လိုက်ရလို့ အုတ်ဂူကိုပဲ ကန်တော့ပါရစေဆိုတဲ့ သမီးကို ရန်ကုန်လွှတ်ပြီး မေမေ ကိုယ်တိုင်ကျတော့ ရင်တွင်းမီးကို တရားရေအေးနဲ့ ဆေးတော့မယ်လို့ မေမေ စစ်ကိုင်းကို သွားခဲ့တယ်။

တရားရိပ်မှာ ခိုတုန်းခဏသာ ငြိမ်းချမ်းပေမယ့် မေမေပဲ ပါရမီမရင့်သေးလို့လား၊ မေမေ့အပူမီးဟာ မငြိမ်းနိုင်ဘဲ တမြည့်မြည့် ကျွမ်းခဲ့ရတယ်။ မေမေ့ မန္တလေးကို ပြန်ရောက်ပြီ။ သမီးဖေဖေ၊ မေမေ့ကျေးဇူးရှင်ကြီးရဲ့အရိပ်ဟာ ဘယ်လောက်အေးမြခဲ့တယ်ဆိုတာ အရိပ်ကွယ်မှ ပိုသိရတာပါလား သမီးရယ်။

သမီးဖေဖေ အသက်ရှင်စဉ်ကာလတစ်လျှောက်လုံးမှာ မေမေဟာ သမီးဖေဖေအပေါ်မှာ သမီးနဲ့တန်းတူ ဆိုးနွဲ့အနိုင်ယူခဲ့တာလည်း သမီးအသိ။ မေမေက ပေးဆပ်လိုက်ရတာဆိုလို့ တစ်ခုမှ မရှိခဲ့ဘူး။

မိသားစုအပေါ်မှာ သမီးဖေဖေ ထားတဲ့ မေတ္တာစေတနာ၊ ဇနီးနဲ့သမီးကို ဘယ်လောက်ချစ်တယ် ဆိုတာတွေ သမီးသိပါတယ်။ သမီးဖေဖေဟာ လျှပ်ပေါ်လော်လီ တတ်တဲ့ ယောကျ်ားမျိုးလည်း မဟုတ်ဘူး။

ကွယ်လွန်ချိန်ကျမှ သတင်းဆိုးကို ဖုန်းခနဲ ကြားခဲ့ရတယ်။ တစ်ဖက် မိန်းမကသော်လည်းကောင်း၊ ကြားလူတစ်ဦးဦးကသော်လည်းကောင်း၊ ကြိုတင် အကွက်ဆင်မှု မရှိဘဲ၊ နွံအိုင်ထဲ ချော်မလဲနိုင်ဘူးလို့ မေမေ ယုံတယ်။



ကျေးဇူးရှင်ကြီးကို ကျေးဇူးပြန်ဆပ်ဖို့နည်းက တစ်နည်းပဲရှိတယ်။ မသမာသောနည်း၊ တစ်စုံတစ်ယောက်ရဲ့ ပယောဂနဲ့ လူမှုရေးဖောက်ပြန်မှု ဖြစ်ခဲ့ရတယ်၊ အသက် ဆုံးရှုံးခဲ့ရတယ်ဆိုရင် မေမေတို့ သားအမိက အမှန်တရားကို ဖော်ထုတ်ပေးဖို့ တာဝန်ရှိတယ်။

တရားဥပဒေအတိုင်းပေါ့ သမီး၊ အဲဒီနည်းနဲ့ကျေးဇူးဆပ်ဖို့၊ မောင်နေမျိုး၊ မောင်ထူးကျော်၊ ခွန်သာနဲ့ နှန်းတို့ကို မေမေသမီးအတွက် အကူအညီ လွှတ်လိုက်တယ်၊ မေမေ့ကိုတော့ လူတိုင်းသိနေတာမို့ မေမေကိုယ်တိုင် မပါဝင်တော့ဘူး၊ သမီး လိမ္မာသလို ဆောင်ရွက်စိမ့်ပါ။

ဒီကိစ္စမှာ တရားခံရယ်လို့ ရှိခဲ့ရင် အမှန်တရားပေါ်ပေါက်ပါစေ။ ကံကြမ္မာအရ ဖြစ်ရတာဆိုရင်တော့လည်း ဘာမှမတတ်နိုင်ဘူး သမီးရယ်။ မေမေ နေကောင်းပါတယ်။ သောကပရိဒေဝကို ကြိုးစားငြိမ်းသတ်နေပါတယ်။ ငွေလိုရင်မှာပါ။

မေမေ"

ကိုမျိုး လာစဉ်က မေမေ ပေးလိုက်သည့်စာကို လက်ကိုင်အိတ်ထဲမှ မချဖြစ်ခဲ့။ သွားလေရာသယ်ကာ အခွင့်ကြုံတိုင်းလည်း ဖွင့်ဖတ်ခဲ့ပါသည်။ အိပ်ရာထက်မှာခွေလျက် ချုံးချုံးကျနေမည့် မေမေကို မြင်ယောင်သည်။

"မေမေ့ကို စိတ်ချ၊ အဖြစ်မှန်တွေကို သမီးအစ်ကိုနဲ့အတူ စုံစမ်း"... တဲ့။

နှုတ်ဖြင့်လည်း မှာလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဩော် ... ဖေဖေ။ အဖေတစ်ယောက်လုံး ရန်ကုန်မှာ ဆုံးတာကို သိခွင့်မရလိုက်သည့် သမီး။ စာမေးပွဲတစ်နှစ်ကျရတော့ကော ဘာဖြစ်မှာမို့တဲ့လဲ။ ခေမာသာသိလျှင် စာမေးပွဲမဖြေဘဲ မေမေနှင့် အတင်းလိုက်မိမှာ။

"သမီး စာမေးပွဲကို အေးအေးဖြောင့်ဖြောင့် ဖြေစေချင်တဲ့ စေတနာလည်းပါတယ်၊ ရုတ်တရက်တော့ ဒေါသကလည်း ဝုန်းခနဲထတယ် ...

"နောက်မိန်းမလက်ထဲမှာသေတဲ့ အဖေကို သမီးအနေနဲ့ စာမေးပွဲဖျက်ပြီး ပို့လောက်အောင် မထိုက်တန်ဘူးလို့ မေမေ ဆုံးဖြတ်ချက် မှားခဲ့တယ် ...

"ခုတော့လည်း အဲဒီအတွက်ကိုပဲ ယူကျုံးမရဖြစ်လှပါတယ် သမီးရယ်"... တဲ့။

မေမေ ရင်ကွဲပက်လက် ငို၍ပြောရှာသည့် စကားက နားထဲမှာ ထာဝရကိန်းဝပ်သည်။ ဖေဖေ့အကြောင်းက ခုစဉ်းစားလျှင် ခုမျက်ရည်ကျရသည့် အဖြစ်ပါပဲ။ ဖေဖေနှင့် ပတ်သက်၍ တစ်စုံတစ်ယောက်မှာ တာဝန်ရှိခဲ့သည် ဆိုပါလျှင် သမီးတစ်ယောက်အနေနှင့် ဥပေက္ခာပြု လျစ်လျူရှုနိုင်ပါမည်တဲ့လား။

"တစ်စုံတစ်ယောက်" ဟူသည့် အတွေးမှာ ကိုကိုကြီးထံ အကြည့်တစ်ချက် ဖျတ်ခနဲရောက်သည်။

ဟိုနေ့က မပြီးသေးသည့် လချုပ်စာရင်းကို လုပ်နေ၏။ ခါးကိုင်းကာ စားပွဲပေါ် လက်ထောက်လျက် တာဝန်တစ်ခုကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေသည့်ပုံစံပါ။ နှမ်းဖတ်နေသည့် ကိုကိုကြီးမျက်နှာက ညှိုးချုံးလွန်းသည်။



မနက်ဖြန်ဆိုလျှင် လကုန်ပါပြီ။

"ဒီလကုန်ကစပြီး အလုပ်က ထွက်ခွင့်ပြုပါ" တဲ့။ ကြီးကြီးထံမှာ ကိုကိုကြီး ခွင့်တောင်းထားသည်။ ကိုကိုကြီးကို တွေ့မြင်ခွင့်အချိန် တစ်ရက်သာ ကျန်ပါတော့သည်။

"ကျေးဇူးရှိမှ ကျေးစွပ်တတ်ကြတာ သမီး၊ ဒီမိန်းမနဲ့ပတ်သက်နေမှ ကိုထွန်းလင်းကိစ္စမှာ သူ မပါဘဲ နေပါ့မလား" တဲ့။

ကြီးကြီးပြောတာ မှန်မှာပါ။

ရက်စက်တယ် ကိုကိုကြီးရယ်။ ဒါကြားထဲမှာ မီးရဲ့အချစ်ကိုတောင် လိမ်ညာပြီး ရအောင်ယူသွားလိုက်သေးတယ်။ ရွှေကိုယူပါ၊ ငွေကိုယူပါ၊ မီး ကျေနပ်ပါတယ်။ ရင်ထဲကနှလုံးသားကို ခြေမွဖျက်ဆီးဖို့ ယူတာကျတော့ မီး ဘယ်ရင်ခွင်နဲ့သည်းခံခွင့်လွှတ်ရမလဲ ကိုကိုကြီးရယ်။

နည်းမျိုးစုံနှင့် ဇွတ်အတင်း စိတ်နာကြည့်ပြီးပါပြီ။ မနာနိုင်ပါလားရှင်။ ကိုကိုကြီးရယ် မီး အသည်းတွေ ကြေပါပြီ။

စားပွဲပေါ်သို့ မျက်နှာမှောက်ချကာ ချုံးပွဲချ ငိုဖြစ်ပါသတည်း။

○ ♡ ○

ငိုသံကြောင့် ခေါင်း ခေါင်းမတ်လာသည်။ ငိုနေပုံက သည်းသည်းခိုက်ခိုက်။ မီး ဒီလောက်ငိုနေတာ ဘယ်လိုမှ မကြည့်ရက်ပါ။ ဘာဖြစ်လို့ ငိုရတာတဲ့လဲ။ မီး လုပ်ချင်တာတွေ မီး သဘောကျ လုပ်နေခွင့်ရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



စာရင်းစာအုပ်ကို ပိတ်သည်။

မဖြေဖြစ်တာ ကြာပြီဖြစ်သည့် အတွန့်ကျိုး မျက်ခုံးနှစ်ခုက နီးစပ်စွာ ကျိုးမြဲကျိုးဆဲနှင့် မီးနားသို့ လာသည်။ မိန်းမသားတစ်ဦး ဒီလောက်ငိုနေတာ ဘယ်လိုယောက်ျားသားက အကြင်နာကင်းမဲ့စွာ လျစ်လျူရှုရက်ပါ့မလဲ။ ပြီးတော့ ... ယခု ငိုနေသည့် မိန်းမသားက ကိုယ့်ရင်ထဲမှ ချစ်သည်းအူ။

"မီး ..."

အော၍ ချိုသော ကိုကိုကြီး ပင်ကိုအသံမှာ အကြင်နာ အကြွင်းအကျန်လေးတွေများ တစ်ဖွဲ့တစ်စွဲ ပါလာသလား။ သည်အသံကိုကြားမှ ပိုဝမ်းနည်းသည်။

ကိုကိုကြီးကို မမုန်းနိုင် မမုန်းရက်ပါ။ မုန်းနိုင်မုန်းရက်အောင် ကြိုးစားဖို့ တာဝန်ရှိသည်။ အပြစ်တွေရှိလျှင် ဖွင့်ဟဝန်ခံပါလို့၊ မီး ခွင့်လွှတ်ချင်လို့ပါလို့ ပြောခဲ့ရဲ့သားနဲ့ ကိုကိုကြီးရယ်။

ဖေဖေ့ကို ကိုကိုကြီး လက်နဲ့ သတ်တာကလွဲရင် ဘယ်လိုတခြားပြစ်မှုမျိုးမဆို မီး ခွင့်လွှတ်ပါရစေ။ ခွင့်လွှတ်ချင်လိုက်တာ ကိုကိုကြီးရယ်။

"ဘာလို့ ဒီလောက် ငိုနေရတာလဲ မီးရာ"

သူ့အသံကို တစ်ခွန်းကြားရလေ ရင်ကွဲပက်လက်ဖြစ်လေ။ ရင်ထဲမှာ မချိလေ၊ ကြေကွဲဝမ်းနည်းလေပါပဲ။ အစက မချစ်ခဲ့မိရင် ကောင်းသားလို့ တွေးမိတာလေးနဲ့တောင် အသည်းထဲမှာ ဆတ်ဆတ်ခါခဲ့ရတာပါ။

ကိုကိုကြီးကို မီး အဲဒီလောက်ထိ ချစ်ပါတယ်။



"ဘာအခက်အခဲတွေရှိလဲ၊ ဘာလုပ်ချင်လဲ ပြောလေ"

မီးက ပြောရမှာတဲ့လား။ ကိုကိုကြီးဘာသာ ဖြေရှင်းသင့်တဲ့ကိစ္စ မဟုတ်ဘူးလား။

"သူ ပါသလားလို့ ဖြောင်ကြီးသွားဖွင့်မေးမချလိုက်နဲ့နော်၊ တပ်လှန့်သလို ဖြစ်သွားရင် ကြိုးစတွေ အကုန်ပြတ်ကုန်မယ်၊ အကုန်လုံး ဖုံးဖိပစ်လိုက်လို့ ဘာတစ်ခုမှ မသိရတော့ဘဲဖြစ်မယ်" ... တဲ့။

ကိုမျိုး စကားက အမှန်မို့ မီးရင်ကွဲခံပြီး ပြုံနေမိပါတယ်။ ဖေဖေရေ မီးအချစ်ဆုံး ချစ်သူကို စွန့်လွှတ်ပြီး ဖေဖေ့အတွက် မီး ဆောင်ရွက်နေပါတယ်။ မီးကို ဖေဖေ ကျေနပ်ပါတော့နော်။

"ဒီလောက် မငိုနဲ့လေကွာ၊ မော့ပါဦး၊ ဘာတွေဖြစ်နေလို့လဲ"

မီး ဒီလောက်ငိုတာ နှစ်ခါပဲ ရတွေ့ရဖူးသည်။ မီးရောက်စ အစ်ကိုကြီး ဦးထွန်းလင်း အုတ်ဂူကို လိုက်ပို့စဉ်က တစ်ကြိမ်၊ ခုတစ်ကြိမ်။

သူ့အဖေအကြောင်း စကားစပ်မိတိုင်း မျက်ရည်လေးဝဲတတ်ပေမယ့် ခုလောက် သည်းထန်စွာ မငိုကြွေးခဲ့။ ဒီလောက်ငိုနေတာဟာ အဖေ့အတွက် တစ်ခုတည်းရယ်မှ ဟုတ်ရဲ့လား။ ဖြေရှင်းနိုင်လောက်တဲ့ ပြဿနာတစ်ခုခုနဲ့များ ရင်ဆိုင်နေရသလား။

မီးက လူမှုရေးပြဿနာနဲ့ အရှက်တကွဲ အကျိုးနည်းဖို့များ ကြုံလေသလား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆို ငါ ဘာလုပ်ပေးနိုင်မလဲ။ ဘာလုပ်ပေးရမလဲ။

မိးအတွက် မိးစိတ်ချမ်းသာဖို့။

"အခက်အခဲရှိရင် ပြောလေ"

တင်းမာခက်ထန်နေသည့် နှလုံးသားက မိးမျက်ရည်ပူဖြင့် နူးညံ့ပျော့ပျောင်းသွားရသည်။ မိးမှာသာ တစ်ခုခုဆိုလျှင် ဖြစ်တဲ့နည်းနှင့် ကူညီမည်ဟု ဆုံးဖြတ်ချက်ကျလေ၏။

"ကိုကိုကြီး"

ရင်ကွဲ၍ လျှံထွက်သံဖြင့် မော့ခေါ်သည်။ ကိုကိုကြီး မျက်နှာကို မြင်ရလေ မိး ရင်ကျိုးရလေပါပဲရှင်။

"ပြော ... မိး"

ခေမာ မျက်ရည်စတွေကို မသိမ်းပါ။ တံတွေးတစ်ချက် မျိုချသည်။ ဆို့နစ်နေသည့် ကြေကွဲမှုတွေ လည်ချောင်းဝမှ နည်းနည်းလျှော့ကျဖို့ လိုသည်လေ။

"မိဘကို သဂြိုဟ်ရခြင်းဟာ သားသမီးအဖို့ ကုသိုလ်ထူးကြီးပါ"

ဝေဟင် မတ်တတ်ရပ်ဆဲက ဇက်ကျိုးကျသည်၊ ဒိကိစ္စကို စ,လေတိုင်း သူ ဘယ်ထွက်ပြေးရမည် မသိအောင် ခံစားရလေ၏။

"မိးမှာ ဖေဖေ့ရုပ်အလောင်းကိုတောင် မမြင်လိုက်ရင်တဲ့ ကံအဆိုးဆုံး သမီး"

စဲလုလုမျက်ရည်တွေ စီးကျပြန်သည်။



"မိးရယ် ဒီစကားကို မိး အကြိမ်ကြိမ် ပြောပြီးပါပြီ၊ ပြောတိုင်းလည်း မိး မချိတင်ကဲ ငိုရတယ်၊ ပြန်ပြင်လို့လည်း မရတော့တဲ့ကိစ္စ တော်ပါတော့ မိးရယ်၊ မပြောပါနဲ့တော့"

မကြားနိုင် မကြားရက် မကြားချင်ဆုံးသော စကားကို မိး ဆိုပြန်ပါပြီ၊ ဖြစ်နိုင်လျှင် ဦးထွန်းလင်းအစား သေပေးလိုက်ချင်စိတ် တကယ်ကို ဖြစ်မိပါ၏။

ဆံပင်ဖွတ်သိုက်နှင့် ဇက်ကျိုးနေသူကို မိး ကြေကွဲကြည့်သည်။ အပြစ်ရှိစွာ ခံစားနေရသည်ဟုပဲ မိးထင်သည်။ ...တင်မကပါဘူးလေ၊ မိးတို့ အသိုင်းအဝိုင်းတစ်ခုလုံးကကို ထင်...တပါ။

စားပွဲပေါ်မှ လက်ကိုင်အိတ်ကလေးကို လှမ်းယူ...ည်။ လက်ကိုင်ပဝါထုတ်ကာ မျက်နှာတစ်ခုလုံးရှိ မျက်ရည်စ...တွေကို ပြောင်စင်အောင် သုတ်သည်။ ပြီးတော့ ဆတ်ခနဲ ထရပ်...ည်။

"ကိုသန်းအောင်"

"ခင်ဗျာ"

သန်းအောင် တံခါးဝမှာ ရပ်လာသည်။

"ကားရောက်ပြီလား၊ ကြည့်ပေးစမ်းပါ"

"ရောက်နေပါပြီ မမ၊ ခုပဲ ကျွန်တော် လာပြောမလို့ပါ၊ ကိုခွန်သာ မောင်းလာပါတယ်"

"အခန်းထဲကို လွှတ်ပေးပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဇက်ကျိုးကျနေသည့် သက်ရှိကျောက်ရုပ်က ဆတ် ခနဲမော့လေ၏။ ဒီနာမည် "ခွန်သာ"ဆိုတာကို ဘယ်နားနဲ့မျှ မကြားနိုင်ပါ။ တတိယနားရှိလျှင်တောင် မကြားချင်ပါ။

ခွန်သာ ဝင်လာပုံက တစ်လောကလုံးကို ပမာမခန့်။ ခေမာက ပိုက်ဆံအိတ်ထဲမှ မေမေ့စာကိုထုတ်သည်။

"ရော့ ... ခွန်သာ"

စာအိတ်ကို လက်ထဲမှာကိုင်၍ ပိုက်ဆံအိတ်ကို ခွန်သာထံ ပစ်ပေးလိုက်၏။ ခွန်သာ ပြုံးပြုံးရွှင်ရွှင် ဆီးဖမ်းသည်။ မေမေ့စာကို မခံမရပ်နိုင်လွန်းစွာ လက်သီးကျစ်ကျစ်ဆုပ်လျက် ရပ်နေသည့် ကိုကိုကြီး ရှပ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်လေ၏။ ဝေဟင် ... အဓိပ္ပာယ်နားမလည်နိုင်ဘဲ ကြောင်ငေးစွာ ရှိခဲ့မှာပင် ခေမာ ခွန်သာ့နားသို့ ရောက်လေ၏။

"ပြန်မယ်"

ခွန်သာက တယုတယ ကိုင်ပေးသည့် ပိုက်ဆံအိတ်ကို ပြန်မယူဘဲ ခွန်သာ့ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လျက် ကြော့မော့စွာ ထွက်လာခဲ့ပါတော့သည်။

ဝေဟင် ... မျက်လုံးကြီးပြူး၍ ကျန်ရစ်လေ၏။

"တောက် ... နှစ်ကောင်စလုံး ဓားနဲ့လိုက်ပိုင်းလိုက်ရ"

○♡○



## ငယ်စာရင်းမှ ငယ်သူငယ်ချင်း

ခွန်သာ အထုပ်အပိုး ပြင်လေ၏။

"ဒါ ဘာလုပ်တာလဲ ခွန်သာ"

ခွန်သာ ခေမာ့ကို မော့ကြည့်သည်။ ပြီးတော့ မချိတရိပြုံးရှာ၏။

"ပြန်မယ်ဆိုပဲ"

"ဘယ်သူလဲ"

"ငါ ..."

"အဲဒါ ... ဆိုပဲလို့ ပြောရသလား၊ တခြားလူက ဝင်ပြောတာကျနေတာပဲ"

"နင် ရယ်မလားလို့ ပြောကြည့်တာ"

"ပြောတဲ့သူ ကိုယ်တိုင်က မရျိသွားဖြဲ့နဲ့ဆိုတော့ ငါရယ်ပါ့မလား၊ စဉ်းပဲ စဉ်းစားကြည့်ဦး"

"အေးဟာ ... ငါ ပြန်ဖို့ကောင်းတာ ကြာပြီ၊ ခုတော့ ကုန်သွားတဲ့ အချိန်တွေကိုလည်း နမြောတယ်၊ ငါ စိုင်းအောင်ထွေးနဲ့တွေ့လို့ ကိုယ့်ကိုယ်ကိုယ်လည်း သိပ်ရှက်တယ်"

"ဘယ်က စိုင်းအောင်ထွေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခုနှစ်တန်းအောင်ပြီး မူဆယ်ကို ပြောင်းသွားတဲ့ ကောင်လေဟာ၊ နင် မမှတ်မိဘူးလား၊ တို့တွေ့မတွေ့ရတာ သုံးနှစ်ရှိပြီ"

"အဲဒီကောင်ကြီးလား၊ မှတ်မိတယ်၊ နင်နဲ့ ဘယ်မှာတွေ့တာလဲ"

"သူ ရန်ကုန် ရောက်နေတယ်၊ စံပြကြက်ခြေနီ အရွေးခံရလို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမမှာ ကျင်းပတဲ့ စီမံကိန်းဝင် လူငယ်များ တွေ့ဆုံပွဲကို တက်ခွင့်ရတယ်"

"ငါလည်း တွေ့ချင်လိုက်တာ"

"ရှစ်တန်းအောင်ပြီးမှ ပြောင်းသွားတဲ့ ကျော်မင်းထွန်းနဲ့လည်း တွေ့ခဲ့တယ်"

"ငါ့ကို ပြောရောပေါ့ဟာ၊ ငါ သတင်းစာထဲမှာ ဖတ်ရတယ်၊ စိုင်းအောင်ထွေးတို့ ဒါဖြင့် အထက(၆)ဗိုလ်တထောင်မှတည်းတာပေါ့"

"အေး ... နင့်ကို မပြောတာ နင်လိုက်ပို့ခိုင်းမှာစိုးလို့၊ ငါ သူတို့နဲ့ နောက်တစ်ခါ မဆုံရဲတော့ဘူးဟာ"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

ခမော ခွန်သာ့ကို ရူးခနဲကြည့်လေ၏။

○♡○



"သြော် ... ဦးဦး"

စကားထဲမှာ ကိုကို ဆရာ...ဟု တည့်ပြောဖြစ်ပေမယ့် မျက်နှာချင်းဆိုင်မိသည့်အခါမှာ "ဦးဦး"ဟု လွှတ်ခနဲ ခေါ်ဖြစ်သည်။ အသက်ချင်းက ကွာလှသည်လေ။

"အေးကွယ် ... ဦးဦး ထိုင်မယ်နော် ... သမီး"

"ဟုတ်ကဲ့ ... ထိုင်ပါ"

ညော့်သည်လာသည်ဆို၍ ထွက်လာရာ မမျှော်လင့်သူကို တွေ့လိုက်ရခြင်းပါပဲ။

"သမီးကြီးကြီးရော"

"ရှိပါတယ် ဦးဦး၊ ကြီးကြီးနဲ့ တွေ့ချင်လို့ပါလားရှင်"

"မဟုတ်ပါဘူး၊ သမီးနဲ့ပဲ တွေ့ချင်တာပါ၊ ထိုင်ဦးလေကွယ်၊ အိမ်ရှင်က မတ်တတ်ကြီး"

ခမော ခုမှ ထိုင်ဖြစ်၏။

လမကုန်ခင် တစ်ရက်မှာ ရှိသမျှအလုပ်တွေ သိမ်းကျုံးလုပ်ကာ လကုန်ရက်နေ့က အထွေထွေမန်နေဂျာကြီး မလာတော့ပါ။ ထွက်စာတစ်စောင်သာလျှင် ခမော့စားပွဲပေါ် ရောက်နေသည်။ ဒေါ်ခမောဝတီလင်း ... ဟု ညွှန်းကာ အလုပ်မှထွက်ခွင့်ပြုပါရန် အလုပ်သဘောဆန်စွာ ရေးသားထားလေ၏။

သူလည်းမလာ ခမောလည်း ဖုန်းဆက်မခေါ်။ ခုဆို သူ မလာတာ သုံးရက်တိတိရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးမေမေရော နေကောင်းရဲ့လား"

"အခု မေမေ ရန်ကုန်ရောက်နေပါတယ်"

"ဟေ … ဟုတ်လား"

"ဟုတ်ကဲ့ … တစ်နေ့က ရောက်တာပါ၊ ဖေဖေ့အုတ်ဂူကို သွားကန်တော့ရာက ပြန်အလာမှာ ရင်ထဲဆို့ပြီး ဟာ့တ် ပြန်ဖြစ်ပါတယ်"

"ဟာ … ဖြစ်မှဖြစ်ရလေ၊ ဆေးရုံမှာလား"

"အိမ်မှာပါပဲ၊ မေမေက ဆေးရုံကြောက်တတ်ပါတယ်"

"ဘယ့်နှယ်နေလဲ … ခု"

"ဆရာဝန် မီသွားတယ်လို့ပဲ ပြောရပါမယ်၊ ဆရာဝန်သာ အချိန်မီ ရောက်မလာရင် မီးမှာ အဖမဲ့ရုံမက အမိပါမဲ့ရ တော့မလို့ပါ"

"ဒီအိမ်မှာလား"

"ဟုတ်ကဲ့"

"ဦးဦး ဝင်ကြည့်ခွင့် ရမလား"

"ဆရာဝန်က ဧည့်သည်တွေ့ခွင့် မပေးပါနဲ့လို့ မှာထားပါ တယ်၊ ကြီးကြီးက မေမေ့နားမှာ စောင့်နေရလို့"

"ဦးဦးဆီမျှား ဖုန်းဆက်ရောပေါ့ကွာ"

ဒေါက်တာအာကာသည် နှလုံးရောဂါကုသမားတော် ကြီး ဖြစ်ပါသည်။

"မီးလည်း မပြောတတ်ပါဘူး၊ ဦးဦး ဦးအောင်သူက ကုနေကျ ဆရာဝန်ကို အပြေးခေါ်တာပါ"

"ဟာ့တ်စပယ်ရှယ်လစ်စ်ပဲလား၊ ဘယ်သူလဲ"



"ကြီးကြီးတို့ မိသားစုဆရာဝန်ပါ၊ မီး မသိပါဘူး"

"ဘာဆေးတွေတိုက်လဲ"

"စပယ်ရှယ်နှာ့စ် ရှိပါတယ် ဦးဦး၊ ဆရာဝန်က ဆရာမ ကို အချိန်စာရင်းဆွဲပြီး ပေးခဲ့လို့"

"သူ သတိရရဲ့လား"

"မေမေလား … သတိရပါတယ်၊ မောနေသေးတာ တစ်ခု ပါပဲ"

"အင်း … ဒီအခြေအနေနဲ့ဆိုလည်း ဦးဦး ဝင်တွေ့ဖို့ မသင့်ပါဘူးလေ"

"ဦးဦး ကိစ္စအထူး ရှိပါလားဟင်"

"အင်း … ကိစ္စက ထူးတယ်ဆိုလည်းဟုတ်၊ မထူးလှဘူး ပြောလည်း ပြောရတယ်၊ ဝေဟင့် ကိစ္စပဲ"

ကိုကိုကြီး ဘာတွေများ ဖြစ်ကုန်ပြီလဲ။ သိချင်စိတ် ကို ထိန်းမရ။ အင်းလေ … ပြောဖို့လာတာပဲဟာ၊ ပြောမှာပေါ့။ ခေမာ ခေါင်းလေးငုံ့လျက် ရင်ထဲက တဆတ်ဆတ် ခုန်လေ၏။

"သမီး နားထောင်ချင်ရဲ့လား၊ ဦးဦးက ဖွင့်ပြောရင် အခွင့်အရေးယူရာကျမှာစိုးလို့"

ဒေါက်တာအာကာ အသက်ပဲ လေးဆယ်ကျော်လို့ ငါးဆယ်နားကပ်နေပြီ မဟုတ်လား။ ခုချိန်မှာ လူမှုရေးက အရမ်း ကျွမ်းသည်။ အကင်းမပါးမှုဖြင့် လက်လွှတ်ဆုံးရှုံးခဲ့ရသည့် နှစ်နာ မှုကြီးက ယခုတိုင် စိုးမိုးဆဲပါ။

"ဝေဟင့်ကိစ္စ" ဆိုသည်နှင့် ခေမာ့ မျက်နှာလေး လင်းလက် ရွှန်းပသွားရတာကို သတိထားမိသည်။ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ချင်မှာ အမှန်ပါ။ သိချင်လေ အမြန်မပြောဘဲ အချိန်ဆွဲထားခြင်းဖြင့် သိချင်စိတ်ကို နှိုးဆွရာရောက်လေ မဟုတ်လား။

ခေမာ့ရင်မှာ မခံချိမခံသာနှင့် ပရမ်းပတာ ခုန်လေ၏။

“တစ်ခု ကြိုပြောချင်တယ် သမီး၊ ရက်စရာတော့လည်း မဟုတ်ပါဘူး၊ ဦးဦးကို ဦးလေးသားချင်းများလို သဘောထားပေါ့၊ အဲ ... သမီးတို့ လူငယ်ချင်း မေတ္တာမျှနေတာ ဦးဦး သိတယ်”

“ရှင် ...”

“ဝေဟင်က အိမ်မှာ နားပူတယ်လေ၊ သမီးကို ကောင်းပေးပါတဲ့”

“အလကား... အလကားပါ ဦးဦးရယ်၊ သူ မီးကိုတကယ်... ဟို ... တကယ်မဟုတ်ပါဘူး၊ သူ လူညာ”

“ဝေဟင်ကလည်း သမီးကို အဲဒီလိုပဲ စွပ်စွဲတယ်ကွယ့်”

“အမယ် ... သူ့ခိုးက လူလူ့ဟစ်တာ ဦးဦး၊ ဦးဦးဆီမှာ သူ့အကြောင်း တိုင်စရာတွေလည်း အများကြီးပါ”

“အေး ... ရင်ဖွင့်ပွဲပေါ့ကွာ၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမယ်၊ ဒီအိမ်မှာ ဖြစ်ပါ့မလား”

ဒေါက်တာအာကာက အခန်းတွင်းဘက်ဆီသို့ လှမ်းကြည့်သည်။

“မေမေ့ကိုတော့ မပြောရသေးပါဘူး၊ ကြီးကြီး သိပြီးပါပြီ၊ မေမေလည်း သိချင်သိနေမှာပါ၊ လိုက်လာတာသာကြည့်တော့၊ ပြောပါ ဦးဦး၊ မေမေ နေမကောင်းတုန်း မီးအပြ



ထွက်လို့လည်း မရပါဘူး၊ ဦးဦးညီက ဒီရက်မှာမှ အလုပ်က အပြီးထွက်တယ်လေ၊ လင်းပွန်မေတ္တာမှာ ဘယ်သူမှမရှိဘူး”

“သူ ဆေးရုံမှာ”

“ရှင် ... ဘာဖြစ် ...”

“ကားအက်ဆီးဒင့်ပဲ”

“တော်တော်ဆိုးလားဟင် ဦးဦး”

“ဆိုးတယ် ... နှစ်ရက်တိတိ သတိမရဘူး၊ ဒဏ်ရာက ခေါင်းမှာ၊ ဒီမနက်မှ သတိရလို့ ဦးဦးလည်း စိတ်ချပြီး ဒီကိုထွက်လာတာ”

“ခြေထောက်တွေ လက်တွေရော”

“ဒါတွေက အရေးမကြီးပါဘူး၊ ပွန်းရုံပဲ့ရုံ၊ ရင်ဘတ်နဲ့ခေါင်းမှာများတယ်၊ နံရိုးတစ်ချောင်းလည်း ကျိုးတယ်၊ တော်သေးရဲ့၊ အသည်းတွေ အဆုတ်တွေကို သွားမထိုက်လို့၊ မဟုတ်ရင် ပွဲချင်းပြီးနိုင်တယ်”

“အို ...”

“ဖြစ်စကဆို ရမှရပါ့မလားလို့၊ ခုတော့ ရှင်ဖို့လမ်းများသွားပါပြီ၊ ဦးနှောက်နဲ့ အာရုံကြောတွေ ဘယ်လောက်ထိခိုက်ချွတ်ယွင်းသွားမလဲ ဆိုတာတော့ သူ ကောင်းကောင်း သတိရမှ ပြောနိုင်မယ်၊ မျက်စိတော့ မြင်တယ်ကွယ့်”

“ဖြစ်မှ ဖြစ်ရလေ ဦးဦးရယ်”

ခေမာ တင်းမထားနိုင်တော့ပါ။ ကိုယ်ကို နောက်ပြန်လှည့်၍ ကုလားထိုင်နောက်မှီပေါ် မျက်နှာအပ်လျက် ရှိုက်ပွဲချငိုရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ ကိုကိုကြီးရယ်၊ ကျိုးပဲ့သွားတာကမှ ပြန်ကောင်းနိုင်ဦးမယ်၊ ခေါင်းနဲ့ ရင်ဘတ်ဆိုတော့ ဘယ်လိုပဲ စိတ်ချရပြီပြောပြော မီး စိတ်မချနိုင်ပါဘူးရှင်၊ ကိုကိုကြီးရယ် ... မီး ဘယ်လိုဖြေရမလဲ၊ ကိုကိုကြီး အဲဒီလိုဖြစ်ရတာ မီးကြောင့်များ လားရှင် ...။

ခေမာ ငိုသံကြောင့် ဒေါ်သူဇာ ထွက်လာသည်။

"သမီးလေး ဘာဖြစ် ... ဩော်"

ထိုင်နေသည့် ဒေါက်တာအာကာကို တွေ့သည်။

ဦးထွန်းလင်း အသုဘတုန်းက အိမ်သို့မလာပေမယ့် မြေချသည့်နေ့မှာ လိုက်ပို့သည်။ ဝေဟင်က "ကျွန်တော့်အစ်ကို ပါ"ဟု ပြောပြသည်။ တစ်ခါတွေ့ဖူးရုံနှင့် "ဆရာဝန်"ဆိုသော ကြောင့် မှတ်မှတ်သားသား ရှိလိုက်ပါသည်။ ဆရာဝန်ဟူသည်က လူတန်းစားမရွေး၏ အားကိုးခြင်းကို ခံရသောလူမျိုး မဟုတ်လား။

"ဝေဟင် ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေကြောင်း ပြောပြလိုက်မိပါတယ်"

ဒေါက်တာအာကာက အားနာဟန်ဖြင့် ပြောသည်။

"ဩော် ... တော်တော်ဆိုးသလား"

"ခုတော့ သတိရပါပြီ"

အခန်းထဲမှ သူနာပြုဆရာမ ထွက်လာပြန်သည်။

"ခေမာ ငိုသံကြားလို့၊ ဘာဖြစ်တာလဲတဲ့၊ အန်တီသီရိက မေးပါတယ် ကြီးကြီး"

"ဟင် ..."



ဒေါ်သူဇာ မျက်နှာပျက်သွားရသည်။ ညီမလုပ်သူက နှလုံးရောဂါနှင့် မဟုတ်လား။ ဤရောဂါဖြင့် တချူချူတချာချာမို့ သားသမီးကိုတောင် တစ်ယောက်ထက် ပိုမယူပါတော့နှင့်ဟု ဆရာဝန်တားမြစ်ချက်ကြောင့် ခေမာ တစ်ဦးတည်းသမီး ဖြစ်ခဲ့ရတာလေ။

တစ်ခါမျှ နှလုံးရောဂါ၏ တိုက်ခိုက်မှုကို မခံခဲ့ရဖူး၊ မဖြစ်အောင်လည်း ဆေးဝါး၊ ဆရာဝန်နှင့်မပြတ် ဂရုစိုက်ခဲ့ရသည်။ ဦးထွန်းလင်းက တုန့်နေအောင် ချစ်ပြကာ အစွမ်းကုန် အလိုလိုက် ခဲ့သည်။

ဒီတစ်ကြိမ် ဟာ့အတက်ခ်ကို ပထမဆုံးရခြင်းပါ။ နောက်တစ်ကြိမ် ထပ်ရလျှင် ညီမအသက်ကို မည်သူ့အာမခံပါမည် နည်း။

"ဟုတ်သားပဲ၊ မငိုနဲ့လေ ... ခေမာ"

ခေမာ ချက်ချင်း မျက်ရည်သုတ်ရှာ၏။

ကုလားထိုင်ပေါ်မှ ခုန်ထကာ အခန်းထဲသို့ တန်းခနဲ ဝင်ပြေးပါလေတော့သည်။

"မီး အလကားငိုတာ မေမေ၊ ဘာမှမဖြစ်ပါဘူး"

အရှင်ဆုံး ပြုံးပြကာ မေမေ့ပါးကို ရွတ်ခနဲနမ်းလိုက်သည်။ ကမန်းကတန်း သုတ်ခဲ့ရသည့် မျက်ရည်စတို့ မစင်သေးသည်မို့ ဒေါ်သီရိမွန်ပါးသို့ အစိုဓာတ်ကူးလေ၏။

သမီးလေး အလိမ္မာထူးပုံကို ဒေါ်သီရိမွန်ပြုံး ကြည့်သည်။ အမေ စိတ်ဆင်းရဲမှာ စိုးသည်မို့ ချက်ချင်းငိုလာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြ နှုတ်ဆက်လိုက်ပေမယ့် သမီးမျက်ဝန်းက ဝေဒနာကို မေမေ တွေ့တယ် သမီးလေးရယ်။

"ဘယ်ကဧည့်သည်လဲ သမီး"

"ဒေါက်တာအာကာတဲ့၊ ဦးဝေဟင်ရဲ့အစ်ကိုပါ"

"ဘာကိစ္စတဲ့လဲ"

"ဟို ... ဦးဝေဟင် နည်းနည်းပါးပါး ကားအက်ဆီးဒင့်ဖြစ်လို့ အလုပ်မဆင်းနိုင်တဲ့အကြောင်း လာပြောတာပါ မေမေ"

မေမေ စိတ်ချမ်းသာစေရန် အရေးမကြီးသလို လုပ်ပြရပေမယ့် ရင်ထဲမှာ တအားအရေးကြီးနေတာပါ မေမေဟု ကျိတ်ပြောရင်း မချိတင်ကဲကြားမှ ကြိုးစား၍ ပြုံးရပြန်၏။

"မေမေ့ကိုတောင် ဝင်ကြည့်ချင်တယ် ပြောပါသေးတယ်"

"ခေါ်ခဲ့ရောပေါ့၊ မေမေလည်း နည်းနည်းပါးပါး စကားစမြည် ပြောချင်တယ်"

"ဝေဟင် ဆိုတဲ့ကောင်နဲ့ အရောဝင်တာ အဝင်လွန်ပြီး အန်တီ့သမီးက ကြိုက်သွားပြီ အန်တီရဲ့၊ အန်တီလိုက်လာရင်လည်း လာပါ၊ မလာရင် ဖွတ်ပြန်ခေါ်ပါ၊ ကျွန်တော်တို့ပြန်လွှတ်လို့တော့ မရဘူး"တဲ့ ...။

ကိုမျိုး ဖုန်းလှမ်းဆက်လို့ လိုက်လာခဲ့ရတာ မဟုတ်လား။ သမီးလေး အဲဒီ ဝေဟင်ဆိုတဲ့ သူငယ်ကို တကယ်ပဲ စွဲစွဲလမ်းလမ်း ဖြစ်နေရှာပြီလား၊ အစ်ကိုကြီးကိစ္စမှာ ဝေဟင် ဘာမှမသိ၊ တကယ်တမ်း တာဝန်မရှိဘူးဆိုရင် ...



သမီးအပေါ်မှာ သစ္စာရှိစွာ ယုယကြင်နာမည့်သူဆိုရင် ...

သမီးလေးကလည်း တကယ်ပဲ စွဲလမ်းမြတ်နိုးနေမယ်ဆိုရင် ...

အကြောင်းကြောင်းတွေကို လေ့လာဖို့ ရန်ကုန်ဆင်းလာခဲ့တာပါ။ ကိုမျိုးတို့ ပြောစကားအရတော့ ဝေဟင်ဟာ ငွေစင်နဲ့ မရှင်းမရှင်းတဲ့၊ ဘယ်လောက်ထိ မရှင်းသလဲဆိုတာ ဒေါ်သိရိမွန် သိချင်ပါ၏။ ဝေဟင် သိပ်မဆိုးလှ၊ ခါးသီးသော ပြစ်ချက်မရှိဆိုလျှင် ...

လင်းမွန်မေတ္တာမှာ မန်နေဂျာအဖြစ် အားကိုးနေရတာ၊ အစ်ကိုကြီးကိုယ်တိုင် ကြည်ဖြူမြှောက်စားခဲ့တာ၊ သမီးလေးထက် အသက်ရှစ်နှစ်လောက် ပိုကြီးနေတာမို့ အစ်ကိုကြီးတုန်းကလိုပဲ သည်းခံခွင့်လွှတ်နိုင်မှာတွေကို တွေးလျက် ကြည်ဖြူလိုစိတ် ဖြစ်ခဲ့ပါ၏။

ချစ်သူချင်း ညားစေချင်သည့် ဆန္ဒကလည်း တစ်ကြောင်းပေါ့လေ။ ဤကမ္ဘာမှာ တွယ်တာစရာဆိုလို့ ဒီသမီးလေးတစ်ယောက်တည်း ရှိတော့တာ မဟုတ်လား၊ အဖေ အရမ်းအလိုလိုက်ခဲ့သည့် သမီးလေးမို့ အဖေမရှိသည့်အခါမှာ နှစ်ဆတိုး၍ အလိုလိုက်ချင်စိတ်တွေလည်း ဖြစ်ထွန်းသည်။

သူ့အစ်ကို ကိုယ်တိုင် လာပြောသည်ဆိုတော့ သမီးနဲ့မောင်ဝေဟင်ကိစ္စ သူ့အစ်ကို သိပြီးဖြစ်မှာ ကြည်ဖြူလို့ဖြစ်မှာ၊ စင်စစ် သမီးလေးဟာ ဘယ်လိုသားရှင်ကမှ မကြည်ဖြူနိုင်စရာ ပြစ်ချက်မှ မရှိဘဲ။

www.burmeseclassic.com

www.burmeseclassic.com



"သွားခေါ်ပါလား သမီး"

"မေမေက ဧည့်သည်နဲ့ စကားအများကြီး ပြောနိုင်လို့လား"

"နည်းနည်းပါးပါးပေါ့၊ သူပြောတာ များများနားထောင်မှာပေါ့"

"ဒါဖြင့် သမီး သွားခေါ်မယ်နော် ... မေမေ"

"အေး ... အေး"

ဦးဦးနှင့်မေမေ့ကို တွေ့စေချင်သည့်ဆန္ဒ အများကြီး ရှိပါသည်။ လူကြီးချင်း စကားပြောဖြစ်တော့ ကောင်းတာပေါ့၊ ပြီးတော့ ကိုကိုကြီးဟာ ဘယ်လိုလူစားလဲလို့ မီး တစ်ယောက်တည်း ဆုံးဖြတ်နေရတာ မှန်ချင်မှမှန်မှာ မဟုတ်လား။ မေမေပါ တွေ့ပြီး ကြည့်ရှုအကဲခတ်ပေးတော့ ပိုကောင်းတာပေါ့။

ခေမာ အိမ်ရှေ့ခန်းဆီသို့ လှစ်ခနဲ ပြေးပြန်သည်။

အိမ်မှာဆို ရိုးရိုးသားသား လမ်းလျှောက်သည်ဟု တစ်ခါမျှ မရှိခဲ့စဖူးပါ။ ပြေးနေတာချည်းပါ။ စိတ်မြန်သလောက် ကိုယ်ပါ၏။

"ဦးဦး ... မေမေက ဦးဦးကို တွေ့ချင်တယ်တဲ့"

"ဟ ... တကယ်လား"

"တကယ်ပေါ့ ဦးဦးရဲ့၊ မေမေ ခေါ်ခိုင်းလိုက်တာ"

"ဟုတ်မှလည်း လုပ်ပါ သမီးရယ်"

"ဟုတ်ပါတယ်ဆိုမှ ဦးဦးကလည်း၊ လာပါ"

စောစောက စိတ်ညစ်ရတာလေးတွေ ပျောက်နေပြန်သည်။ ဒေါက်တာအာကာ ထိုင်နေရာမှ ဖြည်းညင်းစွာ ထရပ်သည်။ ဒေါ်သူဇာက သူ့ညီမစိတ်ကူးကို ရိပ်မိပုံရ၏။



"သွားပါ ဆရာ၊ သမီးလေးနဲ့ လိုက်သွားပါ၊ သိရိက အိပ်ရာထဲမှာပဲ နေရတော့ အပြင်မထွက်နိုင်လို့ပါ"

ဒေါက်တာအာကာက ခေမာ့ကို ပြုံးကြည့်သည်။ "ခပ်လန့်လန့်ပဲ"ဆိုသည့် အမူအရာနှင့် ပခုံးတွန့်ပြသည်။ ဦးဦး ပုံစံက သဘောကောင်းကြီးလိုမို့ ခေမာ ချစ်သွားရလေ၏။

"ကဲ ... သမီး ရှေ့ကကြွ"

"ကြွပါပြီ ဦးဦး"

ဒေါ်သူဇာ ပြုံး၍ကျန်ရစ်လေ၏။

○♡○

"သြော် ..."

တုန်လှုပ်သည် မဟုတ်လှပေမယ့် မထင်မှတ်သူကို တွေ့လိုက်ရသည်မို့ အံ့သြဟန်ပြသည်။

"မွှန်မွှန် နေကောင်းလား"

ဒေါက်တာအာကာ၊ ခေမာ ယူချပေးသည့် ခုံပေါ် ထိုင်သည်။

"ငါ့ကို ခေါ်ရောပေါ့၊ ငါအခု ဟာ့ထ်စပယ်ရှယ်လစ်စ်ဖြစ်နေပြီ"

ဟောတော့ ... ဦးဦးက သိနေတာပါလား။ ရင်းနှီးလိုက်တာများနယ် ... ခေါ်ပုံက "မွှန်မွှန်"တဲ့။ သူ့ကိုယ်သူကျတော့ "ငါ"တဲ့။

"ခုလို ပြန်တွေ့ရတာ ဝမ်းသာတယ် မွှန်မွှန်၊ ဘာမှမပူနဲ့၊ နှင့်ကို ငါ ကောင်းကောင်းကုပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိမွန် မျက်နှာ ခဏတော့ပျက်သည်။ ချက်ချင်းပြန်ပြင်ကာ ပြုံးပြသည်။

"သမားတော်ကြီးတောင် ဖြစ်နေပြီ ဟုတ်လား၊ ဝမ်းသာတယ်"

မေမေပြောပုံက တရင်းတနှီး ရှိချေ၏။ ခေမာ အလိုလို ပျော်သွားရပုံနှင့် ခုန်ဆွခုန်ဆွတောင် ဖြစ်ချင်သည်။ ဆေးရုံပေါ် ရောက်နေသည်ဆိုသည့် ဝေဟင့် အကြောင်း တွေးမိတော့ ရင်ထဲလေးသွားရပြန်၏။ သက်သာပြီ၊ စိတ်ချရပြီလို့တော့ ပြောတာပဲလေ။

"ကိုထွန်းလင်း ကိစ္စတုန်းက ငါ ရောက်တယ်၊ နင်နဲ့သာ မတွေ့ရတာ ဒေါ်သူဇာနဲ့တွေ့တယ်"

"အင်း ..."

"ငါ ... စိတ်မကောင်းပါဘူး၊ တကယ် ကိုထွန်းလင်းမှာ သွေးတိုးရှိနေတာ နင် မသိဘူးလား၊ ဟာ ... ဆောရီး၊ ငါတို့ တခြားကိစ္စ ပြောကြမယ်၊ ဒေါ်လေးအုံး နေကောင်းလား၊ မန္တလေးမှာ ကျန်ခဲ့တယ်ပေါ့၊ ဟုတ်လား"

ဒေါ်သီရိမွန် ခေါင်းညိတ်သည်။

"ငါ ... ကလေးနှစ်ယောက်ရပြီ၊ သားတွေချည်းပဲ၊ မ[illegible] ပါဘူးဟာ၊ ဆော့လိုက်ကြတာ မျောက်ရှုံး၊ စာကျ[illegible] လည်း မတော်ဘူးကွာ၊ အောင်လိုက်မှပြင့် လေးဆယ်ကျ[illegible] ငါးဆယ်၊ ငါ့တုန်းက သချာတစ်ရာ၊ အင်္ဂလိပ်စာဆို [illegible] ဆယ်လောက် ရခဲ့တာ၊ ဒီကောင်တွေ ညံ့တယ်"

"ကျူရှင်မပေးဘူးလား"



"ပေးတယ်၊ ဆရာက ရှေ့ကသင်သွားပေမယ့် ကျောင်းသားက နောက်ကလိုက်ကျက်ဦးမှကိုး၊ စာမှမကျက်တာ၊ ငါကလည်း ဆေးရုံကပြန်ရင် အေးခန်းသွား၊ မိုးချုပ်မှပြန်ရောက်တော့ မကြည့်နိုင်ဘူး"

"ကလေးတွေ အမေကရော"

"ထားက အရမ်းအေးတယ် ပြောရမလား မသိပါဘူးဟာ။ ဘာမှ သိပ်စိတ်မဝင်စားဘူး၊ ပြောရင် ရန်ဖြစ်မှာစိုးတာနဲ့ ငါလည်း သိပ်မပြောဘူး"

"ကလေးတွေကို ပစ်မထားနဲ့လေ၊ ပြန်ကြည့်မှပေါ့"

"အေး ... ငါ နေ့တိုင်း ဆေးခန်းမထိုင်တော့ဘဲ တစ်ပတ်မှာ သုံးရက်ပဲ ထိုင်တော့မယ် စိတ်ကူးတယ်၊ လေးရက်က ကလေးတွေနဲ့ ပြန်နေမလို့"

"အဲဒါ ကောင်းတာပေါ့၊ ပိုက်ဆံသိပ်မလိုတော့ဘူး မဟုတ်လား"

"ဆိုပါတော့"

"ဘာဆေးတွေသောက်လဲ"ဟုဆိုကာ ဒေါ်သီရိမွန် ခုကင်ဘေးက စားပွဲပေါ်ရှိ ဆေးပုလင်းတွေ ကောက်ကိုင်ကြည့်သည်။

"အိမ်ရှေ့မှာ ဆေးအိတ်အဆင်သင့် ပါလာတယ်၊ သမီး သွားယူချည်ပါဦး၊ နည်းနည်းလောက် စမ်းကြည့်ရအောင်"

ခေမာ လှစ်ခနဲ ထပြေးပြန်သည်။ သူနာပြုဆရာမ ထလာကာ ဆရာဝန် စမ်းသပ်နိုင်ဖို့ ကူညီသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ပြလဲ"ဟု မေးပြန်၍ ဆရာမကပင် ဆရာဝန်နာမည်ကို ပြောပြသည်။

"ကျွန်တော့်သူငယ်ချင်းပဲ အရမ်းခင်တယ်"ဟုပြော သည်။

နားကျပ်ဖြင့်ထောက်ကာ သေသေချာချာ စမ်းသပ် လေ၏။

"အီးစီဂျီ ရိုက်ထားတာရှိလား"

သူနာပြုဆရာမကပင် စာရွက်စာတမ်းတွေ ထုတ်ပြ သည်။

"ဆေးရုံတက်နေပါလား မွန်မွန်၊ ငါ့ဝါဒ်မှာ ဆေးရုံမှာဆို တော့ ဆရာဝန်နဲ့လည်း နှစ်ဆယ့်လေးနာရီ မပြတ်ဘူး၊ မြန်မြန်သက်သာတာပေါ့"

"ဟင် ... မေမေက ဆေးရုံတက်လောက်အောင်လား ဦးဦး"

"အဲ့ဒါပဲ၊ သမီးတို့တွေ ဆေးရုံတက်ရမှာ ကြောက်ကြတာ၊ ဆေးရုံလို့ ဆိုလိုက်တာနဲ့ အသည်းအသန် ထင်ကြတာပဲ၊ ခေတ်မီတဲ့လူတွေဆိုရင် ဘာရောဂါမှ သေသေချာချာမဖြစ် ခင် ဂျင်နရယ်ချက်ကပ်အပ်ပ် (General Check up)ဆိုပြီး ဆေးရုံတက်နားကြတယ်၊ ရောဂါမထူဘဲ အသက်ရှည်တာ ပေါ့ သမီးရဲ့၊ သမီးမေမေ အခြေအနေက ကောင်းပါတယ်..."

"ခုနေ ဦးဦးနဲ့ ထရန်ဖြစ်ရင်တောင် သတ်နိုင်ပုဝ နိုင်ပါတယ်၊ ငယ်တုန်းကဆို ခဏခဏ ထထသတ်ဂ တာပေါ့"



ဒေါက်တာအာကာ ရယ်၍ ခေမာလည်း လိုက်ရယ် သည်။ ဒေါ်သီရိမွန် ပြုံးရုံပြုံးသည်။

"ဆေးရုံတော့ မတက်ချင်ဘူး၊ ခုလည်း သက်သာနေပြီပဲ"

"အေး ... ငါ့သူငယ်ချင်း ဆရာဝန်ဆိုမှာ ခွင့်တောင်းပြီး ငါလည်း လာကြည့်ပေးမယ်၊ ဆရာဝန်အချင်းချင်း လူနာ ကိုလုပြီး မကုရဘူး မဟုတ်လား၊ ဖြစ်ပါတယ်၊ အရမ်းခင် တဲ့ သူငယ်ချင်းတွေပါ"

"ဦးဦးက မေမေနဲ့ သူငယ်ချင်း ဘယ်တုန်းက ဖြစ်တာလဲ ဟင်"

"မန္တလေးမှာလေ၊ ဦးဦးက မန္တလေးသားပဲ"

"ဟုတ်လား၊ ဖေဖေ့ကိုရော သိတာပဲလား"

"သိတာပေါ့၊ ဦးထွန်းလင်းကိုတော့ မြင်ဖူးရုံပါ၊ သမီးအန်တီ အေးမိစံနဲ့ဆို အတန်းတူတူ"

"ဟောတော့ ... အန်တီအေးမိစံကိုလည်း သိတယ်"

"ဒါပေါ့ ..."

"ကြီးကြီးကိုကျတော့ မသိဘူးလား"

"ဒီလိုကွ ... သမီး သိလား၊ သမီးကြီးကြီးနဲ့ သမီးမေမေ က ဆယ်ငါးနှစ်ကွာတာ"

"ဟုတ်ကဲ့"

"မွန်မွန်တို့က အစက စစ်ကိုင်းမှာနေတာ၊ မြို့ချင်းနီးပေ မယ့် မြို့လုံးကျွတ် လူစေ့တက်စေ့တော့ ဘယ်သိကြမလဲ၊ စစ်ကိုင်းမှာပဲ ဒေါ်သူဇာ အိမ်ထောင်ကျတယ် ထင်တယ် နော် မွန်မွန်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိမွန် ခေါင်းညိတ်ပြသည်။

"မွန်မွန်က မန္တလေးက ဒေါ်လေးအုံးတို့အိမ်မှာ ပြောင်းနေပြီး ဦးဦးတို့ကျောင်းမှာ ရှစ်တန်းကစနေတာ ဆယ်တန်းအောင်ပြီးတော့မှ အဆောင်မှာနေတာ ..."

"သမီးဖေဖေနဲ့ အိမ်ထောင်ကျမှ မန္တလေးကို ပြောင်းတော့ ဒေါ်သူဇာ ရန်ကုန်ပြောင်းပြီးသွားပြီ ထင်တယ်၊ ဟုတ်တယ် မဟုတ်လား မွန်မွန်"

ဒေါ်သီရိမွန် ခေါင်းညိတ်ပြန်၏။

"ဦးဦးကလည်း ရန်ကုန်ဆေးတက္ကသိုလ်(၂)ကို ပြောင်းတက်ကတည်းက သူငယ်ချင်းတွေ မတွေ့ကြတော့တာ"

"ဒီလောက် အကြာကြီး ကွဲနေတာ မှတ်မိသားပဲနော်"

"သမီးအန်တီ့ကိုတွေ့လည်း မှတ်မိမှာပဲ၊ ရှစ်တန်းတုန်းကဆို မွန်မွန်တို့က ဟိုဘက်ထောင့်၊ ဦးဦးက ဒီဘက်ထောင့်ထိုင်တော့ ကျောက်သင်ပုန်းကြီးကို ဟိုဘက်ခွဲ ဒီဘက်ခွဲနဲ့ ..."

"သိတယ် မဟုတ်လား၊ ရှေးတုန်းက ကျောက်သင်ပုန်းတွေက ခပ်သေးသေးရယ်၊ ဒေါက်နဲ့ထောင်ထားတာ၊ နံရံမှာ ကပ်ထားတာ မဟုတ်ဘူး ..."

"အဲဒါနဲ့ ခဏ ခဏ ရန်ဖြစ်ရတယ်"

"ဦးဦး ရှုံးမှာပေါ့၊ မေမေတို့က နှစ်ယောက်"

"ဒါပေါ့ အတန်းပိုင်ဆရာမက တန်းစီရိုက်ရင် မိန်းကလေးမို့ တစ်ချက်၊ ယောကျ်ားလေးကျတော့ နှစ်ချက်"



ဒေါက်တာအာကာက ရှေးဟောင်းနှောင်းဖြစ်များ ပြောကာ တဟားဟားရယ်သည်။ ဒေါ်သူဇာ လာပို့သည့် ကော်ဖီနှင့်မုန့်ပွဲကို သူ့ပစ္စည်းနှယ် အားရပါးရ စားသည်။

"ငါ့သားတွေက ငယ်နေတယ်၊ ခုမှအကြီးကောင် ခုနစ်တန်း၊ အငယ်ကောင် ခြောက်တန်းရှိသေးတယ်၊ ရှယ်ကျသာဆို နှင့်သမီးကို အတင်းတောင်းပြီး ပေးစားတယ်"

ဒေါ်သီရိမွန် ပြုံးလေ၏။

"ခုလည်း သိပ်တော့မထူးပါဘူး၊ သမီးတောင်း လာတာပဲ၊ သားကငယ်နေလို့ ညီနဲ့"

ခေမာ သုတ်ခနဲ ထပြေးတော့သည်။ သူနာပြုဆရာမက ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ဆွေးနွေးတော့မည်မို့ အလိုက်သိစွာ ထွက်ပေးသည်။

ဒေါ်သူဇာသာလျှင် အနားမှာ ငုတ်တုတ်ထိုင်၍ ကျန်လေ၏။

"အဲဒါ မေးမလို့ အစက ညီ့မရှိဘူးမဟုတ်လား"

ဒေါ်သီရိမွန် လှဲနေရာမှ ထထိုင်သည်။ ဒေါ်သူဇာက ဖေးမ၍ထိုင်ပေး၊ ခေါင်းအုံးတွေခုပေး လုပ်ပေးရသည်။

"အဖေတူ အမေကွဲလေ၊ သူ့အမေနဲ့ သူနေတာပေါ့"

အဲဒီတုန်းက မုဆိုးမသားအမိအဖြစ်သာ သိတားခဲ့ရပါသည်။

"သူ့အမေဆုံးတော့ တိုက်ပိုက်ဆိုင်ဆိုင်ပဲ ဦးထန်းလင်းက ကျောင်းဆက်ထားပေးတယ်တဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း စီးပွားရေး အခြေခိုင်လာတော့ အဖေတူ အမေကွဲ မောင်နှမတွေကို လိုက်စုံစမ်းတယ်၊ ပညာမတတ် ဘာမတတ်နဲ့ ကလေကချေ ဖြစ်နေမှာစိုးလို့ ...

"ငါ့ထက် အကြီးတစ်ယောက် ရှိသေးတယ်၊ အဲဒါလည်း အဖေတူ အမေကွဲပဲ၊ သူ့အမေက သူဌေးသမီးဆိုတော့ သူကတော့ ကောင်းစားတယ်၊ ဌာနကြီးတစ်ခုမှာ ရာထူးကြီးနဲ့ ...

"ဝေဟင်က အငယ်၊ ငါနဲ့ ဝေဟင်နဲ့ကြားမှာ တစ်ယောက်ရှိသေးတယ်၊ သူက မိန်းကလေး၊ ငါတို့အဖေက မိန်းမလေးယောက် ယူပြီး ကလေး လေးယောက်မွေးခဲ့တာ"

"အခု ... အဲဒီအဖေရော"

"ဝေဟင့် အမေလက်ထဲမှာ ဆုံးတယ်၊ ဒီလိုဟာ အစ်ကိုအကြီးဆုံးက ဝေယံ၊ ဖေဖေက ကိုဝေယံတို့အမေကို ခိုးပြေးတာ ...

"ဖေဖေက ဆင်းရဲတယ်၊ ကိုဝေယံတို့အမေက ချမ်းသာတယ်၊ ထုံးစံအတိုင်းပေါ့ဟာ၊ ဝတ္ထုတွေထဲကလိုပေါ့၊ လူကြီးတွေက လိုက်ခွဲတယ် ...

"ကိုဝေယံရဲ့အမေက ရောဂါသည်အမေကို ငဲ့ပြီး ကျွန်မ သဘောမတူဘဲ ခိုးပါတယ်ဆိုတော့ အဖေ ထောင်ကျတယ်"

"ဪ"



"အဲဒါ ... ထောင်ကထွက်မှ ငါ့အမေနဲ့ရတယ်၊ မိန်းမတွေကို အထင်မကြီးတော့ဘူးပေါ့ဟာ၊ အမေကျတော့ အဖေ့ကို ချစ်တယ်၊ အဖေက နည်းနည်း ဆိုးတယ်ထင်ပါရဲ့ ...

"အမေက စိတ်နာတယ်"

ဪ ... ဒါကြောင့် မုဆိုးမသားအမိအဖြစ် လူသိခဲ့တာကိုး။

"အဖေပေးခဲ့တဲ့ နာမည်ကိုတောင် ဖျောက်ပစ်တာ ကြည့်တော့"

"အင်းလေ ... မောင်မောင်လို့သိထားတာ၊ ဒေါက်တာ အာကာဆိုတော့ ဘယ်သိပါတော့မလဲ"

"ဟင် ... ဒါမောင်မောင်၊ မောင်မောင် ဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် မောင်မောင်ပါ"

ဒေါ်သူဇာက "မောင်မောင်"ဆိုသည့် နာမည်ကိုတော့ သိပ်ကြားဖူးတာပေါ့။ လူချင်းသာ မသိခဲ့တာလေ။ ကိုထွန်းလင်းနှင့် ပေးစားခါနီးမှတောင် လိုက်ခဲ့ပါလား ခိုးသေးသည့် လူဆိုးကလေးပါလား။

○♡○

"မောင်မောင် ဆိုပါလား"

ဘာတွေပြောမလဲ သိချင်စောနှင့် အခန်းဝ ခန်းဆီးနားမှာပဲ ရှိနေသည့် ခေမာ သေသေချာချာ ကြားလေ၏။ "မောင်မောင်နှင့် မွှန်မွှန်"ဇာတ်လမ်းကို ခေမာ သိခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အသိုင်းအဝိုင်းက အကုန်လုံး သိရှိခေါ်ကြတာ၊ မွန်မွန်လို့ ခေါ်ကတည်းက ငါ ရိပ်မိဖို့ ကောင်းတယ် ...

"ငါ့နယ် ညံ့လိုက်တာ၊ မေမေ့ရည်းစားဟောင်းကြီးကို"

မောင်မောင့်ကို မွန်မွန် ဘယ်လောက်ချစ်ခဲ့သလဲ ဆိုတာ ခေမာ ကောင်းကောင်းကြီးသိသည်။ မောင်မောင့်အပေါ် သံယောဇဉ်မပြတ်နိုင်လွန်းသည်မို့ လက်ရှိခင်ပွန်းသည်ကို တစ်သက်လုံး ချစ်ပါတယ်တောင် မပြောလိုက်သည့် မေမေပါ။

"သူ့ကြောင့် ဖေဖေ့ခမျာ သေသာသွားရော၊ မေမေ့အချစ်ကို မရလိုက်ဘူး"

ခေမာ အံကလေးကြိတ်သည်။ သဘောကောင်း ဦးဦးကြီးအဖြစ် ခင်မိခဲ့တာတွေ ပျောက်ကုန်ရသည်။

"သူပဲရိသဲ့သဲ့လုပ်ပြီး၊ မေမေကပဲ လျှောက်ပြောနေသလိုလို၊ မေမေ့ကို မိန်းမလို မိန်းမရ ရန်တွေ့စာရေးတဲ့လူကြီး ...

"ပြီးကျတော့ သူပဲ မနေနိုင် မထိုင်နိုင် လက်ထပ်ပါတော့မယ်ဆိုမှ ခိုးပြေးဦးမလို့ဆိုပဲ ...

"သူတို့ညီအစ်ကိုတစ်တွေဟာ ဘယ်လိုကြီးတွေလဲ၊ သတ္တိကျတော့လည်း ကြောင်သေး၊ ပြဿနာကျတော့လည်း ဖော်သေး"

မွန်မွန် မောင်မောင်မုန်း သိလိုက်ရကတည်းက အခင်အမင်က လုံးဝပျက်သွားရပါတော့သည်။ ကိုကိုကြီးအပေါ် သနားထားမိတာတွေလည်း ပြန်သိမ်းဖြစ်သည်။

"မရှင်း မရှင်း ညီအစ်ကိုတစ်တွေ"



မောင်မောင် လုပ်ခဲ့ပုံကလည်း မရှင်းမရှင်း။ ဝေဟင် လုပ်ပုံကျတော့လည်း မရှင်းမရှင်း။ ပေးပြန်တော့လည်း ဝန်မခံ။ လိမ်ညာပုံကျတော့ မပီရိ။

"တော်ပါပြီ ... တော်ပါပြီ"

ဆက်လက် နားထောင်လိုစိတ်လည်း မရှိတော့ပါ။ မေမေနှင့် စကားပြောနေတာကိုတောင် မေမေ့ဘက်ကတိုင်၏။ စကားပြောဖို့ ဘယ်ကောင်းတော့မှာလဲ၊ ဖေဖေသာရှိရင်၊ ဖေဖေသာ သိရင် ဘယ်မှာစိတ်ကောင်းရှာပါ့မလဲ။

ဒီလူကြီးရဲ့ညီနဲ့လည်း ဖေဖေက ဘယ်လိုမှ သဘောတူမှာ မဟုတ်ချေ။ ကိုကိုကြီးရေ ... ငယ်စာရင်းဖျက်ကြပါစို့၊ မဖြစ်နိုင်တာတွေက များလွန်းပါတယ်။

ခေမာ ခြံထဲသို့ ဆင်းသွားပါတော့သည်။ ပန်းပင်တွေကြားမှာ ထိုင်မည်။ ကြွေလုတဲတဲ အသည်းဆိုင်လေး ပြန်မှိုင်မာစေဖို့ ကြိုးစားရပါဦးမည်။

သိပ်လွယ်သည့် အလုပ်တော့ မဟုတ်ဘူးပေါ့လေ။

○ ♡ ○

"ကိုဝေယံကို ရှာလို့တွေ့ခဲ့တယ်၊ ဝေဟင့်ကို ရှာလို့တွေ့ခဲ့တယ်၊ ကိုဝေယံက အခြေတကျ၊ ဝေဟင်ကျတော့ ဦးထွန်းလင်း ခေါ်မွေးစားထားတဲ့ဘဝ"

"အဲဒီကတည်းက အစ်ကိုကြီးကို သိနေခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... မွန်မွန်၊ မွန်မွန် ဘယ်သူနဲ့ လက်ထပ်တယ်၊ အဲဒီလူ ဘာလုပ်တယ် ဆိုတာလောက်တော့ ငါသိတာပေါ့"

"အဲဒါနဲ့ ညီကို ပြန်ခေါ်ရောလား"

"ဦးထွန်းလင်းကြောင့်တော့ မဟုတ်ပါဘူး၊ သူများဆီက တာဝန်ကို အစ်ကိုက ပြန်ယူတဲ့သဘောပါ၊ ဦးထွန်းလင်း ဘယ်လောက် စိတ်ကောင်းရှိတယ် ဆိုတာလည်း သိတာပဲ ..."

"ဦးထွန်းလင်း လူကောင်းမှန်း သိလိုက်ရကတည်းက နင့်အတွက် စိတ်အေးလိုက်တယ် မွန်မွန်"

"ဒါဖြင့် ခုလာကတည်းက ဘယ်သူဘယ်ဝါဆိုတာ ကြို သိထားတာပေါ့"

"သိတယ် ... နင့်ကိုတွေ့လိမ့်မယ်လို့တော့ မထင်ဘူး၊ သမီးကို တောင်းပန်ဖို့လာတာ ဝေဟင် ..."

ဝေဟင့် အကြောင်း ပြောပြရမြန်သည်။ လင်းမွန် မေတ္တာမှာ အလုပ်ထွက်ခွင့်စာ စားပွဲပေါ်တင်ပြီး ကားမောင်းထွက် အလာမှာ ကားအက်ဆီးဒင့် ဖြစ်ရသည့် အကြောင်းများ။

"ဝေဟင်ဟာ သမီးကို သိပ်ချစ်ရှာပါတယ် မွန်မွန်၊ သမီးက မယုံဘူး"

"ယုံနိုင်စရာမှ မရှိဘဲ"

"နင်တို့ထင်တာ မှားနေပြီ"

"ဘာကိုလဲ"

"ငွေစင့်ကိစ္စ ..."



"ဆရာဝန်နားနဲ့ပဲ နားထောင်တော့ မောင်မောင်၊ အစ်ကို ကြီးဟာ သမီးလေး မွေးပြီးကတည်းက သားသမီးမရအောင် ခွဲစိတ်ပြီးသား၊ အခု ကိုယ်ဝန်ကျန်ခဲ့တယ်ဆို"

"ကြားတယ်၊ ဦးထွန်းလင်းကိစ္စ သိပထားတော့ ..."

"အဲဒါ အစ်ကိုကြီးနဲ့ ဖြစ်နိုင်ပါ့မလား၊ သူနဲ့မရှင်းမရှင်း ဖြစ်နေတဲ့ သူတွေထဲက တစ်ယောက်ယောက်ပဲပေါ့၊ အဲဒီ မိန်းမ ဆေးရုံတက်တော့ ဝေဟင်ကပဲ လူနာရှင်အဖြစ်နဲ့ တာဝန်ယူ ဆောင်ရွက်တယ်ဆို"

"အင်း ... မပြောလို့လည်း မပြီး၊ ပြောရတာလည်းရှက် တယ်၊ ငွေစင်ဟာ ငါတို့နဲ့ အဖေတူအမေကွဲ တတိယ ညီမပဲ"

"ဟင် ..."

○♡○

"အဖေတူ အမေကွဲတွေကို လိုက်စုံစမ်းတဲ့ အခါမှာ ဝေယံ၊ အာကာ၊ ဝေဟင် ဆိုတဲ့ ညီအစ်ကိုသုံးယောက်ပဲ ပြန်ဆုံသေးတယ်၊ အကြီးဆုံးက ညီတွေအပေါ် သွေးစကား တော့ ပြောတယ် ...

"သိပ်ဟက်ဟက်ပက်ပက်တော့မရှိလှဘူး၊ ဒါကြောင့် ဝေဟင့်ကို ငါ ခေါ်ထားတာ၊ ဝေဟင့်အထက် ညီမတစ် ယောက်ရှိတာကို ကြားတယ်၊ ဘယ်လိုမှ ရှာမတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ ပြောရတော့ ဒေါက်တာအာကာ မျက်နှာပျက်ရှာ၏။ ဒေါ်သီရိမွန်ကို မကြည့်ဘဲ မျက်နှာကို ခပ်လွှဲလွှဲ ထားသည်။

"အမေပေါ်မှာ မူတည်ပြီး သားသမီးတွေ တစ်ယောက်တစ်မျိုး ဖြစ်ကြတာပါပဲဟာ ...

"ငွေစင်ဟာ ပေါ့ပျက်ပျက် မိန်းကလေး ဖြစ်ရှာတယ်"

ဒေါ်သီရိမွန်ရင်ထဲ ထောင်းခနဲတော့ ဖြစ်သည်။ သူ့မှာတော့ သူ့ညီမပေကိုး၊ ပေါ့ပျက်ပျက် မိန်းကလေး ဖြစ်ရှာတယ်ဟု သက်ညှာစွာ တွေးနိုင်သည်။ ကိုယ့်ရင်ခွင်မှ လာလုသွားသူတစ်ဦးကို ဒေါ်သီရိမွန် အနေနှင့်တော့ ဘယ်မှာသနားကြင်နာနိုင်ပါ့မလဲ။

"ဦးထွန်းလင်း ဆုံးလို့ ဝေဟင် ရောက်သွားမှ"

အဲဒီတုန်းက ဝေဟင်က ငွေစင့်ကို လက်ညှိုးငေါက်ငေါက် ထိုးမတတ် နှစ်ပြားမတန်အောင် ပြောပစ်တာကို ပြန်ပြောရင်း အစ်ကိုဖြစ်သူ ရင်ထဲမှာ မကောင်းနိုင်တော့ပါ။

"ငွေစင်က သိနေတယ်၊ ဝေဟင် ပြောသမျှ ငုံ့ခံပြီး ချုံးပွဲချငိုတယ် ...

"မောင်နှမချင်း ဒီလောက်မပြောပါနဲ့၊ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ဒီဘဝ ရောက်ရတာပါ"လို့ ပြောမှ ...

အဲဒီတော့မှ ...

ရှာလို့မတွေ့သေးသည့် ညီမကို ဖြုန်းစားကြီးသိမြင်၊ တစ်ချီတည်း တွေ့ဖူးလိုက်ရခြင်းပါ။



ဝေဟင်က ဦးထွန်းလင်းကို သွေးဆောင်ဖြားယောင်းသူအဖြစ် ရင့်သီးစွာ ထိုးနှက်ပြီးမှ ဆက်ပြောရရှိုးနိုး၊ အစ်မကို ခုမှတွေ့ရသည်မို့ ဝမ်းသာရရှိုးနိုး။

ကိုယ်တိုင် မညှာမတာ ပြောဆိုရှုတ်ချခဲ့သူက ကိုယ့်အစ်မ ဖြစ်နေလေတော့ ကိုယ့်မျက်နှာကို ဘယ်လိုထား၍ ကိုယ့်အစ်မမျက်နှာကို ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ပါ။

"အစ်ကိုကြီးနဲ့အိမ်ထောင်ကျပြီးမှ လင်းပွင့်ဖေဖေ့ဘက ဝေဟင်ဆိုတာ အဖေတူအမေကွဲမောင်မှန်း သိလိုက်ရတာပါ ...

"အဖြစ်က ဆိုးနေလို့ အစ်မတော်ပါတယ် မောင်လေးရယ်လို့ ဆွေမျိုးတောင် လာမစပ်ရဲခဲ့ပါဘူး"

ဗိုင်းကောင်းကျောက်ဖိ မဟုတ်ခဲ့ပေမယ့် ကိုယ်ကျင့်တရားကိုတော့ ထိန်းခဲ့ပါကြောင်း၊ မမျှော်လင့်ဘဲ ဖြစ်သွားရတော့လည်း စရိုက်ကြမ်း စိတ်ကြမ်းဘဝမှာ လျှောက်လှမ်းခဲ့ရသူပီပီ ဖြစ်ရပ်တစ်ခုကို ကြမ်းကြမ်းတမ်းတမ်းပဲ သရုပ်ဖော်မိကြောင်းတွေ ...

ငွေစင် ပြောခဲ့တာတွေ ပြန်ပြောရပါသည်။

ဒါတွေဟာ လျှောက်လဲချက်လို့လည်း ခေါ်နိုင်ပါသည်။ မွန်မွန့်ခင်ပွန်းကို လုယူခဲ့သူက မိမိနှမဆိုတော့ အစ်ကိုဖြစ်သူခမျာ မျက်နှာပူပူနှင့်ပင် ငယ်သူငယ်ချင်း ငယ်ချစ်သူထံမှာ အယူခံဝင်ရရှာပါ၏။

"ဦးထွန်းလင်းဆီက ဘာရပိုင်ခွင့်မှ မတောင်းနဲ့၊ ငါတို့မောင်နှမသုံးယောက် အတူပြန်နေမယ်လို့ ငါပြောခဲ့ပါတယ် မွန်မွန် ... တကယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်တုန်းက ... ထားကတော့ ဘယ်ကျေနပ်ပါ့မလဲ။ သူ့များအိမ်ထောင်ရေးကို ဖျက်ဆီးသူ လူမှုရေးဖောက်ပြန်မှုဖြစ်ချက်ကြီးနှင့် ယောက်မကို ထား ဘယ်လိုကြည်ဖြူပါ့မလဲ။

ဒေါက်တာအာကာ အနေနှင့်ကတော့ ...

ဘဝဆိုးနေသည့် ကိုယ့်ညီမကို နွံထဲမှ ဆွဲတင်ချင်မိသည်။ ဒီအဖြစ်မှာ ဆက်ရှိနေခြင်းအားဖြင့် အားလုံးက မျက်နှာပူစရာ၊ ရှက်စရာ၊ အားနာစရာတွေချည်းမို့ လူလယ်ကောင်မှာ မျက်နှာပြဖို့ ဘယ်လိုရဲနိုင်ပါ့မလဲ။

အဲဒါတွေလည်း ပြောပြရပါသည်။

"ငွေစင်ဟာ ငါနဲ့မောင်နှမဆိုတာ နင်သိမှာ မျက်နှာလည်း ပူ ရှက်လည်းရှက်၊ နောက်ထပ် ပြစ်မှုကျူးလွန်မှာလည်းစိုး၊ ထားနဲ့ကွဲရရင် ကွဲရပစေဆိုပြီး ငွေစင့်ကို ငါပြန်သိမ်းပါတယ် ...

"မရဘူး မွန်မွန်၊ ပထမတော့ နေမလို့ဘဲ၊ ထားစကားကိုနာပြီး သူ့မှာသာ ဂုဏ်ရှိ ငွေရှိရင် မမထား ဒီစကား မပြောဘူးဆိုပြီး ဟိုတယ်တစ်ခု ပေးရမယ် ထတောင်းတော့တာပဲ"

အမွေမှုကိစ္စ မျက်နှာချင်းဆိုင်ကြစဉ်က ဒေါက်တာအာကာရော ဝေဟင်ပါ ဘယ်သူမှ ပါမလာတာ ဒေါ်သီရိမွန် သတိရမိပါသည်။

"ငါတို့ညီအစ်ကိုက ... သူ လင်းမွန်သစ္စာကိုတောင်းရင် ငါတို့နဲ့အပြတ်လို့ ပြောတယ်၊ သူကလည်း တောင်းဖြစ်အောင် တောင်းတယ် ...



"နင့်မျက်နှာ ဘယ်လိုကြည့်ရမယ် မသိလို့ အဲဒီနှမကို အဲဒီကစပြီး သေခန်းရှင်ခန်း ဖြတ်လိုက်တာ ...

"သူ ... သေကောင်ပေါင်းလဲ ဖြစ်တော့လည်း ဒီအစ်ကိုနဲ့ ဒီမောင်ပဲ ရှိတယ် မဟုတ်လား ...

"ကိုဝေယံကိုလည်း အားကိုးလို့မဖြစ်၊ ငါ့မှာလည်း ထားကရှိသေးတယ်၊ ဝေဟင့်ကို ခေါ်ရတာပေါ့၊ ဝေဟင်လည်း ...

"အရေးဟဲ့ အကြောင်းဟဲ့ ဆိုတော့ နေနိုင်ပါ့မလား၊ ရှက်ရှက်နဲ့ ဝန်ခံရရင် ငွေစင် ခန်သာဆိုတဲ့ ကောင်လေးနဲ့ ပရောပရည် ဖြစ်နေတာလည်း ငါတို့သိတယ် ...

"အရမ်းရှက်တယ် မွန်မွန်ရာ၊ မပြတ်နိုင်လို့သာ ဆေးရုံကို လိုက်သွားရတယ်၊ ငါ့နေရာက နင်နေကြည့်ပါ၊ နင်နဲ့မပတ်သက်ရင်တောင် ဘယ်လောက်ရှက်ရမလဲ ...

"နင်နဲ့ ပတ်သက်နေပြန်တော့ ငွေစင့်ကို ရိုက်တောင် သတ်ချင်တာ၊ ပြောဆိုဆုံးမလို့လည်း မရဘူး၊ ဒါကြောင့် သေခန်းဖြတ်ထားတာ ...

"ခု သေမလိုဖြစ်လို့ ပြန်ကြည့်နေရတယ်၊ ဒါပါပဲ မွန်မွန်၊ ငါတို့ရဲ့ အစုတ်ထုပ်ကြီးကတော့ အဲဒါအကုန်ပဲ"

ချွေးတွေပြန်လာရသည်မို့ လက်ကိုင်ပဝါထုတ်၍ ချွေးသုတ်သည်။ တပ်ထားသည့်မျက်မှန်ကို ချွတ်လျက် မှန်သားကို လက်ကိုင်ပဝါဖြင့် စိမ်ပြေနပြေ သုတ်နေပြန်သည်။ ဒေါ်သီရိမွန်နှင့် မျက်နှာချင်း မဆိုင်ရဲလောက်အောင် ဖြစ်နေပုံဖြင့် အလုပ်မရှိ အလုပ်ရှာလုပ်ကာ အချိန်ဆွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အနေခက်ရှာမှာပဲ။

ဒေါ်သီရိမွန် ငယ်သံယောဇဉ်ဖြင့် သနားမိပါ၏။ အစ်ကိုကြီးနှင့် တူတူနေခဲ့ရသည့် တစ်ချိန်လုံး ချစ်ပါတယ် ... ဟု ဖွင့်ဟဝန်မခံမိတာ ဒီယောကျ်ားသားတစ်ဦးကြောင့်ပါ။

အစ်ကိုကြီး မရှိတော့သည့် အချိန်ကျမှ အစ်ကိုကြီးကို ရင်နှင့်အမျှ ချစ်အားကိုးမိတာတွေကို နားလည်လာကာ ယူကျုံးမရ ဖြစ်ရပါသည်။

ခုချိန်မှာ အစ်ကိုကြီး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဒီယောကျ်ားသားတစ်ဦးကို ငယ်သူငယ်ချင်းထက် ဘယ်လိုမှ သံယောဇဉ် မပိုနိုင်တော့တာ သူ့အတွက် တုန်လှုပ်ခြင်းကင်းစွာ အေးအေးဆေးဆေး စကားပြောနိုင်သည့် မိမိကိုယ်ကိုတောင် မိမိ အံ့သြလှပါ၏။

"အသက်တွေလည်း ကြီးကုန်ပြီ မွန်မွန်၊ ငါတို့တစ်တွေ သူငယ်ချင်း ညီအစ်ကိုမောင်နှမတွေလို ခင်ခင်မင်မင်နေချင်တယ်၊ နင် ခွင့်လွှတ်တယ် ဆိုရင်ပေါ့ ...

"အစစအရာရာအတွက် ခွင့်လွှတ်ပါလို့ ငါတောင်းပန်ပါတယ်၊ ဝေဟင့်အတွက်လည်း စဉ်းစားပေးပါ၊ ကောင်လေး စိတ်ဆင်းရဲလှပြီ"

ဒေါ်သီရိမွန် တစ်ခွန်းမျှ ပြန်မပြောနိုင်ပါ။ ရင်ထဲမှာ စိတ်သန့်နေသည့်မို့ သူငယ်ချင်းအဖြစ် ဆက်ဆံကြဖို့ လိပ်ပြာလုံပါသည်။ ဝေဟင့်အတွက်လည်း ကိုယ့်သမီးကိုယ်တိုင်က စိတ်ပါပြီးသားမှာ ငွေစင်နှင့် မရှ[illegible]မလင်း ဆိုတာကလည်း ရှင်းသွားပြီမို့ အများကြီး စဉ်းစားပေးနိုင်ပါသည်။



သို့ပေမယ့် ငွေစင့်ကိုတော့ ဘယ်မှာခွင့်လွှတ်နိုင်ပါ့မလဲ။ မွန်မွန် သည်လောက်ပါရမီမရင့်သေးပါဘူး မောင်မောင်ရယ်။ ငွေစင့်ကိစ္စကို လုံးဝမေ့ထားပြီး သည်ညီအစ်ကိုနှစ်ယောက်တည်းနှင့် ရွေးပြီးဆက်ဆံဖို့ကျတော့ကော ဖြစ်နိုင်ပါ့မလား။

စဉ်းစားစရာတွေ အများကြီး ရှိပါသေးသည်။ စဉ်းစားဖို့အတွက် အချိန်တွေ အများကြီး ယူရဦးမည်။

"နင် နေမကောင်းဖြစ်နေတုန်း လာနှောင့်ယှက်ရတာ စိတ်မကောင်းဘူး၊ ငါ နေ့တိုင်းလာကြည့်ပေးမယ် မွန်မွန်၊ အလကားပဲတင်း ဒေါက်တာဖွတ်ကျားလေ"

ရယ်သွမ်းသွေးကာ ဒေါ်သီရိမွန်ကို မရဲတရဲကြည့်သည်။ ဒေါ်သီရိမွန်၏ မျက်နှာပြင်က ကွက်လပ်တစ်ခုနှယ် မည်သည့်စာတန်းမှ မထင်ပါ။

"ဖြည်းဖြည်း စဉ်းစားဦးဟာ၊ ဝေဟင့်အတွက်တော့ ငါ လျှောက်လဲချက် ပေးခဲ့တယ်လို့ သဘောထားပါ၊ ငါပြန်မယ်"

ဒေါ်သီရိမွန် ခေါင်းညိတ်သည်။

ထွက်သွားသူကို ငေးကြည့်ကျန်ရစ်သည်။ သူ့အပေါ်မှာ ထားရှိခဲ့သည့် အစိုင်းအခဲမဲ့ အချစ်တွေ ဘယ်တုန်းက မှေးမှိန်လွင့်ပြယ်သွားခဲ့မှန်း မသိပါ။ အစ်ကိုကြီးမေတ္တာတွေက ထိုးဖောက်နေရာယူခဲ့တာ ဖြစ်မှာပါပဲ။

မတော်တဆ ကြုံကြိုက်မှုကြောင့် ဖြစ်ရတယ်ပဲထားဦး။ အစ်ကိုကြီးရယ် ဟိုအမျိုးသမီးကိုတော့ သိရီ ခွင့်မလွှတ်နိုင်ပါဘူးရှင်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရဲ့သွေး မဟုတ်ဘဲ စွပ်စွပ်စွဲစွဲ လုပ်တာကို ကျတော့ရော သီရိ ဘယ်လိုသည်းခံနိုင်ပါမတဲ့လဲ။

ရင်ထဲမှာ မကောင်းဘူး သူငယ်ချင်း မောင်မောင်ရယ်။

ooo



## ပုန်းသူ့အလွမ်း

"မျိုးနဲ့ရိုးနဲ့ ချိုပြီး နိပ်စက်တာပါလား မေမေ"

မျက်ရည်လည်းကျသည်။ ဒေါသလည်းထွက်သည်။ ရင်ထဲမှာ ဆတ်ဆတ်တုန်လျက် လုံးဝမခံမရပ်နိုင်ပါ။

"သံယောဇဉ်လည်း တွယ်မနေပါနဲ့တော့ မေမေ၊ လင်းမွန် မေတ္တာကို ရောင်းခဲ့မယ်၊ တခြားစီးပွားရေးလုပ်ငန်းတွေ လည်း ရှိသေးတဲ့ဟာ၊ မီးတို့သားအမိ မန္တလေးပြန်နဲ့မယ်"

သမီးလေးကို ဒေါ်သီရိမွန် အရမ်းသနားမိလေ၏။

"သမီးရယ်"

ချစ်သူကို လက်လွှတ်ဆုံးရှုံးရသည့် ဝေဒနာ မည်မျှ ပြင်းထန်ကြောင်း ကိုယ်ချင်းစာနိုင်ခဲ့ပါသည်။

မောင်မောင်ပြောသွားသည့် စကားတွေကို သမီး အား လုံးစေ့ပတ်စေ့ ပြန်ပြောပြသည်။ သမီး သိထားဖို့ပါ။ ဒေါ်သီရိမွန် အနေနှင့် ဝေဟင့်အပေါ် သမီးနှင့်သဘောတူသည် လည်းမဟုတ်၊ မတူဘူးလည်းမဟုတ် တိကျစွာ ဆုံးဖြတ်ချက်မချ ရသေးပါ။

မဖြစ်နိုင်သည့်ဘက်ကတော့ များသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖေဖေ ရှာပနတုန်းက ဆုံဖူးရုံသာမို့ ဤသူငယ်ကို သမက်တော်နိုင် မတော်နိုင် ဆုံးဖြတ်ရန် အများကြီးလေ့လာရပါဦးမည်။ ယခုကိစ္စက ဖြစ်ရပ်မှန်တွေကို သမီး သိထားဖို့ဖွင့်ပြောခြင်း သက်သက်သာ ဖြစ်ပါ၏။

"သူတို့ချင်း မောင်နှမဆိုတော့ မရှင်းမရှင်းဆိုတဲ့ ကိစ္စကတော့ ရှင်းသွားပြီပေါ့ သမီးရယ်"

အဲသည်လို ပြောမိကာမှ သမီးက ဆွေ့ဆွေ့ခုန်တော့တာပါ။

"သူ့အစ်ကိုက မေမေ့ကို စာတစ်စောင် ပေတစ်ဖွဲ့နဲ့ စော်ကားခဲ့တယ်၊ သူ့အစ်မက ဖေဖေ့ဘဝကို ဖျက်တယ်၊ မေမေ့ဘဝကို ဖျက်တယ်၊ သမီးရမယ့် အမွေအနှစ်ကို ဖဲ့ယူတယ် ...

"အဲဒီမောင်နှမအုပ်စုထဲက အငယ်ဆုံးလူက သမီးကို ကြိုက်ပြန်ပြီဆိုတာ နည်းနည်းမှ မရိုးသားပါဘူး မေမေ၊ သမီးစိတ်ကို ပြတ်လိုက်ပြီ"တဲ့။

တကယ်ပြတ်နိုင်လျှင်တော့ မိခင်အနေနဲ့ ဘာ[illegible] စရာ ရှိပါဦးမည်နည်း။

နှုတ်က ပြတ်ပါပြီပြောပြီး ရင်ထဲမှာ ကျွမ်းမြည်[illegible] လျှင် သမီးလေး အခံရခက်ရှာပါလိမ့်မည်။

"ဘယ်ဘဝက ဝဋ်ကြွေးလည်း မေမေရယ်၊ သူတို့မောင်[illegible] တစ်စုလုံး သမီးတို့မိသားစုကို အငြိုးနဲ့ဖျက်ကြတာ"

ကြုံရသည့် ဖြစ်ရပ်တွေအပေါ်မှာ သည်းခံခွင့်[illegible] နိုင်စွမ်း မရှိပေမယ့် မောင်နှမတစ်စုက မိသားစု [illegible]က်စုကို [illegible]



ဒုက္ခ လူဒုက္ခပေးခြင်းကိုတော့ တိုက်ဆိုင်မှုတစ်ရပ်ဟု လူကြီးအမြင်နှင့် မြင်နိုင်ပါသည်။

ငွေစင်သည် ဝေဟင်နှင့်ဘာမှမတော်လျှင် အကောင်းသား။ ဝေဟင်ကလည်း မောင်မောင်နှင့် ဘာမှမတော်လျှင် အကောင်းသား။

ဩော် ... သူတို့မောင်နမသုံးယောက် တစ်ဖအေစီ၊ တစ်မအေစီ သူစိမ်းတွေပဲ ဖြစ်လိုက်ကြပါတော့။ အဲဒါဆို တစ်ဦးချင်းခွဲ၍ သီးသန့်မြင်နိုင်ပါလိမ့်မည်။

"ဖေဖေ့ကလေးလည်း မဟုတ်ဘဲနဲ့၊ မိန်းနဲ့ဖအေတူအမေကွဲ တစ်ယောက် ဗိုက်ထဲမှာ ကျန်ခဲ့တယ်လို့ သူကိုယ်တိုင် ပြောတာ မေမေရဲ့"

"ဒါတော့ သူ ထင်လို့ပြောတာ နေမှာပါ၊ ကာယကံရှင်ထက် ဘယ်သူ ပိုသိနိုင်မှာလဲ သမီး"

"မီးတော့ သူ့ကို ခွင့်လွှတ်တဲ့ ရှုထောင့်ကဆို မကြည့်နိုင်ပါဘူး မေမေရယ်"

"သမီး စိတ်နိုင်တယ် ဆိုရင်လည်း လင်းမွန်မေတ္တာကို ရှောင်းဖို့"

"ရှောင်းပါ မေမေ၊ ရန်ကုန်ကိုလည်း လုံးဝဆင်းလာစရာ မရှိတော့ဘူး၊ မန္တလေးမှာပဲ နေတော့မယ်"

"အေးလေ ... မေမေက သမီးလေး စိတ်မချမ်းသာမှာကိုပဲ စိုးတာပါ"

"စိတ်ကတော့ ဘယ်ချမ်းသာနိုင်ပါမလဲ မေမေရယ်၊ ခု[illegible] မေမေ ပြောခဲ့ဖူးတဲ့စကားကို သဘောပေါက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ သမီး"

"မေမေ သမီးကို ဆုံးမခဲ့တာလေ၊ မိန်းကလေးမှာ ဣန္ဒြေ သိက္ခာဆိုတဲ့ ဝတ်ကောင်းစားလှကြီးကို ဆင်ယင်ထားရမယ်တဲ့ ...

"ဣန္ဒြေရှိခြင်း၊ သိက္ခာစောင့်စည်းခြင်းဆိုတာ မိန်းမသားတစ်ဦးအတွက် တန်ဖိုးတဲ့"

ဒေါ်သီရိမွန် ပြုံးမိပါ၏။

"ဝတ်ကောင်းစားလှနဲ့လူဟာ မင်းလမ်းမကြီးပေါ်မှာပဲ ဖြူးဖြူးဖြောင့်ဖြောင့် လျှောက်လှမ်းသင့်တယ်တဲ့ ...

"နောက်ဖေးလမ်းကြား မလျှောက်ရဘူးတဲ့၊ နောက်ဖေးလမ်းကြား သွားလျှောက်ရင် ကိုယ့်ဝတ်ကောင်းစားလှတွေ အညစ်အကြေး စင်မယ်တဲ့"

"အဲသည်တုန်းက သမီး ပြောခဲ့သေးတယ်လေ၊ အညစ်အကြေးစင်တော့လည်း လျှော်ဖွပ်ပစ်မှာပေါ့တဲ့"

ဒေါ်သီရိမွန်က သမီးကို ပြုံး၍ပြောသည်။

"ဟုတ်ပါတယ် မေမေ၊ မီးဟာ နောက်ဖေးလမ်းကြား ဝင်လျှောက်သလို ရှုပ်ရှုပ်ယှက်ယှက် မောင်နှမအုပ်စုထဲ မလိမ်မိုးမလိမ်မှာ ရောက်သွားလို့၊ ခုတော့ သမီးရဲ့ဣန္ဒြေသိက္ခာဆိုတဲ့ ဝတ်ကောင်းစားလှကြီးကို လျှော်ပစ်ရတော့မယ် ...

"လျှော်ရပြီ ဆိုကတည်းက အသစ်ကျပ်ချွတ် ဘယ်ဖြစ်ပါတော့မလဲ မေမေ ...

"ခုမှ တကယ့်ကို နားလည်ပါပြီ၊ ပြီးတာတွေ ပြီးပါစေတော့၊ ဒီအကြောင်းတွေ တော်ပါပြီ"



"လင်းမွန်မေတ္တာကိုတော့ သမီး သဘောပါ၊ မေမေ့အနေနဲ့ကတော့ အစ်ကိုကြီး ဘယ်လိုသေဆုံးခဲ့ရတယ် ဆိုတာကို သေချာအောင် စုံစမ်းဖို့ တာဝန်ရှိသေးတယ်"

"မျက်မြင်သက်သေ တစ်ယောက်ယောက် မရှိရင်တော့ ဟိုမိန်းမက ဘယ်လိုမှ အမှန်ပြောမှာ မဟုတ်ဘူး"

"မေမေတို့ ကြိုးစားကြရဦးမယ် သမီး၊ သမီးဖေဖေကိုလေ မေမေ ..."

ဒေါ်သီရိမွန် ဝါကျကို ဆုံးအောင်မပြောနိုင်ပါ။ ရင်ထဲမှာ ကြေကွဲဆွတ်ကြင်လာရသည်။ မျက်ရည်စတို့ သီသိဝဲရသည်။

တစ်သက်လုံး အစ်ကိုကြီးကို မချစ်ဘူးလို့ ထင်ထားခဲ့တာပါ၊ အစ်ကိုကြီးကြောင့် ချစ်ဦးသူနဲ့ လွဲရလေခြင်းလို့ ယူကျုံးမရ ဖြစ်နေရတာပါ။

အစ်ကိုကြီး မရှိမှ အစ်ကိုကြီးရဲ့မေတ္တာ၊ အစ်ကိုကြီးရဲ့အရိပ်အာဝါသဟာ သီရိအပေါ် ဘယ်လောက် အေးမြစွာ လွှမ်းခြုံနိုင်တယ် ဆိုတာကို သိရပါတယ်။

မောင်မောင့်ကို ပြန်တွေ့ရမှ ...

သူ့အပေါ် ဆန်းပြားတဲ့မေတ္တာ၊ ဘယ်လိုမှ ရှိမနေတော့တာ သေချာသွားရမှ အစ်ကိုကြီးကို သီရိ ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ သိရပါတော့တယ် အစ်ကိုကြီးရယ်။

အစ်ကိုကြီး ဆုံးကြောင်းနဲ့ ဒုတိယစနိုး ရှိနေကြောင်း သတင်းဆိုးနှစ်ခုကို တစ်ပြိုင်တည်း ရလိုက်ခြင်းဟာ သီရိ အရှိန်ကို ဆောင့်ကန်လိုက်သလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သိရိ မိုက်ခဲ့ပါတယ်ရှင်၊ သမီးလေး စာမေးပွဲကို ဖြောင့်တန်းစွာ ဖြေစေချင်တဲ့ဆန္ဒအပေါ်မှာ ဒုတိယဇနီးရှိနေတဲ့ အဖေတစ်ယောက်ရဲ့ ဈာပနကို အပြစ်မဲ့သမီးဟာ စာမေးပွဲဖျက်ပြီးပို့ဖို့ မတန်ဘူးဆိုတဲ့ ဒေါသကိုဆင့်ပြီး သမီးလေးခမျာ သူ့အဖေတစ်ယောက်လုံးရဲ့ နောက်ဆုံးခရီးကိုမှ မပြင်လိုက်ရအောင် တားဆီးပိတ်ပင်ခဲ့တာ သိရိ အမိုက်မပါ အစ်ကိုကြီးရယ်။

မေမေ အသံထွက်ကာ မပြောတော့ပေမယ့် တွေတွေငေးငေးကြီး ဖြစ်သွားခြင်းဖြင့် ရင်ထဲမှာ စကားတွေအများကြီး ပြောနေမှာဆိုတာ ခေမာ နားလည်လိုက်ပါသည်။

မေမေ ဖေဖေ့ကို သိပ်ချစ် သိပ်လွမ်းနေတာ မီးမသိဘဲ နေပါ့မလားရှင်။

အချစ်ဆိုတာကိုလည်း ခေမာ နားမလည်တော့ပါ။ ချစ်ဦးသူ မောင်မောင့်ကို ခေမာ့တစ်သက်တာနှင့်အမျှ တမ်းတကာ ဖေဖေ့ကို မချစ်ပါဘူးဆိုသည့် မေမေ။ ဖေဖေ မရှိတော့မှ ဖေဖေ့ကို ဘယ်လောက်ချစ်နေကြောင်း မေမေ သိရှာပုံရသည်။

ဒေါက်တာအာကာနှင့် တွေ့ချိန်မှာ မေမေ ရင့်ကျက်တည်ငြိမ်စွာ စကားပြောနိုင်သည်။ ကြည်နူးပီတိဖြင့် အတိုင်းမသိ ဝမ်းမြောက်တာမျိုးလည်းမဖြစ်။ လိုက်လှဲကြေကွဲမှုဖြင့် ဝမ်းနည်းပက်လက်လည်းမဖြစ်။ မိတ်ဟောင်းဆွေဟောင်းတစ်ဦးနှယ်၊ သာမန်မှ တကယ့်ကိုသာမန်။

မေမေ ဒေါက်တာအာကာကို မချစ်တော့ဘူးထင်ပါရဲ့။ အချစ်ဆိုတာ ဒီလိုပဲ နှစ်ပေါင်း လပေါင်း ရှည်ကြာတာနှင့်အမျှ မှေးမှိန်ပျောက်ကွယ်တတ်တယ်လား။



ဒီလိုဆို တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကိုကိုကြီးကို မေ့နိုင်ကောင်းပါရဲ့။

မမုန်းနိုင်ပေမယ့် မေ့ချင်တယ် ကိုကိုကြီးရယ်။ ရင်ထဲမှာ နာတယ် ကိုကိုကြီးကို ပလွမ်းဘဲနေနိုင်တဲ့ဘဝကို ရချင်တယ်။

○♡○

ဒေါက်တာအာကာက မေမေ့ကို နေ့တိုင်း လာကြည့်ပေးသည်။

"ဆယ်တန်းမအောင်ခင်တုန်းကတော့ နှင်နဲ့ ငါနဲ့ ပြောခဲ့တာ၊ ဘက္ကာသိုလ်ရောက်ပြီး စိတ်ကလေးတွေ ထွေပြားလာတော့ သူက သူ့ကိုယ်သူ ကိုယ်လို့ပြင်ပြောတယ် ...

"မေမေကလည်း မွန်မွန်နဲ့ မောင်မောင်လို့ ပြောင်းသုံးတယ်၊ ခုချိန်မှာပြန်ဆုံတော့ ငယ်သူငယ်ချင်းတွေ မဟုတ်လား သမီးရဲ့၊ နှင်နဲ့ ငါနဲ့ပေါ့"တဲ့။

မေမေက ဒေါက်တာအာကာကို နှင်၊ ငါနှင့်ပင် ပြောနေသည်။ ကိုကိုကြီးကိုတော့ အသက်ချင်းကွာတာ တစ်ကြောင်း၊ အစကတည်းက ကိုကိုကြီးခေါ်ခဲ့မိတော့ သူ့အိမ်ထောင်နဲ့သူ၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ် ပြန်ဆုံကြလျှင်တောင် ကိုကိုကြီးပဲ ခေါ်ရမလိုပါ။

'ကိုဝေဟာင်'ဆိုတော့လည်း ရှယ်တူတန်းတူ မဟုတ်သည်မို့ ရိုင်းရာကျပါလိမ့်မည်။ 'ဦးဝေဟာင်'ခေါ်ပြန်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ ငယ်ပေါင်းမိတ်ဆွေလို ရင်းနှီးမှုရှိတော့မလဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ခေမာလို့ပြောကျင့်၊ ကျွန်မလို့ပြောကျင့်လေး လုပ်ထားရမယ်ထင်ပါတယ်။

ဩော် ... ကိုကိုကြီး။

ရင်ထဲ စူးမျက်စွာနာသည့်ကြားမှ ဟိုး နှောင်တစ်ချိန်မှာ ပြန်ဆုံရင် ... ဆိုတဲ့ အတွေးက ဝင်နေရပါသေးသည်။

မေမေ တော်တော်လေး ထူထူထောင်ထောင်ဖြစ်လာသည်။ လာနိုင် သွားနိုင် ဖြစ်လာသည်။

"မောင်ဝေပဟင်က ဆေးရုံမှာပဲလား"

သည်လူစုတွေထဲ ဒေါက်တာအာကာနှင့် စကားပြောဖြစ်သည်မှလွဲ၍ မည်သူ့အကြောင်းမျှ မေမေ မမေးခဲ့ပါ။ ခု ဘာစိတ်ကူးရသည်မသိ။ လူနာသတင်းမေးနေသည်။

"ဟုတ်တယ်"

"ကြာလှချည်လား၊ ခုထိ မကောင်းသေးဘူးလား"

"အကျိုးအပဲ့တွေကတော့ ကောင်းကုန်ပါပြီ၊ ခေါင်းက မူးမူးနေတုန်း၊ ဦးနှောက်နဲ့ အာရုံကြောကို ပို့ထားရတယ်"

"ဟင် ... သူ သတိမကောင်းဘူးလား"

ဒေါက်တာအာကာ ရယ်သည်။

"ဘာလဲ မွန်မွန်က စိတ်ကူးယဉ်ဝတ္ထုတွေထဲမှာ အတိတ်မေ့တာမျိုး မေ့နေတယ် ထင်လို့လား"

"အဲဒီလို မဟုတ်ဘူးလား"

"အတိတ်မေ့တယ်ဆိုတာ ဖြစ်နိုင်စရာ အကြောင်းရှိတယ်ဆိုပြီး စာထဲမှာ သင်ရဖူးပါတယ်၊ လက်တွေ့မှာတော့



ကိုယ်တို့မြန်မာပြည် ဆေးလောကရာဇဝင်မှာ တစ်ယောက်မှ မတွေ့ဖူးသေးဘူး၊ နိုင်ငံခြားဝတ္ထုတွေထဲ ပါတာကို မှီးပြီး စိတ်ကူးယဉ်နေကြတာပါ"

"ဒါဖြင့် သတိကောင်းတယ်ပေါ့"

"သတိကောင်းတယ်လို့တော့ ပြောလို့မရဘူး၊ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါ ဘာညာ အကုန်သိတယ်၊ ဒါပေမဲ့ မှတ်ဉာဏ်အား ချွတ်ယွင်းတယ် ဆိုပါတော့ မေ့မေ့နေတယ်"

"သတိလစ်တာလား"

"မဟုတ်ပါဘူး၊ ဆေးချိန်မှာ ဆေးသောက်ပြီးလား မသောက်ရသေးဘူးလား မမှတ်မိဘူး၊ တစ်ခုခုလုပ်ဖို့ သတိမရဘူး၊ ပြောထားရင်လည်း မမှတ်မိဘဲ မေ့နေတာမျိုးပါ"

"စိုးရိမ်ရလား"

"ကျောင်းသားဆိုရင်တော့ စာကျက်ထားတာတွေ မေ့ကုန်ရင် မခက်ဘူးလား၊ ခုဟာက ကျောင်းသားမှ မဟုတ်တာ၊ သိပ်အရေးမကြီးပါဘူး"

"အဲဒါ ပြန်ကောင်းမှာလား"

"ကောင်းမှာပါ"

"နင် မှတ်မိသေးလား၊ ငါတို့ အင်တာအေ Inter A(ယခု အခေါ်အဝေါ် တက္ကသိုလ်ပထမနှစ်)တုန်းက အင်္ဂလိပ်စာမှာသင်ခဲ့ရတဲ့ Split personalityစပလစ်ပါစင်နယ်လ်လစ်တီ (နှစ်ကိုယ်ခွဲစိတ်ရောဂါ)အကြောင်း"

"အေး မှတ်မိတယ်"

"အဲဒါမျိုးရော အပြင်မှာ တကယ်ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါက စိတ်ရောဂါ မကျွမ်းတော့ သိပ်တော့ မပြောတတ်ဘူးဟ၊ အဲဒါတွေက ဆန်းသား၊ ရှိမယ်ထင်တယ်၊ ရှင်းရှင်းပြောရရင် အဲဒါက စိတ်ရောဂါဝေဒနာ မဟုတ်လား၊ စိတ်ရောဂါဝေဒနာသည်တွေ ဆိုတာက သူတို့စိတ်ထဲ ထင်တာကို အဟုတ်လုပ်ကြတော့ ...

"ကန်စွန်းရွက်သည်မလေးကပေမယ့် သူ့ကိုယ်သူ မိဖုရားကြီးထင်ပြီး ပြောချင်ရာ ပြောနေမှာ"

စကားဝိုင်းမှာ ဝင်မပါပေမယ့် ခေမာ နားကိုတော့ စွင့်ထားမိပါသည်။ ကိုကိုကြီး နေမကောင်းသေးဘူးဆိုပဲ။ သူ့အကြောင်းတွေးလိုက်တိုင်း ရင်ထဲမှာနာသည်။ မေမေက ဒေါက်တာအာကာကို ခွင့်လွှတ်နိုင်ပြီး ငွေစင့်ကိုသာ အငြိုးအတေး မပြယ်နိုင်သေးဘဲရှိသည်။

ခေမာကျတော့ ဒေါက်တာအာကာကိုလည်း ခွင့်မလွှတ်နိုင်။ ဒေါ်ငွေစင်ကိုလည်း လူသာသတ်ရဲလျှင် သတ်ချင်သည်အထိ။ ဝေဟင် ဆိုသည့် လူသားတစ်ယောက်ကိုကျတော့ ရင်ထဲမှာ နာသည်။ လန့်လန့်ကြောက်ကြောက်ကြီးဖြစ်ကာ အဲသည်အုပ်စုနှင့်ပတ်သက်ဖို့ကို စိုးရွံ့နေရသည်။

ဒီအကြောင်းမပြောသေး မုန်းမျက်နှာကြည့်နေမိမှာ၊ လွမ်းနေမိဦးမှာပါ ကိုကိုကြီးရယ်။

"ငါတို့ မြတ်စွာဘုရားက ပုထုဇနော ဥမ္မတ္တကောလို့ ဟောခဲ့တယ်မဟုတ်လား မွန်မွန်၊ လောကမှာ လူကောင်းပါဆိုတဲ့ လူတွေဟာလည်း တစ်မျိုးမျိုးတော့ ရူးနေကြတာပဲ"

"နင်ပဲရူး၊ ငါတော့ မရူးဘူး"



"နင်က ပုထုဇဉ် မဟုတ်ဘူးလား"

"ပုထုဇဉ်တော့ ပုထုဇဉ်ပါပဲ၊ ဒါပေမဲ့ အခု နင့်ကို လက်ခံစကားပြောနေနိုင်တာကိုက ပုထုသိပ်မဇဉ်လို့၊ ငါ ခွင့်လွှတ်နားလည်တတ်လို့၊ ဒီတော့ အရူးစာရင်းထဲ မပါဘူး"

"အေး ... နင် ငါ့ကို လက်ခံစကားပြောနေနိုင်တာကို ငါ အရမ်းဝမ်းသာတယ်၊ ကျေးဇူးလည်းတင်တယ်၊ ချီးလည်း ချီးကျူးတယ် ...

"ငါ နင့်ကို တောင်းပန်ချင်တယ်၊ နောက်တစ်ခါ ထပ်ပြီး ချီးကျူးဝမ်းသာ ကျေးဇူးတင်ပါရစေဦးလို့"

"ဘာလဲ ... သမီး တောင်းဦးမလို့လား"

"အေး"

ဒေါက်တာအာကာ ရယ်သွမ်းသွေးသည်။

"နင်တို့လောက် မချမ်းသာတာကလွဲရင် လူရိုးသဘောကောင်းလေးပါ"

ပြောပြီး အားနာပါးနာ ရယ်သည်။

"ပြောရမှာ အားနာတယ် မောင်မောင်၊ သမီးကိုက နင်တို့ အသိုင်းအဝိုင်းထဲကို မဝင်ချင်တာ"

ဒေါက်တာအာကာ မျက်နှာကွက်ခနဲပျက်သည်။

"နင်နဲ့ ငါနဲ့က ငယ်သူငယ်ချင်းတွေမို့ ငါ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောချင်တယ်၊ နင် ခွင့်လွှတ်မလား မောင်မောင်"

"ပြောပါဟာ ခွင့်လွှတ်မလားလို့ မေးရမှာက နင်မဟုတ်ပါဘူး၊ ငါတို့အုပ်စုကပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဖြင့် ပြောမယ်၊ ငါကိုယ်တိုင်တောင် နင်နဲ့ သိပ်ဆက်ဆံချင်တာ မဟုတ်ဘူး"

"ဟာ ... မွန်မွန်"

ဒေါက်တာအာကာ ထိုင်နေရာမှထရပ်သည်။ မျက်နှာက ပြင်မရအောင် ပျက်လေ၏။

"ထိုင်ပါဦး မောင်မောင်၊ ပြန်ထိုင်ပါ။ ငါ ရှင်းရှင်းနှီးနှီး ပြောမယ်၊ ခွင့်လွှတ်မလားလို့ မေးခဲ့တယ်လေ၊ နင်နဲ့ ငါနဲ့ဟာ ကျောက်သင်ပုန်းကြီး ဟိုဘက်ခြမ်း ဒီဘက်ခြမ်းနဲ့ ရန်ဖြစ်တော့ ဖက်သတ်ခဲ့ဖူးတဲ့ သူငယ်ချင်းတွေပါ ...

"နင်က ငါ့မျက်နှာကို လက်သီးနဲ့ထိုးထားတာ မျက်နှာကြီးရောင်လို့၊ ငါက ဖက်ကိုက်ထားတာ နင့်ပခုံးမှာ အကွင်းလိုက်ကြီး ...

"တို့တွေဟာ ဒဏ်ရာမကျက်ခင် ပြန်ခေါ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ"

ဒေါက်တာအာကာ ပြန်ထိုင်သည်။

"ငါ စိတ်ဆိုးလို့မဟုတ်ဘူး မွန်မွန်၊ အားနာလို့ ရှက်လို့ ပြန်မှာ"

"အားနာတာ တို့ကြားထဲမှာ မရှိပါဘူး၊ ရှက်ချင်တော့ ရှက်ပေါ့ဟာ"

ဒေါ်သီရိမွန်က ဒေါက်တာအာကာကို ကြည့်နေသော်လည်း မယ့် ဒေါက်တာအာကာ မျက်နှာလွှဲထားသည်။

"ငါကိုယ်တိုင် မဆက်ဆံချင်ဘူး ဆိုတဲ့ကိစ္စမှာ နင့်ဘာ ... ယောက်ဖတည်းအတွက်ပြောတာ မဟုတ်ဘူး၊ ငါ့ရင်ထဲက



နင် ဝင်ကြည့်၊ နင့်လို အစ်ကိုမျိုးကို ငါ ဆက်ဆံချင်ပါ့မလား၊ နင် နားလည်ပါ"

"နင် မမှားပါဘူး မွန်မွန်"

"အေး ... ဒါပေမဲ့ ငါတို့အသက်တွေလည်း ကြီးကုန်ပြီ၊ ရင့်ကျက်မှုလည်း ရှိသလောက်ရှိကုန်ပြီ၊ မရင့်ကျက်သေးဘဲ ကျန်တဲ့အပိုင်းတွေလည်း ကျန်နေသေးတာပဲ ...

နင့်ကို သူငယ်ချင်းအဖြစ်နဲ့ ပြန်ဆက်ဆံနိုင်၊ ခင်မင်နိုင်တဲ့အထိ ငါ ရင့်ကျက်တယ်"

ဒေါက်တာအာကာ သက်ပြင်းမောကိုချသည်။

"နင့်ညီမကို ခွင့်လွှတ်နိုင်လောက်အောင် ငါ မရင့်ကျက်နိုင်ဘူး၊ ငါကမွေးတဲ့ ငါ့သမီးခများတော့ ဘယ်နေရာမှာမှ ရင့်ကျက်နိုင်ရှာမယ် မဟုတ်ဘူးပေါ့ မောင်မောင် ...

"အဲဒီအတွက် သမီးခများ ရင်ကျိုးရှာတယ်၊ ရင်ကွဲပက်လက်ဝေဒနာကို ခါးစည်းခံနေရရှာတယ်၊ ဒီကိစ္စ ငါ ဘယ်နေရာက ဘယ်လိုဝင်ပါရမယ်ဆိုတာ စဉ်းစားလို့ကို မရဘူး၊ ငါ တိုက်လည်း မတိုက်တွန်းချင်ဘူး၊ ကန့်လည်း မကန့်ကွက်ချင်ဘူး၊ နင် နားလည်မှာပါ"

ဒေါက်တာအာကာ မျက်နှာကြီး နီနေရသည်။ ဆွေမျိုးဆိုတော့ မခေါ်ချင်ရင်သာ နေရမည်။ မတော်ချင်လို့မရ။ မခေါ်ချင်ပါဘူးဆိုပြီး သွေးခန်းရော ရှင်ခန်းပါ ဖြတ်ထားတာ [illegible] သွားနေရပြီ။

ရေကို ဓားနှင့်ခုတ်၍ ပြတ်ချင်ပြတ်မည်။ သွေးသား ဆွေမျိုးက မပြတ်နိုင်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန်"

ဒေါက်တာအာကာ ဒေါ်သီရိမွန်ကို လှည့်ကြည့်ခေါ်သည်။

"ပြော ... မောင်မောင်၊ အားမနာကြေး မရှက်ကြေးပေါ့ဟာ၊ နင် ပြောချင်တာ အကုန်ပြော"

"ငါ တော်တော်ပြင်းပြင်းထန်ထန် ခံစားရတယ်၊ အဆိုးရွားဆုံး ခံစားချက်က ရှက်တာပဲ၊ ငါ သိပ်ရှက်တယ် မွန်မွန်၊ ငါ အရှက်မရှိတဲ့ မျက်နှာနဲ့ပဲ ပြောချင်ရာတွေ ပြောတော့မယ်"

ပြောပြီးတော့ ဟဲခနဲ ရယ်သည်။

ရယ်လို၍တော့ ဘယ်ဟုတ်ပါ့မလဲ။ ခံစားချက်လျှော့သည့်အနေနှင့် ရယ်ပစ်ခြင်းသာပါ။

"ငွေစင်ဟာ ပေါ့သွမ်းတယ်၊ စရိုက်ကြမ်းတယ်၊ အဲဒါကို ငါတို့ အချိန်မီ ပြုပြင်ခွင့်မရခဲ့ဘူး၊ သူ့ဘာသာပျက်စီးပြီးမှ တို့မောင်နှမတွေ ပြန်ဆုံရတယ် ...

"အဲဒီမှာ ငါ ဘာတွေ့လဲဆိုတော့ မိဘတွေ ကစဉ့်ကလျားဖြစ်ရင် ကလေးတွေပျက်စီးတာပဲ၊ အုပ်ထိန်းသူ အဖေသော်လည်းကောင်း၊ အမေသော်လည်းကောင်း အဲဒါပေါ်မှာ မူတည်ပြီး ...

"ဒီကလေး ဘယ်လိုဖြစ်လာမယ်ဆိုတာ ဆုံးဖြတ်ရတာပဲ၊ အမေတွေအားလုံးထဲမှာ ကိုဝေယံ့အမေရယ်၊ ငါ့အမေရယ်၊ ဝေဟင့်အမေရယ်က တော်တယ် ...



"ငွေစင့်အမေက ညံ့တယ်၊ အားလုံးဟာ ဖခင်ရဲ့စွန့်ပယ်မှုကိုခံရပြီး အမိအုပ်ကြီးရတဲ့ သားသမီးတွေချည်း၊ ငါ့အဖေကိုလည်း ငါ အပြစ်မတင်ဘူး ...

"နှစ်ဦးသဘောတူ ခိုးရာလိုက်တဲ့ကိစ္စမှာ မတရားသဖြင့် ထောင်ထဲဝင်သွားရတော့ အဖေ့မှာလည်း အဖေ့ခံစားချက်နဲ့အဖေ"

စောစောက ကျွေးမွေးထားသည့် ကော်ဖီနှင့်မုန့်တွေ အစာကြေသလောက်ရှိပြီမို့ ခေမာက အအေးခွက်လေးနှစ်ခွက် လာချပေးသည်။ ဒေါက်တာအာကာ ချက်ချင်းယူသောက်သည်။

"ငွေစင့်ကို ပြန်တွေ့တဲ့အခါမှာ ငါ မှားသွားတာတစ်ချက်ရှိတယ်၊ သူ့ကို ဇွတ်ပြန်သိမ်း၊ ရိုက်တန်ရိုက်ပြီး အခန်းထဲထည့် သော့ပိတ်ထားတာမျိုး လုပ်တန်လုပ်ပစ်ရမယ် ...

"ပြီးတော့မှ တဖြည်းဖြည်း သိမ်းသွင်းရမယ်၊ အမြင်မှား အပြုအမူမှား ဖြစ်နေတဲ့သူကို ဆုံးဖြတ်ခွင့်မပေးရဘူး၊ ဇွတ်ကိုင်ရမယ်"

"ငါ တစ်ခုဝင်ပြောမယ် မောင်မောင်၊ သူ ကလေးမှမဟုတ်ဘဲ"

"အေး ... ငါလည်း အဲဒီအတွေးနဲ့ မှားသွားတာ၊ သူ ကလေးမှ မဟုတ်ဘဲဆိုပြီး ဒေါသနဲ့ သေခန်းဖြတ်လိုက်တာ သိပ်ကိုမှားတယ် ...

"ခုနေမှာ ငါပဲ သူ့အုပ်ထိန်းသူအဖြစ်နဲ့ လမ်းမှန်ပေါ် ဇွတ်ဆွဲခေါ်ရမှာ၊ ခုတော့ အမွေတောင်း ဘာတောင်းဆိုတဲ့ အပြင် နင်တို့ဘက်က မကျေတာတရားတယ်ဟာ မွန်မွန်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးရဲ့ ခေါင်းကြီးငုံ့လျက် ပြောနေသည်မို့ ဦးဦးအပေါ် အခင်အမင် ပျက်ချင်နေပြီဆိုသည့် ခေမာတောင်မှ သနားသွားမိရသည်။

"ငါ့နှမဘက်က ငါ လိုက်ပြောတာ မဟုတ်ဘူး မွန်မွန်၊ ငွေစင့်အမေလို အမေမျိုးနဲ့ ကြီးပြင်းရတဲ့သမီး၊ တာဝန်မဲ့ အဖေရဲ့သမီး ငွေစင်ဟာ ဒီလိုပဲ ဖြစ်လာမှာပဲ ...

"ရိုင်းရိုင်းပြောရရင်ဟာ လမ်းပေါ်မှာ ကြေးစားဖြစ်ရင်တောင် ဖြစ်သင့်လို့ဖြစ်တာလို့ ပြောရမလိုဖြစ်နေပြီ ...

"ဒါတွေ ငါတို့ မသိလိုက်ဘူး၊ သိရတဲ့အချိန်မှာ ဖြစ်တဲ့နည်းနဲ့ အဖတ်ဆယ်ဖို့ ငါ့မှာ တာဝန်ရှိတယ်၊ ငါ တာဝန်မဲ့သွားလို့ မဖြစ်သင့်တာတွေ ပိုဖြစ်တယ်"

ဒီအကြောင်းတွေ ထားကိုလည်း ပြောပြပြီးပြီဟု ဆိုသည်။ ထားနဲ့ ငါတို့ရဲ့ သွေးအေး အိမ်ထောင်ရေးကြီးထဲမှာ ခုပဲ ကလေးတွေ စာဖျင်းနေပြီ၊ အဖေနဲ့အမေ စည်းလုံးချစ်ခြင်းဖြင့် ကလေးတွေကို ကောင်းမွန်စွာ ပျိုးထောင်ကြဖို့၊ ဆွေးနွေးသဘောတူကြပြီးပြီမို့၊ အခု အိမ်ထောင်ရေးလည်း စိုစိုပြည်ပြည်ဖြစ်လာပြီဆိုသည့်အကြောင်းတွေ ပြောပြသည်။

"ငွေစင့်အကြောင်း ဆက်ရရင်တော့ သူဟာ သူ့ရဲ့နောက်ဆုံးရက်ကို မျှော်နေရတဲ့အချိန်ပဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူ့ဥစ္စာ ဟို ... ကိုယ်ဝန်မဟုတ်ဘူး"

"ကိုယ်ဝန်ဆို"



"ဆရာဝန့်သူငယ်ချင်းနားနဲ့ နားတောင်ဟာ၊ ကိုယ်ဝန်လိုပဲ ဗိုက်ပူတယ်၊ ကိုယ်ဝန်ဆောင်တွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ လက္ခဏာတွေ အကုန်ဖြစ်တယ်၊ နားလည်လား"

"အေး ..."

"ဒီတော့ ကိုယ်ဝန်လို့ပဲ ထင်တာပေါ့၊ ဒါပျိုးဟာ ဒီလိုပဲ ထူးထူးဆန်းဆန်းဖြစ်တတ်တယ်၊ သူက သူများထက်ပိုတာ ရှိသေးတယ်"

"ဘာဖြစ်နေလို့လဲ"

"စိအေကေ့စ်တဲ့"

"အဲဒါ ဘာလဲ"

"ကင်ဆာပေါ့ဟာ သားအိမ်မှာ"

"ဟင် ..."

"ဟုတ်တယ်၊ ချော်လဲတဲ့ဒဏ်ရာက မပြောပလောက်ပါဘူး၊ ကောင်းတာကြာပြီ၊ ကိုယ်ဝန်ကိုများ ထိခိုက်သလားလို့ စမ်းသပ်တော့မှ ကိုယ်ဝန်မဟုတ်တာကို သိရတယ်၊ တစ်ဆက်တည်းမှာ သားအိမ်မှာ ကင်ဆာဖြစ်နေတာကိုလည်း ရှာတွေ့တယ်"

"ကုလို့မရတော့ဘူးလား"

"ကင်ဆာဆိုတာ ခြေမ,ဖြစ်ရင်တောင် ကုမရပါဘူးဟာ၊ ပိုဆိုးတာက သူ့ကိုယ်သူ ကင်ဆာမှန်း သိသွားတာ"

"ဒီတော့ စိတ်ဓာတ်ကျမှာပေါ့"

"အေး ... မသိရင် သုံးလေးနှစ်ဆိုတာ အနည်းလေးနေနိုင်တယ်၊ ခုတော့ သုံးလေးလတောင် အနိုင်နိုင်၊ လူမှာ စိတ်ဓာတ်အရေးကြီးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခုမေးဦးမယ် မောင်မောင်"

"မေးလေ"

"သူ့လက်ထဲမှာ အစ်ကိုကြီး ဆုံးခဲ့တယ်၊ အစ်ကိုကြီးမှာ သွေးတိုးရောဂါရှိတာတော့မှန်ပါတယ်၊ တစ်ခါတလေ တော်တော်ဆိုးတဲ့ အခြေအနေမှန်းလည်း ငါသိတယ်၊ သွေးတိုးနဲ့ ဆုံးတယ်ပဲထားဦး သွေးတိုးသမား အဲဒီလောက်ဖြစ်သွားအောင် သူ ဘာလုပ်လိုက်သလဲ၊ အစ်ကိုကြီး ဆုံးရတာ သူ့ပယောဂ လုံးဝပါတယ်"

"အဲဒါ နင့်ကို သူကိုယ်တိုင် ပြောပြချင်တယ်တဲ့၊ တောင်းပန်ချင်တယ်တဲ့၊ နင့်ကို ကန်တော့ချင်တယ်လို့ ပြောတယ် မွှန်မွှန်"

မျှော်လင့်မထားသည့် စကားတစ်ခွန်းပါပဲ။ ငွေစင်လို အမျိုးသမီးက တောင်းပန်ချင်တယ်၊ ကန်တော့ချင်တယ်ဆိုပဲ။ သူက တောင်းပန်ချင်ပေမယ့် ကိုယ်က တောင်းပန်မခံချင်ပါ။ သူက ' န်တော့ချင်ပေမယ့် ကိုယ်က ကန်တော့မခံချင်ပါ။ သူ့မျက်နှာလည်း မကြည့်ချင်ပါ။

သူနှင့် မည်သို့မျှ မပတ်သက်ချင်ပါ။

အမွေဆိုင်စဉ်က မျက်နှာချင်း ဆိုင်ရတာကိုပင် ရင်ထဲဆတ်ဆတ်ခါခဲ့ရပါပြီ။ တမြည့်မြည့်လည်း ကျွမ်းခဲ့ရပါပြီ။ ဒီဝေဒနာ ဒီသောက နောက်တစ်ကြိမ် ထပ်မံမစားခံချင်တော့ပါ။

"နင် တွေ့ချင်မယ် မဟုတ်ဘူးဆိုတာ ငါ နားလည်တယ် မွှန်မွှန်၊ နင် ငြင်းလည်း တရားပါတယ်"

"တရားတယ်ဆိုရင်တော့ ငြင်းချင်တာပဲ မောင်မောင်"



"တစ်ခုတော့ အယူခံဝင်ချင်တယ်၊ ဆရာဝန်တစ်ယောက်အနေနဲ့ ပြောမယ့်စကားပါ၊ လူ့ပြည်မှာ ကြာကြာမနေရတော့မယ့် လူသားတစ်ယောက်ရဲ့ဆန္ဒကို ပြည့်မြောက်စေချင်တာပဲ ..."

"တမလွန်ကို ကူးပြောင်းတော့ပယ်၊ နည်းနည်းပါးပါးတော့ စဉ်းစားပေးပါဟာ"

ဒေါ်သီရိမွှန် ခေါင်းကိုတောင်မှ ညိတ်လိုက်မိရဲ့လား။

○♡○

ခလုတ်ထိတော့ အမိကို တ,ကြပါသည်။

ခိုဝင်မှီတွယ်စရာ မိခင်မရှိတော့ချိန်၊ သောကမီးလောင်မြိုက်သည့်အခါ ဗုဒ္ဓ၏တရားရိပ်မှာသာ ခိုလှုံဖို့ရှိပါ၏။

"ငွေစင် ညည်းတော်တော်ဒုက္ခပေးတဲ့ မိန်းမပါလား"

ဒေါ်သီရိမွှန် ဆောက်တည်ရာ မရပါ။

ငွေစင် ပြောမယ့်စကားတွေကို ကြားချင်လှပါ၏။ ငွေစင့်အသံကို နားမထောင်လိုပါ။ သေအံ့မူးမူး ရောဂါသည်တစ်ယောက်၏ ဆန္ဒကို ဖြည့်ဆည်းပေးချင်လှပါသည်။ သူ့မျက်နှာကို မကြည့်လိုပါ။ သူ့အပေါ် နာကြည်းမုန်းမျက်စိတ်က ဖြေဖျောက်၍မရ၊ တစ်စထက်တစ်စ တိုးပွား၍သာ နေပါသည်။

ဆန့်ကျင်ဘက်ဆန္ဒတွေ အစွန်းနှစ်ဖက်ဆီသို့ ပြိုင်တူလွန်ဆွဲပွဲမှာ ဒေါ်သီရိမွှန်၏ ရင်ခွင်နှလုံးသားက တလင်းပြင်ဖြစ်နေရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုတီးကို တွင်တွင်စိပ်ပါကြား သမာဓိမတည်။ ထွက်သက်ဝင်သက်ကို မှတ်သော်ငြား၊ ပျံ့လွင့်လျက်သာရှိ၏။ ရင်ထဲမှာ ငွေစင်၊ မျက်စိထဲမှာ ငွေစင်၊ နားထဲမှာ ငွေစင်၊ သူ့ကိုပဲမြင်၊ သူ့အသံကိုပဲ ကြားယောင်ကာ ရင်ထဲမှာ သူ့ကိုပဲထည့်၍ ခံစားနေရပါသည်။ ဤသို့ ခံစားရတိုင်း ဒေါသ သောကတို့ဖြင့် လောင်မြိုက်သည်။

ဪ ... ရင်မှာ မငြိမ်းချမ်းရပါဘိခြင်း။

မမသူဇာ ဆိုတာက လူအေး။ ကောင်း၏ဆိုး၏ ဝေဖန်ခဲ့ပါဘိခြင်း။

"ညည်း ဘာလုပ်သင့်တယ် သိရီ"ဆိုတာမျိုးမလာ။ ဆောက်တည်ရာမရ ပူပြင်းလောင်ကျွမ်းနေသည့် ညီမကို အစားချော့ကျွေး၊ ဆေးချော့တိုက်ရုံသာ တတ်သည်။

"သမီးလေးရော မမသူဇာ"

"သူလည်း အိပ်ရာထဲမှာ တခွေခွေပဲအေ၊ လူငယ်ဆိုတော့ ညည်းထက် ပိုဆိုးတော့မပေါ့"

ဟုတ်ပါရဲ့။ သမီးလေး ရင်မှာလည်း အချစ်နှင့် အမုန်းတို့၏ စစ်မြေတလင်း ဖြစ်နေရှာရော့မည်။ ဆယ်ကျော်သက်ရင်ခွင်ဦးမို့ သူ့ချစ်သူကို သူစွဲမက်မြတ်နိုးရှာပါလိမ့်မည်။ အဲသည်ရင်ခွင် ဟက်တက်မကွဲ ခံနိုင်ပါတော့မလား။

သနားစရာ သမီးလေးရယ်။

မိမိ့ကမှ လူကြီးလည်းဖြစ် မုန်းသူကို မုန်းရုံသက်သက်၊ ချစ်မနေတော့ သမီးနှင့်စာလျှင် ခံစားရချက် အများကြီးလျော့ပါးပါလိမ့်မည်။



"သင်းတို့ မောင်နှတစ်တွေကို ဒုက္ခပေးတယ် မမသူဇာရယ်"

"ဘဝဝဋ်ကြွေးတွေပေါ့အေ၊ အရင်ဘဝတွေတုန်းက ညည်းတို့သားအမိက သူတို့အပေါ် ဆိုးခဲ့လို့နေမှာ၊ တရားနဲ့သာဖြေတော့"

ဒေါ်သိရီမွန် တရားနှင့် မဖြေနိုင်ပါ။

"ငါ နည်းနည်း ပြောချင်လာပြီ သိရီ၊ နင်တို့ သားအမိကြည့်ရတာ ကြာရင် နှစ်လောင်းပြိုင် သေတော့မယ်၊ ဟိုကင်ဆာအမျိုးသမီးကမှ နင်တို့ထက်စာရင် သက်တမ်းရှည်ဦးမယ်"

ဦးအောင်သူက ခယ်မနှင့် တူမကို မကြည့်ရက်တော့ပြီမို့ တုံးတိကြီး ပြောချသည်။

"ဪရှင် ... သွယ်ကာဝိုက်ကာများ ပြောပါတော့"

ဒေါ်သူဇာက ခင်ပွန်းသည်ကို မျက်စောင်းထိုး၏။

"ဟာ ... တရားရုံးမှာ သွယ်ရဝိုက်ရလွန်းလို့ ကိုယ့်အိမ်ကိုယ်တော့ တုံးတိပဲ၊ ဒီမှာ ငါပြောမယ်"

ခဲအိုနှင့် အသက်ချင်း ကွာလှသည်မို့ ဒေါ်သိရီမွန် လေးစားရပါသည်။

"နင့်နေရာမှာ ငါဆိုရင် ဘာလုပ်မယ် ထင်သလဲ"

"သိရီ မပြောတတ်ဘူး အစ်ကို"

"ဟိုအမျိုးသမီးနဲ့ သွားတွေ့မယ်၊ သူပြောတာကို နားထောင်မယ်၊ ကန်တော့တော့လည်း ခံလိုက်ရုံပေါ့၊ ကိုယ်က အထက်စီးချည်းပဲ၊ ရင်ထဲက မပါတောင် သဘောထားကြီး

www.burmeseclassic.com

www.burmeseclassic.com



ယောင်ဆောင်ပြီး နာမည်ကောင်းလက်မှတ် ယူလိုက်၊ ဟိုက သေတော့မယ့်ဟာကို"

ဒေါ်သီရိမွန် ယဲ့ယဲ့ပြုံးသည်။

"သီရိအတွက် အရေးမကြီးပါဘူး အစ်ကို၊ သမီးလေး အတွက်သာပါ"

"အေး ... ကလေးလည်း ရှုးရင်ရှူး၊ သေချင်သေ ဖြစ်တော့မယ်"

"သမီးလေးအတွက် ဘာလုပ်ပေးရမလဲ အစ်ကို"

"ဒီနေရာမှာ ကလေးကို နားချနိုင်တာ နင်တစ်ယောက်ပဲ၊ နင့်စကားကလွဲရင် ဘယ်သူ့စကားမှ သူ နားဝင်မှာမဟုတ်ဘူး၊ နင်နဲ့ သူနဲ့က ခံစားချက်တူတဲ့သူတွေ၊ ပြီးတော့ နင်က သူ့အမေ ...

"ခုတော့ ကလေးကို ဖျောင်းဖျမလားမှတ်တယ်၊ နင်ကိုယ်တိုင်က ဒီလောက်ဖြစ်နေတော့"

"သီရိက ဘာကို ဖျောင်းဖျရမှာလဲ"

"ဟ ... မောင်ဝေ လူကောင်းပဲ၊ ငွေစင့်မောင် ဖြစ်နေရတာ အပြစ်လား၊ သူ့အဖေ မိန်းမတွေ လျှောက်ယူလို့ ဝေဟင်ဟာ ဝေယံ့ညီ ဖြစ်ရတယ်၊ ဒေါက်တာအာကာ့ညီ ဖြစ်ရတယ်၊ ငွေစင့်မောင် ဖြစ်ရတယ် ...

"သူနဲ့ ဘာဆိုင်လဲ၊ အစက သူ့ကို ငွေစင်နဲ့ မရှင်းမရှင်း ထင်ခဲ့တာ၊ ခုမောင်နှမဆိုတော့ ရှင်းသွားပြီ၊ တခြား ဘာအပြစ်ရှိသေးလဲ"



"အဲဒီ မောင်နှမအုပ်စုထဲ ဘယ်မျက်နှာနဲ့ ဝင်ရမလဲ အစ်ကိုရယ်"

"ဒီမျက်နှာနဲ့ပဲဝင်ပေါ့၊ နင်တို့ ပကြည့်ချင်တဲ့သူက သေတော့မှာ၊ ကြည့်ချင်လွန်းလို့ပါဆိုပြီး သွဲ့ထားလည်း ကင်ဆာကို ဘယ်သူနိုင်မလဲ"

"အစ်ကိုက သမီးကို ဝေဟင်နဲ့ သဘောတူလို့လား"

"နင့်သမီး မောင်ဝေကလွဲပြီး ဘယ်သူနဲ့မှ မဖြစ်ဘူး၊ ခုနေ နင်သမက်ရွေးရင် မောင်ဝေဟာ အသင့်တော်ဆုံး နံပါတ်တစ်"

"အစ်ကိုက ဝေဟင့်အကြောင်း ဘယ်လောက်သိလို့လဲ"

"ဟ ... ငါ့မှာလည်း သားသမီးမရှိ၊ ခေမာလေးကိုပဲ မဲချစ်ရတာ၊ မောင်ဝေ့အကြောင်း ငါမစုံစမ်းဘဲ နေမလား"

"သူတို့အဖေက မိန်းမလေးယောက်ယူပြီး အဖေတူ အမေကွဲ ကလေး,လေးယောက် ချန်ခဲ့တာ"

"ထောင်ကျဖူးတာလည်း ထည့်ပြောပါဦး"

"အစ်ကို သိပြီးသားဟာကို"

"နင့်လိုသာဆို ဆံရာဝန်သားက ဆေးကု၊ ဆိုက်ကားသမားသားက ဆိုက်ကားနင်း၊ ဓားပြသားက သူခိုးလုပ်၊ တခြားမကြည့်နဲ့၊ နင့်မောင်မောင်ကိုပဲကြည့်"

နင့်မောင်မောင်ကိုပဲကြည့် ... ဆိုတော့ ဒေါ်သီရိမွန် မျက်နှာ ရဲခနဲ ရက်သွားရလေ၏။

"မယားလေးယောက်ယူခဲ့တဲ့ အဖေရဲ့သား၊ သူ မကြိုက်ဘဲ ယူခဲ့ရတဲ့ အိမ်ထောင်ကိုတောင် ဘယ်လောက်သားသားခိုင်မြဲအောင် ကြိုးပမ်းနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့လည်း ဟုတ်တုတ်တုတ်ပါပဲ။

"မောင်ဝေဟာ ဒေါက်တာအာကာလို လူစားမျိုးပဲ၊ နည်းနည်းပါးပါး တိမ်းရင်စောင်းရင်တောင် ဒေါက်တာအာကာ ကြည့်မနေဘူး၊ ဆုံးမမယ့်သူ အဆင်သင့်၊ ပြီးတော့ နင်တို့ စီးပွားရေး သူဆက်လုပ်မှ အဆင်ပြေမှာ ...

"အဲဒါတွေအားလုံး ဖယ်ထားပါဦး၊ ကလေးက မုန်းပါတယ် ... မုန်းပါတယ် ဘယ်လောက်ပြောပြော ရင်ထဲက ကျိတ်လွမ်းနေတာ သေတော့မယ်"

နောက်ဆုံးအချက်က ဒေါ်သီရိမွန်၏ နှလုံးသားကို ဆွဲကိုင်လှုပ်လိုက်သလိုပါပဲ။

သမီးလေးကို သနားလှပါပြီ။

○♡○



## အလွမ်းများ ဝေးပါစေကွယ်

မလွမ်းချင်ဘူးကွယ် ...

သူ့ကို သတိရနေမိသည့်အတွက်ပဲ ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးမိပါ၏။ စိတ်ဆိုးဆဲမှာ ရင်ထဲကျွမ်းနေအောင် လွမ်းနေရတာ ပိုဆိုးပါလေ၏။

"ချစ်လားဟင် ... မီး"လို့ မေးတတ်တာလေးကို ပြန်၍ ပြန်၍ ကြားသည်။ မယုံကြည်ပါပဲ ထပ်တလဲလဲ ကြားယောင်နေမိတာ ခက်လေ၏။

"အို ... မကြားချင်ဘူး"

နားနှစ်ဖက်ကို ပိတ်ပစ်တော့ ကိုကိုကြီး၏အလွမ်းမျက်နှာကို တွေ့သည်။ သတိရ တမ်းတနေရသည့် အဖြစ်မှ ထွက်ပြေးလိုလှပါသည်။

"ကိုကိုကြီးလား ... မီးပါ၊ အိမ်လာလည်မလားဟင်" ဟု ဖုန်းလေးတစ်ချက် ဆက်ကြည့်။ ခေါင်းတွေမူးနေပါသည်ဆိုသော လူကြီး၊ ကဆုန်စိုင်း ပြေးချလာမှာကို ရင်ထဲမှာ ယုံနေသည်။ စင်စစ် ယုံနိုင်စရာမရှိဟု ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နာတာကျတော့လည်း စူးစူးကျင်ကျင်။

"တို့မောင်နှမတစ်စု၊ အဲဒီမိသားစုကို စိတ်ဒုက္ခ၊ လူဒုက္ခပေးကြမယ်"လို့ ဆုတောင်းပြီးမှများ လူ့ပြည်ကို ဝင်စားလာခဲ့ကြလေသလား။

သူ့အစ်ကိုကတစ်မျိုး၊ သူ့အစ်မကတစ်မျိုး။ ပေးခဲ့ဖူးသည့် ဒုက္ခတွေကို ခွင့်လွှတ်ကြေညက်သည့်အထိ ပါရမီမရင့်သေးပါ။ မုန်းစရာကောင်းသည်မို့ မုန်းမိသည်။ နာစရာကောင်းသည်မို့ နာမိသည်။ အဲသည့် မရင့်ကျက်မှုကြောင့်ဘဲ လွမ်းစရာကောင်းသည်မို့ လွမ်းနေမိတာပါပဲ။

"ခွန်သာရေ ... နင်ကတော့ အမုန်းတစ်ခုနဲ့ နာကြည်းနိုင်တော့ ဝဋ်ကျွတ်မြန်တယ်"

"ငါတော့ ... မိန်းမဆိုတဲ့ လူသားတစ်မျိုးကို သိပ်လန့်သွားပြီ"တဲ့၊ ခွန်သာ မပြန်ခင် ပြောသွားသည့် စကားမှာ တကယ်ပဲ ပြတ်တောက်မှု ပေါ်လွင်သည်။

အဲသည်လို နာနိုင် မုန်းနိုင် မေ့နိုင်လျှင် ဒီလိုဘယ် လွမ်းနေရပါတော့မလဲ။

ထမင်းဝိုင်းမှာထိုင်တော့ ကိုကိုကြီး လာစားသွားဖူးတာလေးကို သတိရသည်။ မှန်ရှေ့မှာထိုင်တော့ အဲဒီမျက်နှာလေးကို ချစ်လိုက်တာတဲ့။ ကိုကိုကြီး ပြောဖူးတာ ကြားမိသည်။ သူ့လက်ဝါးဖြန့်ပြီး ငယ်ထိပ်တစ်ခုလုံး လုံအောင်အုပ်မိုးပြီး ဆွဲခါယမ်းတတ်တာမို့ ခေါင်းထဲမှာတောင် မူးနောက်သွားရသည့် ဝေဒနာလေးကို တမ်းတသည်။

ကိုကိုကြီးရယ် ...။



"သမီး ..."

"အမေ ..."

မေမေ့ အနီးကပ်ခေါ်သံကြောင့် လန့်များတောင်သွားရပါ၏။

"ဘာတွေ တွေးနေလဲ"

မေမေ ပြုံးပြုံး မေးပုံက အနတ္တမေတ္တာကို ဖော်ညွှန်းနေ၏။

"ဒီလိုပါပဲ မေမေ"

"သိပ်ခံစားနေရသလား သမီး ... ဟင်"

"ခံစားရပါတယ် မေမေ၊ နောက်တော့လည်း ရိုးသွားမှာပါ"

မရိုးခင် အချိန်အတွင်းမှာ မေမေ့သမီးလေး ရင်ကွဲပက်လက်ဖြစ်နေရတာကို မေမေ မကြည့်ရက်ဘူးကွယ် ... ဟု လှိုက်လှဲစွာ ပြောပြချင်မိပါသည်။

သီရိဘုန်းကကျတော့ သီရိမေမေက ကြည့်နိုင်လို့ ကြည့်နေခဲ့တာတဲ့လား။

သီရိတစ်ယောက် မျက်ရည်စက်လက်နှင့် သတို့သမီးအဖြစ် ပွဲထုတ်လာတော့ မေမေ့မျက်နှာတစ်ခုလုံး ဖွေးခနဲဖြစ်သွားတာ ပြန်မြင်မိပါသည်။ မင်္ဂလာပွဲထိုင်အပြီးမှာ ...

"မေမေ့ကို ခွင့်လွှတ်ပါ သမီးရယ်၊ သမီးအတွက် မေမေဆေးခါးကြီးတိုက်မိပြီးမှ အဲဒီဆေးခါးကြီးရဲ့ဒဏ်ကို သမီးလေး ခံစားနေရတာ မေမေ ရင်ထဲမချိတော့ပါဘူး"တဲ့

မေမေ ငိုရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွန်းလင်းကို ပစ္စည်းမက်ပြီး ပေးစားတာ မဟုတ်ပါဘူးအေ၊ မောင်မောင်ဆိုတဲ့ ကောင်လေးက ခုတစ်မျိုး တော်ကြာတစ်မျိုး မတည်မငြိမ် ရှိလိုက်တာ၊ သူနဲ့သာဆိုရင် ငါ့ တူမလေးရှေ့ရေး စိတ်အေးဖို့ မရှိဘူး"တဲ့။ ဒေါ်လေးအုံး ဘယ်လို ပဲ နားချ နားချ သီရိ နားမဝင်ခဲ့ပါ။

ခုတော့ ...

သမီးလေးက မည်သူမျှ နားမချရပါပဲ သူ့အသိ စိတ်ဓာတ်နှင့်သူ နားဝင်နေသည်။

"အဲဒီဆွေမျိုးစုထဲ ဘယ်မျက်နှာနဲ့ ဝင်နိုင်မှာလဲ မေမေ"တဲ့။

အသိဉာဏ်ကလေး ရှိရှာပေမယ့် ရင်ခွင်လေးက ခုတော့ မျက်ရည်နှင့်မျက်ခွက်။ သနားလိုက်ပါဘိ သမီးလေးရယ်။

"မေမေ့ကို ခွင့်လွှတ်ပါ"လို့ သီရိ မေမေတုန်းက ပြောခဲ့နည်းမျိုး မပြောရတဲ့အဖြစ်ကိုပဲ ဖန်တီးချင်မိပါတယ်။ သမီးရင်ထဲမှာ ဆွေးမြည့်ကြေကွဲမှုကို မေမေ ကြိုးစားပြီး ဖြေဖျောက် ပေးတော့မယ်။ ဘယ်လိုဖြေလို့မှ ပြေလာစရာ အကြောင်းမကြုံ ရင်တော့လည်း သမီးကုသိုလ်ပဲပေါ့ကွယ်။

စင်စစ် အဲဒီမိန်းမကို သွားတွေ့ဖို့ကိစ္စ၊ သီရိ ရင့် ကျက်လွန်းသည်မို့ အာဃာတဖြေနိုင်တာကြောင့် မဟုတ်ပါဘဲ သမီးလေးအတွက် ဖြေဆေးတစ်ခုလေလားရယ်လို့ ဆုံးဖြတ်ချက် ချမိခြင်းပါပဲ။

"ဖေဖေဟာ သူ့လက်ထဲမှာ သေခဲ့ရတာပါ မေမေ၊ သမီး မကျေနိုင်ပါဘူး"



"ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာကို နားထောင်ကြည့်ကြတာ ပေါ့ သမီးရယ်"

○♡○

အဲသည်မိန်းမကို ဆေးရုံမှာ သွားတွေ့မလို့ဆိုပဲ။ မေမေ ဘာစိတ်ကူးပေါက်တာမှန်း မသိပါ။ သို့ပေမဲ့ မေမေစိတ် ချမ်းသာစေရန် ခေမာ လိုက်လာခဲ့ရပါသည်။

"အို ..."

ကိုမျိုးတို့နှင့်အတူ လင်းမွန်သစ္စာမှာ သွားစားသောက် စဉ်က ဆိုင်ရှင်အမျိုးသမီးအဖြစ် တွေ့ခဲ့ရသူနှင့် တစ်ယောက်တည်း ပါဆိုတာ ကျမ်းကျိန်ဖို့တောင် လိုအပ်နေပါပြီ။

အသားရောင်က ဖြူဖျော့ရုံမျှမက ဝါထိန်ထိန်ဘက် သို့လှသည်။ မျက်တွင်းယောက်ပက်၊ ပါးရိုးငေါငေါ၊ အပေါ်နှုတ် ခမ်းက တိုတက်နေသည်မို့ သွားတွေအပြီးသားပေါ်လျက်။

မျက်ဝန်းက အရောင်မွဲကာ နှာခေါင်းက လန်ချင် ချင်။ ဆံပင်တွေက ဟိုတစ်ကွက် ဒီတစ်ကွက် ကျွတ်ကာ မည် သည့်ရှုထောင့်က လှည့်ကြည့်လို့မှ အလှတရားကို အပ်ဖျားတစ်နေ ရာစာ မတွေ့နိုင်တော့ပါ။

ချည်စောင်ပါးပါး အောက်ခြေမှ ခြေထောက်က လေးတွေက သေးကွေးပိန်လိုလွန်းလှသည်။ ဗိုက်ကတော့ ပူမြ ပူဆဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီရုပ် ဒီရေ ဒီပုံစံသည် မေမေနှင့် ဘယ်လိုမှ ပြိုင်ဘက်မဟုတ်တော့ပါ။ အနိမ့်ဆုံးအဆင့်မှ လူသားအဖြစ် ကြင်နာစိတ် စတင်ဖြစ်ထွန်းသည်။

"မမသီရိ"

လေသံက တိုးတိမ်၏။ သို့ဇပမဲ့ တိကျဆဲ ပြတ်သားဆဲပါ။ စကားကို ကောင်းကောင်းကြီး ပြောနိုင်ဦးမည့်ပုံပေါ်သည်။

"ကျေးဇူးတင်လိုက်တာ မမသီရိရယ်၊ မမသီရိ လာတယ်နော်၊ ဟိုဟာ ... သမီးလေးလား"

ဒေါ်သီရိမွန် ခေါင်းညိတ်ပြသည်။

"လှလိုက်တာ၊ ဝေဟင် ချစ်ရှာမှာပေါ့"

ခေမာ ခေါင်းငုံ့က ရှက်သွေးဖြင့် မျက်နှာတွေပူကုန်ရတော့သည်။

"မယားပြိုင်လို့ ဘယ်လိုပဲ စကားလှအောင်ခေါ်ခေါ် ငွေစင်ဟာ လောကီမကောင်း၊ သံသရာမကောင်းတဲ့ လူမှုရေးဖောက်ပြန်မှု၊ ကာမေသုမိစ္ဆာစာရကံကြီးကို ကျူးလွန်ခဲ့သူပါ ...

"မမသီရိ ခွင့်လွှတ်ပါ"

ပက်လက်အနေအထားမှာပင် ရင်ဘက်ပေါ် လက်နှစ်ဖက်ယှက်၍ ရှိခိုးရှာ၏။ ပြီးတော့ မျက်ဝန်းအစုံမှ မျက်ရည်တွေစီးကျသည်။

"ရှိခိုး တောင်းပန်လိုက်ရလို့ ငွေစင် သေပျော်ပါပြီ"

ကြိုးစားပမ်းစား ပြုံးပြသည်။ လက်ရှိမျက်နှာပြင်အနေအထားနှင့်ဆိုတော့ သူ့အပြုံးသည် တစ်ဖက်သားမဲ့သလောက်



တောင် ကြည့်မကောင်းတော့ပါ။ မျက်ရည်စီးကြောင်းများနှင့် ပြုံးပြနေသည့် အရိုးပေါ် အရေတင် မိန်းမသားတစ်ဦးကို ခေမာ ကြည့်ရင်း ကြည့်ရင်း ငိုချင်လာတော့သည်။

မသနားဘဲ ဘယ်လိုမာနမျိုးနဲ့ တင်းခံနိုင်ပါတော့မလဲ။ ပြီးတော့ ခုထိ မေမေ့ကို လက်အုပ်ချီ မပျက်သေးပါ။

"ငွေစင်ဟာ ပေါ့ပျက်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီးကို မမြူဆွယ်ခဲ့ပါဘူး၊ မမသီရိ ယုံပါ ...

"ငွေစင် စရိုက်ကြမ်းပေမယ့် အစ်ကိုကြီးကို ငွေစင် မသတ်ပါဘူး၊ ဒါပေမဲ့ မမသီရိရယ် ...

"အစ်ကိုကြီး ဆုံးရတာဟာ ငွေစင်ကြောင့်၊ ဘာမှမဟုတ်ဘဲ ပူလာတဲ့ ဟောဒီဗိုက်ကြီးကြောင့်ပါ"

○♡○

"ကဲ ... ပြော၊ အရေးတကြီးကိစ္စနဲ့ တွေ့ချင်တယ်ဆိုလို့ ဆင်းလာရတယ်၊ သမီးက စာမေးပွဲဖြေတော့မှာ"

ငွေစင့် ရင်ထဲ နင့်ခနဲအောင့်သည်။ ဒီမှာလည်း ရင့်ရင်သွေးကို လွယ်ထားရပါပြီ ... ဟု အော်ပြောလိုက်ချင်သည်။ ပထမဇနီးကြီးက မွေးတဲ့သမီးမှ ရင်သွေးလား၊ ကံမကောင်းအကြောင်းမလှလို့ ဒုတိယဇနီး ဖြစ်ရတဲ့သူက မွေးရင်ကော ရင်သွေးမဟုတ်ဘူးလား။

သူတို့ယောကျ်ားတွေ အဲဒီကိစ္စမှာ ဘာဖြစ်လို့ ခွဲခြား ခွဲခြား လုပ်ကြတာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



"ခုဆို ဝေယံ ရှစ်တန်းလောက် ရောက်ရောပေါ့"

အမေ့လက်ထဲမှာ ရှိပါလျက် အမေနှင့်မွေးသည့် သမီး ငွေစင်ကို ရင်မှာပွေ့လျက်က ပထမနေ့ဦးကြီးကမွေးသည့် သားကို တမ်းတခဲ့သည့် အဖေ။

ဒါကို ငွေစင် သိမိလိုက်သည် မဟုတ်ပါ။ အမေ ပြန်ပြောစကားနှင့်ပင် နာလှပါပြီ။ ကိုယ်တိုင်သာ ခံစားသိရှိရ မည်ဆိုလျှင် ဒို့ထက်မက ဆယ်ဆနာတော့မပေါ့။

"ပြောလေ ငွေစင်၊ ကြာကြာမနေနိုင်ဘူး၊ ငွေလိုသလား၊ ဘာဝယ်ချင်ပြန်ပြီလဲ"

"ငွေတစ်ခုတည်း မက်နေတယ် မထင်ပါနဲ့"

အမေရှိစဉ်ကဆို ညည်းစိတ်က တိုတတ်လိုက်တာ လက်တစ်ဆစ်လည်း မရှိပါလားတဲ့။ ညည်းဒေါသကလည်း ထွက် ချင်လွန်းလို့ တံခါးဝမှာ ပြူနေတယ် ... တဲ့။

"ငွေစင် ... ကိုယ်ဝန်ရှိနေပြီ"

"ဘာ ..."

"အစ်ကိုကြီး ကလေးနှစ်ယောက်အဖေ ဖြစ်တော့မယ်"

မျက်လုံးကိုပြူး၊ မေးကို ရှေ့ထိုးကာ ခပ်ရွဲ့ရွဲ့ပဲပြော ဖြစ်သည်။

တကယ်ဆို ဒါမျိုးက နှစ်ကိုယ်ကြား ရှက်စနိုးလေး နှင့် ကဗျာဆန်စွာ ပြောရမည့်ကိစ္စ။ ပန်းနှင့်ပေါက်ရမည့်ကိစ္စကို အပြောက်နှင့် ပစ်နေရသည်။

"ဒါ ... ငါ့ကလေး လုံးဝမဖြစ်နိုင်ဘူး"

"ဘာ ..."



ဒီတစ်ခါ ရောမ ဘာကြီးနှင့် ကျုံးအော်ရသူက ငွေစင်။

"မင်း ကောင်းကောင်းထားရင် ကောင်းကောင်းမနေဘူး"

"အစ် ... ကို ... ကြီး"

ဒေါသဖြင့် တစ်ခွန်းချင်း ပြောသည်။

"လူတစ်ဖက်သားကို တော်ရုံ အထင်သေးပါ။ ငွေစင် ဒီဘဝကို မမျှော်လင့်ဘဲ ရောက်ရပေမယ့် ကိုယ်ကျင့်တရား ကို အမြဲထိန်းတယ်၊ စာရိတ္တမပျက်ဘူး၊ လမ်းပေါ်ကမိန်းမ မဟုတ်ဘူး"

"သိရိကျန်းမာရေး မကောင်းလို့သမီးလေး မွေးပြီးကတည်း က ငါဟာ ကလေးမရနိုင်တော့တဲ့လူ"

"ဘာပဲဖြစ်ဖြစ် ... အစ်ကိုကြီးကလေးပဲ"

မိမိ ... မည်သူနှင့်မျှ လော်လီဖောက်ပြားခြင်း မရှိ ပါဘဲ ကိုယ်ဝန်ဆောင်တစ်ယောက်၏ သဘော သဘာဝတွေ ဖြစ်ထွန်းခံစားလာရသည်မို့ ကိုယ်ဝန်ဟုပဲ ထင်ခဲ့၏။

တောက် ... သူက သူ့ကလေး မဟုတ်ဘူးဆိုပဲ။

ယောကျ်ားဆိုတာ ဘယ်လိုလူစားတွေလဲ။

"မင်းနဲ့ မမျှော်လင့်ဘဲ ဒီဘဝကို ရောက်ခဲ့တယ်၊ အဲဒါကို ငါ ဒီနေ့ထိ ယူကျုံးမရဘူး"

"ဘာပြောတယ်"

"အေး ... ဖြစ်မိလို့ရှိမှဆိုပြီး ယောကျ်ားကောင်း ပီသစွာ တာဝန်ယူခဲ့တယ်၊ တင့်တောင့်တင့်တယ် ထားခဲ့တယ် ဒီလောက်ခံစားခွင့်ရရင် မင်း ကျေနပ်ဖို့ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



"စော်ကားလှချည်လား ဦးထွန်းလင်း"

"စော်ကားသင့်လို့ စော်ကားတာပဲ၊ ဒီကလေး ... ငါ့ကလေး မဟုတ်လို့ ငါ့မှာလုံးဝတာဝန်မရှိဘူး၊ မင်းနဲ့ ငါနဲ့ ဒီနေ့ ပြတ်ပြီ"

"ဟင်း ... ဟင်း ... ဒီလို ခေါင်းရှောင်လို့ ရကြေးလား ဦးထွန်းလင်း၊ ရှင့်မယားကြီးမှ လူလား၊ ကျွန်မကကော လူမဟုတ်ဘူးလား၊ မယားကြီးကမွေးမှ သွေးလား၊ ကျွန်မ ကမွေးတော့ ရှင့်သွေး မဟုတ်ဘူးလား"

"စကားကို မိုက်မိုက်ရိုင်းရိုင်း မပြောနဲ့"

ပြောပြောဆိုဆို ဦးထွန်းလင်း ပြန်ဖို့ပြင်သည်။

"မင်း ငါ့ကို ချည်တဲ့နဖားကြိုး နေရာလွဲသွားပြီ ငွေစင်၊ မင်း ဖြစ်ချင်ရာဖြစ်တိုင်း ငါက ငါ့ကလေး လုပ်မပေးနိုင်ဘူး ... ဒါပဲ၊ ငါ ပြန်ပြီ"

"ပြန်ဦးဟာ"

မတ်တတ်ရပ်နေသူကို တွန်းပစ်လိုက်သည်။

ဦးထွန်းလင်း မထင်မှတ်ဘဲ အတွန်းခံရသည်မို့ ဟန်ချက်ပျက်ကာ ယိုင်သွားပေမယ့် ချက်ချင်းပြန်၍ ဟန်နိုင်သည်။

"လူပါးဝလို့"

ဒေါသဖြင့် ရှေ့တိုးလာသည့် ဦးထွန်းလင်း၏ပါးကို ငွေစင် တအားလွှဲ၍ ရိုက်ချလိုက်တော့သည်။

"ဖြန်း ..."

ဦးထွန်းလင်း မျက်နှာ လည်ထွက်သွားသည်။



ကိုယ်ကယောက်ျား၊ အားနဲ့မိုးကို ခွန်အားဖြင့် အနိုင်မယူချင်သည်မို့ သည်းခံနိုင်စွမ်းအားကို ခေါင်းတစစ်စစ် အကိုက်ခံ၍ ဇွတ်ထိန်းသည့်ကြားမှ ဒီမိန်းမ မိုက်ရိုင်းလိုက်ပုံက။

ငွေစင် ဆိုသည့် မိန်းမကလည်း ဘယ်တုန်းက အပျော့ဆွဲနှင့် မြူချော့တာမှတ်လို့။ သိတယ်မဟုတ်လား။ ငွေစင် ဆိုတာ ဘဝကြမ်း၊ ခရီးကြမ်းမှာ စရိုက်ကြမ်းနဲ့ လျှောက်ခဲ့တဲ့ မိန်းမကြမ်း။

"နင်ကလား ငါ့ကို"

ဦးထွန်းလင်းက ငွေစင့်ကို လက်ပြန်လွှဲ၍အရိုက်၊ ငွေစင် ကိုယ်ကိုငုံ့၍အရှောင်။

မထိလိုက်သည်မို့ အဆူဆုံးသောဒေါသဖြင့် ဦးထွန်းလင်း ရှေ့အတိုး ငွေစင့်လည်ပင်းကိုညှစ်ဖို့ လက်ကလည်ပင်းသို့ အရောက်မှာပဲ ...

ငွေစင့်ရင်ခွင်ထဲသို့ ထွေးခနဲ အိကျသည်။

"အစ်ကိုကြီး"

ငွေစင် အမြန်ဆုံး ဆီးပွေ့နိုင်လို့သာ သမံကလင်းနှင့် ဦးခေါင်းတို့ မဆောင့်မိခြင်းပါ။

"ကိုယ့်ယောက်ျား" ဆိုသည့် သံယောဇဉ်ဖြင့် ကျစ်ကျစ်ပါအောင် ဖက်သည်။ ကြမ်းပြင်ပေါ်သို့ ဖြည်းဖြည်းချသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး"

ရင်ခွင်မှာ ခေါင်းကိုမှေးစေလျက် စောစောက တအား ရိုက်ခဲ့သည့်ပါးကို ဖြည်းဖြည်းပုတ်လျက်၊ စိုးရိမ်ပူပန်ခြင်းများစွာ ဖြင့် ခေါ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သီရိလေးရယ်"

အဲသည်တစ်ခွန်း ... သူ ညည်းသံသဲ့သဲ့လေးကို တစ်ခွန်းမြည်ကြွေးလျက် နားထင်မှာထောက်ဖို့ မြောက်တက်လာသည့် လက်တစ်ဖက် လမ်းတစ်ဝက်မှာပင် ပြုတ်ကျကာ အစ်ကိုကြီး အသက်ပျောက်ပါသတည်း။

"အစ်ကိုကြီး ... ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးရယ်"

အမေ ဆုံးစဉ်ကလည်း ငွေစင့်ရင်ခွင်မှာပဲမို့ အစ်ကိုကြီး အသက်မရှိတော့တာ သိသည်။ မျက်ရည်စက်လက်ကျကာ ပူဆွေးအားငယ်သွားရချိန်က တစ်မိနစ်လောက်ပဲ ရှိပါမည်။

'သီရိလေးရယ်'တဲ့၊ ငါတော့ ရေတိမ်မှာနစ်ပြီလို့များ ဆက်ပြောချင်သေးလားမသိပါ။ ရင်ခွင်ထဲမှ ဦးခေါင်းကို ဘယ်လို အကြင်နာမျိုးနဲ့ ပွေ့ချီထားချင်ပါတော့မလဲ။

○♡○

အလောင်းကောင်ကြီးကို ဒေါသဖြင့်ကြည့်ရင်း ...

"တောက် ... ပြဿနာမဖြစ်ဘူးဆိုရင် ဟောဒီ အသည်းနေရာတည့်တည့်ကို ဓားဦးချွန်နဲ့တောင် မွှေပစ်ချင်တယ်"

မျက်ဝန်းမီးပွင့်လျက် ကြုံးဝါးရင်း ...

တယ်လီဖုန်းကို မ,သည်။

"မမသီရိရယ် အစ်ကိုကြီး ဆုံးရှာပြီ"လို့ ပြောနိုင်ပါမတဲ့လား။

ငွေစင် လူသားပါ။



သံယောဇဉ်တွယ်တတ်သလို နာကြည်းတတ်သူပါ။ ပုထုဇဉ်ပီပီ အတ္တများစွာနဲ့ပါ။ လူသားထဲက လူပီပီ လူဆန်လိုက်ချိန်မှာ 'လူ့အသိဉာဏ်'ဆိုတာနှင့် ထိန်းချုပ်ဖို့ ငွေစင် လုံးဝသတိမရပါ။

စကားပြောခွက်ကို ချပြီးမှ ...

မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာရသည်။ လူချင်းတူပါလျက် လူ့အခွင့်အရေး ဆုံးရှုံးခဲ့ရသည့် လူသား၊ ရင်ပွင့်မတတ် ငိုမိပါတော့သည်။

လူတွေဟာ ငွေစင့်ကို နားမလည်ကြပါဘူး။

သက်ရှိလူသားမပြောနှင့် သက်မဲ့ဖြစ်တဲ့ လင်းမွှန်သစ္စာကြီးကတောင် သူ့ဆီမှာ စားပွဲထိုးသွားတဲ့ အလုပ်သမားလေး ငွေစင်၊ ဘယ်လို ဘဝပျက်ခဲ့ရတယ်ဆိုတာ နားလည်လိမ့်မယ် မဟုတ်ပါဘူး။

ငွေစင့်အပြစ်၊ ငွေစင် မိုက်တာ၊ ငွေစင် ကြမ်းတာ၊ ငွေစင် တန်ဖိုးမဲ့တာတွေပဲ တစ်လောကလုံးက ဟစ်ကြွေးကြမှာပါ။

○♡○

"လူဆိုတာ အမှားမကင်းကြပါဘူး မမရယ်၊ တစ်ဘဝလုံး ကျူးလွန်ခဲ့တဲ့ အမှားတွေကိုလည်း သေခါနီးကျမှ နောင်တရကြပါတယ်"

"ငွေစင့်ကို ခွင့်လွှတ်ပါ"ဟု ပြောပြီးချိန်မှာ နည်းနည်းမောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက် လူမမာကို ငေးကြည့်နေမိကြသည်။ မိမိတို့မိသားစု အသိုက်အမြုံလေးကို ဖျက်ခဲ့သော မိန်းမသား၊ စည်းစိမ်းဥစ္စာကို တစ်ဝက်တစ်ပျက်ရအောင် ဖဲ့ခဲ့သည့် မိန်းမသား၊ အရိုးစုသာသာနှင့် အနိဋ္ဌာရုံမြင်ကွင်း။

ကျိုးတိုးကျဲတဲဖြစ်နေသည့် ဆံပင်နွယ်တွေ နူးညံ့လာကြသည်။ မျက်ဝန်းအိမ် ဟောက်ပက်အတွင်းမှ မျက်သားကြည်ကြည်သည် ရှင်းသန့်ကာ မေတ္တာစေတ်ဖြင့် ရွှန်းလက်လာ၏။ ချိုင့်ခွက်နေသည့်ပါးပြင်သည် မာနတရားကင်းစင်နေ၏။ အပေါ်သို့ လန်ချင်ချင် နှုတ်သီးဖျားသည့် လက်ကြာမုံနှင့်အတူရော၍ တောင်းပန်နူးညွတ်ဟန်ကိုပြ၏။ အဖွေးသားပေါ်နေသည့် သွားဖြူတန်းနှစ်ခုသည် ရိုင်းစိုင်းကြမ်းတမ်းမှုကို ကိုက်ဖြတ်စွန့်ပစ်လိုက်ကြ၏။

အနိဋ္ဌာရုံမြင်ကွင်းသည် မေတ္တာတရားဖြင့် လွှမ်းခြုံသည့်အခါမှာ ကရုဏာရသကို ပေါ်လွင်စေတော့သည်။

"ငွေစင်"

ဒေါ်သီရိမွန် ကိုယ်လေးကိုင်းလာသည်။

"မမ ခွင့်လွှတ်တယ်၊ အားလုံးကို ခွင့်လွှတ်တယ်၊ ဘယ်လို အငြိုးအတေး အမုန်းအမျက် အနာအကြည်းမှ တစ်ကြွင်းတစ်စမကျန်ရအောင် ခွင့်လွှတ်လိုက်ပါပြီ ငွေစင်"

"ကျေး ... ကျေးဇူးတင်လိုက်တာ မမရယ်"

ငွေစင့်မျက်ဝန်းအစုံမှ မျက်ရည်တွေ ဝေါခနဲ သွန်ကျသည်။ ဒေါ်သီရိမွန် ပိုက်ဆံအိတ်ကိုဖွင့်၊ လက်ကိုင်ပဝါထုတ်ကာ မျက်မှန်လေးကိုဖြုတ်၍ မျက်ဝန်းအိမ်ကိုသုတ်သည်။ ခေမာကတော့ ကျောခိုင်းပစ်လိုက်ပါတော့သည်။



"မကြည့်ရက်တော့ပါဘူး အန်တီငွေစင်ရယ်"

အသံမထွက်အောင် ပါးစပ်ကို နာနာပိတ်လျက် ကိုယ်ကလေးတုန်အောင် ရှိုက်လိုက်မိပါတော့သည်။ အမိုက်မတစ်ဦး၏ နောက်ဆုံးအချိန်၊ မာန်ချခန်းက မြင်ရက်စရာမရှိတော့ပါ။

ကိုကိုကြီးရယ် ... ကိုကိုကြီးရဲ့အစ်မကို မီး မကြည့်ရက်တော့ပါဘူး၊ မီးလို အနာအကြည်းတွေနဲ့ သူစိမ်းတောင်မှ ခုချိန်မှာ သနားမိရင် ကိုကိုကြီးတို့လို သွေးသားတွေရင်ထဲ ဘယ်လိုရှိရှာကြမလဲ ကိုကိုကြီးရယ်။

"မမ ... သမီးလေး"

ငွေစင် စကားပြောရာမှာ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်လာသည်။

"ခေမာ သမီး၊ သမီးလေး"

ဒေါ်သီရိမွန်က လှည့်ခေါ်သည်မို့ ခေမာ ခုတင်ဘက်သို့ ပြန်လှည့်သည်။

"လင်းမွန်သစ္စာ ... သမီးလေးကို ... ပေးခဲ့ပါတယ်"

"အို ... မီး မယူချင်ပါဘူး အန်တီ၊ အန်တီ သဘောကျသလို စီမံပါ၊ လှူချင်လည်းလှူခဲ့ပါ၊ မီး မယူဘူး အန်တီ"

တွန့်တိုတို နှုတ်ခမ်းလေးဘေးသို့ ပြန့်ကားသွားသည်မို့ ပြုံးတာ ... ဟု သိလိုက်ရပေမယ့် မျက်ဝန်းအိမ်ထဲမှ မျက်ရည်တွေက အဆက်မပြတ် စီးကျဆဲပါပဲ။ မည်သို့မျှ သိမ်းဆည်းခြင်းမရှိ။ လက်ကြာမုံက လက်အုပ်ချီမပျက်။

"လှူ ... လှူခဲ့ရမလားဟင် ... သမီးလေး ... ကျေနပ်ရင်"

www.burmeseclassic.com

www.burmeseclassic.com



"လျှုခဲ့ပါ အန်တီ၊ မီး ကျေနပ်ပါတယ်၊ အန်တီပိုင်ပစ္စည်းပါ၊ အန်တီ့အလှူပါ အန်တီ့ ကုသိုလ်ပါ"

စကားသံက ဗလုံးဗထွေး ဖြစ်လာသည်။

"နှစ်စု ... ဖယ် ... ပြီး၊ အစ်ကိုကြီး၊ ငွေစင် ..."

"နားလည်ပြီ ငွေစင်၊ တစ်စုက အစ်ကိုကြီးဖို့၊ တစ်စုက ငွေစင်ဖို့၊ အစ်ကိုကြီးနဲ့ ငွေစင်တို့ရဲ့အလှူ ဘယ်လိုလှူပေးမလဲ ... ပြော ငွေစင်"

အချိန်က ငွေစင့်အဖို့ သိပ်ကိုနည်းနေရပြီမို့ ဒေါ်သီရိမွှန် လောလောလေး ပြောပေးလေ၏။

"မိဘမဲ့"

"ဟုတ်ပြီ မိဘမဲ့ကလေးတွေအတွက် လှူမယ် ငွေစင်၊ မမ အကုန်လုံး လုပ်ပေးမယ်၊ စိတ်ချနော်"

ဒေါ်သီရိမွှန်ကို ကြည့်နေရာမှ ခေမာ့ဘက်သို့ မျက်ဝန်းလေး မသိမသာရွေ့သည်။ အားနှင့်မာန်နှင့် ရွေ့လျားခြင်းမျိုး မလုပ်နိုင်တော့ပါ။

"မီး ဘာလုပ်ပေးရမလဲ အန်တီ ပြောပါ"

"ခွန် ... သာ"

"ဟုတ်ကဲ့ ... ခွန်သာ့ကို ဘာပြောပေးရမလဲဟင်"

"သူ ... စိတ်နာ ... နေပါစေ"

"အန်တီ ဆန္ဒရှိရင် မီး ရှင်းပြပေးပါ့မယ်"

ငွေစင် ခေါင်းယမ်းတာက ကြည့်နိုင်မှ မြင်ရပါသည်။



"သူ ... လွမ်း ... မကျန်ခဲ့စေချင် ... ဘူး၊ သူ ... စိတ်နာနေပါစေ"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီ့သဘောအတိုင်းပါပဲ"

"ကျေး ... ဇူး"

ဒေါ်သီရိမွှန်ဘက်သို့ မျက်ဝန်းကလေး ရွေ့ပြန်၏။ လက်အုပ်ချီမပျက်။ ကန်တော့ပန်းလက်ကလေး လှုပ်သည်ဆိုရုံ လှုပ်သည်။

"ရှိ ... ခိုး"

မျက်ဝန်းအိမ်တွင်းမှ အဆက်မပြတ်စီးဆင်းလျက်ရှိသည့် မျက်ရည်ချောင်းလေး တန့်ခနဲရပ်သွားသည်။ မျက်ဝန်းက ပြူးပွင့်လျက် အဝေးသို့ငေးနေဆဲ။ လက်အုပ်ချီမပျက်ပါဘဲ ပီညာဉ် ချုပ်ငြိမ်းသွားသူ ကံဆိုးမတစ်ဦးကို ဒေါ်သီရိမွှန် ကျုံးပွေ့လိုက်မိပါတော့သည်။

"အဖြစ်ဆိုးလှချည်လား ငွေစင်ရယ်"

○ ♡ ○

ဖြစ်မှဖြစ်ရလေ ကိုကိုကြီးရယ်။

အန်တီငွေစင်ထက် အသားနည်းနည်းလေး ပိုသည်ဆိုရုံလေး ပိုမည်ထင်သည်။ သူလည်း အရိုးပေါ်အရေတင်ထားသလိုပါပဲ။ ပင်ကိုရှည်သည့်အရပ်က ပိုရှည်လာသလား ထင်ရသည်။ ပိန်သွားလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ညည အိပ်မပျော်တော့ ခေါင်းမူး၊ ခေါင်းမူးလို့ အိပ်မပျော်၊ အအိပ်ပျက်တော့ အစားပါပျက်ပြီး ရောဂါရှာမရဘဲ ရောဂါသည်ဖြစ်နေတော့တာပါပဲ" ... တဲ့။

ဦးဦး ပြောစဉ်က ကိုကိုကြီး ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိမ့်မယ် မထင်ခဲ့ပါ။

"ငွေစင်နဲ့ မောင်နှမတော်ကြောင်း ဖွင့်ပြောလိုက်ပြီ ဆိုကတည်းက သူ အရမ်းရှက်တယ်၊ ဒီတစ်သက် မျက်နှာချင်းဆိုင်ဝံ့စရာ မရှိတော့ပါဘူးဆိုပြီး မျက်ရည်တွေ ကျလာတယ်၊ ဘာသိဘာသာ နေတတ်တဲ့ ထားတောင် စိတ်မကောင်းနိုင်တော့တာနဲ့ သူ့ကို ဖျောင်းဖျပါသေးတယ် ...

"မရဘူး ... အဲဒီကတည်းက အအိပ်ပျက် အစားပျက်ဖြစ်တော့တာပဲ"တဲ့။

ကိုကိုကြီးရယ်။ ကိုကိုကြီးကို မီးဖျောင်းဖျပါ့မယ်။ လူဆိုတာ မှားတတ်တာမျိုးပါ။ အမှားကို အမှားမှန်း သိချိန်မှာ ဝန်ခံပြုပြင်မယ်ဆိုရင် အထင်ကြီး လေးစားဖို့ ကောင်းလှပါပြီ။ အန်တီငွေစင့်မောင် ဖြစ်နေရတဲ့အတွက် မီးတို့သားအမိကို ဘယ်လိုမှ ရှက်စွံ့အားနာ ဖြစ်မနေပါနဲ့တော့လို့။

မေမေကလည်း ခွင့်လွှတ်လိုက်ပါပြီ။ မီးလည်း နားလည်ခွင့်လွှတ်ပါပြီရှင်။ ဘဝအကျိုးပေးကလည်းဆိုး။ ပေါက်ဖွားကြီးပြင်းခဲ့ရတဲ့ အသိုင်းအဝိုင်း အခြေအနေကလည်းမကောင်းလို့ နာမည်ပျက် ဘဝပျက် မိန်းမသားတစ်ယောက်ဟာ မသေခင်မှာ နောင်တတွေ ရသွားတာ ရှီးကျူးစရာပါ။



အဲဒါကို သင်ခန်းစာယူပြီး မိဘတိုင်းဟာ ကိုယ့်သား ကိုယ့်သမီး ပြုပြင်ထိန်းကျောင်းမှုနည်းလမ်း မှန်လာကြမယ်ဆိုရင် အရှုံးထဲက အမြတ်ပါပဲရှင်။

မီး ပြောချင်လိုက်တာ ကိုကိုကြီးရယ်။

ကျောပြင်ကိုသာကြည့်၍ စကားပြောနေရပါသည်။

ဒေါ်ငွေစင်၏ အသုဘအခမ်းအနားက ခြောက်သွေ့လွန်းလှသည်။ မတတ်သာလွန်းသည်မို့ အစ်ကိုကြီး အကြီးဆုံး ဦးဝေယံ လာသည်။ သူ့ဇနီး မပါခဲ့ပါ။ သူ့သား သူ့သမီးတွေလည်း မပါပါ။

ဒီလိုယောက်မမျိုး အဒေါ်မျိုးကို ဆွေမျိုးတော်ဖို့ ရှက်နေကြဟန် တူပါသည်။ စင်စစ် သူနှင့်တူညီသော အမှားမဟုတ်တောင် လူဆိုတာ အမှားတစ်ခုမဟုတ် တစ်ခုတော့ ရှိကြစမြဲပါပဲ။ အမှားကို မှားမှန်းမသိ။ မပြုပြင် ဇွတ်မိုက်မဲနေရင်သာ ရှက်နေကြဖို့ပါ။

လမ်းမှားပေါ်ချမယ့် ခြေတစ်လှမ်း အမြင်မှန်နှင့် ပြန်နုတ်ပြီဆိုကတည်းက လူ့အသိုင်းအဝိုင်းက ပြန်လည်လက်ခံဖို့ပါ။ ဒါတွေ မီး နားလည်ပါတယ် ကိုကိုကြီးရယ်။

ဒေါက်တာအာကာနှင့် ဇနီး မိသားစု၊ ဝေဟင်၊ ဦးအောင်သူနှင့် ဒေါ်သူဇာ၊ ခေမာတို့သားအမိ၊ လင်းမွန်သစ္စာ အလုပ်သမားတွေရယ်ပဲ အသုဘပို့မည့်သူ ရှိပါသည်။

အသုဘရှု ပရိသတ်က လက်ချိုးရေတွက်နိုင်လောက်အောင်ကိုပင် နည်းပါးပါ၏။ အသုဘရယ်လို့ ဆွေမျိုးထဲက ငိုမည့်သူတောင် မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ငွေစင် လိုက်လာတယ် အစ်ကိုကြီးရေ"

ဒေါ်သီရိမွန်က တိုးတိုးကျိတ်ပြောကာ မျက်ရည်စကို သုတ်သည်။ အန်တီငွေစင်ကို ဖေဖေ မချစ်ဘဲ လက်ထပ်ဖြစ်သွားရပါသည်ဟု အန်တီငွေစင် ကိုယ်တိုင် ဝန်ခံခဲ့ပေမယ့် ဘာပဲဖြစ်ဖြစ် သူဟာ ဖေဖေ့ဇနီးတစ်ယောက်ပါပဲ။

သူ့ကိုယ်ဝန်သာ အကောင်အထည်ရှိပြီး သားသမီးမွေးလာမည်ဆိုလျှင် ခေမာတို့နှင့် အဖေတူ အမေကွဲပါပဲ။ အကယ်၍ အဖေတူအမေကွဲ မောင်လေး ညီမလေးတစ်ဦးဦးသာ ကျန်ရစ်ခဲ့မည်ဆိုပါလျှင် အန်တီငွေစင်လို မဖြစ်ရအောင် ခေမာတို့သားအမိကပဲ တာဝန်ယူ စောင့်ရှောက်ရမှာပါ။

"အန်တီငွေစင် ဆုံးရှာပါပြီ ဖေဖေ"

မေမေ့နည်းတူ တိုးတိုးကျိတ်ကျိတ် ပြောကာ ခေမာမျက်ရည်စကို သိမ်းလေ၏။ ဦးဦးနှင့် ကိုကိုကြီးတို့ကတော့ ယောကျာ်းမို့ မျက်ရည်ခိုင်ကြသည် ထင်ပါရဲ့။ မျက်စိမျက်နှာပျက်ကာ နှမ်းမှိုင်ဖျော့နေပေမယ့် မည်သူမျှ မျက်ရည်မကျကြပါ။

"မီး မျက်ရည်ကျပါတယ် အန်တီငွေစင်၊ ကောင်းရာဘုံမှာ စံစားနိုင်ပါစေ"

ခြောက်ကပ်တိတ်ဆိတ်လှသည့် ဈာပနမှာ အန်တီငွေစင့် ရုပ်ကလာပ် ထည့်ထားသည့် သေတ္တာကို အလုပ်သမားများက တွန်းယူသွားကြသည်။ မီးသဂြိုဟ်မည့် အခန်းထဲသို့သွင်းသည်။ သံတံခါးကြီးကို ချိုင်းခနဲ ပိတ်ချလိုက်ပြီး မကြာခင်မှာပင် မီးခိုးခေါင်းတိုင်မှ မီးခိုးညွန့်လေး တလူလူ ထွက်လာသည်။

သွားရှာပြီပေါ့။



ဒေါက်တာအာကာက သူ့ဇနီး ထားလက်ကိုဆွဲလျက် လှည့်ထွက်လာသည်။ အဲသည်နောက်မှာ ဒေါက်တာအာကာ့သားနှစ်ယောက်။ ကြီးကြီးဒေါ်သူဇာက ညီမ သီရိမွန်နှင့် လက်ချင်းချိတ်လျက် စိတ်မကောင်းစွာ ဖြည်းဖြည်းလျှောက်သည်။ ဦးဦးအောင်သူနှင့် အလုပ်သမားအဖွဲ့က သူတို့ကားပေါ်သို့တက်သည်။

ဦးဝေယံကတော့ သူ့ကားကို အရင်ဆုံး မောင်းထွက်သွားခဲ့ပါပြီ။ အားလုံးရဲ့နောက်ဆုံးမှာ ကိုကိုကြီး ခေါင်းငိုက်စိုက်ချထားသည်။ ဆံပင်ဖုတ်သိုက် ဖရိုဖရဲက နဖူးပြင်တစ်ခုလုံးကို ဖုံးအုပ်ထားသည်။ သူမောင်းနေကျ သူ့ကား မာဇဒါဘီခြောက်ရာလေး ပြင်ဆင်ပြီးသွားပြီမို့ သူကိုယ်တိုင် မောင်းလာဟန်ရှိသည်။

မည်သူ့ကိုမျှမနှုတ်ဆက်ဘဲ ကားဆီသို့ လှမ်းလေ၏။

ဩော်... ကိုကိုကြီး။ မီးရဲ့အသိုင်းအဝိုင်းမှာ ခေါင်းမဖော်ရဲရှာဘူး ထင်ပါရဲ့။

"ကိုကိုကြီး"

ရင်ပွင့်လျက် အန်ထွက်လာသည့် အသံဖြင့် ခေါ်လိုက်သည်။ ဝေဟင် တုံ့ခနဲ ရပ်ပေမယ့် လှည့်မကြည့်၊ ခေါင်းမဖော်ပါ။

"ကိုကိုကြီး မီးလည်း လိုက်မယ်"

ခေမာ အပြေးလေးသွားသည်။ ကျောက်ရုပ်မတ်တတ်ကြီးလို ဖြစ်နေသူ၏ လက်ဖျားကိုဆွဲသည်။ တစ်ခါတစ်ရံတော့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျာ်းတွေကို သုံးတောင်ဝတ် အားနွဲ့မျိုးက ဖေးမ,အားပေးရတာလည်း ရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးလည်း ကိုကိုကြီးကားနဲ့ လိုက်မယ်"

ခေါင်းငိုက်စိုက်နှင့် အရပ်ရှည်ကြီးကို ပြုံးမော့ပြောရသည်။

"နော် ... ကိုကိုကြီး"

ဝေဟင် လှစ်ခနဲကြည့်သည်။ ပြုံးမော့ချို မျက်နှာလေးက ဝင်းခနဲကြိုသည်။

"မီး"

လက်ဖျားချင်း ညှစ်ပစ်လိုက်သည်။

"အမယ်လေး ... နာလိုက်တာ"

မီးအော်တော့ သူ အားတွေလျှော့ပစ်၏။ ယောကျ်ားနဲ့မိန်းမ ခွန်အားချင်းက ဘယ်မှာတူလို့လဲနော်၊ ဒီလောက်နေထိုင်မကောင်းနဲ့ ပိန်ကျနေတာတောင်မှ မီးလက်ကို ကျိုးလုဘနန်း သူ ဆုပ်ညှစ်နိုင်သည်။

သူတို့က အိမ်ဦးသခင်။ မိန်းမသားဟူသည်က မှီခိုသူ လူတန်းစား မဟုတ်လား။ အားကိုးပါတယ် ကိုကိုကြီးရယ်။

ဘီခြောက်ရာ ကားလေးပေါ်သို့ ရောက်လေ၏။

ချိုင့်နေသည့် ပါးပြင်က ချက်ချင်းများ ဖောင်းတက်လာသလား ထင်ရသည်။ မှေးမှိန်ဖျော့တော့နေသည့် မျက်ဝန်းတွေ အချစ်ရောင်ဖြင့် လက်လက်ဖြာ၏။ နဖူးပေါ် ဖုတ်သိုက်ကြီးကျနေသည့် ဆံပင်က ခေါင်းတစ်ချက်ဆတ်၍ ခါရုံနှင့် သူ့နေရာသူ အချိုးတကျ ရောက်ရှိသွားရတော့သည်။

"ကိုကိုကြီးက ချောလို့"



ပြောပြီး ခေမာ ခစ်ခနဲရယ်လေ၏။ ဝေဟင် ပြန်ပြုံးပြလိုက်သည့် အပြုံးက ပျားရည်ချောင်းစီး အချိုကြီး ချိုလေတော့သည်။

"ခွန်သာ မတွေ့ပါလား မီး"

"ပြန်သွားတာ ကြာပြီ၊ အန်တီငွေစင် ဆုံးပြီလို့ မီး ဖုန်းဆက်ပြောပါတယ်"

"သူ ... မလာဘူးလား"

"ဝမ်းနည်းပါတယ် ခေမာတဲ့၊ ဒါပဲပြောတယ် မလာဘူး"

"မီးက ကိုကိုကြီးကို ခွင့်လွှတ်နားလည်သလို သူ နားမလည်ဘူးလား"

"ဟင့်အင်း ... အန်တီငွေစင်က မှာခဲ့တယ်၊ ရှင်းမပြပါနဲ့တဲ့၊ စိတ်နာနေပါစေတဲ့၊ လွမ်း မကျန်ရစ်ခဲ့စေချင်ဘူးတဲ့"

"ဩော် ..."

သူ့အစ်မအတွက် စိတ်မကောင်း ဖြစ်သွားရပုံနှင့် မျက်နှာတစ်ချက် ညှိုးလေ၏။

"မီးလည်းလေ ကိုကိုကြီး တစ်ယောက်တည်း အရမ်းလွမ်းနေရမှာစိုးလို့ စ,ခေါ်တာ"

ကြည့်လေ ပြောပုံလေးက စ,ခေါ်တာတဲ့၊ မီးရယ် မီးဟာ ကိုကိုကြီး အတွက်တော့ တစ်သက်တာ မြတ်နိုးသွားရမယ့် ကလေးလေးပါကွယ်။

"ခု ခေါ်ပြီနော် ကိုကိုကြီး"

ဝေဟင် ခေါင်းညိတ်သည်။

"ကိုကိုကြီးက စ,မခေါ်ရဲလို့ပါ ချာတိတ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကားဘီးစလိမ့်သည်။ တစပြင် အဝန်းအဝိုင်းမှာမို့ ခိုးခိုးခစ်ခစ် ရယ်သံလေးတော့ ထွက်မလာပါ။ ချိုကြည်လွန်းသည့် အပြုံးတွေကတော့ တစ်ကားလုံး ဝဲပျံနေတော့သည်။

သုသာန်မြေမှ ထွက်ခဲ့သည့် ကားပေမယ့် အချစ်ဖြင့် ထုံမွှမ်းသည်မို့ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းနေရပါတော့သည်။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်စင်မြိုင်

## အလွမ်းများဝေးပါစေကွယ်





www.burmeseclassic.com